
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- ❖ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှုမှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၃၃၀၈၀၈

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၂၃၀၉၀၈

အတွင်းစာစီ - မြစ်ခွဲဇရင်းကွန်ပျူတာ

ထုတ်ဝေသည့်လ - ၂၀၀၉ခုနှစ်၊ ဖေဖော်ဝါရီလ

အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၅၀၀

ထုတ်ဝေသူ - ဦးကျင်ဝမ် (ရွှေမိုးဆောင်း)စာပေ
အမှတ် (၃၉)၊ ၃ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးတင်ဆင်းလှ(လင်းလက်အော့ဖ်ဆက်)
အမှတ်(၂၂)၊ ၃၅လမ်းအထက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၁၀၀ ကျပ်

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

စာဖတ်ပရိသတ်များအတွက်

စာရေးဆရာနုရိန္ဒရဲ့

'ဘဝလက်ကိုင်ဒဿနစကား'

လက်ဆောင်

အပေါင်းအသင်းကို...ခင်ပါ။

ကောင်းခြင်းကို...မင်ပါ။

(နုရိန္ဒ)

မှားသူကို ညှာတာခြင်းဟာ

ပြုပြင်ဖို့ အခွင့်အရေးပေးခြင်းပါ။

မိုက်သူကို ညှာတာခြင်းကတော့

ထပ်ပြီးမိုက်မဲစေဖို့

အခွင့်အရေးပေးခြင်းပဲ။

မှားသူ = ကောင်းအောင်လုပ်တယ်။

လုပ်ရပ် မမှန်ဘူး

မှားသွားတယ်။

မိုက်သူ = မကောင်းမှန်းသိတယ်။

လုပ်တယ်။

(နုရိန္ဒ)

www.burmeseclassic.com

www.burmeseclassic.com

‘လွတ်လပ်ခြင်း’ ‘ပျော်ရွှင်ခြင်း’ ကို
တပ်မက်တတ်ကြတယ်။
တကယ် လွတ်လပ်ခြင်းဟာ
မိမိကိုယ်တိုင်နဲ့ ပတ်ဝန်းကျင်ကို
အရှုပ်အထွေး မရှိစေဘူး။
တကယ် ပျော်ရွှင်စေခြင်းဟာ
မိမိကိုယ်တိုင်နဲ့ ပတ်ဝန်းကျင်ကို
အပျက်အစီး မရှိစေဘူး။
စည်းကမ်းတကျ . . . လွတ်လပ်ပါ။
စာရိတ္တ . . . ပျော်ရွှင်ပါ။

(နရိန္ဒ)

‘မဖြစ်မနေ လုပ်မယ်’ဆိုတဲ့
ဆုံးဖြတ်ချက်ကို
လှမ်းခေါ်လိုက်ပါ။
‘မဖြစ်နိုင်ဘူး’ဆိုတဲ့ အတွေး
ထွက်ပြေးသွားလိမ့်မယ်။

(နရိန္ဒ)

ကလျာဏမိတ္တ
. . . တိကျစကား . . .
ပါပမိတ္တော၊
. . . အပြောသမား။

(နရိန္ဒ)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

(၁) တောင်ပေါ်သားနဲ့ ပင်လယ်ခရီး
(၂) သွားလေရာပါတဲ့အရိပ်မဲ
(၃) အချစ်ကပင်လယ်ပြင်ကိုသာသာလေး ကျော်ဖြတ်နိုင်တယ်
(၄) လက်ညှိုးထိုးမခံချင်သူ
(၅) ဗေဒင်ဆရာများ သိမှတ်ထားစရာ
(၆) မသေသေးတော့လည်း အလုပ်တွေရှုပ်ရဦးမယ်
(၇) သန္ဓေတာစကျွန်း
(၈) လူခြေရာရှိရင် လူရှိရမယ်
(၉) ပင်လယ်မိစ္ဆာ
(၁၀) သစ္စာဆေးလုံး
(၁၁) ပင်လယ်ကို လက်ပစ်ကူးကြည့်မယ်
(၁၂) လူသတ်တဲ့မိန်းမတွေရှိတယ်
(၁၃) မှော်ပင်လယ်ပြန်
(၁၄) ချစ်သူသတ်ရင် သေရတယ်
(၁၅) ဘယ်လိုမိန်းမမျိုးသင့်လဲ၊ ဘယ်လိုယောက်ျားမျိုးသင့်လဲ
(၁၆) လည်ပင်းကို ချွင်ထားတဲ့ကြိုးနှင့်ကြိုး
(၁၇) ပုံသေနည်းမဲ့ရွာ... အခုစ



### တောင်ပေါ်သားနဲ့ ပင်လယ်ခရီး

'အယ်တီမီးပြ' ပင်လယ်ကူးသင်္ဘော အိစိမ်းရောင် ရေပြင်မှ အပြာရောင်ရေပြင်ပေါ် ခရီးနှင် ဆက်မောင်းလာခဲ့တယ်။ ပင်လယ်ရေမိုင်(၁၀) မိုင်နှုန်းခန့်နဲ့ မောင်းနှင်နေခြင်း ဖြစ်တယ်။ လှိုင်းလုံးတွေ အလိုမ့်မှာ ကြွကြွမြောက်တက်ပြီး ရွေ့လျားနေတယ်။ ပင်လယ်ရဲ့ ဝိညာဉ်ဖြစ်တဲ့ စင်ရော်ငှက်တွေ 'အယ်တီမီးပြ' ပင်လယ်ကူးသင်္ဘောနားကပ်လာ ဝဲလှည့်နေလိုက်၊ ခပ်လှမ်းလှမ်းဆီ ပျံသန်းသွားလိုက်။ ပင်လယ်ရဲ့ မရိုးနိုင်တဲ့ အလှအပ ရှုခင်းပဲ။

အတော်လေးကြာကြာ မောင်းနှင်လာခဲ့ပြီးတဲ့အခါ ပင်လယ်ရဲ့ အသည်းနှလုံးတွေကို တွေ့ရပြန်တယ်။ ငါးမန်းတွေပါ။ ငါးမန်းတွေ 'အယ်တီမီးပြ' ပင်လယ်ကူးသင်္ဘောနား သင်္ဘောနဲ့ယှဉ်ပြီး ရေအောက်က လိုက်လာကြတယ်။ ရေပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ် ဘွားခနဲ ထိုးထိုးတက်လာကြတယ်။ သူတို့နဲ့အတူ ငါးကြီးတွေလည်း ပါတယ်။ အလှပြနေသလိုလို ခြောက်လှန့်နေကြသလိုလို။ ကြည့်ရသူ ရင်ခုန်လှုပ်ရှားရရဲ့။ နေရောင်အောက်မှာ လှိုင်းလုံးထိပ်များက ဖွားခနဲ ဖွားခနဲ ခုန်ပျံ အလှပြလိုက် အရှူဝါခရီးသည်တွေကို ခြောက်လှန့်လိုက်နဲ့။ ငါးမန်းတွေနဲ့အပြိုင် ယှဉ်ရေးပြနေကြရဲ့။ ဒီခရီးစဉ်… မာယာများတယ်ဆိုတဲ့ အပြွပ် ပင်လယ်ပြင်ကြီးကို အောင်ခေါင် ပထမဦးဆုံး နဖူးတွေ့ဒူးတွေ့ တွေ့ဖူးရခြင်းပဲ။

'ဝေါ့'

ပင်လယ်အလှရှုခင်းကို ငေးကြည့်လိုက်ပါလာတဲ့ အောင်ခေါင် မူးမော်အော့အန်ချင်တဲ့စိတ်ကို တင်းထားပြီး ပင်လယ်အလှရှုခင်းမှ အာရုံသွင်းထားတဲ့ အောင်ခေါင်၊ ထိန်းမရ အန်ချလိုက်မိတော့တယ်။ စားထားတဲ့အစာတွေ ပြန်အန်ထွက်တယ်။

'ဝေါ့… ဝေါ့… ဝေါ့'

မထိန်းနိုင် မောက်ဆက်တွဲ အန်နေမိပြန်တယ်။

အစာတွေ ပြန်အန်ထွက်တယ်။ ကုန်တဲ့အထိကို ပြန်အန်ထွက်တယ်။ ဝမ်းဗိုက်ထဲ ရှင်းသွား လင်းသွားတဲ့အထိ ပြန်အန်ထွက်တယ်။ မောသော့ မောသွားသလို။ နေရလည်း ပေါ့ပါးသွားသလို။ ပင်လယ်က အောင်ခေါင်ကို ကျီစားလိုက်ခြင်းလောက်ပါ။





အောင်ခေါင် ဆောင်ထားတဲ့ သံပုရာသီးကို အခွံနွာပြီး ငါးစားပစ်လိုက်တယ်။ လှိုင်းမပူးခင်ကတည်းက ကြိုစားထားပါသေးတယ်။ ဒါကြောင့် အောင်ခေါင်ရဲ့ သွားတွေ အခေါ်လေး ကျိန်းနေပြီ။ ဒါပေမဲ့ အောင်ခေါင် ပေပြီးတော့ကို ငါးစားပစ်တယ်။

ပင်လယ်ဝါရင့်သူတွေက အောင်ခေါင့်ကို ပြောထားတာတော့ နောက်ပိုင်း အသားကျ အိုကေသွားတာပဲတဲ့။ အိုကေကို အိုခေရမယ်လို့လည်း အောင်ခေါင် အားတင်းထားပါတယ်။ အောင်ခေါင် ကျန်းမာရေးကလည်း သင်္ဘောမတက်မီ စစ်ဆေးပြီးသားပါ။ အိုကေပါတယ်။ ပင်လယ်ဗဟုသုတတွေနဲ့ ရေကူးအတွေ့ကျွမ်းကျင်အောင်လည်း အောင်ခေါင် ကြိုတင်လေ့လာပြီးသားလေ့ကျင့်ပြီးသား။ အစစအရာရာ ပင်လယ်ထွက် တာဝန်ထမ်းဆောင်နိုင်တဲ့ အခြေအနေတွေ အောင်ခေါင်မှာ ရှိနေပြီးသား။ ဒါပေမဲ့ အောင်ခေါင်က တောင်ပေါ်သား။ ငယ်ငယ်လေးကတည်းက ပင်လယ်နဲ့စိမ်းသူ။ ချောင်းမြစ်လောက်သာ မြင်ဖူးသူ။ ဗီဇသတ္တိရှိသူဖြစ်ပေမဲ့ သတ္တိကိုလည်း မွေးရဲသူဖြစ်ပေမဲ့ ခုလိုပင်လယ် နဲ့ နဖူးတွေ့ဒူးတွေ့ တွေ့ရချိန်မှာတော့ အောင်ခေါင်ကြောက်ချင် သလိုလို၊ အောင်ခေါင်တို့အုပ်စု မတောက်တခေါက်အင်အားစု လောက်နဲ့ ပင်လယ်သမုဒ္ဒရာကြီးကို ရင်ဆိုင်အံတုရပြီ။ ဆိုရရင် ခု…သူတို့အုပ်စု လူ(၃၀)ကျော်လောက် ပင်လယ်သမုဒ္ဒရာ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့လက်ခုပ်ထဲ ရောက်နေပြီလေ။ ဘယ်လိုတွေးတွေး ကံတရားဖေး ပါမှ။ အောင်ခေါင် အားယူအသင့်ပြင်တဲ့အနေနဲ့ ပင်လယ်လေကို အားပါးတရ ရှူသွင်းလိုက်တယ်။ ကောင်းသားပဲ။ ရင်ထဲတောင် အားဝင်သွားသလိုလိုပဲ။

*

(၂)

လရောင်အောက်မှာ ပင်လယ်ရေပြင်က နက်ပြာပြာ အရောင်။ ပင်လယ်ရှုခင်းက တစ်မျိုးဆန်းလှပနေရဲ့။ စင်စစ် ပင်လယ်ပြင်မှာ အပြောကျယ်ကျယ် မြင်နေရတဲ့ ရှုခင်းက နှစ်မျိုး တည်း။ ကောင်းကင်ကျယ်ကျယ်နဲ့ ရေပြင်ကျယ်ကျယ် နှစ်မျိုး တည်း။ ဒါပေမဲ့ အဲဒီနှစ်မျိုးကပဲ ပင်လယ်ခရီးသွားတွေကို အလှ အမျိုးမျိုး ဖန်တီးပြနေသလိုပဲ။

ဝေလီဝေလင်းအလှကတစ်မျိုး၊ နံနက်ခင်းအလှကတစ် မျိုး၊ နံနက်ခင်းရင့်ရင့်အလှကတစ်မျိုး၊ မွန်းတည့်အလှကတစ် မျိုး၊ မွန်းတိမ်းအလှကတစ်မျိုး၊ ညနေခင်းအလှကတစ်မျိုး၊ ညဦးအလှကတစ်မျိုး၊ ညနက်အလှကတစ်မျိုး၊ မိုးသားမိုးတိမ် နဲ့ ရေပြင်ရေလှိုင်းတို့က အလှအမျိုးမျိုးကို ဖြစ်စေတယ်။ ဒါပေမဲ့ အဲဒီအလှတို့ရဲ့ နောက်ကွယ်မှာ လှိုင်လှိုင်ဝှက်ဝှက်နဲ့ ချောက်ချား စရာတွေ ခိုကပ်နေသလိုပဲ။ ပင်လယ်နဲ့စိမ်းတဲ့ အောင်ခေါင်





မပြောနဲ့၊ ပင်လယ်နဲ့ရင်းနေတဲ့ သင်္ဘောသားတွေတောင် ပင်လယ် ရဲ့မျက်နှာပြင်ကို အမြဲတမ်း အကဲခတ်နေကြရသလိုပဲ။ သူတို့တစ် တွေ ပင်လယ်ကို ကြောက်ရွံ့ရိုသေစွာ ဆက်ဆံနေရသလိုပဲ။ ဒါပေမဲ့ အဲဒီကြောက်ရွံ့မှုတွေကြားမှာပဲ သူတို့တစ်တွေ ပင်လယ်ရဲ့ အဖြားအယောင်း ခံရပြီး ပျော်ပါးစွာနေတိုင်နိုင်ကြပြန်ပါတယ်။

အတော်ခပ်ဝေးဝေးဆီမှာ မီးနီ မီးဖြူ မီးစိမ်းတွေ ထွန်း ပြီး မောင်းနှင်သွားတဲ့ သင်္ဘောတစ်စင်းကို လှမ်းမြင်လိုက်ရတယ်။ တကယ်တ သင်္ဘောကို မြင်လိုက်ရခြင်းမဟုတ်။ မီးရောင်များ ကိုသာ မြင်လိုက်ရခြင်းဖြစ်တယ်။ မီးရောင်များကြောင့် သင်္ဘော တစ်စင်းဆိုတာ သိလိုက်ရခြင်းပဲ။

အောင်ခေါင်ရင်ထဲ ထိတ်ခနဲ ပျော်သွားသလိုပဲ။

အဲဒါ ဘယ်လိုကြောင့်လဲနော်။ လူအချင်းချင်းမှာ တစ် ယောက်နဲ့တစ်ယောက် အားဖြစ်စေတဲ့ ဓာတ်မျိုးရှိနေသလား နော်။ အပြောကျယ်တဲ့ ပင်လယ်ကြီးထဲမှာ မိမိတို့ သင်္ဘော တစ်စင်းထဲ မောင်းနှင်နေရသလိုရှိနေရာက အဲဒီလို တခြားရေယာဉ်ကို တွေ့ လိုက်ရရင် အားဖြစ်သွားသလိုပဲ။ ပျော်သွားသလိုပဲ။

အောင်ခေါင်တင်မက ပင်လယ်ခရီးသွား ရိုးနေပြီဖြစ်တဲ့ သင်္ဘောသားတွေလည်း ဒီလိုပါပဲတဲ့။ အဲဒီလိုတခြား ရေယာဉ် တွေ့လိုက်ရရင် ငေးကြည့်မိတတ်ကြ၊ မျက်စိတစ်ဆုံးပါပဲ။ မြင်ကွင်းထဲက ပျောက်သွားတယ်ဆို ဝမ်းနည်းသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်လေး မျှင်းနေပြီလား'

နံဘေးနားက အသံကြောင့် အောင်ခေါင် ဖြန့်လှည့်ကြည့်မိတယ်။ ဦးရဲမြင့်ကို တွေ့လိုက်ရတယ်။ သူနဲ့အတူ မီးပြတိုက်တစ်ခုထဲမှာ တာဝန်ထမ်းဆောင်ရမယ့် ဦးရဲမြင့်။ ဦးရဲမြင့်ကတော့ တာဝန်မှူးအဖြစ် တာဝန်ထမ်းဆောင်ရမှာ ဖြစ်တယ်။ သူကတော့ သာမန်မီးပြတိုက်လုပ်သား။ သူတို့နှစ်ယောက် ခြောက်လ တာဝန်ထမ်းဆောင်ပြီးသွားတဲ့ တာဝန်ခံမှူးတစ်ယောက် လုပ်သားတစ်ယောက်တို့အစား တာဝန်လဲလှယ် ထမ်းဆောင်ဖို့ အယ်တီမီးပြသင်္ဘောနဲ့ လိုက်ပါလာခဲ့ရခြင်း ဖြစ်တယ်။ သူတို့ အဲဒီမီးပြတိုက်မှာ ခြောက်လတာဝန်ထမ်း ဆောင်နေထိုင်ကြရမှာ ဖြစ်တယ်။

အောင်ခေါင်က မီးပြတိုက်မှာ တာဝန်မထမ်းဆောင်ဖူးသေးတဲ့ လူသစ်တစ်ယောက်ပါ။ ဦးရဲမြင့်ကတော့ အိန္ဒိယအစိုးရတာဝန်ယူတဲ့ လက်ထက်မှာကတည်းက မီးပြတိုက်တာဝန် ထမ်းဆောင်ခဲ့ဖူးတဲ့ လူဟောင်းကြီးတစ်ဦးဖြစ်တယ်။ အိန္ဒိယအစိုးရရဲ့ အငြိမ်းစားပင်စင်ကိုခံစားပြီး မြန်မာအစိုးရလက်ထက်မှာ ဆက်လက်တာဝန်ထမ်းဆောင်နေသူတစ်ဦး ဖြစ်တယ်။

အောင်ခေါင်ရဲ့ ဦးလေးက ရေကြောင်းဌာန မီးပြဌာနခွဲမှ စာရေးကြီး။ အောင်ခေါင်ကို အတူတာဝန်ထမ်းဆောင်ရမယ့် ဝါရင့်မီးပြတိုက်ခန်ထမ်း ဦးရဲမြင့်နဲ့အပ်ထည့်လိုက်တယ်။





သူတို့ တာဝန်ထမ်းဆောင်ရမယ့် မီးပြတိုက်က လူပျိုကြီးလို့ ပြောတယ်။

မင်္ဂလာကျွန်းမီးပြတိုက်။

'မပျင်းပါဘူး ဦးရယ်၊ ဒီလိုပဲ ဟိုတွေးဒီတွေးပေါ့'

မင်္ဂလာကျွန်းကို စားပွဲကျွန်းလို့လည်း ခေါ်တယ်။ ကပ္ပလီပင်လယ် (အန္ဒမန်ပင်လယ်)ထဲမှာရှိတယ်။ ကိုကိုးကျွန်းနဲ့ သိပ်မဝေး၊ ကိုကိုးကျွန်းဆွယ်ပဲ ဖြစ်တယ်။ အလျားနှစ်မိုင်ခန့်၊ အနံတစ်မိုင်ခန့် အကျယ်ရှိတယ်။ ဦးရဲမြင့်က အောင်ခေါင်ကို လမ်းမှာ ပြောထားတာပါ။ သူ အဲဒီမှာ လွန်ခဲ့တဲ့ ဆယ်နှစ်နီးနီးကတစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ဖူးသေးတယ်တဲ့။ အုန်းပင်တွေလည်း သိပ်ပေါတာပဲတဲ့။ ခုအချိန်မှာတော့ မီးပြလုပ်သား တစ်ဆယ့်နှစ်ယောက် ထားတယ်တဲ့။ ကျွန်းပေါ်မှာ အမဲလိုက်လို့ ရတယ်တဲ့။

'မင်း တစ်စုံတစ်ခု စိတ်ခံစားမှုရှိရင်ဖြစ်ဖြစ် လူတစ်ဦးဦးနဲ့ ပြဿနာရှိရင်ဖြစ်ဖြစ် ငါ့ကိုပြောနော်၊ မင်းဦးလေးက ငါ့ကို မင်းနဲ့ပတ်သက်ပြီး ကူညီစောင့်ရှောက်ဖို့ မှာထားတာ'

အောင်ခေါင် ခေါင်းခါယမ်းပြလိုက်ပါတယ်။

'ကျေးဇူးတင်ပါတယ် ဦးရယ်၊ လောလောဆယ် ကျွန်တော့်မှာ ဘာပြဿနာမှ မရှိပါဘူး'

အောင်ခေါင် တစ်စုံတစ်ရာကို သတိလိုက်ရပြီး…

'ကျွန်တော် သတိထားမိသလောက် ဦး အသားငါးစား



www.burmeseclassic.com

www.burmeseclassic.com



တာ မတွေ့ရဘူး၊ အမဲကော ဦး လိုက်ဖူးလား'

'ကြဲကြဲဖန်ဖန်၊ အမဲလိုက်ဖို့မျှား ဦး စိတ်တောင် မကူးဘူး၊ အဲ… ကိုယ်နဲ့အတူနေ ဝန်ထမ်းတွေအမဲလိုက်တာကိုလည်း ဦး ဘာမှမပြောဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အတူနေ အတူတာဝန် ထမ်းဆောင်နေကြတဲ့လူချင်း သဘောအကွဲမခံချင်ဘူး၊ ပုဂ္ဂိုလ်ရေး သဘောကွဲလွဲမှုက လုပ်ငန်းခွင်ကို ထိခိုက်နိုင်တာမို့ ဦး လုပ်ဖော် ကိုင်ဖက်ချင်း တတ်နိုင်သမျှတော့ ညီညွတ်အောင်နေတယ်၊ လိုက် လျောပြောဆိုတယ်၊ မောင်အောင်ခေါင်က ဘာလို့မေးတာလဲ'

'ဘာရယ်လို့မှတော့ မဟုတ်ပါဘူး၊ ဟိုတစ်ခါ ဦး ကျွန်တော့်ကို မင်္ဂလာကျွန်းပေါ်မှာ အမဲလိုက်လို့လည်းရတယ် ပြောဖူးလို့ပါ၊ အဲဒီတုန်းကတော့ ကျွန်တော် အမှတ်တမဲ့ပါပဲ၊ နောက်ကျ ဦးက အသားငါးတော့ မစားဘူး၊ အမဲကော လိုက် လားမသိ တွေးမိလို့ပါ၊ အဲဒါ အခု သတိရတာနဲ့မေးမိတာ'

လရောင်အောက်မှာ ဦးရဲမြင့်အပြုံးကို အောင်ခေါင် တွေ့ လိုက်ရတယ်။

'မသိပါဘူး၊ ဦးက ဟိုကျ မောင်အောင်ခေါင် အမဲလိုက် ချင်လို့လား၊ ဦးကို အဖော်စပ်ချင်လို့လားလို့'

ဦးရဲမြင့်စကားကြောင့် အောင်ခေါင် ခန္ဓာကိုယ် ထန့်ခနဲ ဆန့်သွားတယ်။ ဦးရဲမြင့် သိလိုက်သလိုပဲ။ အောင်ခေါင် အတွေးကို ဦးရဲမြင့် သိလိုက်သလိုပဲ။ အမှန် အောင်ခေါင် မေးလိုက်မိတာမှာ





အဲဒီလိုစိတ်မျိုးပေါ် အခြေခံပြီး မေးလိုက်မိတယ်ဆိုတာ အောင် ခေါင်ကိုယ်တိုင်အသိ။ ကျွန်းမှာ အမဲလိုက်လို့ ရတယ်ဆိုကတည်း က အောင်ခေါင် အမဲလိုက်ချင်စိတ် ဖြစ်သွားတယ်။ ဦးရဲမြင့်က တော့ သားငါးစားတာ မတွေ့ရ။ အမဲကောလိုက်လား မသိ။ တကယ်လို့ ဦးရဲမြင့် အမဲလိုက်ရင် ဦးရဲမြင့်နဲ့အဖော်လုပ် အမဲလိုက် ရရင် ကောင်းမယ်။ လောလောဆယ် သူ ထည့်တွေးစရာ အဖော် ဆိုလို့ကလည်း ဦးရဲမြင့်တစ်ယောက်တည်း ရှိသေးတာကိုး။ သူ့ ရင်ထဲက ဒီအတွေးကို ဦးရဲမြင့် သိသွားပုံပဲ။ ဆန်းတော့မဆန်း။ ရိုးရိုးလေးနဲ့ကို သိသွားသလိုပဲပါလား။

*

(၃)

သုံးရက်အတွင်းမှာ ဦးရဲမြင့်ကို အောင်ခေါင် သတိ ထားမိတာက…။

ဦးရဲမြင့် လူတစ်ယောက်စိတ်ကို သိသိနေသလိုပဲ။ ထူးထူးဆန်းဆန်း သိပုံမျိုးနဲ့တော့ သိပ်မတူ။ သူနဲ့အတူ ပြော ရင်းဆိုရင်း လုပ်ရင်းကိုင်ရင်းနဲ့ အဲဒီလူရဲ့ အတွင်းစိတ်ကို သူ သိသွားသလိုလိုပဲ။ ဆိုလိုတာက စိတ်တန်ခိုး စိတ်စွမ်းအားမျိုး တွေနဲ့ သိပုံမျိုးတော့မဟုတ်။ လူတစ်ယောက်ရဲ့ ပြောဆိုလုပ်ကိုင်ပုံ ကို ကြည့်ပြီး သူ့အတွေးက အဲဒီလူရဲ့အတွင်းစိတ်ကိုသိနိုင်



www.burmeseclassic.com

www.burmeseclassic.com



အတွေးမျိုးနဲ့ သိသွားသလိုပဲ။ သူ့အတွေး၊ အတွေ့အကြုံတွေ အများကြီး အခြေခံထားမှုကြောင့် ရှုးရှုးရောက်ရောက် တိတိကျကျ သိနိုင်တဲ့အဆင့်မျိုး ရှိနေသလိုပဲ။

ဦးရဲမြင့်ကို အောင်ခေါင် အဲဒီလို သိသိသာသာ သတိထားမိတယ်။ စိတ်ရင်းလည်း ကောင်းမယ့်ပုံပါပဲ။ စကားများများပြောလေ့တော့ ခရို။ ဒါပေမဲ့ တိုးတိုပြတ်တောင်းစွာ ပြောခြင်းမျိုးတော့လည်း ပြောခြင်းမဟုတ်။ လိုအပ်သလောက်ကို ပြေပြေလည်လည် တစ်ဖက်လူ သိသွားအောင်လို့တော့ ပြောတတ်ရဲ့။

ဒီလိုလူမျိုးရဲ့ လက်အောက်မှာ အလုပ်လုပ်ရတာ အဆင်ပြေမှာပါလေလို့ အောင်ခေါင် တွေးတယ်။

စင်စစ် ဦးရဲမြင့် မြန်မာလူမျိုးစစ်စစ်မဟုတ်။ မြန်မာပြည်မှာ မွေးတဲ့ ပသီနွယ်တစ်ယောက်ဖြစ်တယ်။ မြန်မာရည် လည်ပါတယ်။ မြန်မာလူမျိုးမရိုက်သက္ကဏာ ဓလေ့အကျင့်တွေနဲ့လည်း အသားကျနေသလိုပဲ။

ရန်ကုန်ကျွန်းမာရေးဆိပ်ကမ်းကနေ ထွက်ခွာလာတဲ့ အယ်လ်တီမီးပြသင်္ဘောနဲ့ အောင်ခေါင် သွားရမယ့် ခရီးစဉ်။ ဒဂုံမီးပြယာဉ် စန္ဒာမီးပြယာဉ် သုရိယမီးပြယာဉ်၊ ပုသိမ်မီးပြတိုက်၊ မာန်အောင်ကျွန်းမီးပြတိုက်၊ မေယုမီးပြတိုက်၊ စစ်တွေမီးပြတိုက်၊ မင်္ဂလာကျွန်းမီးပြတိုက်၊ အယ်လ်တီမီးပြသင်္ဘောရဲ့ ခရီးစဉ်တာဝန်





က မီးပြယာဉ်မီးပြတိုက်များသို့ ရိက္ခာပေးပို့ခြင်းနဲ့ ခြောက်လပြည့် ဝန်ထမ်းများကို နောက်ထပ်ခြောက်လတာဝန်ထမ်းရမယ့်ဝန်ထမ်းများနဲ့ လဲလှယ်ခြင်းအတွက် ဖြစ်တယ်။ လမ်းတစ်လျှောက်မှာ ရိက္ခာများချပေးခြင်းနဲ့အတူ ဝန်ထမ်းများ လဲလှယ်ခဲ့တယ်။ ဒီည စစ်တွေမှာအိပ်တယ်။ မင်္ဂလာကျွန်းမီးပြတိုက်နဲ့နီးလာပြီး နက်ဖြန်ဆို မင်္ဂလာကျွန်းမီးပြတိုက်ကို ရောက်ပြီပေါ့။

စစ်တွေဆိပ်ကမ်းရဲ့ ညရှုခင်းကို ငေးမောနေတဲ့ အောင်ခေါင်နံဘေးနားဆီ ဦးရဲမြင့်ရောက်လာတယ်။ သူ့မျက်နှာ အလွန်တည်ငြိမ်အေးချမ်းနေတယ်။

'အဲဒီတည့်တည့်မှာ မင်္ဂလာကျွန်းရှိတယ်'

တစ်နေရာဆီကို လက်ညှိုးညွှန်ပြတယ်။ သူ ညွှန်ပြရာဆီ အောင်ခေါင် လှမ်းမျှော်ကြည့်မိပြီး…

'ကျွန်းပေါ်ရောက်သွားရင်တော့ စိတ်အေးသွားရမှာပါ၊ ပင်လယ်ခရီးကတော့ ဦးတို့လို ပင်လယ်နဲ့ယဉ်နေတဲ့ လူတွေအတွက်တော့ မသိဘူး၊ ကျွန်တော့်အတွက်တော့ ရင်တထိတ်ထိတ် ရင်တဖိုဖိုပဲ'

'ကျွန်းပေါ်ရောက်သွားလည်း စိတ်အေးရပြီလို့ မဆိုနိုင်ပါဘူး မောင်အောင်ခေါင်ရာ၊ ကျွန်းဟာလည်း ပင်လယ်ရဲ့ လက်ခုပ်ထဲက အသေးစား ကစားစရာလေးတစ်ခုပါ၊ ပင်လယ်နဲ့ ယှဉ်နိုင်တဲ့လူရယ်လို့ လည်း မရှိပါဘူး၊ သူ့အလုပ်ပဲ သူလုပ်နေမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် ပင်လယ်နဲ့ ယဉ်ပါးနိုင်ပြီထင်တဲ့လူက အရူးပဲ၊ ပင်လယ်ရဲ့ မာယာကြိုးကွင်း အစွပ်ခံရသူပဲ၊ ပင်လယ်ဟာ အင်မတန် ကြောက်စရာကောင်းတဲ့ မှော်ဆရာကြီးပဲ'

ဒီလိုပြောပေမယ့် ပင်လယ်ပြင်ကိုကြည့်နေတဲ့ သူ့အကြည့်ကတော့ တည်ငြိမ်အေးချမ်းလျက်…။

*

## (၄)

စစ်တွေက ထွက်လာတုန်းက ရာသီဥတု သာသာယာယာပါပဲ။ ရာသီဥတုသာသာယာယာဆိုတာက ပင်လယ်ပြင်မှာ သာမန်လှိုင်းလုံးတွေတော့ ရှိနေတာပေါ့။ အတွေ့အကြုံအရ အိမ်လုံးလောက်ရှိတဲ့ လှိုင်းလုံးတွေကို သာမန်လှိုင်းလုံးပဲလို့ အောင်ခေါင် သဘောပေါက်ထားပြီ။ အဲဒီလောက် လှိုင်းလုံးတွေလောက်တော့ အောင်ခေါင် ခံနိုင်ရည် ရှိလာပြီ။ သိပ်မမူးတော့ သိပ်မအန်ချင်တော့။ လှိုင်းလုံးတွေပေါ် သင်္ဘောမြောက်မြောက်တက်သွားတဲ့ အရသာကိုတောင် ခံစားတတ်လာပြီ။ အောင်ခေါင်က နဂိုကတည်းက သတ္တိရှိရှိပါ။ ပင်လယ်နဲ့စိမ်းလွန်းလို့သာ သူ ပင်လယ်ရဲ့ အခြောက်အလှန့်ကို နည်းနည်းဖြုံသွားတာ။ ခု သူ ပင်လယ်နဲ့ သိပ်မစိမ်းတော့ပြီလို့ အောင်ခေါင် သူ့ကိုယ်သူ ထင်မိတယ်။ နောက်ပို အဆင်ပြေသွားမှာပေါ့လေ။





သင်္ဘော ဘင်္ဂလားပင်လယ်အော်ကို မကျော်လွန်မီမှာပဲ ဘင်္ဂလားပင်လယ်အော်က ပညာပြပြီ။ ဦးရဲမြင့် အောင်ခေါင့်ဆီကို ပြုံးပြုံးပျာပျာ လျှောက်လာတယ်။ လှုပ်ရှားမှုက ပြုံးပျာပေမယ့် သူ့မျက်နှာကတော့ တည်ငြိမ်အေးချမ်းနေသလိုပါပဲလား။ သူ့မျက်နှာဒီလိုပဲ အသားကျနေသလားလို့ အောင်ခေါင် စဉ်းစားမိရဲ့။

'ဟိုးက တိမ်တိုက်ကြီးကို တွေ့လား'

ဦးရဲမြင့် ညွှန်ပြရာ ကောင်းကင်ဆီမှာ တိမ်တိုက်ကြီးတစ်ခုကို တွေ့လိုက်ရတယ်။ ဘယ်လိုကနေ ဘယ်လို တိမ်တိုက်ကြီး ဖြစ်သွားရသလဲ မသိ။ စောစောကတော့ ကောင်းကင်ကြည်လင်နေပါတယ်။

'အဲဒီ တိမ်တိုက်အောက်က ရေပြင်ကိုကြည့်'

အောင်ခေါင် သတိထားကြည့်လိုက်တော့ အဲဒီတိမ်တိုက်အောက်က ရေပြင်မှာ လှိုင်းလုံးတွေ ဖြစ်နေတာကိုတွေ့ရတယ်။

'ကောင်းကင်နဲ့ ပင်လယ်ပြင်ဟာ အချိတ်အဆက်ရှိတယ် အောင်ခေါင်၊ အမှန်တော့ ကောင်းကင်ဟာ ပင်လယ်ပြင်နဲ့တင် မကဘူး၊ တစ်လောကလုံးနဲ့ အချိတ်အဆက်ရှိတယ်၊ ပင်လယ်ရေမျက်နှာပြင်ဟာ မြေပြင်ထုထက် ပိုမိုများပြား ပိုမိုကျယ်ဝန်းတော့ ပင်လယ်နဲ့ အချိတ်အဆက်ရှိမှုကတော့ ပိုသိသာတယ်ပေါ့၊ ကောင်းကင်နဲ့လောကကြီးရဲ့ ချိတ်ဆက်မှု လျှို့ဝှက်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com



သိထားတဲ့လူဟာ လောကကြီးရဲ့ရှေ့ရေးကို သိနိုင်တယ်၊ လောက ကြီးရဲ့ရှေ့ရေးထက် အနုစိပ်ပြီး လူတစ်ဦးစီရဲ့ ရှေ့ရေးကိုပါ သိနိုင်တယ်၊ အဲဒီလူတွေဟာ နက္ခတ်ပညာရှင်တွေပေါ့၊ ကောင်းကင် အကြောင်းသိရှိမှုမှာ နက္ခတ်ပညာတင်မဟုတ်ဘူး၊ တိမ်နိမိတ် ဆိုတဲ့ ပညာတစ်မျိုးလည်း ရှိသေးတယ်၊ အဲဒီပညာဟာလည်း ကောင်းကင်နဲ့ လောကကြီးရဲ့ အဆိုတ်အဆက်လျှို့ဝှက်ချက် သိ စေနိုင်တယ်'

ဦးရဲမြင့် စကားပြောရင်းနဲ့ အောင်ခေါင် လက်ကို မြဲမြဲ ဆွဲကိုင်ထားတယ်။ စကားအပြီးမှာ အောင်ခေါင့်လက်ကို ဆွဲယူ ပြီး…

'လာ… လေကြမ်း၊ လှိုင်းကြမ်းတော့မယ်၊ တိမ်တိုက် ကြီး တို့သင်္ဘောပေါ်က ဖြတ်ကျော်တော့မယ်၊ လေဒဏ်လှိုင်း ဒဏ်ကို အံတုကြရအောင်'

ဦးရဲမြင့် စကားအဆုံးမှာပဲ တိမ်တိုက်ကြီး သင်္ဘော အပေါ် ဖြတ်ကျော်တော့မယ်။ လေတွေလှိုင်းတွေ ကြမ်းလာပြီ။

ဦးရဲမြင့်က သင်္ဘောမှာ အခိုင်ချည်ထားတဲ့ ကြိုးတစ် ချောင်းရဲ့ အစတစ်ဖက်ကို အောင်ခေါင့်ခါးမှာ ချည်ပေးလိုက် တယ်။ သူကိုယ်တိုင်ကတော့ သင်္ဘောမှာချည်ထားတဲ့ ကြိုးစ တစ်ချောင်းကို အခိုင်ကိုင်ထားတယ်။

'လေအတော်ကြမ်း လှိုင်းအတော်ကြီးမယ်၊ သင်္ဘော





နစ်မြုပ်သွားတဲ့အထိတော့ မဖြစ်နိုင်ဘူး၊ သင်္ဘောပေါ်က လိမ့်မကျ လွင့်မကျအောင် ကြိုးစား၊ ကြိုးကို လက်ကလည်း အခိုင်ကိုင် ထားဦး'

လေသံတွေအကြား လှိုင်းသံတွေအကြားကနေ အော်ပြော လိုက်တဲ့ ဦးရဲမြင့်အသံ။ အောင်ခေါင် ခါးချည်ထားတဲ့ကြိုးကို လက်ကပါ မြဲမြဲအားတင်း ဆုပ်ကိုင်ထားလိုက်တယ်။

တိမ်တိုက်ကြီး သင်္ဘောပေါ်က ဖြတ်ကျော်သွားဆဲ…။

လေပြင်းက သင်္ဘောပေါ်က လူတွေကို လွင့်ထွက်သွား အောင် တိုက်ခိုက်ပစ်နေတယ်။ သင်္ဘောကိုယ်တိုင်ကလည်း သူ့ အပေါ်ကလူတွေ လိမ့်ကျကုန်အောင် အတင်းလူးလိမ့်ခါချနေတယ်။ ခါချနေတာမှ မမှောက်ရုံ တိမ်းစောင်း လူးလိမ့်ပြီးခါချနေတာ။ အဲဒီလူတွေကို ခါချနေတဲ့သင်္ဘောကို လှိုင်းလုံးကြီးတွေက မြှောက် မြှောက်တင်ပစ်လိုက်၊ ပြန်ပစ်ချလိုက်၊ သင်္ဘောကုန်းပတ်ပေါ်က လူတွေကိုပါ လှိုင်းထိပ်ပိုင်းနဲ့ ရိုက်ရိုက်ချပစ်။

အောင်ခေါင့်အဖို့တော့ ကမ္ဘာပျက်နေသလိုကို ခံစားနေ ရတော့တယ်။ ခြေထောက်ကို အခိုင်ရပ်ထား၊ မရ။ ဒူးထောက်ကျ။ လွင့်ထွက်။ မှောက်လျက်ကျ။ အားယူပြန်ထ။ လိမ့်လိမ့်ထွက်။ ဦးရဲမြင့် ခါးမှာ ကြိုးခိုင်ခိုင်ချည်ထားပေးလို့ သာတော်ရဲ့။ ကြိုးကို ကိုင်ထားတဲ့ လက်တွေကတော့ ခဏ ခဏ လွတ်လွတ်ထွက်။ လက်ဖဝါးတွေလည်း စုတ်ပြဲကုန်ပြီထင်ရဲ့။ ကြိုးကို မကိုင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့။ အနားနီးနီးမြင်လိုက်ရတဲ့ သင်္ဘောရဲ့တန်းတစ်ခုကို ဖက်ထားမိတယ်။ လှိုင်းတွေရဲ့ ရိုက်ချမှုကြောင့် ကျောတွေရင်တွေလည်း အောင့်နေပြီ။ မျက်နှာတွေလည်း တုကိုန်းနေပြီ။ ခေါင်းလည်း မူးနောက်နေပြီ။ ဒီကြားထဲ ခေါင်းကို လှိုင်းရိုက်ချမှုမှာ ဖက်ထားတဲ့ တန်းနဲ့ မျက်နှာမရိုက်မိအောင်တော့ သတိထားနေရသေးတယ်။ တစ်ချက်တစ်ချက်လည်း ရိုက်မိသွားတာပါပဲ။ ပထမပိုင်း အန်မိတာတွေကိုတော့ သတိထားမိသေးတယ်။ နောက်ပိုင်း အန်မိတာတွေကိုတော့ သတိတောင် မထားမိတော့။ သတိလက်လွှတ် အန်မိတာတွေ။ လူကတော့ ပျော့ဖတ်သွားတာပဲ။

တကယ်ပဲ အောင်ခေါင့်အဖို့ တစ်ကမ္ဘာလောက်ကြာသလိုပဲ။ နောက်တော့ အောင်ခေါင် တန်းကိုတောင် ဖက်မထားနိုင်တော့။ သင်္ဘောကုန်းပတ်ပေါ်မှာ ခါးကြိုးတန်းလန်းနဲ့ ပျော့ဖတ်ကလေးလဲလျောင်းနေတော့တယ်။ သတိရတစ်ချက် မရတစ်ချက်မှာ သတိထားမိတာကတော့ လေလှိုင်း သာမန်အနေအထား ဖြစ်သွားပြီဆိုတာကိုပဲ။ ဒါပေမဲ့ အောင်ခေါင် လှုမထနိုင်ရုံမက ခေါင်းလေးတောင် မထူနိုင်တော့။

'မောင်အောင်ခေါင်… မောင်အောင်ခေါင်…'

ဦးရဲမြင့်အသံဆိုတာ သိတယ်။ ဒါပေမဲ့ အောင်ခေါင် မထူးနိုင်။ ဦးရဲမြင့်က အောင်ခေါင်ကို ဆွဲထူတယ်။ ပိုက်ပွေ့ထားတယ်။





'အသက်မှန်မှန်ရှူ၊ အသက်မှန်မှန်ရှူ'

အောင်ခေါင် အသက်မှန်မှန်ရှူတယ်။ တဖြည်းဖြည်း အသက်ရှူ မှန်လာတယ်။ အမြင်မှာလည်း သင်္ဘောကုန်းပတ်မြင်ကွင်းကို ခပ်ဝါးဝါးမြင်လာတယ်။ နောက်… တဖြည်းဖြည်း ကြည်လာတယ်။ ခပ်လှမ်းလှမ်းမှာ ဝါရင့်သင်္ဘောသား တချို့လည်း အန်နေကြပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com



သွားလေရာပ်တဲ့ အခိုပ်မည်း

ပဲခူးရိုးမရဲ့ မြောက်ပိုင်းဖျား တောတွင်းတစ်နေရာ…။

လူငယ်တစ်ယောက် တောင်ကြောတောလမ်းအတိုင်း သုတ်သုတ်လျှောက်နေတယ်။ လွယ်အိတ်တစ်လုံးကို စလွယ်သိုင်းလွယ်ထားတယ်။ သုတ်သုတ်လျှောက်နေပေမဲ့ လက်ထဲက လောက်လေးခွနဲ့တော့ နားနေတဲ့ငှက်တွေ၊ ပျံနေတဲ့ငှက်တွေ တွေ့ရင် လှမ်းလှမ်းပစ်တယ်။ မထိတာများပါတယ်။ ထိလို့ ငှက်မြေပြင်ပေါ် ထိုးကျသွားလည်း သွားကောက်ခြင်း မရှိ။ သူ့ခရီးသူ ဆက်လျှောက်မြဲ။ မွန်းတည့်ချိန်လောက်ကျတော့ သစ်ရိပ်တစ်ခုမှာ လူငယ် ထိုင်ချ နားနေလိုက်တယ်။ လောက်လေးခွနဲ့ လောက်စာလုံး သုံးလေးလုံးကို မြေပြင်ပေါ်ချထားလိုက်ပြီး လွယ်အိတ်ထဲ





လောက်စာလုံးတွေကြားထဲက ပေါင်မုန့်တစ်လုံးနဲ့ ရေပုလင်းတစ်ပုလင်းကို ဆွဲထုတ်လိုက်တယ်။ ပေါင်မုန့်စားလိုက်၊ ရေသောက်လိုက်နဲ့ နားနေလိုက်တယ်။

ပေါင်မုန့်ကုန်သွား ရေကုန်သွားတယ်။ ရေပုလင်းကို ရှေ့တည့်တည့် မလှမ်းမကမ်းက သစ်ပင်ပင်စည်တစ်ခုဆီ ပစ်ပေါက်လိုက်တယ်။ ရေပုလင်း သစ်ပင်ပင်စည်နဲ့ ထိပြီး 'ခွမ်း' ခနဲ ကွဲသွားတော့ လူငယ် မဲ့ပြုံးတစ်ချက် ပြုံးလိုက်တယ်။ ပြီး လောက်စာလုံးအိတ်ထဲက တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်တယ်။ ဓားအိမ်နဲ့ စွပ်ထားတဲ့ ဓားမြှောင်တစ်လက်။ လူငယ် ဓားအိမ်ထဲက ဓားမြှောင်ကို ဆွဲနှုတ်လိုက်ပြီး စိုက်ကြည့်နေတယ်။ ပြီး… မဲ့ပြုံးတစ်ချက်ပြုံးပြီး ဓားမြှောင်ကို ဓားအိမ်ထဲ ပြန်ထည့်၊ ဓားအိမ်ကို လွယ်အိတ်ထဲ ပြန်ထည့်လိုက်တယ်။

လူငယ် မိုးကောင်းကင်ပေါ်ကို မော့ငေးကြည့်ရင်း အတန်ကြာငြိမ်သက်နေပြန်တယ်။ နောက်… တစ်ချက်မဲ့ပြုံးပြုံးလိုက်ပြီး လောက်လေးခွနဲ့ လောက်စာလုံးတွေကောက်ယူ ခရီးဆက်ထွက်တယ်။

'ကြွေးဆပ်ရမယ်၊ ဒီကြွေးကို ငါဆပ်ရမယ်'

'လူယုတ်မာ… လူယုတ်မာကို ဘေးမဲ့မပေးနိုင်ဘူး'

'သွေးစာရင်းရှင်းဖို့ ငါလာပြီ၊ သွေးစာရင်းရှင်းဖို့ ငါလာပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့မိဘအပေါ် ယုတ်မာခဲ့တဲ့ အဓိကကောင်ကြီး၊ ဒီကောင်ကြီးကို ငါမသတ်နိုင်ရင် ငါ့မိဘအပေါ် ငါ တာဝန်ကျေမှာ မဟုတ်ဘူး'

ဒေါသနဲ့ ရေရွတ်ခူတွေ လမ်းတစ်လျှောက်မှာ။ ဒါပေမဲ့ သူ့မျက်နှာမှာတော့ ဝမ်းနည်းကြေကွဲမှု အရိပ်တွေအပြည့်။

အောင်ခေါင်ပါ။ အဲဒီကောင်လေး။ အောင်ခေါင်ဆိုတဲ့ ကောင်လေးပါ။

အရပ်မြင့်မြင့်သွယ်သွယ်။ ဗလသိပ်အကောင်းစားကြီး မဟုတ်တော့ သွယ်သွယ်လို့ပဲ ထင်ရတယ်။ အရိုး အဆုံး အထည်က သိပ်သေးသေးတော့မဟုတ်။ အရပ်မြင့်နေလို့ ခပ်သွယ်သွယ်လို့ပဲ ထင်ရတာ။ အသက်ကလည်း တစ်ဆယ့်ကိုးနှစ်လောက်ပဲ ရှိသေးတော့ အရပ်အမောင်း ဘက်လုတဲ့ အရွယ်၊ အရပ်အမောင်းဆက်တက်၊ အလုံးအထည် ပြည့်ဖြိုး လာရင် ယောကျ်ားပီပီသသနဲ့ ကြည့်ကောင်းမယ့် အပေါက် အဆောက်မျိုး၊

အောင်ခေါင် မွေးဖွားရာဇာတိက သူခုဦးတည်သွားနေတဲ့ တောင်ပေါ်ရွာလေးဆီကပါ။ ဒါပေမဲ့ သူ အဲဒီရွာလေးမှာ အသက်ရှစ်နှစ်လောက်ထိပဲ နေခွင့်ရခဲ့တယ်။ အသက်ရှစ်နှစ်နောက်ပိုင်းမှာ သူ့အဖေဘက်က ဦးကြီးတော်တစ်ယောက်ဖြစ်တဲ့ ဦးကြီးအိမ်ရှိရာ တောင်ပေါ်မြို့လေးတစ်ခုမှာ ရောက်သွားနေထိုင်ရတယ်။ အဲဒီမှာ ကျောင်းနေရတယ်။ အဲဒီဦးကြီးအိမ်





ဆီကို တောင်ပေါ်ရွာလေးက သူ့အမေဘက်ကတော်တဲ့ အဒေါ်က ပို့ပေးခဲ့တာ။ အခု သူပြန်မှာက အဲဒီအဒေါ်ဆီကို။ အဲဒီရွာမှာ အမေ့ဘက်က တခြားအမျိုးတွေလည်းရှိရဲ့။

မြို့က ဦးကြီးအိမ်ရောက်လာတတ်ကြတဲ့ ဆွေမျိုးတွေနဲ့တော့ အောင်ခေါင် သိကျွမ်းမှုရှိပါတယ်။ ဒါပေမဲ့ လမ်းပန်း အခြေအနေအချိုးမျိုးကြောင့် ရွာက အမေ့ဆွေမျိုးတွေ မြို့က ဦးကြီးဆီ အလာကျဲကြပါတယ်။ ဆယ်နှစ်ကျော်အတွင်း အောင်ခေါင်နဲ့ အမေ့ဘက်ကဆွေမျိုးတွေ တွေ့ရှိမှုက ကျိုးတိုးကျဲခဲပါပဲ။ အောင်ခေါင့်ကို ဦးကြီးအိမ်လာပို့ပေးတဲ့ အဒေါ်တောင် အောင်ခေါင့်ဆီ လေးခေါက်လောက်ပဲ ရောက်လာတယ်။ ဒါတောင် အောင်ခေါင့်ကို အင်မတန်ချစ်တဲ့ အဒေါ်မို့လို့။ မြို့နဲ့ရွာ လမ်းပန်း ကြမ်းရုံမက လုံခြုံရေးကလည်း သိပ်မှမကောင်းလေပဲကိုး။ အဲဒီရွာလေးဝန်းကျင်တွေက သောင်းကျန်းသူတွေရဲ့ ကြီးစိုးရာကိုး။ ၁၉၆၅ ခုနှစ် တောင်ပေါ်မြေ အခြေအနေ…။

ဒေါသရေရွတ်မှုတွေနဲ့ လျှောက်နေတဲ့ အောင်ခေါင်ရဲ့ အတွေးတွေက မိမိရေးရေးပဲ မှတ်မိလိုက်တဲ့ အဖေနဲ့အမေ အကြောင်းဆီရောက်တယ်။ ရွာက ဆွေမျိုးတွေလာတော့ ဟိုတစ်စ ဒီတစ်စပြောတာတွေနဲ့ ဆက်စပ်တယ်။ ရွာကအဒေါ် မပြောချင် ပြောချင် ပြောဆိုမှုတွေနဲ့ပါ ဆက်စပ်ကြည့်တယ်။ နောက်ပြီး သိပ်မကြာခင်ကာလပိုင်းက ဦးကြီး သူသိသမျှ အကြောင်းစုံ ပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုမှုတွေ ထပ်ဆက်စပ်ကြည့်တယ်။ အောင်ခေါင်ဘဝရဲ့ ငယ်စဉ်က ရင်နာစရာအကြောင်းတွေ စေ့စေ့စပ်စပ်လောက်ကို အောင်ခေါင် သိပြီးဆိုရင် ရပါပြီ။

'တောက်'

အောင်ခေါင်ရဲ့ တောက်ခေါက်သံ၊ ဖခင်ကို သောင်းကျန်း သူအဖွဲ့ သတ်ရာမှာ အကူအညီပေးတဲ့ ရွာသူကြီး ဦးမာဒင်အတွက်။

'တောက်'

နောက်တောက်ခေါက်သံက ပိုကျယ်လောင် ပြင်းထန် တယ်။ မိခင်ကို သောင်းကျန်းသူ စော်ကားပြီး နောက်ဆုံး သတ် ပစ်တဲ့ကိစ္စကို အကူအညီပေးတဲ့ ရွာသူကြီး ဦးမာဒင်အတွက်…။

'တောက်'

လုပ်မနေနဲ့ ဦးမာဒင်အတွက်ပဲ။ လူယုတ်မာကြီး ဦးမာဒင် အတွက်ပဲ။ လူ့ပြည်မှာ အရှင်မထားသင့်တဲ့ ဦးမာဒင်အတွက်ပဲ။ သောင်းကျန်းသူတွေရဲ့ လက်ကိုင်တုတ် လူရှုပ်လူယုတ် လူစိတ်မရှိ တဲ့ ဦးမာဒင်အတွက်။

*





(၂)

ညနေစောင်း မှောင်ရီရီအချိန် အောင်ခေါင် ရွာက အဒေါ် အိမ်ရောက်သွားတယ်။

အောင်ခေါင်လာတော့ အဒေါ်ဝမ်းသာသွားတယ်။ အဒေါ် က အောင်ခေါင် ငယ်ငယ်ကတည်းက အောင်ခေါင့်ကို သိပ်ချစ် တာ။ အောင်ခေါင်မွေးတော့ အဒေါ့်သားသမီးတွေက အတော်လေး ကြီးကုန်ကြပြီ။ ညီမငယ်လေးမွေးတဲ့သား အောင်ခေါင်ကို အဒေါ် သိပ်ချစ်တယ်။ အောင်ခေါင် အဒေါ့်လက်ပေါ်မှာပဲ ကြီးပြင်းခဲ့တယ် ဆို မမှား။ အမေ သေသွားတော့လည်း အောင်ခေါင်ကို အဒေါ်ပဲ မွေးထားခဲ့သေးတာကိုး။ နောက်မှ ရွာမှာ အောင်ခေါင့်ရှေ့ရေး စိတ်မချရလို့ မြို့က ဦးကြီးဆီ အဒေါ်ပို့ပေးတာ။

အောင်ခေါင်ရောက်လာတာ အဒေါ် ဝမ်းသာသွားပေမဲ့ စိုးရိမ်သွားပုံတော့ရတယ်။ နယ်မြေက မအေးချမ်းသေးတာကိုး။ ဒါပေမဲ့ တောတွင်းအဖွဲ့အစည်းမှာကတော့ ဟိုတုန်းက လူတွေ မရှိကြတော့။ ဟိုတုန်းကလူတွေ မရှိကြတော့ပေမဲ့ အခုလူ တွေကလည်း ဒီအဖွဲ့ကလူတွေ၊ ဒီစိတ်ဓာတ်မျိုးပဲ ရှိတဲ့လူတွေ။ ဒီဝါဒတွေကိုပဲ ဆက်လက် အကောင်အထည်ဖော်နေကြတဲ့ လူတွေ။

'သားလေး သိပ်ကြာကြာတော့ မနေနဲ့နော်၊ ဒီမှာ သိပ် မအေးချမ်းဘူး'



www.burmeseclassic.com

www.burmeseclassic.com



အဒေါ် ဝမ်းနည်းသံနဲ့ ပြောရှာတယ်။

'ရွာထဲလည်း လျှောက်မသွားနဲ့၊ အဒေါ်အမျိုးတွေကို ခေါ်ပေးမယ်'

ပူပူပင်ပင် ဆိုတယ်။ ဒီရွာက အမျိုးတွေက အမေ့ဘက်ကအမျိုးတွေချည်းပဲ။ အဖေ့ဘက်က အမျိုး ဒီရွာမှာမရှိ။ မြို့ကအဖေနဲ့ ဒီရွာသူအမေတို့အကြောင်းပါကြတာ။ ဒါကြောင့်လည်း အဖေသေရတာ။ မြို့နဲ့ သွားသွားလာလာ လုပ်နေတဲ့ အဖေ့ကို သောင်းကျန်းသူတွေက မသင်္ကာဘူး။ မသင်္ကာဘူးဆိုပြီး စစ်မြစ်သိရအောင်ကျလည်း သူတို့စုံစမ်းတာမဟုတ်ဘူး။ သူတို့အလုပ်ရှုပ်မခံဘူး။ သူတို့မသင်္ကာဘူး၊ အာရုံနှောက်တယ်၊ ရှုပ်တယ်၊ လုပ်ပစ်လိုက်မယ်ဆိုတဲ့ စိတ်မျိုးနဲ့။ ဒါပဲ... ဘာမှ အပြစ်မရှိဘဲ အဖေ သေရတယ်။

သောင်းကျန်းသူတွေ စစ်ဆေးစရာရှိတယ်ဆိုပြီး ခေါ်ပေးသူက ရွာသူကြီး ဦးမာဒင်။ ဦးမာဒင်ခေါ်သွားပြီး သောင်းကျန်းသူတွေရဲ့ အစစ်ဆေးခံရတဲ့အဖေ။ ပြန်လမ်းမရှိ။

နောက်တစ်နှစ်ကျော်ကျော်လောက် ကြာတဲ့အခါမှာ သောင်းကျန်းသူတစ်ယောက်က အမေ့ကို စစ်ဆေးစရာရှိတယ်ဆိုပြီး ခေါ်ခိုင်းလို့ အမေ့ကို ဦးမာဒင်ခေါ်ပြီး သောင်းကျန်းသူစခန်း သွားပို့တယ်။ အမေလည်း ပြန်လမ်းမရှိ။ အဲဒီသောင်းကျန်းသူ အမေ့ကိုမသတ်မီ မတရား ကျင့်ကြံသေးတယ်လို့လည်း သတင်းထွက်တယ်။





ဒီကိစ္စကို ပြန်ကြားရတဲ့ အောင်ခေါင့်ရင်တွေကတော့ နာနေတာပဲ။ ခု... ရင်နာနာနဲ့ အောင်ခေါင် အဲဒီငယ်စာရင်းကို ရှင်းမယ်ဆိုပြီးထွက်ခဲ့တာ။ ရွာမှာ ဦးမာဒင်ဆိုတဲ့ လူကြီးခုထိအသက်ရှင်နေတိုင်လျက် ရှိနေသေးတယ်ဆိုတာ အောင် ခေါင်ကြားသိရတယ်။ ဒါကြောင့် ဦးမာဒင်နဲ့ စာရင်းရှင်းရမယ်။

အဒေါ့်ကိုတော့ အောင်ခေါင်မပြောမနေဘူး။ ဘယ်သူ့ကိုမှ ပြောမနေတော့ဘူး။ ကိုယ့်အကြံအစည် အကောင်အထည်ပေါ်အောင်တော့ လုပ်ကိုလုပ်မယ်လို့ အောင်ခေါင် ဆုံးဖြတ်ထားတယ်။ မြို့က ဦးကြီးကိုလည်း ဘာမှမပြောမဆိုဘဲ အောင်ခေါင် ထွက်ခဲ့တာ။

အဒေါ့်အိမ်မှာပဲ အမေ့ဘက်က အမျိုးတွေ အောင်ခေါင့်ကို လာတွေ့ကြတယ်။ စကားပြောကြတယ်။ သူတို့တစ်တွေ အောင်ခေါင့်ကို ချစ်ကြပါတယ်။ ရောက်လာတဲ့အတွက် ဝမ်းလည်းသာကြတယ်၊ ဒါပေမဲ့ လူတိုင်းလိုလိုက ဒီမှာတော့ ကြာကြာမနေသင့်ဘူးလို့ အောင်ခေါင့်ကို ပြောကြတယ်။ အောင်ခေါင် ဘယ်သူ့ကိုမှ ဘာမှ ထွေထွေထူးထူး ပြန်မပြောဘူး။ သိလိုက်ဘာသာဘဲ နေလိုက်တယ်။

အဒေါ့်အိမ်မှာပဲ အောင်ခေါင် အောင်းနေလို့မဖြစ်ဘူး။ လာရင်းကိစ္စက ဆွေမျိုးတွေကို အောက်မေ့ပြီး ဆွေမျိုးတွေနဲ့ တွေ့ရဖို့မဟုတ်ဘူး။ အဒေါ့်အိမ်မှာ အောင်းနေဖို့မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဦးမာဒင်နဲ့ ရင်ဆိုင်စာရင်းရှင်းဖို့။ ရင်ဆိုင်စာရင်းရှင်းဖို့ဆိုရာမှာလည်း နှစ်ယောက်ချင်း ရင်ဆိုင်ဖြစ်ဖို့အရေးကြီးတယ်။ ဒါမှ အောင်ခေါင် စာရင်းရှင်ချင်တဲ့ပုံစံ ရှင်းရှင်းလင်းလင်း လွယ်လွယ်ကူကူ ဖြစ်နိုင်မှာ။ အရှုပ်အထွေး အဖုအထစ်တွေ ဖြစ်နေရင် အောင်ခေါင့်အကြံ အထမြောက်မှာမဟုတ်ဘူး။ ဦးမာဒင်နဲ့ နှစ်ယောက်ချင်း ရင်ဆိုင်တွေ့ခွင့်ရအောင် အောင်ခေါင် ကြိုးစားရမယ်။ ဒါကြောင့် အခေါ်တားမြစ်တဲ့ကြားက အောင်ခေါင် လစ်ခနဲ လစ်ခနဲ ရွာထဲထွက်လေ့ရှိတယ်။ ဦးမာဒင်ရဲ့ လှုပ်ရှားပုံ သွားတတ် လာတတ်ပုံတွေကို အကဲခတ် ၾနည်းနာတယ်။ အချိန်တိုတိုအတွင်းလေးမှာပဲမို့လို့ သိပ်ထိရောက်မှုတော့ မရှိသေး။ ဦးမာဒင်နဲ့ သောင်းကျန်းသူတွေနဲ့က အဆက်အသွယ်မို့ အောင်ခေါင် သတိလည်းအရမ်းထားနေရတယ်။

ဒီနေ့လည်း အောင်ခေါင် လစ်ခနဲ ရွာထဲထွက်ခဲ့တယ်။ ဦးမာဒင် အရိပ်အခြေကြည့်တယ်။ မထူးခြားတာနဲ့ ခဏတဖြုတ် တောထဲငှက်ပစ်ထွက်မယ်စိတ်ကူးနဲ့ ရွာပြင်ထွက်ခဲ့တယ်၊ တောထဲဝင်ခဲ့တယ်။

ငှက်လေးကောင်တော့ရပြီ။ ငှက်နောက်အာရုံကျ လိုက်ပစ်နေတဲ့အောင်ခေါင် တောအတော်နက်နက်ထဲ ရောက်သွားတော့တယ်။

သတိထားမိတဲ့အချိန်ကျတော့ အောင်ခေါင် ပြန်လှည့်





တယ်။ ရွာပြန်ခယ်။ အခေါ်စိတ်ပူနေရှာမယ်။ ခရီးလည်း အတော်လှမ်းလာမိပြီ။ နေအတော်စောင်းနေပြီ။ မိုးမချုပ်မီ ရွာပြန်ရောက်နိုင်ပါ့မလားတော့မလား။ အောင်ခေါင် ရွာဘက်ဆီ လှည့်ပြန်သုတ်သုတ်လျှောက်တယ်။

အတော်လေး လျှောက်မိတော့။

လူတစ်ယောက် သူ့ရှေ့မှာ ဘွားခနဲ ရပ်လာတယ်။ သစ်ပင်ကွယ်တစ်ခုက ထွက်ပြီးရပ်လိုက်တာဖြစ်တယ်။

'ဟာ… ဦးမာဒင်ပါလား'

အောင်ခေါင့်စိတ်ထဲက ရေရွတ်မှု။

'လက်ထဲမှာ ငှက်ကြီးတောင်ဓားကြီးနဲ့'

အောင်ခေါင် သတိကြီးကြီးထားလိုက်တယ်။ လူ့ဘီလူးကြီး… မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးကြီး။ ရွာထဲမှာ သတင်းပြေးနေတာက ရွာထဲကလူတွေအပြောမှာက ဦးမာဒင်ကြီး သောင်းကျန်းသူတွေနဲ့ အခြေအနေအရ ပေါင်းနေရပေမယ့် စိတ်ဓာတ်ကောင်းနေပြီ။ သောင်းကျန်းသူတွေ မကောင်းမှန်းသိနေပြီ။ ငယ်စဉ်ကလို မဆိုးတော့ တရားဘက်တောင် လိုက်နေပြီတဲ့။

ခုတော့ ငှက်ကြီးတောင်ဓားကြီးဆုပ်ကိုင်ပြီး အောင်ခေါင့်ရှေ့မှာ မားမားကြီး။

အောင်ခေါင့်လက်တစ်ဘက်ကလည်း လောက်စာလုံး



www.burmeseclassic.com

www.burmeseclassic.com



အိပ်ထဲက ခါးမြှောင်ရိုးကို နှိုက်ဆုပ်ကိုင်ထားလိုက်ပြီးသားဖြစ်သွားတယ်။ အိတ်ထဲက ဆွဲတော့မထုတ်သေး။

ဦးမာဒင်နဲ့အောင်ခေါင် တစ်ယောက်နဲ့တစ်ယောက် စိုက်ကြည့်နေကြတယ်။ အောင်ခေါင့်အကြည့်က တစိမ့်စိမ့် စူးလက်တောက်လာတယ်။

ဦးမာဒင်အကြည့် အောင်ခေါင့်အကြည့်နဲ့ ခြားနားနေတယ်။ ငြင်ငြင်သာသာ ဖျော့ဖျော့တော့တော့အကြည့်။ အောင်ခေါင် သတိထားမိတယ်။ ဒီလူကြီး ဘယ်လိုမယားများဦးမလို့လဲ။

'မြို့ကရောက်နေတဲ့ မောင်အောင်ခေါင်ဆိုတာလား'

ဦးမာဒင်ရဲ့ မေးသံက ငြင်ငြင်သာသာ အေးအေးဆေးဆေးပဲ။

ဩော်… သူ အောင်ခေါင် ရောက်နေတယ်ဆိုတာ သိထားပါလား။ အေးလေ… သိမှာပေါ့။ မင်းနားတစ်ထောင်ဆိုတဲ့စကား ရှိသား။ ဒီရွာမှာ သူက သူကြီးကိုး။ ရွာထဲမှာ သူ့လူတွေလည်း ရှိတယ်လေ။ ဒီလိုသိထားလို့ သူလည်း အောင်ခေါင်နဲ့ ရင်ဆိုင်ရအောင် ပြင်ထားပြီးသားထင်ရဲ့။ အောင်ခေါင် ဘေးပတ်ဝန်းကျင် အခြေအနေကို အကဲခတ်လိုက်တယ်။ ဘာထူးခြားမှုမှတော့ မတွေ့ရ။ ဘောထဲမှာ သူနဲ့ ဦးမာဒင်နှစ်ယောက်တည်းပဲ။





ဦးမာဒင်အမေးကို အောင်ခေါင် ခပ်တည်တည်ပဲ ခေါင်းညိတ်ပြလိုက်တယ်။

အောင်ခေါင်အသံထွက်တော့ မပြောချင်သေး။ အောင်ခေါင် သူ့စိတ်ကို ငြိမ်အောင် ထိန်းချုပ်နေတယ်။ စိတ်ငြိမ် ငြိမ်နဲ့ လှုပ်ရှားရမယ်။

'ကလေး… နေရထိုင်ရတာ အဆင်ပြေပါတယ်နော်'

သူကတော့ အေးအေးဆေးဆေးပဲ။ အောင်ခေါင့် စိတ်တွေ ဆတ်ခနဲ ထခုန်သွားသလိုပဲ။ မခံချင်လိုက်တာ။ ဒါ သူ မေးစရာလား။ အဖေနဲ့အမေ့ကို သေစေပြီး လောကအလယ် အထီးကျန်ရပ်တည်နေရတဲ့ လူငယ်တစ်ယောက်ကို ဒီလိုလူက ဒီလို အေးအေးဆေးဆေး မေးစရာလား။

ခါးမြှောင်ရိုးဆုပ်ကိုင်ထားတဲ့ အောင်ခေါင့်လက်ချောင်းတွေ တင်းခနဲဖြစ်သွားတယ်။

'အေးကွယ်၊ တခြားအရာတွေ ဘယ်လောက်အဆင်ပြေနေပြေနေ၊ မိမရှိ ဖမရှိ ဘဝဆိုတော့ အဆင်ပြေ တယ်ရယ်လို့ ဘယ်ပြောလို့ရမလဲ'

သူ့အသံကတော့ ကြင်ကြင်နာနာ၊ အောင်ခေါင့်ရင်ထဲမှာတော့ နာနာကျင်ကျင်…။

အောင်ခေါင့်ခါးမြှောင်ကိုင်လက်က တဖြည်းဖြည်း အိတ်အပေါ်ပိုင်းဆီ တက်လာတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီကို မင်းရောက်လာတာ အခေါက်ပဲ ကလေးရယ်'

ပြောရင်း ဦးမာဒင်က ငှက်ကြီးတောင်ဓားကို ပြန်ကြည့်တယ်။

'မင်း ရွာကို လာသည်တယ်ဆိုတဲ့သတင်း ကြားကတည်းက ငါ မင်းနဲ့ သင့်တော်ရာတစ်နေရာရာမှာ ဆုံဆည်းချင်နေတာ'

ဦးမာဒင် ငှက်ကြီးတောင် ဓားကိုမြှောက်ကိုင်ကြည့်နေပြန်တယ်။

'ဟင်း… ခုတော့ မင်းနဲ့ငါ တကယ့်ကို ဆုံဆည်းကြရပြီ'

ဦးမာဒင် ဘယ်ညာ ရှေ့နှစ်လှမ်းတိုးလာတယ်။ အောင်ခေါင့် ဓားမြှောင်ကိုင်လက် အိတ်နှုတ်ခမ်းဝရောက်လာပြီ။

ဓားမြှောင်ရိုးကို ဦးမာဒင်တွေ့သွားတယ်။ အေးအေးစက်စက်ပဲ ပြုံးလိုက်တယ်။ နောက် ခေါင်းနှစ်ချက်သုံးချက် ဆတ်ဆတ်ညိတ်လိုက်ပြီး…

'ဒါ… တရားမျှတခြင်းပဲ၊ ဒါ တရားမျှတခြင်းပဲ၊ ဒါ… တရားမျှတခြင်းပဲ'

အသံထွက်ရုံလေး ရေရွတ်တယ်။ နောက်… ဦးမာဒင် ဟိုးကောင်းကင် အမြင့်အဝေးကို မော့ငေးကြည့်လိုက်ရင်း…

'သောင်းကျန်းသူတွေနဲ့ ဆက်ဆံရတာ မသွယ်ဘူး





ကလေး၊ သူတို့မှာ တရားမျှတခြင်းဆိုတာ မရှိဘူး၊ အဲဒီတော့ ဆက်ဆံရတဲ့ကိုယ်ကလည်း တရားမျှတခြင်းကို တမ်းတလို့မရဘူး၊ အဲဒီလို တမ်းတမိရင် ကိုယ်ဟာ သူတို့ရန်သူပဲ၊ ကိုယ် သူတို့ရန်သူဖြစ်သွားတာနဲ့ ကိုယ့်ရွာ ပြာကျသွားပြီပဲ၊ ကိုယ့်ရွာသူရွာသားတွေ သေကြေကြရပြီပဲ၊ သူတို့ရန်သူမဖြစ်အောင် နေနိုင်မယ်၊ ကိုယ်ကရွာရဲ့သူကြီး ဖြစ်နေတာကိုး။ ရွာသူရွာသားတွေရဲ့ ကိုယ်စားလှယ်ဖြစ်နေတာကိုး'

ဦးမာဒင် ဘာတွေပြောနေတာလဲ။ အောင်ခေါင် စိတ်မဝင်စားနိုင်။ အောင်ခေါင် စိတ်ဝင်စားနေတာက ဦးမာဒင်ကို ဓားမြှောင်နဲ့ ဝင်ထိုးလို့ ပိုင်လောက်ပြီလား။ ပိုင်မှပိုင်ပါ့မလား။ သူ့လက်ထဲမှာ ငှက်ကြီးတောင်ဓားက ရှိနေသေးရဲ့။

ဦးမာဒင် အောင်ခေါင်ကို ကြင်ကြင်နာနာနဲ့ ကြည့်နေပြန်တယ်။

'ရွာသူရွာသားတွေကို ကိုယ်စားပြုရတဲ့ သူကြီးတစ်ယောက်အနေနဲ့ တစ်ရွာလုံးမနာအောင် တစ်ယောက် နှစ်ယောက် သုံးယောက် အစရှိ၊ လဲလိုက်ရတာ၊ အနာ ခံလိုက်ရတာတွေ ရှိတယ်၊ သူတို့တစ်ရွာလုံးကို ရန်ပြုမှာ စိုးတာကိုး။ သူတို့ကိုအာခံတဲ့ရွာဆိုပြီး မြေလှန်ဖျက်ဆီးမှာစိုးတာကိုး၊ မကောင်းပါဘူး ကလေးရယ်၊ တရားမျှတခြင်းမရှိတဲ့ လူတွေနဲ့ ဆက်ဆံရတဲ့လူရဲ့ အလုပ်ဟာလည်း ဘယ်မှာ တရားမျှတခြင်းရှိပါ့မလဲ၊ လူမိုက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပေါင်း လူကောင်းမဟုတ်ပေါ့ကွာ၊ ထား…”

ဦးမာဒင်ရဲ့ မျက်လုံးတွေ အရောင်ပြောင်းသွားသလိုပဲ။ ဒဖျာတော့တော့ ရီဝေဝေအနေ စူးစူးရှရှ တောက်တောက် ပြောင် ပြောင် အရောင်ထွက်လာတယ်။

ဘယ်ညာခြေနှစ်လှမ်း ရှေ့တိုးလာတယ်။

အောင်ခေါင်နဲ့ အရှမ်းကပ်လာပြီမို့ အောင်ခေါင် ဓား မြှောင်ကို ထုတ်ကိုင်ရင်ဆိုင်ပစ်လိုက်တယ်။

“ကလေး မင်းလက်ထဲက ဓားမြှောင်ကို ပြန်ထည့်ထား လိုက်ပါကွာ၊ အဲဒီဓားမြှောင်ဟာ အပိုသက်သက်ပါ”

အောင်ခေါင် ဘာမှလည်း ပြန်မပြော။ ဓားမြှောင် လည်း ပြန်မထည့်။

“မင်းအဖေနဲ့အမေ ငါ့ကြောင့် သေရတယ်ဆိုတာလည်း မင်းသိပြီးနေလောက်ပါပြီ၊ အမိမဲ့ အဖမဲ့ ဘဝနဲ့ ကြီး ပြင်းလာရတဲ့ မင်း ငါ့ကို အရှမ်းနာကျည်းနေမယ်၊ ပြန်သတ်ချင်နေမှာပဲဆိုတာ လည်း ငါတွေးမိပါရဲ့။ ငါ့ဘက်ကလည်း ငါ့ကြောင့်အပြစ်မဲ့သေကြ ရတဲ့ မင်း အဖေနဲ့အမေအဖြစ် တွေးမိတိုင်း ရင်ထဲမကောင်းဘူး၊ တစ်လျှောက်လုံး ရင်ထဲမကောင်းရဘူး၊ မင်းကြီးလာ လို့ ငါ့ကို ပြန်သတ်မယ်ဆိုလည်း ငါသေပေးမယ်လို့ အသင့်ဖြစ်ပြီးသား၊ ဒါဟာ တရားမျှတခြင်းပဲလို့ ငါ သတ်မှတ်ပြီးသား၊ ခု မင်းနဲ့ငါ ဒီနေရာမှာ လာဆုံဆည်းရပြီ၊ ဒီငှက်ကြီးတောင်ဓားကို မင်းအတွက်





ငါ ယူလာတာ မင်းဓားမြှောင်လေး မင်း ပြန်ထည့်ထားလိုက်၊ ဒီငှက်ကြီးတောင်ဓားကို ယူ”

ဦးမာဒင် ငှက်ကြီးတောင်ဓားလက်ကိုင်ရိုးကို အောင် ခေါင်ဘက် လှမ်းတိုးပေးတယ်။

“ငါ မင်းအသတ်ကို အသာတကြည်ခံမယ်၊ မင်း ငါ့ ကို အဲဒီငှက်ကြီးတောင်ဓားနဲ့ခုတ်သတ်လိုက်ပေတော့”

အောင်ခေါင် ဓားမြှောင်ကို အိတ်ထဲပြန်ထည့်လိုက် တယ်။ ငှက်ကြီးတောင်ဓား အရိုးဆီ လက်လှမ်းကိုင်လိုက်တယ်။ မြန်းခနဲ ဆွဲဘော့မယူမိသေး။ ကြောင်နေတယ်။

အောင်ခေါင် ငှက်ကြီးတောင်ဓားလက်ကိုင်ရိုးကို လှမ်း ကိုင်ပြီးဖြစ်နေတဲ့အတွက် ဦးမာဒင် ငှက်ကြီးတောင်ဓားကို လက် လွှတ်လိုက်တယ်။

အောင်ခေါင်ရှေ့မှာ ဒူးထောက်ခါးမတ်ထိုင်ချလိုက်ပြီး ဇက်ကို ငုံ့ပေးထားတယ်။ ဒီအထိ အောင်ခေါင် ကြောင်ငေး နေတုန်းပဲ၊

စင်စစ် အောင်ခေါင် ဦးမာဒင်ကို အရှမ်းသတ်ချင်နေ တာ။ သတ်ချင်လို့လည်း ဒီအထိ ရောက်လာတာ။ ဘယ်လို အနေအထားဖြစ်ဖြစ် ဦးမာဒင်ကို အရသတ်ဖို့လည်း အောင် ခေါင် ဆုံးဖြတ်ပြီးသား။

ဒါပေမဲ့ အောင်ခေါင်တွက်ထားတဲ့ ဘယ်လိုအနေ



www.burmeseclassic.com

www.burmeseclassic.com



အထားဖြစ်ဖြစ်ဆိုတာတွေက တစ်မျိုးဖြစ်နေတယ်။ ခု အနေအထားက တစ်မျိုးကြီးပါလား။ အောင်ခေါင်-ကို့တွက်ဆမှုထဲ လုံးဝမပါတဲ့အနေအထား။ ဒါကြောင့် အောင်ခေါင်ကြောင်သွားတာ။ ပြီး အောင်ခေါင် လူသတ်ဖူးသူမဟုတ်ဆိုတော့…

ဘာပဲဖြစ်ဖြစ် အောင်ခေါင် ငှက်ကြီးတောင်ဓားကို တင်းတင်းကျစ်ကျစ် ဆုပ်ကိုင်လိုက်တယ်။ ခေါင်းငုံ့ပြီး စင်းထားတဲ့ ဦးမာဒင်ရဲ့ လည်ပင်းကို ကြည့်လိုက်တယ်။

"ကလေး… မင်း ငါ့ကိုခုတ်ပြီးတာနဲ့ ပြေးတော့၊ ဒီနယ်မြေမှာ မနေနဲ့တော့၊ လုံးဝအချိန်ဆွဲမနေနဲ့တော့၊ မြို့ကို အရောက်ပြန်ပြေးတော့၊ ကျန်တာတွေတော့ ဘာ ဆက်လုပ်သင့်သလဲ မင်းအပိုင်းပဲ"

ခေါင်းငုံ့ဇက်စင်းထားလျက်က ထွက်ပေါ်လာတဲ့ ဦးမာဒင်ရဲ့အသံ။ အောင်ခေါင်ရဲ့ ဓားကိုင်လက် မြှင့်သွားမြောက်သွားတယ်။

"အဖေနဲ့အမေအတွက်"

အောင်ခေါင့်ရင်ထဲ ပဲ့တင်သွားတဲ့အသံ။

အောင်ခေါင့်ဓားကိုင်လက် အရှိန်အဟုန်နဲ့ မိုးပိုင်းဓား ချက်ခုတ်လိုက်ပြီးသား ဖြစ်သွားတယ်။

အချိန်ဆွဲနေလို့ မဖြစ်ဘူးလေ။ 'အလျှင်အမြန် ထွက်ခဲ့တယ်။





အောင်ခေါင် အဲဒီညက တောထဲမှာပဲ ညအိပ်ရတယ်။ မြို့ဆီအရောက်ပြန်ချိန်မရ။

※

(၃)

နောက်တစ်နေ့ညနေစောစော အောင်ခေါင်မြို့က အိမ်ပြန်ရောက်တယ်၊ အောင်ခေါင် ပြောတာတွေလည်း ကြားလိုက်ရရော။ ဦးကြီး အရမ်းထိတ်လန့်သွားတယ်။

"ဟာ… မဖြစ်ဘူး၊ မဖြစ်ဘူး၊ မင်း နက်ဖြန်စောစော ရထားနဲ့ ရန်ကုန်သွားတော့၊ အလတ်ကောင်ဆီသွားတော့"

အလတ်ကောင်ဆိုတာက အောင်ခေါင့်ရဲ့ ဦးကြီးတစ်ယောက်ပဲ။ သခုဦးကြီးနဲ့ အောင်ခေါင့်အဖေနဲ့အကြားက ဦးကြီးအလတ်တစ်ယောက်ဖြစ်တယ်။ သူတို့ရဲ့ မိဘတွေခေါ် ဝေါ်သလို သူတို့ချင်းလည်း အကြီးကောင် အလတ်ကောင် အငယ်ကောင်ဆိုပြီး ခေါ်လေ့ရှိတယ်လို့ ဦးကြီးပြောဖူးတယ်။ အဲဒီဦးကြီးအလတ်၊ အောင်ခေါင်တစ်ခါမှ မမြင်ဖူးသေးဘူး။ သူ ရန်ကုန်ရောက်နေတာကြာပြီလို့ ဦးကြီးပြောတယ်။ ဟိုမှာ အလုပ်ရ ဟိုမှာအိမ်ထောင်ကျပြီး ပြန်မလာတာကို ကြာပြီတဲ့။ သူ့အိမ်လိပ်စာကတော့ ဦးကြီးသိထားတယ်။ ဦးကြီးအလတ်ရဲ့ အိမ်လိပ်စာ ဦးကြီးအလတ်



www.burmeseclassic.com

www.burmeseclassic.com



သိပေးတဲ့စာနဲ့ပိုက်ဆံ အနည်းငယ်ပေးပြီး ဦးကြီး အောင်ခေါင့်ကို မနက်အစောကြီး ရန်ကုန်သွားဖို့ ဘူတာဆီလိုက်ပို့တယ်။ မှာစရာ စကား တီးတိုးမှာ တယ်။

'မင်း ဒီကိုပြန်လာဖို့တော့ မစဉ်းစားနဲ့ အောင်ခေါင်၊ ရန်ကုန်မှာ ဒါမှမဟုတ် တခြားတစ်နေရာရာမှာ ကြီးပွားချမ်းသာ အောင်သာ ကြိုးစားနေပေတော့၊ ဒါလည်း သိပ်တော့မလွယ်ဘူး၊ မင်းကရာဇဝတ်သားဖြစ်နေပြီ၊ မင်းရောက်လေရာအရပ်မှာ ဥပဒေလောင်းရိပ်ကရှိနေမှာ၊ ဥပဒေအရ မင်းရာဇဝတ်ဒဏ် သင့် ရဦးမှာ၊ ငါ လည်း မပြောတတ်တော့ဘူးကွာ၊ ဦးနှောက်ကို ချာချာ လည်နေသလိုပဲ၊ မင်း ဦးလတ်က ငါ့ထက် ပညာပိုရှိပါ တယ်၊ ငါ့ထက်ပိုတွေးတတ်ပါတယ်၊ အဆက်အသွယ်ကောင်း တွေလည်း ရှိတယ်၊ သူနဲ့တိုင်ပင်ပြီးသာ ကြည့်လုပ်ကြကွာ'

'ဦးမာဒင်လူတွေနဲ့တွေ့ရင်တော့ ဦးမာဒင်လူတွေ ကျွန် တော့်ကို ပြန်သတ်မှာကို ကျွန်တော် သိတယ်၊ ဥပဒေအရဆိုရင် ကော ကျွန်တော် ဘယ်လောက်ထိ ခံရနိုင်လဲ'

'သေစား သေစေတို့ တစ်သက်တစ်ကျွန်းတို့ထိ ဖြစ် နိုင်တာပေါ့ အောင်ခေါင်ရယ်၊ ဖွလွှဲပါစေ၊ ငါ့တူကြီး အဲဒါတွေနဲ့ လွဲပါစေ'

တူဝရီးတွေ ကမန်းကတန်း စကားပြောနှုတ်ဆက်ကြ ပြီး ဦးကြီး မြို့ဘူတာမှာ မျက်ရည်ဝေ့ဝဲကျန်ရစ်ခဲ့ရတော့တယ်။





ရထားစထွက်တော့ မိုးမလင်းတတ်သေးတာမို့ အောင် ခေါင် ရထားထိုင်ခုံမှာ မှေးပြီး လိုက်ခဲ့တယ်။ လှုပ်ရှားရလွန်း တဲ့ အာရုံတွေကြောင့် အိပ်ချင်စိတ်တော့ သိပ်မရှိ။ အောင်ခေါင် တောထဲမှာ အိပ်ရတဲ့ညက လုံးဝအိပ်မရ။ ညကလည်း အိပ်ပျော် တစ်ချက် မပျော်တစ်ချက်။ တစ်နေ့ညနေက အဖြစ်အပျက်တွေက အောင်ခေါင့်စိတ်အာရုံထဲ ဝဲလည်နေတယ်။ ညကလည်း ဝဲလည် နေတယ်။ ခုလည်း ဝဲလည်နေပြန်တယ်။

ဦးမာဒင်ကို သတ်ဖို့ စိတ်ကူးနဲ့ ပြင်ဆင်နေရတာ ကြာ လိုက်တာ။ ခဲရာခဲဆစ် ဖြစ်မှာစိုးလို့လည်း ကြိုတင်ကြံဆရတာ ခက်ခက်ခဲခဲ။ တကယ်လက်တွေ့ကျတော့လည်း မြန်လိုက်တာ။ လွယ်လိုက်တာ။ ဘယ်လိုကြောင့် ဒီလောက်မြန်လွန်း လွယ်လွန်း ရတာလဲ။ မြန်လွန်းလွယ်လွန်းတော့လည်း အောင်ခေါင် မကျေနပ် ချင်သလိုလို။ ဘာကိုမကျေနပ်နိုင်ရတာလဲမသိ။ ဟာခနဲဖြစ်သွား ရတဲ့ အိပ်မက်ကြီးလိုပဲ။

အိပ်မက်ကြီးလိုပဲ။

အိပ်ပျက်ဒဏ်ကြောင့် အောင်ခေါင် မှေးခနဲ အိပ်ပျော် သွားတယ်။ သိပ်မကြာပါ။ လှုပ်ရှားနေတဲ့စိတ်ကြောင့် ဆတ် ခနဲ ပြန်လန့်နိုးလာတယ်။

ဒါပေမဲ့ မျက်စိကိုမဖွင့်ဘဲ မှိတ်လျက်ငြိမ်နေမိတယ်။ အောင်ခေါင် အိပ်လိုက်မိတာ ခဏလေးလို့ထင်ပေမယ့် အမှန်



www.burmeseclassic.com

www.burmeseclassic.com



အတော်လေးကြာသွားတယ်။ ရထားဘူတာတစ်ခုမှာ ဝင်ရပ်ပြီး ပြန်ထွက်လာမှ အောင်ခေါင် နိုးလာခြင်းဖြစ်တယ်။

'အင်း… ဒီကောင်လေး အသက်နှစ်ဆယ် မပြည့်ခင် လူသတ်မယ့် ကောင်လေးပဲ'

မျက်စိမှိတ်ထားတဲ့ အောင်ခေါင် ရှေ့တည့်တည့်ထိုင်ခုံဆီမှ ထွက်ပေါ်လာတဲ့အသံ။

'လူသတ်' ဆိုတဲ့ စကားသံက အောင်ခေါင့်ရင်ကို တဆတ်ဆတ်ခုန်သွားစေတယ်၊

'လူသတ်ပေမယ့် ဒီကောင်လေး ရာဇဝတ်ဒဏ်အသင့် ခံရမယ့် ကောင်လေးတော့ မဟုတ်ဘူး'

ရှေ့တည့်တည့်ထိုင်ခုံဆီမှပဲ ထပ်မံထွက်လာတဲ့အသံ။

ပထမထွက်လာတဲ့အသံနဲ့ မတူတဲ့အသံတစ်မျိုး။

'အေး… ဒါပေမဲ့ ဒီကောင်လေး တစ်ကျွန်းရောက် မယ့်ကောင်လေးကွ'

ဒီတစ်ခါအသံက ပထမထွက်ပေါ်လာတဲ့အသံ။

'တစ်ကျွန်းမှာ ကြာကြာနေရမယ့် အခြေအနေမရှိတော့ ဒီကောင်လေးတစ်ကျွန်းရောက်တာ လူသတ်မှုနဲ့တော့ မဆိုင် လောက်ဘူး'

ဒုတိယအသံရှင်ရဲ့အသံ။

လာပြန်ပြီ လူသတ်မှု…၊ အောင်ခေါင်ရင်တွေ တဆတ်





ဆတ် ခုန်နေတော့တယ်။

'ဒီကောင်လေး ရှုးဦးမယ်ကွ'

ပထမအသံရှင်ရဲ့အသံ။

'ရှုးတော့ ရှုးမယ်၊ ဒါပေမဲ့ အရှုးဖြစ်မှာ မဟုတ်ဘူးကွ'

ဒုတိယအသံရှင်ရဲ့ အသံ။ ဘယ်လိုလူတွေပါလိမ့်။ ဘယ်သူ့အကြောင်း ပြောနေကြတာလဲ။ ဘာကြောင့် ပြောနေကြတာလဲ။

အောင်ခေါင် မျက်စိလေးမှေးမှေးဖွင့်ပြီး သူ့ရှေ့ထိုင် ခုံဆီ ကြည့်မိတယ်။ အောင်ခေါင် မျက်စိလည်း အပီဖွင့် မကြည့်ရဲဖြစ် နေတာမို့ ရင်ကလည်း တဆတ်ဆတ်ပဲ။

ရှေ့ထိုင်ခုံမှာ…။

အသက်ခြောက်ဆယ်ကျော် အဘိုးကြီးနှစ်ယောက် အောင်ခေါင့်အမြင် မှေးမှေး ရေးရေးလေးမှာ တွေ့မြင်လိုက်ရ တယ်။ သေချာကြည့်မိတော့ အောင်ခေါင့်ကို ကြည့်နေကြရင်း ပြောနေကြခြင်းဖြစ်တယ်။ ကြည့်နေကြရင်းဆိုရာမှာ အောင်ခေါင့် မျက်နှာကို ကြည့်နေကြခြင်းမဟုတ်။ အောင်ခေါင့် ပေါင်နှစ် ဖက်ပေါ်မှာ ပက်လက်အနေအထား အလိုက်သင့် တင်ထားမိတဲ့ လက်ဖဝါးပြင်နှစ်ဖက်ကို အပြန်အလှန်ကြည့်ရင်း ပြောနေကြခြင်း ဖြစ်တယ်။

အောင်ခေါင် တုန်လှုပ်သွားတယ်။ ဘယ်လိုအဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေပါလိမ့်။ ဆေးဒင်လကျွတ်တာဆရာကြီးတွေလား။

သူတို့ အောင်ခေါင့်လက်ဖဝါးပြင်နှစ်ဖက်ကို ကြည့်နေကြပြန်တယ်။

"ဒီကောင် လူသတ်ခံရမယ့်ကောင်ပဲကွာ"

ပထမအသံရှင်…။

"လူသတ်ခံရတာတောင် မိန်းကလေးက သတ်မှာ"

ဒုတိယအသံရှင်…။

"ဟာ… အဲဒီမိန်းကလေးက သူ့ကိုသိပ်ချစ်တဲ့ မိန်းကလေးပါဘား"

ပထမအသံရှင်…၊

အောင်ခေါင် လက်ဖဝါးပြင်နှစ်ဘက်ကို ယောင်ရမ်းမှောက်လိုက်မိတော့တယ်။ ရင်ခုန်မှုကလည်း အရမ်းဖြစ်နေ ပြီ။ မှေးမှေးလေးဖွင့်ထားမိတဲ့ မျက်စိကိုလည်း မှိတ်ပစ်လိုက်မိတော့တယ်။

အသက်နှစ်ဆယ် မပြည့်ခင် လူသတ်မယ့်ကောင်လေးတဲ့။ မှန်လိုက်တာ။ ခုပဲ အောင်ခေါင် လူသတ်ခဲ့မိပြီလေ။

ဒီလူကြီးတွေ မလွယ်ပါလား။ ဒီလူကြီးတွေ ပညာမလွယ်ပါလား။ ခုန်ကန်မှုရှိလှချည်လား။

ဒီအတိုင်းဆို ဒီလူကြီးတွေ ဆက်ပြောတဲ့ စကားတွေလည်း မှန်ပေလိမ့်မယ်ထင်ရဲ့၊ မှန်နိုင်မယ်ထင်ရဲ့။





ရာဇဝတ်ဒဏ် အသင့်မခံရဘူးတဲ့ ဝမ်းသာစရာ။ ဒါပေမဲ့ တစ်ကျွန်းရောက်ရမယ်တဲ့။ ဒါက ဘယ်လိုလဲ။

ရှုးဦးမယ်တဲ့။ ဒါကတော့ မဖြစ်နိုင်။ အောင်ခေါင် စိတ်ဒီလောက်ပျော့ညံ့မှုမရှိ။ ခု… လူသတ်မှု အတွေ့အကြုံ မရှိသေးတဲ့အတွက် တုန်လှုပ်မှုဖြစ်တာလောက်တော့ ရှိရဲ့။ ကြောက်ရွံ့မှု အလွန်အကျွံ အောင်ခေါင် ဖြစ်ခြင်းမျိုးမရှိ။ အောင်ခေါင့်စိတ်က အမားစားစိတ်မျိုးထဲ ပါဝင်ပါတယ်။ ခုပဲ ကြည့်လေ၊ သူ သတ်ချင်တဲ့သူကို သတ်ဖြစ်အောင် သတ်ခဲ့ပြီ။ ဒီအတွက်လည်း ကျေနပ်စွာပဲ။ နောက်ဆို ဘည်ငြိမ်သွားမှာပါ။

လူသတ်ခံရဦးမယ်တဲ့။ မိန်းကလေးရဲ့ အသတ်ကို ခံရမှာတဲ့။ ချစ်တဲ့မိန်းကလေးရဲ့ အသတ်ကို ခံရမှာတဲ့။

ဒါတော့ သတိထားရမှာပေါ့။ ဘယ်မိန်းကလေးနဲ့မှ မချစ်မိအောင် နေလိုက်ရုံပေါ့။ "မိုးမပြို ပြိုခဲ့သော်" ဆိုတဲ့ အတွေးမျိုးနဲ့ ဒါကိုးတော့ အောင်ခေါင် သတိကြီးကြီးထားမယ်လို့ စိတ်ကူးမိတယ်။ ဘာဖြစ်လို့လည်းဆို အောင်ခေါင် လူသတ်တဲ့ကိစ္စတောင် သူတို့မှန်ကန်မှုရှိနေတော့ အဲဒီကိစ္စလည်း မှန်ကန်ကောင်း မှန်ကန်နိုင်တာပေါ့လေ၊

ဒီလူကြီးတွေ ကြားဘူးတာက တက်လာကြတာဖြစ်မယ်။ အောင်ခေါင် စီးလာတဲ့ မြို့ဘူတာမှာတုန်းက ဒီထိုင်ခုံမှာ ဒီလူကြီးတွေမရှိ။ ဘယ်သူမှမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဘုတာတစ်ခုဆီ ရထားဝင်လိုက်တာကို အောင်ခေါင် သတိထားမိတယ်။ မျက်စိမဖွင့်ကြည့်ပေမယ့် ရထားဥသြသံ ရထားအရှိန်လျော့မှု၊ ရထားရပ်လိုက်ခုနဲ့ ဘူတာရုံက လူတွေရဲ့ အသံတွေကြောင့် အောင်ခေါင် သိလိုက်နိုင်ခြင်းဖြစ်တယ်။

အောင်ခေါင် မျက်စိဖွင့်ကြည့်ချင်နေတယ်။ ဒါပေမဲ့ သူ့ရှေ့ထိုင်ခုံက အဘိုးကြီးနှစ်ယောက်ကို ရှိန်သလိုဖြစ်နေပြီ၊ မျက်စိဖွင့်မကြည့်ရဲသလိုလို…။

သူတို့က ငါ လူသတ်ခဲ့တာကို သိတာမှမဟုတ်ဘဲ။ ငါ လူသတ်မှုဖြစ်နိုင်လောက်တာကိုပဲ တွက်ချက်ကြည့်နိုင်သူတွေ ပဲလေ။ ဘာဖြစ်ဘာမှတ်လို့။ အောင်ခေါင် စိတ်အားတင်းပြီး မျက်စိဖွင့်ပစ်လိုက်တယ်။ လူကြီးတွေဘက်ကိုမကြည့်။ ဘူတာ ဘက်ဆီ ကြည့်တယ်။ သူထိုင်နေတာက ပြတင်းပေါက်နဲ့ ကပ် လျက်နေရာ…။

ခရီးသည်တွေကို အောင်ခေါင်ကြည့်နေလိုက်တယ်။ ဈေးသည်တွေကို ကြည့်နေလိုက်တယ်။ ရဲနှစ်ယောက်ကို တွေ့ လိုက်မိတယ်။ ဖြန်းခနဲတော့ ရင်ထဲထိတ်ခနဲပဲ။ အပြစ်ရှိထား သူ့ကိုး။

အောင်ခေါင် စိတ်တင်းပြီး ခပ်တည်တည်ပဲ လိုက် ကြည့်နေလိုက်တယ်၊ ရဲတွေက သူတို့လုပ်ရှားမှုနဲ့ သူတို့ပါ။ အောင်ခေါင်နဲ့ပတ်သက်စရာအကြောင်းမရှိ။ အောင်ခေါင် ကြည့်





ရင်းမှာပဲ စိတ်ရဲသွားတယ်။ စိတ်ငြိမ်သွားတယ်။

ဘုတာကနေ ရထားထွက်လာပြီ။ အဲဒီမြို့ကလေး တရိပ်ရိပ် နောက်ကျန်ခဲ့တယ်။ ရထားအရှိန်ရလာပြီ။ ဓာတ်တိုင် တွေ အိမ်လေးတွေ သစ်ပင်တန်းလေးတွေ ကွင်းပြင်တွေ ရထား နောက်မှာ ဝဲလည်လှည့်ကျန်ခဲ့ကြတော့တယ်။

ဝေးပြီ…။

မိမိမြို့လေးနဲ့လည်း ဝေးခဲ့ပြီ။

မိမိ လူသတ်ခဲ့တဲ့ နေရာနဲ့လည်း ဝေးခဲ့ပြီ။

ဝေးခဲ့ပြီ။

တစ်စုံတစ်ခုနဲ့ ဝေးခဲ့ပြီ။

အဲဒီဝေးခဲ့ခြင်းက မိမိ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုနဲ့ လည်း ဝေးကွာခဲ့သလို။ အောင်ခေါင်စိတ်ထဲ သက်သောင့် သက်သာ ဖြစ်လာရသလို။

'လူသတ်ပေမယ့် ဒီကောင်လေး ရာဇဝတ်ဒဏ် အသင့် ခံရမယ့် ကောင်လေးတော့ မဟုတ်ဘူး'

လူကြီးတွေ ပြောတဲ့စကား အောင်ခေါင် သတိရကြား လိုက်မိတယ်။ အောင်ခေါင် ပိုအားရှိသွားသလိုပဲ။ ပိုသက် သောင့်သက်သာ ဖြစ်သွားသလိုပဲ။

အောင်ခေါင် လူကြီးနှစ်ယောက်ရှိရာ လှမ်းကြည့်လိုက် မိတယ်။ လူကြီးတွေက အောင်ခေါင့်ကို စိတ်ဝင်စားမှုမရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့သလိုပဲ။

အမှန်တော့ အိပ်ပျော်သွားပြီး အမှတ်တမဲ့ ပက်လက်လှန်ထားမိတဲ့ အောင်ခေါင့်လက်ဖဝါးပြင်နှစ်ခုကို ကြည့်မိမြင်မိပြီး သူတို့ စိတ်ဝင်စားလိုက်မိပြောလိုက်ကြမိတာလောက်ပဲ ထင်ရဲ့။ ခု အောင်ခေါင် နိုးထလာချိန်မှာတော့ သူတို့ အောင်ခေါင်ကို လုံးဝစိတ်မဝင်စားသလိုပဲ။

အောင်ခေါင်ကတော့ ဒီအဘိုးကြီးနှစ်ယောက်ရဲ့ ဗေဒင်လက္ခဏာပညာကို အတော်စိတ်ဝင်စားမိရဲ့။ ဒါပေမဲ့ မစပ်စုရဲ။ တော်ကြာ ကိုယ်ရှုးကိုယ်ပတ် ဖြစ်နေမှာ စိုးရိမ်ရသေး။

ဒီအတွေးမှာ အောင်ခေါင့်စိတ် အနည်းငယ် ညှိုးငယ်သွားရပြန်တယ်။ သူလုပ်ခဲ့မိတဲ့ ပြစ်မှုဟာ အနည်းဆုံး သူ့နောက်အရိပ်မည်းတစ်ခုအနေနဲ့ လိုက်နေမှာပဲဆိုတဲ့အတွေးက အောင်ခေါင့်ခေါင်းထဲဝင်တယ်။

အဘိုးကြီးတွေပြောသလို ရာဇဝတ်ဒဏ် အသင့်မခံရဘူးပဲထား။ အကြောင်းကြောင်းကြောင့် သူတို့စကားမှန်တယ်ထား။

အောင်ခေါင့်ရင်ထဲ အမြဲတမ်း အသင့်ခံနေရမယ့် ဒဏ်ကတော့ သူ လူသတ်ခဲ့တယ်ဆိုတဲ့ ဒဏ်ပဲ။ ဒီအဖြစ် သူ အမြဲသိနေမယ့်အဖြစ်ပဲ။ ဒီလိုသိနေတဲ့ဒဏ် သူ အမြဲခံနေရမှာပဲ။

ခုပဲကြည့်လေ။ ပညာရှင် အဘိုးကြီးနှစ်ယောက်ရဲ့ ပညာ





ကို သူလေးစားစိတ်ဝင်စားပေမယ့် သူ အဲဒီပညာကို စူးစမ်းခွင့်လှောလာခွင့်မရ။ အဘိုးကြီးနှစ်ယောက်နဲ့ အပြစ်ကင်းတဲ့ လူတစ်ယောက်လို စကားရဲရဲ မပြောရဲ။ သူ့အဖြစ် သူ့အပြစ်တွေ။ အစထွက်သွားမှာ စိုးရိမ်နေရလေရဲ့။

အဘိုးကြီးနှစ်ယောက်ကိုတော့ သူ ဂရုတစိုက်ကြည့်နေမိ။ ရုပ်သွင်မှတ်သားနေမိတယ်။ ဥပမိရုပ် ခပ်သန့်သန့်တွေပါ။ ဝတ်စားဆင်ယင်မှု အကောင်းစားကြီးတွေ မဟုတ်ပေမဲ့ သန့်သန့်ပြန့်ပြန့် သပ်သပ်ခေ့ခေ့နဲ့ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား အောင်ခေါင်ဦးနှောက်ထဲ လူကြီးနှစ်ယောက်ရဲ့ ရုပ်သွင် စွဲထင်သွားတယ်။

"ဆရာကြီးတို့ခင်ဗျား ထမင်းဆာနေကြပြီလား၊ ထမင်းထုပ်က ရေ့ဘုတာကျမှကောင်းလို့ ဒီဘူတာမှာ ကျွန်တော် ထမင်းထုပ် ဆင်းမဝယ်တာပါ၊ ဆရာကြီးတို့များ သိပ်ဆာနေကြမလား"

အသံက အောင်ခေါင့်နံဘေးမှ ထွက်ပေါ်လာတဲ့အသံ။ အသံရှင်ကို အောင်ခေါင် လှည့်ကြည့်လိုက်မိတယ်။ သူ့ထက် အသက်လေးငါးနှစ်လောက်ကြီးမယ့် လူငယ်တစ်ယောက်။

သူ့ဘေးနားလူတစ်ယောက်ထိုင်နေတယ်ဆိုတာကိုတော့ အောင်ခေါင် သတိထားမိသား။ ဒါပေမဲ့ အောင်ခေါင် စိတ်ဝင်စားမှုက လူကြီးနှစ်ယောက်ဆီ ဖြစ်နေတော့ သူ့ဘေးနားက လူကို အောင်ခေါင် ဂရုမစိုက်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခုမှ အောင်ခေါင် ဂရုတစိုက်ကြည့်လိုက်မိတာ။

လူကြီးနှစ်ယောက်နဲ့ ဆက်စပ်မှုရှိသူမို့ စိတ်ဝင်တစား ကို ကြည့်လိုက်မိတယ်။ လူရှည်သန့်တစ်ယောက်ပဲ။

ခပ်ချောချော ခပ်ဖြောင့်ဖြောင့် လူငယ်တစ်ယောက်လို့ ကို ဆိုနိုင်တယ်။ ရုပ်သွင်ထင်ပေါ်သူမို့ မှတ်မိလွယ်တယ်။ ပိုပြီးမှတ်မိလွယ်တဲ့အကြောင်းတစ်ခုကလည်း အဲဒီလူငယ်မှာ စာမဲ့အမှတ်တစ်ခု ရှိနေတယ်။ ညာဘက်လည်တိုင်မှာ ထင်ထင် ရှားရှား စာမဲ့အမှတ်တစ်ခုက ထင်းထင်း။

အဲဒီလူက အောင်ခေါင့်ကို ပြုံးပြတယ်။

အောင်ခေါင် ပြန်မပြုံးပြမိ။ ဒီလူနဲ့ဟိုလူကြီးနှစ် ယောက်နဲ့ တစ်ဖွဲ့တည်းပါလား။ ဟိုလူကြီးတွေပြောတဲ့စကား ဒီလူလည်း ကြားနေမှာပါလား။ ဒါဆို…။

အောင်ခေါင့်စိတ်ထဲ မလုံမလဲဖြစ်နေသလိုပဲ။

'ရပါတယ် မောင်အောင်မောင်း၊ ဆရာကြီးတို့လည်း မဆာသေးပါဘူး'

အောင်ခေါင် သူ့နာမည်နဲ့ ဆင်တူရိုးမှာ နာမည်ကို လွယ် လွယ် မှတ်မိလိုက်တယ်။

'ဒီလူချောနာမည်က အောင်မောင်းဆိုပဲ'

ဒါပေမဲ့ အောင်ခေါင် အဲဒီသုံးယောက်နဲ့ လမ်းမှာ အသိ အကျွမ်းမဖြစ်လိုက်။ အောင်ခေါင် သူတို့နဲ့ စကားမပြောဖြစ်အောင် ရှောင်တယ်။

* * *





အချစ်က ပင်လယ်ပြင်ကို
သာသာလေး ကျော်ဖြတ်နိုင်တယ်

ကပ္ပလီပင်လယ်လို့လည်း ခေါ်တယ်။

အန်ဒမန်ပင်လယ်လို့လည်း ခေါ်တယ်။

အခု အောင်ခေါင်ရောက်နေတာ အဲဒီ ကပ္ပလီပင်လယ် ခေါ် အန်ဒမန်ပင်လယ်ရဲ့ လက်ခုပ်ထဲမှာ…။

အောင်ခေါင် တာဝန်ထမ်းဆောင်ရတဲ့ မင်္ဂလာကျွန်းဆို တာက ကပ္ပလီပင်လယ်ထဲက ကျွန်းလေးတစ်ကျွန်း။ စင်စစ် ကျွန်းလေးတစ်ကျွန်းဆိုတာထက် ကျွန်းစွယ်လေးတစ်ခုဆို ပိုမှန် မယ်။ ကိုကိုးကျွန်းရဲ့ ကျွန်းစွယ်လေးပဲ။

မင်္ဂလာကျွန်းကို စားပွဲကျွန်းလို့လည်း ခေါ်တယ်။ သိပ် ကျယ်လှတာတော့ မဟုတ်ပါဘူး။ အလျားနှစ်မိုင် အနံတစ်မိုင်



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိမယ်။ အောင်ခေါင်တို့ တာဝန်ထမ်းဆောင်ရတဲ့ မီးပြတိုက်က ကျွန်းလေးရဲ့ တောင်ကုန်းမြင့်မြင့်တစ်ခုမှာ ရှိတယ်။ အတူတာဝန်ထမ်းဆောင်တဲ့ မီးပြလုပ်သား တစ်ဆယ့်နှစ်ဦးရှိတယ်။

ကျယ်လွန်းလှတယ် မဆိုသာပေမယ့် ပင်လယ်ထဲက မြေပြင်ငတ် လူသားတစ်ဆယ့်နှစ်ဦးအတွက်ကတော့ ကမ္ဘာလေးတစ်ခုပါပဲ။

အဲဒီကပ္ပလီပင်လယ်ထဲ နှစ်မိုင်တစ်ခိုင် ဧရိယာရှိတဲ့ မင်္ဂလာကျွန်းကမ္ဘာလေးထဲမှာ လူသားတစ်ဆယ့်နှစ်ဦးနဲ့အတူ ရေတိမ်နေရေသတ္တဝါများ၊ ကျွန်းပေါ်နေ ကုန်းသတ္တဝါများလည်း ရှိကြရဲ့။ အဲဒီသတ္တဝါကတော့ မဟာလူသားဆိုတဲ့ ကမ္ဘာကြီးကို အရမ်းခြယ်လှယ်ကြီးစိုးချင်တဲ့ လူ့သတ္တဝါတွေအတွက် ကမ္ဘာကြီးက နိယာမအတိုင်း အရံသင့်ပေးဆပ်ထားရတဲ့ စားနပ်ရိက္ခာတွေရယ်သာပေါ့။

ရှာစားတတ်သူတွေအတွက် မင်္ဂလာကျွန်းမှာ အဆင်သင့်ရှိနေတဲ့ စားနပ်ရိက္ခာတွေက ခရုံးလှပါဘူး။ ကျွန်းမှာ အခါအားလျော်စွာ ဒရယ်၊ ဖွတ်တွေကို အမဲလိုက်လေ့ရှိတယ်။ ငှားတွေကိုလည်း ဖမ်းသတ်ဖြတ်လေ့ရှိတယ်။ ငှားတွေက ကိုကိုးကျွန်းရေတပ်က ဘောမွဲလာလွှတ်ထားတာတွေပါ။ (နောက်ပိုင်းမှာတော့ ဘောမွဲတိရစ္ဆာန်တွေအဖြစ် သတ်မှတ်ပြီး မသတ်ဖြတ်ရ၊ တားမြစ်လိုက်ပါတယ်)





အုန်းသီးပေါ်တဲ့ အရပ်မို့ ဖွတ်သားနဲ့ အုန်းနို့ချက်စားမှုက စားဖူးသူကို အတော်စွဲမက်စေပါတယ်။

ဝန်ထမ်းတစ်ဆယ့်နှစ်ယောက်မှာ အသားငါးမစားသူဆိုလို့ ဦးရဲမြင့်တစ်ယောက်တည်း ရှိပါတယ်။ ဦးရဲမြင့်က အသားမစားရုံမက သတ္တဝါတွေကိုသတ်ဖြတ်နေတာမျိုးတွေ့ရင် မျက်ကွယ်ရှောင်သွားလေ့ရှိတယ်။ ဒါပေမဲ့ အဲဒီလိုကိစ္စမျိုးတွေနဲ့ ပတ်သက်ပြီး ဘယ်သူ့ကိုမှ ကောင်းဆိုးပြောလေ့မရှိပါ။

ဦးရဲမြင့်ကို အောင်ခေါင် ခင်ပါတယ်။ ဦးလတ်က အောင်ခေါင့်ကို အပ်နှံပြီး ထည့်လိုက်သူဖြစ်တဲ့အတွက် တရိတသေလည်း ဆက်ဆံပါတယ်။ ကိုယ့်ကိုအုပ်ချုပ်တဲ့ လူကြီးလည်းဖြစ်၊ ဝါရင့်လုပ်သားကြီးလည်းဖြစ်မို့ သူ့စကား အောင်ခေါင် နားထောင်လေ့ရှိပါတယ်။

တစ်ဆယ့်နှစ်ယောက်ထဲမှာ အတွဲမိဆုံးကတော့ လှအောင်နဲ့ အောင်မြိုင် ညီအစ်ကိုရယ်၊ မိုးအောင်ရယ်။ သူတို့ကို ကျန်တဲ့လူတွေက အောင်လေးအောင်လို့ ခေါ်တော့တယ်။

အောင်ခေါင် မရောက်ခင်ကတော့ ဟိုအောင်သုံးအောင်အတွဲ၊ အောင်ခေါင်ရောက်လာတော့ အဲဒီအောင်သုံးအောင်နဲ့ အောင်ခေါင်နဲ့တွဲမိကြပြီး အောင်လေးအောင်ဖြစ်သွားတော့တယ်။

တွဲမိတာကတော့ နာမည်ချင်းဆင်တူလို့မှားတွေ့ရလို့ ရွေးချယ်တွဲခြင်းမဟုတ်။ ခင်လို့တွဲမိသွားတာ။ ခင်ဆို ကျွန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်စက အလုပ်အားချိန် ယောင်တောင်တောင်ဖြစ်နေတဲ့ အောင်ခေါင်ကို သူတို့က အမဲလိုက်ခေါ်တယ်။ အောင်ခေါင်ကိုယ်နှိုက်က အမဲလိုက် ဝါသနာခပ်ပါပါဆိုတော့ ခင်သွားကြတာပေါ့။

ကျန်တဲ့လူတွေက အမဲလိုက် အမဲဖျက်နဲ့ ပတ်သက်လို့ သူတို့အောင်လေးအောင်ကို အားကိုးတယ်။ သူတို့ အမဲလိုက်ချိန်မှာ သူတို့ အလုပ်ဝိုင်းလုပ်ထားကြတယ်။

ကျွန်းပေါ်မှာ အမဲလိုက်တယ်ဆိုတာက သိပ်တော့ မခက်လှပါဘူး။ အဓိကထားတာကတော့ ဒရယ်တို့ ဖွတ်တို့ကိုပဲ။ အဲဒါတွေ မရရင်တော့မှ ငှက်ဘက်လှည့်တယ်။ ဒါမှမဟုတ်လည်း သားသေး ငါးသေးပဲ။ အမဲဖျက် အမဲကိုင်ကိစ္စ အစကတော့ အောင်ခေါင် သိပ်မကျွမ်းဘူး။ ဟိုအောင်သုံးအောင်က ကျွမ်းတယ်။ မြန်တယ်။ နောက်ကျ အောင်ခေါင်လည်း ကျွမ်းလာမြန်လာတယ်။

အမဲလိုက်တဲ့အခါတွေမှာ မကြာခဏဆိုသလို အောင်ခေါင်တွေးမိတဲ့ အကြောင်းတစ်ခုရှိတယ်။ ရေငန်ကြိုက်သစ်ပင်ကြီးတွေ သစ်ပင်လေးတွေကြား တောင်သရက်ပင်၊ ပိန္နဲပင်၊ အုန်းပင်တွေကြား ကုန်းအမို့အမောက် အကွယ်အကာတွေနဲ့ ချိုင့်ဝှမ်းအတိမ်အနက်ကြိုကြိုကြားကြားတွေကြား အသက်လုပြေးလွှား ပုန်းအောင်းကပ်ခိုလေ့ရှိတဲ့ သားကောင်တွေ မြင်ရ





တိုင်း အောင်ခေါင် တွေးမိလေ့ရှိတာက…

ဦးမာဒင်…။

အောင်ခေါင့်ကို သူ့လက်ထဲက ဓားရှည်ကြီးပေးပြီး အောင်ခေါင့်ရှေ့မှောက်မှာ ဒူးထောက်လည်စင်းပေးတဲ့ ဦးမာဒင်…။

ဘယ်လိုအကြောင်းလဲ။

ဦးမာဒင်စိတ် ဘယ်လိုလဲ။

သေရမှာကို သွေးအေးလှချည်လား။

အဲဒီအဖြစ် ပြန်တွေးမိရင် အောင်ခေါင်ရင်ထဲ မကောင်း။ ဘယ်လိုမကောင်းခြင်းမျိုးလဲ။ အောင်ခေါင်မသိ။

ရင်ထဲ မကောင်းခြင်း အိလည်လည်နဲ့ ကြာရှည်လာရင် အောင်ခေါင် စိတ်တွေတိုလာတက်ပြန်တယ်။ ဒေါသတွေက ဘယ်လိုလုပ်ပြီး ဘယ်လိုပုံစံနဲ့ ဘယ်အကြိုအကြားထဲက ထွက်လာသလဲမသိ။ ရင်ထဲ မခံမရပ်နိုင်မှု တစ်မျိုးဖြစ်လာတယ်။

ဦးမာဒင်ကိုသတ်တဲ့အကြောင်းတွေးနေမိရာက အောင်ခေါင် လူကြီးနှစ်ယောက်ကို သွားသတိရလိုက်မိတယ်။ ရထားပေါ်မှာ ဆုံလိုက်ရတဲ့ လူကြီးနှစ်ယောက်။ ဗေဒင်လက္ခဏာဆရာကြီးတွေ နေမှာပေါ့။ ခု… အောင်ခေါင် ရောက်ရှိနေတဲ့ အနေအထားအရဆို သူတို့ဟောချက် တစ်ခု မှန်နေပြီ။ လူသတ်ပြီးပြီ။ ရာဇဝတ်မှုဖြစ်ဒဏ်မခံရသေး။ … တစ်ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



တော့ရောက်နေပြီ၊ တကယ့်ကို ဆန်းပြားတိုက်ဆိုင်စွာ မှန်ကန်မှုပါလား။

ကျွန်းရောက်လာရတာကတော့ မီးပြတိုက်လုပ်သားအဖြစ် ရောက်လာရတာ။ ဘာပဲဖြစ်ဖြစ် သူတို့ရဲ့ဟောချက် တိုက်ဆိုင်စွာ မှန်နေတော့တယ်။

အောင်ခေါင် ရန်ကုန်က ဦးလတ်ဆီ ရောက်တယ်။ ဦးလတ်က ရေကြောင်းဌာနမှာ စာရေးကြီး ဖြစ်နေတယ်။ ဦးကြီးက ဦးလတ်ဆီ စာရေးပေးရာမှာ တူဖြစ်သူအောင်ခေါင်ကို အလုပ်အကိုင်ရှာပေးဖို့၊ ရန်ကုန်မှာ အခြေချနေထိုင် ကြီးပွားချမ်းသာနိုင်ရေးလုပ်ပေးဖို့၊ အမိမဲ့အဖမဲ့ လူလေးတစ်ယောက်ဖြစ်တဲ့အတွက် အစွမ်းကုန်စောင့်ရှောက်ထိန်းသိမ်း ကူညီဖို့….။ လူသတ်တဲ့ကိစ္စ ထည့်မရေးထား။

ဒီတော့ အောင်ခေါင်ကလည်း ဦးလတ်ကို လူသတ်တဲ့ကိစ္စ ပြောမနေတော့။ ပြောချင်စိတ်သည်းမရှိတော့။ နောင်ခါမှ နောင်ခါ လျော့ကျလျှော့ပဲ အတွေးနဲ့ နေလိုက်တယ်။ ခုထိ အောင်ခေါင် လူသတ်လာတဲ့ကိစ္စ ဦးလတ်မသိ။

ဦးလတ်က အောင်ခေါင်ကို ချစ်ပါတယ်။ တူလေးတစ်ယောက်ကိုကြီးမှ တွေ့ရပေမယ့် တရင်းတနှီး ကြင်ကြင်နာနာ ချစ်ရှာတယ်။ သူ့ညီဖြစ်သူ အောင်ခေါင့်အဖေနဲ့ အောင်ခေါင်နဲ့ ရုပ်ရည်အတော်တူတယ်လို့လည်း မကြာခဏ မျက်ရည်





တဝဲဝဲနဲ့ ပြောရှာတယ်။

ဦးလတ်အိမ်မှာ အောင်ခေါင်နေရတာ ကိုယ် စိတ်သက်တောင့်သက်သာ ရှိပါတယ်။ အေးအေးဆေးဆေး နေပါဦး။ အလုပ်အကိုင်ကို ဖြည်းဖြည်းရှာပေးမှာပေါ့လို့ ဆိုရှာတယ်။ ဦးလတ်ရဲ့ဇနီးကလည်း သဘောကောင်းကောင်း။ ကုန်သွယ်ရေးဌာနက စာရေးမ။ ဦးလတ်ကို ချစ်ရှာသလို ဦးလတ်တူဖြစ်တဲ့ အောင်ခေါင်ကိုလည်း ချစ်ခင်ရှာပါတယ်။ သူတို့ ဇနီးမောင်နှံက လိုက်ဖက်ညီတယ်။ တကယ့်ကို မေတ္တာသမားတွေလို့ ဆိုလို့ရတယ်။

အောင်ခေါင်မရောက်မီကတည်းက သူတို့ဇနီးမောင်နှံ မိန်းကလေးနှစ်ယောက်ကို မွေးစားထားတယ်။ မွေးစားထားတယ်လို့ပဲဆိုရမယ်။ အမှန်က ဒေါ်လေးရဲ့ တူမလေး နှစ်ယောက်။ အောင်ခေါင်နဲ့ ဘဝတူလို့ပဲ ဆိုရမယ်။ မိဘမဲ့ဖြစ်သွားတဲ့ တူမလေးနှစ်ယောက်ကို ဒေါ်လေးက ဦးလတ်နဲ့ တိုင်ပင်ပြီး ခေါ်ထားမွေးစားထားတာ။ နှစ်ယောက်လုံးကို ကျောင်းထားပေးတယ်။ တစ်ယောက်က ဆယ်တန်းရောက်နေပြီ။ တစ်ယောက်ကတော့ ခြောက်တန်း။ ဆယ်တန်းမိန်းကလေးက အောင်ခေါင်နဲ့ သက်တူရွယ်တူလို့ ဆိုနိုင်တယ်။ နှစ်နှစ်ကျော်လောက်တော့ ငယ်တယ်။ ခြောက်တန်းကလေးမက အကြီးမနဲ့ လေးနှစ်ငယ်တယ်။ သူတို့ကတော့ မိဘလက်ထက်က အိမ်နဲ့ ဥစ္စာပစ္စည်းတချို့ ကျန်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခွေမျိုးတွေက စိတ်ရင်းကောင်းတဲ့ ဦးလတ်နဲ့ ဒေါ်လေးကို သူတို့ ပစ္စည်းအပ်တယ်။ ပစ္စည်းတွေကိုလည်း ထိန်းသိမ်း။ ကလေးတွေ ကိုလည်း ထိန်းသိမ်းပေါ့။ ဦးလတ်နဲ့ ဒေါ်လေးကတော့ ထိန်း သိမ်းထားတယ်လို့ သဘောမထားပါဘူး။ အပြီးအပိုင် မွေးစား ထားတယ်လို့ပဲ သဘောပိုက်တယ်။ မိန်းကလေးနှစ်ယောက်ကို သမီးတွေလို့ပဲ ခေါ်တယ်။ မိန်းကလေးတွေပိုင်အိမ်ကိုတော့ လူငှား တင်ထားတယ်။ လူငှားကလည်း ဒေါ်လေးတို့ဌာနက ဒေါ်လေး နဲ့လူရင်းတွေလို့ပြောတယ်။

ဒေါ်လေးက တကယ့်စိတ်ရင်းကောင်းကောင်းပါ၊ အောင်ခေါင့်ကိုလည်း သားလို့ပဲ ခေါ်တယ်။ ကျောင်းဆက်နေဖို့ လည်း တိုက်တွန်းတယ်။

အောင်ခေါင်က ခေါင်းခါတယ်။ သူ့အကြောင်းသူ သိနေတဲ့ အောင်ခေါင် စိတ်လေနေတယ်။ ကျောင်းနေချင်စိတ်မရှိ။ ဦးလတ်ကလည်း တိုက်တိုက်တွန်းတွန်း လုပ်သေးတယ်။ ပြောလို့ မရတော့ လက်လျှော့တယ်။

အောင်ခေါင် ကျောင်းမနေချင်တော့တာက အကြောင်း နှစ်ချက်…။ သူ့အကြောင်းနဲ့ သူ။ စိတ်မလုံမလဲဖြစ်နေရတာ ကတစ်ချက်။ နောက်တစ်ချက်က မိန်းကလေးနှစ်ယောက်ကို ဦးလတ်နဲ့ဒေါ်လေး ကျေးဇူးပြုစုပျိုးထောင် ကျောင်းထားပေး ရာမှာ မိန်းကလေးတွေရဲ့ ပစ္စည်းဥစ္စာက ရှိသေးတယ်။ အမန်း





သိပ်မကြီး၊ အထောက်အကူရှိသေးတယ်လို့ ဆိုနိုင်တယ်။

အောင်ခေါင်က လက်ချည်းသက်သက်ရောက်လာသူ။ သူ့တာဝန် ဦးလတ်နဲ့ဒေါ်လေးမှာ မလေးပင်စေချင်ဘူး။ ဒါ ကြောင့် ဦးလတ်ကို အလုပ်အမြန်လုပ်ချင်တယ်။ အလုပ်ပဲလုပ် ချင်တယ်၊ အလုပ်ရှာပေးဖို့ပဲ ပြောတယ်။

ဦးလတ်က အလုပ်ကောင်းလေးတစ်ခုတလေရအောင် ရှာပေးပါ့မယ်လို့ ကတိပေးပါတယ်။ ဒါပေမဲ့ အေးအေးဆေး ဆေးပဲ လုပ်နေတယ်။ ဒီကြား တူဖြစ်သူ စိတ်ပြောင်းသွားပြီး ကျောင်းပြန်နေချင်လည်း ကျောင်းပြန်ထားမယ်လို့ စိတ်ကူးရှိပုံ ရတယ်၊ ဘာလိုလို့နဲ့ တစ်နှစ်နီးနီးတောင် ရှိပြီ။

အေးအေးဆေးဆေး မနေနိုင်သူက အောင်ခေါင်။

အောင်ခေါင်စိတ်တွေ ပြေသွားပျောက်သွားအောင် အလုပ် တစ်ခုခုမှာ အာရုံဝင်စားလုပ်ကိုင်နေချင်တယ်။ အောင်ခေါင် အမြန်အလုပ်လုပ်ချင်နေတယ်။

ဒီကြား…။

မြန်မြန်အလုပ်လုပ်ချင်တဲ့အကြောင်းတစ်ခုက ထပ်ဖြစ် လာပြန်တယ်၊ အလုပ်တောင် အိမ်ကနေ သွားသွားလာလာ လုပ်ရတဲ့ အလုပ်မျိုးမဟုတ်။ အိမ်နဲ့ဝေးရာမှာ သွားနေပြီး လုပ်ရ တဲ့အလုပ်မျိုး လုပ်ချင်တဲ့စိတ်။ အောင်ခေါင့်အတွေးမှာ ဝင်တယ်။

အဲဒီလို အလုပ်မျိုး အမြန်ရဖို့ ဒေါ်ခေါင်ဆန္ဒဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘာဖြစ်လို့လဲ။ ဦးလတ်တို့ ဒေါ်လေးတို့လည်း ဒီလောက် ကိုယ့်အပေါ် ကောင်းလျက်နဲ့…

'ကိုကို'

ခေါ်သံချိုချိုလေးတစ်ခု…။

ပင်လယ်ပြင်ကို ဖြတ်ပြေးလာသလိုပဲ။

အောင်ခေါင် တုန့်ခနဲ လှုပ်သွားတယ်။

'ကိုကို'

'ဟိတ်… ကိုကို'

*

(၂)

'ဟူး'

အောင်ခေါင် ရင်ထဲက အပူအတွေးတွေကို လေ ရောမှုတ်ထုတ်လိုက်တယ်။

'ဟိတ်… ကိုကို'

နောက်နားဆီက ကပ်ထွက်ပေါ်လာတဲ့ အသံနဲ့အ လက်ကလေးတစ်ခု ပခုံးစွန်းကို လာပုတ်ထိတယ်။

ဖြုန်းခနဲ အလန့်တကြားလေးမို့လို့ အောင်ခေါ လန့်ခနဲဖြစ်သွားပြီး ပခုံးကိုလာထိတဲ့ လက်ကလေးကို ဆွဲ





လိုက်မိတယ်။ ဆွဲယူမှုအားပါသွားတဲ့အတွက် လက်နဲ့တဆက်တည်း ကိုယ်လုံးလေးတစ်ခု အောင်ခေါင့်ရင်ထဲ လိမ့်ဝင်လာတယ်။

'ဟာ… သဇင်'

သဇင်ဆိုတာက ဒေါ်လေးတူမလေး။ ဦးလတ်တို့ ဒေါ်လေးတို့သမီးဆိုလည်းရတယ်။ သမီးအကြီးဆိုပါတော့။ အငယ်မလေးက ချယ်ရီတဲ့။

သဇင်နဲ့ချယ်ရီ…။

အဲဒီမိန်းကလေးနှစ်ယောက်က အောင်ခေါင့်ကို ကိုကို ကိုကို… တစ်ကိုကိုနဲ့ပဲ။

အောင်ခေါင် စရောက်လာကတည်းက ဒေါ်လေးက ဝမ်းသာခြင်းနဲ့အတူ သူ့တူမသမီးလေးနှစ်ယောက်ကို…

'ဟာ… သမီးတို့ ဝမ်းသာစရာပဲ၊ သမီးတို့အတွက် ကိုကိုတစ်ယောက်ရပြီ၊ မေလည်း သမီးနှစ်ယောက်ရှိပြီး သားတစ်ယောက်လောက်ရရင် ကောင်းမှာပဲ ဆန္ဒရှိနေတာ၊ ဟန်ကျလိုက်တာ၊ သိကြားမတာပဲ၊ ဖေ့ဘက်ကရတဲ့သားတစ်ယောက် မေ့ဘက်ကရတဲ့ သမီးနှစ်ယောက်။ မောင်နှမသုံးယောက် ချစ်ချစ်ခင်ခင် နေကြ'

သားသမီးရင်းချာမရှိတဲ့ ဦးလတ်နဲ့ ဒေါ်လေး တကယ့်ကိုပဲ။ အောင်ခေါင် သဇင် ချယ်ရီတို့ကို သားသမီးရင်းချာလို



www.burmeseclassic.com

www.burmeseclassic.com



ခံစားချစ်ခင်ကြရဲ့။

သဇင်နဲ့ချယ်ရီကလည်း အောင်ခေါင့်ကို တကိုကိုနဲ့ပဲ၊

သဇင်နဲ့ချယ်ရီ ဦးလတ်နဲ့ ဒေါ်လေးကိုတော့ ဖေနဲ့မေလို့ခေါ်တယ်။ ဦးလတ်နဲ့ ဒေါ်လေးကလည်း သူတို့ကို သမီးကြီး သမီးလေးနဲ့ခေါ်တယ်။

အောင်ခေါင့်ကိုကျတော့ ဦးလတ်က တူကြီးလို့ခေါ်ပြီး ဒေါ်လေးက သားလို့ခေါ်တယ်။ အောင်ခေါင်က မိန်းကလေးတွေလို နှုတ်မရဲ နှုတ်မကျိုးတာမို့ ဦးလတ် ဒေါ်လေးလို့ပဲ ခေါ်နေမိတယ်။

သဇင် အောင်ခေါင့်ရင်ထဲက လှူးလွန့်ခွာထွက်လိုက်တယ်။

'ကိုကိုကလည်း အရမ်းပဲ'

နှုတ်ခမ်းစူစူလေးနဲ့ အောင်ခေါင်နဲ့မျက်နှာချင်းဆိုင်တယ်

'သဇင်က ဖြုန်းခနဲလုပ်တော့ ကိုကို လန့်သွားတာပေါ့'

မိန်းကလေးနှစ်ယောက်ကိုတော့ အောင်ခေါင် ခေါ်ပြောရမှ နှုတ်ရဲနှုတ်ကျိုးနေပြီ။ အထူးသဖြင့် အငယ်မလေး ချယ်ရီ ကလေးလေးဆိုတော့ အောင်ခေါင်နဲ့ ပိုပြီးတောင် တရင်းတနှီးဖြစ်နေပြီ။ ချယ်ရီကလည်း ချစ်စရာကောင်းပြီး ချစ်အောင်ခ အောင် နေတတ်ပြောတတ်တဲ့ကလေးမလေး။

သဇင်ကတော့ အပျိုဘက်ကို လှယက်တက်နေတဲ့





အရွယ်။ ခန္ဓာကိုယ်တည်ဆောက်မှုကလည်း ထွားကျိုင်းနေတဲ့ဘက်ပါနေရဲ့။ စိတ်အရောမှာလည်း အပျိုစိတ်လေးဖြစ်နေပြီ။ မြို့ပြနေ မိန်းကလေးဆိုတော့ ဟိတ်လေးဟန်လေးကလည်း လှအောင်ပအောင်လုပ်တတ်။

တွေ့စကဆို သဇင့်ကို အောင်ခေါင် သိပ်မရင်းနှီးရဲသလို။ သဇင့်ဘက်ကတော့ အောင်ခေါင့်ကို တွေ့စကတည်းက တရင်းတနှီးပါပဲ။ သူ့ဖေနဲ့မေကလည်း ရင်းရင်းနှီးနှီးနေဖို့ ပြောထားတာကိုး။ သဇင့် တရင်းတနှီးဆက်ဆံမှုမှာ အောင်ခေါင်လည်း တရင်းတနှီးဖြစ်သွားပါတယ်။ ကလေးမလေး ချယ်ရီလောက် ပိုပြီးလွတ်လပ်တဲ့ ရင်းနှီးမှုမဟုတ်တာကလွဲလို့ သဇင်နဲ့လည်း အောင်ခေါင် ရင်းနှီးနေတော့တယ်။

'ကိုကို'

သဇင် နှုတ်ခမ်းနီ ဆိုးထားတယ်။

မျက်နှာနှစ်ခု ဆိုင်နေမှ သိပ်မကွာတာမို့ သဇင့်နှုတ်ခမ်းမှာဆိုးထားတဲ့ နှုတ်ခမ်းနီနံ့ အောင်ခေါင် ရှိုက်ရှူလိုက်ရတယ်။ မိတ်ကပ်နံ့ပြေပြေနဲ့ သနပ်ခါးနံ့သင်းသင်းလေးတွေကတော့ သဇင့်ဆီက ခံစားနေကျပါ။ သဇင် သနပ်ခါးသိပ် ကြိုက်တယ်။ ခု... မျက်နှာချင်းအတော့်ကို နီးကပ်နေတဲ့ အတွက် သနပ်ခါးနံ့ မိတ်ကပ်နံ့အပြင် နှုတ်ခမ်းနီးနံ့လေးကိုပါ အောင်ခေါင် ခံစားနေရခြင်း ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်နီးကပ်နေတဲ့ မျက်နှာနှစ်ခု။ လူမြင်မကောင်းတဲ့ အနေအထားလောက်ဖြစ်နေတာမို့ အောင်ခေါင် သူ့ခေါင်းကို နောက်ယိုင်ပြီး မျက်နှာချင်းနီးကပ်မှုကို ခွာလိုက်တယ်။

'ကိုကို့ကို သစင် ကြည့်ကြည့်နေတယ်၊ ကိုကို့မှာ ထူးခြားမှုတစ်ခုရှိတယ်'

သစင်က မျက်မှောင်လေး မသိမသာ ကြုံ့ကြည့်ပြီး ဆိုတယ်။

'ဘာကိုလဲ သစင်ရဲ့'

သစင်က သေသေသပ်သပ်လေး ပြောတယ်။

'ကိုကိုတို့မြို့လေးမှာ ကိုကိုမေ့လို့မရတဲ့ အဖြစ်အပျက် ဆိုပါတော့ ဇာတ်လမ်းတစ်ပုဒ်ရှိခဲ့ရမယ်'

'ဟာ' အောင်ခေါင့်ရင်ထဲ ဟာခနဲ ဖြစ်သွားတယ်။ သူ ဦးမာဒင်ကို သတ်လိုက်မိတဲ့ မြင်ကွင်း ရင်မှာ ပြန်ထင်ဟပ်တယ်။ အောင်ခေါင် မျက်နှာ ကွက်ခနဲ ပျက်သွားတယ်။ အသက်ရှူမှု စည်းချက်လည်း ပျက်သွားတယ်။

အောင်ခေါင့်မျက်နှာကို စေ့စေ့လေးကြည့်နေရင်း သစင် ပြေပြေလေးပြုံးနေတယ်။

'သစင့်ဗေဒင် မှန်တယ်မဟုတ်လား ကိုကို၊ ဝန်ခံ'

အောင်ခေါင် သစင့်အကြည့်ရိပ်က ထွက်ပြေးချင်စိတ် ဖြစ်သွားတယ်။ မျက်နှာချင်းပိုကွာသွားအောင် ခေါင်းကိုတောင်





နောက်လှန်လိုက်မိတယ်။

'ဟုတ်ပါပြီ၊ သစင် မှန်ပါပြီ၊ ပြော... ကိုကိုပြော'

အောင်ခေါင့်လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး သစင်က ပြောတယ်။

'ကိုကို ဘာပြောရမှာလဲ၊ ကိုကို့မှာ ဘာမှပြောစရာ မရှိဘူးလေ'

အောင်ခေါင့်အသံ လွတ်လပ်ပေါ့ပါးမှုမရှိ။

'ကိုကို့မြို့မှာ ကျန်ခဲ့တဲ့ဇာတ်လမ်းလေး သစင့်ကို ပြောပြလေ'

အောင်ခေါင်ကိုယ်တိုင် ခံစားသိရှိလိုက်ရတယ်။ သူ့မျက်နှာ အဆီတွေပျံနေပြီ။

'ပြော... ကိုကိုရယ်၊ ကိုကိုတွေးတွေးနေတဲ့ ဇာတ်လမ်းလေး'

သစင့်စကားတွေက အောင်ခေါင့်ကို လည်ပင်းညှစ်နေသလိုပဲ။ အောင်ခေါင် အသက်ရှူကြပ်လာတယ်။

'သစင်ရယ် ကိုကို့ကို ဘာတွေလိုက်ပြောနေတာလဲ'

သစင် သက်ပြင်းချလိုက်တယ်။

'မပြောချင်လည်း နေပါကိုကိုရယ်၊ အမှန်က သစင်လည်း သိပ်မကြားချင်ပါဘူး'

သစင် အောင်ခေါင့်ကို တွေတွေဝေဝေလေး ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ နောက်··· လှည့်ထွက်ခွာသွားတယ်။

အောင်ခေါင် တုန်လှုပ်စွာ ကျန်ခဲ့တယ်။ သူ့ရင်မှာ သူ ဦးမာဒင်ကို သတ်ခဲ့ပုံ လှုပ်လှုပ်ရှားရှား ထင်ဟပ်နေတယ်။

'ကိုကိုတို့မြို့လေးမှာ ကိုကိုမေ့လို့မရတဲ့ အဖြစ်အပျက် ဆိုပါတော့ ဇာတ်လမ်းတစ်ပုဒ်ရှိခဲ့ရမယ်'

'သဇင့်ဗေဒင် မှန်တယ်မဟုတ်လား ကိုကို၊ ဝန်ခံ'

'ကိုကို့မြို့မှာ ကျန်ခဲ့တဲ့ ဇာတ်လမ်းလေး၊ သဇင့်ကို ပြောပြလေ'

'ပြော··· ကိုကိုရယ်၊ ကိုကို တွေးတွေးနေတဲ့ ဇာတ်လမ်းလေး'

သဇင့်အသံတွေ အောင်ခေါင့်ကို ဝေ့ဝိုက်ခြောက်လှန့်နေသလိုပဲ။ အောင်ခေါင့်အကြားအာရုံမှာ ပဲ့တင်နေသလိုပဲ။

'ငါဘာဖြစ်လို့ ဒီဦးမာဒင်ကို သတ်တဲ့အကြောင်း ပြန်ပြန်တွေးနေမိပါလိမ့်'

'လူရှင်းတဲ့အချိန်တွေ တစ်ယောက်တည်းနေတဲ့အချိန်တွေဆို ဒီအကြောင်းက ငါ့ဦးနှောက်ထဲ ဘာလို့ရောက်ရောက်လာရတာလဲ'

'ငါ··· မေ့ပစ်လိုက်ချင်တယ်၊ ဒီအကြောင်းကို ငါ အပြီးအပိုင် မေ့ပစ်လိုက်လို့ရရင်ကောင်းမှာပဲ'





အောင်ခေါင် တစ်ယောက်တည်း တီးတိုးရေရွတ်နေမိတော့တယ်။

*

(၃)

'ကိုကိုရယ်··· တခြားလူကိုမပြောတောင် သဇင့်ကိုတော့ ပြောပြထားသင့်ပါတယ် ကိုကိုရယ်'

တွေတွေငေးငေးအကြည့်လေးနဲ့ အောင်ခေါင့်နံဘေး နားကပ်လာတဲ့ သဇင့်ရဲ့စကား။

အောင်ခေါင် စိတ်ရှုပ်စွာ သဇင့်ကိုကြည့်မိတယ်။ သဇင က အောင်ခေါင်နဲ့ ယှဉ်လျက် ထိုင်ချလိုက်ရင်း···

'ကိုကို ခံစားနေရတဲ့ ခံစားချက်လေး ရင်ဖွင့်ပြလိုက်ပေါ့ ကိုကိုလည်း ရင်ပေါ့သွားမှာပေါ့၊ သဇင်လည်း သိထားရတာပေါ့'

'ကိုကို ခံစားနေရတဲ့ ခံစားချက်'

အောင်ခေါင် စိတ်ထဲမှာ ရေရွတ်မိတယ်။ အောင်ခေါင် ပြန်တွေးမိ ခံစားနေမိတာက ဦးမာဒင်ကို သတ်ခဲ့တဲ့ကိစ္စ။ တစ်ယောက်တည်းရှိနေချိန်တွေဆို အောင်ခေါင် ဒီလိုပဲလေ။ အဲဒီအကြောင်း ပြန်ပြန်တွေးနေမိတယ်လေ။

'ပြောင်းပါ ကိုကို၊ သူက ချောလား'



www.burmeseclassic.com

www.burmeseclassic.com



သစင့်ရဲ့ အဲဒီအမေးမှာ အောင်ခေါင့်မျက်စိထဲ မြင်ယောင်လာတာက ဦးမာဒင်။ နှုတ်ခမ်းမွေးကားကားကြီးနဲ့ ဦးမာဒင်…။

အောင်ခေါင် ဘာမှပြန်မပြောဘဲ အကြာကြီးငေးကြောင်နေတော့ အောင်ခေါင့်မျက်နှာကို စူးစူးစိုက်စိုက်လေး ကြည့်နေတဲ့ သစင် အားမလိုအားမရဖြစ်လာတယ်။ မျက်ရည် ကြည်လေးတွေ ဝေ့လာတယ်။ အောင်ခေါင့်ပခုံးပေါ် သူ့နှုတ်ခမ်း တိုက်မှီချလိုက်ပြီး…

‘ကိုကိုနဲ့သူ ဘယ်လောက်ထိ ဖြစ်ခဲ့ကြတာလဲဟင်’

ဒီအမေးမှာ အောင်ခေါင့်မျက်စိထဲ ဝင်းခနဲ လက်ခနဲ ပြိုးခနဲ ပြက်ခနဲ ထင်သွားတာက ဦးမာဒင်ကို အောင်ခေါင် ဓားနဲ့ခုတ်ချလိုက်မှု။

အောင်ခေါင် ယောင်ရမ်းထရပ်လိုက်ပြီး သစင်နဲ့ဝေးအောင် ခြေနှစ်လှမ်းသုံးလှမ်း နောက်ဆုတ်ခွာရပ်လိုက်တယ်။

‘သူလည်း အတော်ခံစားနေရမှာပဲနော်’

မြေပြင်မှာ သွေးသံတရဲရဲနဲ့ တုံးလုံးလဲ ဆန့်ငင်ဆန့်ငင် ဖြစ်နေတဲ့ ဦးမာဒင်။ အဲဒီမြင်ကွင်း ပြင်မြင်ယောင်လိုက်မိတဲ့ အောင်ခေါင် ချောက်ချောက်ချားချား ဖြစ်သွားတယ်။

‘သွား… သွား… ငါ့ကို ဒါတွေလာမပြောနဲ့’

အောင်ခေါင် အော်ဟစ်ပစ်လိုက်တယ်။ သူကိုယ်တိုင်လည်း သစင့်အနားက ထွက်ပြေးသွားတော့တယ်။

‘ကိုကို’





‘ကိုကို’

နောက်ဆီမှ သစင်ရဲ့အော်ခေါ်သံ။

‘ကိုကို’

‘သစင်မှားပါတယ် ကိုကိုရယ်၊ သစင် နောက်မမေးတော့ပါဘူး’

‘ကိုကို သစင့်ကို စိတ်မဆိုးပါနဲ့’

အောင်ခေါင်ကတော့ အသံတွေနဲ့ ဝေးရာဆီသို့…။

*

(၄)

‘ကိုကိုက ကိုကိုတို့မြို့မှာ ဇာတ်လမ်းရှိခဲ့တယ်ဆို’

တခေလးမလေး ချယ်ရီ…။

ရယ်ရယ်မောမော တခြားစကားတွေပြောနေရင်းက အဲဒီစကားမေးလာတယ်။ ပျော်ပျော်ရွှင်ရွှင် စကားပြောနေတဲ့ အောင်ခေါင်ရဲ့ ပျော်ရွှင်မှု တန့်ခနဲဖြစ်သွားတယ်။

‘ချယ်ရီ… ညီမလေးကို ဘယ်သူက ပြောတာလဲ’

‘မသေစင်က ပြောတာ၊ သွားတော့ မေးမနေနဲ့တဲ့၊ ကိုကို စိတ်ဆိုးနေဦးမယ်တဲ့၊ ကိုကိုက ညီမလေးကို ဘာလို့ စိတ်ဆိုးရမှာလဲနော်’



www.burmeseclassic.com

www.burmeseclassic.com



အောင်ခေါင် သက်ပြင်းချလိုက်မိတယ်။ ချယ်ရီဘေး ဘီဝဲယာကို ဝေ့ကြည့်လိုက်တယ်။

'အဲဒီလိုပြောပြီး မမသစင် မျက်ရည်တွေဝဲနေတယ်၊ နောက်ပြီး ချယ်ရီ့ကွယ်ရာမှာ သွားငိုတယ်လို့ ချယ်ရီ ထင်တယ်'

အောင်ခေါင့်နားကပ်ပြီး ချယ်ရီ တိုးတိုးလေးပြောတယ်။

'ဟင်… သူက ဘာလို့ငိုရတာလဲ'

အောင်ခေါင်ကလည်း တိုးတိုးလေးပဲ ပြန်မေးတယ်။ ချယ်ရီလေးက လေသံပိုတိုးပြီး…

'မမက ကိုကို့ကို အရမ်းချစ်တာ'

'အို… ညီမလေး၊ စကားတွေ စွတ်မပြောနဲ့လေ၊ တော်ကြာ သစင်ကြားသွားရင် ညီမလေးကို စိတ်ဆိုးနေ၊ ရိုက်နေဦးမယ်'

ကလေးမလေးချယ်ရီ မျက်နှာချောလေးတင်းပစ်လိုက်တယ်။

'သူရိုက်ရဲ ရိုက်ကြည့်ပါလား၊ သူပဲပြောတာ၊ သူက ညီမလေးကို မေးတယ်၊ နင် ကိုကို့ကို ချစ်လားလို့၊ ညီမလေးက ကိုကို့ကိုချစ်တာမို့ ချစ်တာပေါ့လို့ ပြောတော့၊ သူက နင်ချစ်တယ်ဆိုတာ အလကား ပါးစပ်ပါ မွှားတဲ့၊ ငါ့ကို မီဖို့ဝေးတဲ့၊ ငါကမှ ကိုကို့ကို အရမ်းချစ်တာတဲ့၊ ချစ်လွန်းလို့ တစ်ခါတစ်ခါ ငိုတောင်ငိုချင်လာတယ်တဲ့'

'ဟင်… ချစ်တာနဲ့ပဲ ငိုချင်ရတယ်လို့'





'အင်းလေ ကိုကိုရယ်၊ သူချစ်တာကလည်း ရှူးတူးတူး ပေါ်တောတောကြီးနော်'

ချယ်ရီလေးအပြောမှာ အောင်ခေါင်နဲ့ချယ်ရီလေး ကြိတ်ရယ်လိုက်ကြတယ်။

'မမက ကိုကို ငိုင်ငိုင်နေတာတွေ့ရင် သူသိပ်ငိုချင်တာပဲတဲ့၊ ဘယ်နှယ်ဟာကြီးမှန်းမသိဘူး၊ သူ့မှာ ငိုဖို့ပဲ စဉ်းစားနေတယ်'

သူ့အပြောနဲ့သူ ချယ်ရီကြိတ်ရယ်လိုက်ပြန်တယ်။

ဒီတစ်ခါတော့ အောင်ခေါင် လိုက်မရယ်တော့။ အောင်ခေါင့်အတွေးထဲ သစင့်ပုံရိပ်က ချဉ်းနင်းဝင်ရောက်လာတော့တယ်။

အဲဒီနေ့ကစပြီး အောင်ခေါင့်ရင်ထဲကို သစင် ချဉ်းနင်းဝင်ရောက်နေတော့တာပါပဲ။

အဲဒါ အောင်ခေါင့်အတွက် နည်းနည်းခံသာတယ်။

ဦးမာဒင်ကို သတ်တဲ့ကိစ္စ တွေးချိန်နည်းသွားတယ်။ သစင်ကတော့ အောင်ခေါင့်ကို ရှိန်ပြီးရှောင်နေတယ်။ ဒီအတွက် အောင်ခေါင် စိတ်ထဲမကောင်း။ တစ်အိမ်တည်း အတူနေကြတာဆိုတော့ သစင် တမင်ရှောင်ရှောင်နေတာ သိသာတယ်။

စင်စစ် သစင်က ချစ်စရာ မိန်းကလေးတစ်ယောက်ပဲ။

သစင့်ကို တွေ့စကတည်းက ချစ်စရာမိန်းမလှလေး တစ်ယောက်ဆိုတာ အောင်ခေါင် မှတ်မှတ်ရရ ရှိမိသား။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



အောင်ခေါင့်မှာက ကိုယ့်အကြောင်းနဲ့ကိုယ်။ ကိုယ့်အပူနဲ့ကိုယ်။ ကိုယ့်သောကနဲ့ကိုယ်။ ကိုယ့်စိတ္တဇနဲ့ကိုယ်။ အဲဒါတွေက သစင့်ကိုချစ်စရာမိန်းကလေးတစ်ယောက်လို့ မှတ်မှတ်ရရ ခံစားလိုက်ရမိခြင်းကို ဖုံးအုပ်ပစ်လိုက်တယ်။ ပြီး… အင်မတန်ချစ်စရာကောင်းတဲ့ သဘောကောင်းတဲ့ ဒေါ်လေးရဲ့တူမသမီးဆိုတဲ့ အသိနဲ့။ မောင်နှမလို သဘောထားလိုက်တယ်။ သစင်နဲ့ပတ်သက်ပြီး ဘာဘာညာညာ လျှောက်မတွေးမိတော့။

ခု… သစင်ကိုယ်နှိုက်က မိမိကိုချစ်နေတယ်ဆိုတာ ပေါ်လွင်နေတော့ အောင်ခေါင့်ရဲ့ နှလုံးသား ချစ်စရာမိန်းမလှလေး သစင်အတွက် မခုန်ဘဲ မနေနိုင်တော့။

ခေါင်းအေးအေးနဲ့ ပြန်တွေးတော့ သစင်ပြောခဲ့တဲ့ စကားတွေရဲ့ အဓိပ္ပာယ်တစ်မျိုးဆောင်နေတာကို အောင်ခေါင် ပြန်တွေးမိတယ်။ မိမိက ဦးမာဒင်ကိုသတ်ခဲ့တဲ့အကြောင်း ပြန်တွေးနေတဲ့အချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေတော့ မိမိအာရုံနောက်ပြီး သစင့်စကားအဓိပ္ပာယ်တွေ အသေအချာမတွေး။ အတွေးတွေ ချော်ပြီး ဘုမသိဘမသိ သစင့်ကို စိတ်တိုအော်ငေါက်လုပ်လိုက်မိရဲ့…။

ငိုင်ငိုင်တွေတွေဖြစ်နေတတ်တဲ့ မိမိကို မိမိတို့မြို့မှာ ရည်းစားကျန်ခဲ့လို့ပဲ နေမှာအတွေးနဲ့ သစင်က မိမိကို စကားလိုက်နှိုက်ကြည့်ခြင်းဆိုတာ အောင်ခေါင် စေ့စေ့တွေးမှ ရေးရေးပေါ်





ဆိုသလို ဖြစ်လာတော့တယ်။

ဒီလိုသိလာမှုဖြစ်လာတော့ အောင်ခေါင် သစင့်ကို သနားတယ်။ သနားစိတ်နဲ့အတူ ချစ်စိတ်တွေလည်းဖြစ်လာတယ်။

ဒါပေမဲ့…

'လူသတ်ခံရမှာတောင် မိန်းကလေးက သတ်မှာ'

'အဲဒီမိန်းကလေးက သူ့ကိုသိပ်ချစ်တဲ့မိန်းကလေး'

ရထားပေါ်မှာ ဆရာကြီးနှစ်ယောက်ရဲ့ ဗေဒင်ဟောမှု။

ပြန်ကြားယောင်လိုက်ရတဲ့ အောင်ခေါင် တွေခနဲဖြစ်နေရတော့တယ်။ သစင့်အပေါ် ချစ်စိတ်လေးတွေ ဝေမိတိုင်း အဲဒီဆရာကြီးနှစ်ယောက်ရဲ့ ဗေဒင်ဟောမှု အောင်ခေါင့်နှလုံးသားကို သံတူကြီးနဲ့ ထုထုလိုက်သလို။

ဆရာကြီးတွေရဲ့ ဗေဒင်အဟော လျှော့တွက်လို့မရ။ အောင်ခေါင်လူသတ်မယ်ဆိုတဲ့ ကိစ္စ တိခနဲကို မှန်နေဂါယ်လေ။ နောက်ဟာတွေလည်း မှန်နေရင်…။

တစ်အိမ်တည်း အတူနေတဲ့ အောင်ခေါင်နဲ့ သစင် သူရှောင်ကိုယ်ရှောင်ဆိုသလို ဖြစ်နေကြတော့တယ်။

နောက်ပြီး အောင်ခေါင့်အတွေး ဆက်တွေးမှုက သူက လူ့ငယ်ဖြစ်ပေမယ့် လူသတ်သမားတစ်ယောက်။ သစင်က အလားအလာကောင်းတဲ့ ကျောင်းသူလေး။ သူ့အချစ်ကြောင့် သစင့်ရဲ့ဘဝ ယိမ်းယိုင်ပျက်စီးသွားမှာမျိုး မဖြစ်စေချင်။ မိဘ



www.burmeseclassic.com

www.burmeseclassic.com



ချင်းမို့ စာနာစိတ်တွေကလည်း ပိုမိတယ်။

အောင်ခေါင် သစင့်ကို ချစ်မိနေတာတော့အမှန်။ ဒါပေမဲ့ ရှောင်တယ်။ တစ်အိမ်တည်းအတူနေတာမို့ ရှောင်ရ အခက်သား။ တော်သေးတာက သစင်ကလည်း အောင်ခေါင် သူ့ကို စိတ်ဆိုးနေတယ်ထင်ပြီး မဝံ့မရဲ ရှောင်ဖယ်ဖယ်လုပ်နေလို့သား။

အောင်ခေါင် အိမ်နဲ့ဝေးရာမှာ ထွက်ပြေးအလုပ်လုပ်ချင်တဲ့ ဆန္ဒပြင်းထန်မှုက အဲဒီအကြောင်း အကြောင်းရင်းတစ်ခုပဲ။

ဦးလတ်တို့ဌာနဖြစ်တဲ့ ရေကြောင်းဌာန မီးပြဌာနခွဲက အလုပ်သမားခေါ်တယ်လို့ ဦးလတ်ဆီက အောင်ခေါင် ကြားရတော့ သူ့ကိုအဲဒီမှာ အလုပ်သွင်းပေးဖို့ ဦးလတ်ကို အောင်ခေါင် ပူဆာတော့တယ်။ ဦးလတ်က ငြင်းတယ်။ မီးပြ လုပ်သားတွေရဲ့ ဘဝ အိုးပစ်အိမ်ပစ် ပင်ပင်ပန်းပန်း အန္တရာယ်ကြားမှာ အထီးကျန်ငြီးငွေ့ဖွယ်ရာ အလုပ်တွေနဲ့ နစ်မြှောနေရတာတွေကို အောင်ခေါင် စိတ်ပျက်အောင်ပြောတယ်။ ဦးလတ်ပြောတာမှ အောင်ခေါင်က ပိုလုပ်ချင်လာတယ်။ အောင်ခေါင်အဲဒီလို အလုပ်မျိုးတွေ လုပ်ပစ်လိုက်ချင်တယ်။ အဲဒီလိုဘဝမျိုးတွေ နေပစ်လိုက်ချင်တယ်။ အဲဒီလို နေပစ်လုပ် ပစ်လိုက်ရရင် အောင်ခေါင့်စိတ်တွေ ပြောင်းသွားမယ်လို့ အောင်ခေါင်ထင်တယ်။ ပင်ပန်းမှုနဲ့ အန္တရာယ်တွေကြားမှာ လောလောဆယ် အောင်ခေါင့်ကို နှိပ်စက်နေတဲ့ စိတ္တဇသောက





ထွက်ပြေးသွားလိမ့်မယ်။ နောက်ပြီး ချစ်တဲ့သစင်လေးကို အောင်ခေါင် ရှောင်ပေးရာကျမယ်။ သစင်လည်း အောင်ခေါင့်အပေါ် စိတ်ပြောင်းသွားနိုင်တယ်။ ကောင်းတယ်။

အောင်ခေါင် အတင်းပူဆာတော့ ဦးလတ်က…

'မီးပြတိုက် ထွက်လုပ်ရတာ ခြောက်လတစ်ကြိမ် လူပြောင်းလှဲနဲ့တော့ လုပ်ရတာပါ၊ တူကြီး စမ်းလုပ်ကြည့်ချင်လည်း စမ်းလုပ်ကြည့်ပေါ့၊ စွန့်စွန့်စားစား ပင်ပင်ပန်းပန်းတွေကို မကြောက်တဲ့စိတ်က ယောကျ်ားစိတ်ပဲ၊ တူကြီးမှာ ဒီစိတ်မျိုးရှိနိုင်တဲ့အတွက် ဦးလတ် တူကြီးကို ချီးကျူးပါတယ်၊ စမ်းလုပ်ကြည့်ပေါ့၊ မလုပ်နိုင်တော့လည်း အလုပ်ပြောင်းပေါ့'

ဒီလိုနဲ့ပဲ အောင်ခေါင် မီးပြတိုက်လုပ်သားဖြစ်ခဲ့ရတော့တယ်။ ဘဝမှာ အိပ်မက်ထဲတောင် မမက်ဖူးတဲ့ ပင်လယ်ပြင်ကျယ်ကျယ်ကြီးနဲ့ တောင်ပေါ်သားလေး အောင်ခေါင် ထိတွေ့ဆက်ဆံရတော့တယ်။

ဦးလတ်က စေ့စပ်ပါတယ်။ အောင်ခေါင် ပင်လယ်မထွက်ခင် ရေကူးကျွမ်းကျင်အောင် ကျင့်စေပါတယ်။ သိုင်းပညာကိုလည်း လိုရမယ်ရဆိုပြီး ကမန်းကတန်း သင်စေပါတယ်။ ပင်လယ်နဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းတွေကိုလည်း ဖတ်စေပါတယ်။ အတိုက်အခိုက်ပညာ စာအုပ်စာတမ်းတွေကိုလည်း ဖတ်စေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလတ်အလိုကျ အောင်ခေါင်လုပ်ရပါတယ်။ အောင်ခေါင့်စိတ်ကတော့ ပင်လယ် မြန်မြန်ထွက်ဖြစ်ဖို့သာ…။

*

(၅)

အပြောကျယ်တဲ့ ကောင်းကင်ပြင်ကျယ်ကြီးနဲ့ အပြောကျယ်တဲ့ ပင်လယ်ပြင်ကျယ်ကြီးကတော့ ဟိုးဝေးဝေးမှာ တွေ့ခဲ့ ထိကပ်နေကြရဲ့။

အောင်ခေါင်နဲ့ သဇင်တို့ရဲ့ ပေါင်းသင်းလက်တွဲနိုင်မှု အလားအလာကတော့ နီးလည်းမရှိဝေးလည်း မမြင်နိုင်ပါလား။

အောင်ခေါင်ကလည်း သဇင့်ကို ချစ်တယ်။

သဇင်ကလည်း အောင်ခေါင့်ကို ချစ်တယ်။

လူကြီးတွေဖြစ်တဲ့ ဦးလတ်နဲ့ ဒေါ်လေးတို့သိလည်း အပြင်းအထန် ကန့်ကွက်မှုမျိုး မရှိလောက်။ ဘာအခက်အခဲ ရှိလဲဆို ဘာအခက်အခဲမှလည်း မယ်မယ်ရရ မရှိ။ ဒါပေမဲ့ ပျော်ရွှင်စွာပေါင်းစပ်နိုင်မှုမျိုးအတွက်ကျလည်း မရေရာသလို အောင်ခေါင် ခံစားနေရတယ်။ သူတို့နှစ်ယောက်ရဲ့ပေါင်းစပ်မှုမှာ သူ သို့မဟုတ် သဇင် နှစ်ယောက်စလုံး သို့မဟုတ် တစ်ယောက်ယောက် အချိန်မရွေး စိတ်ဒုက္ခ ကိုယ်ဒုက္ခဖြစ်သွားနိုင်တယ်လို့ အောင်ခေါင် ခံစားနေရတယ်။





ခု … သဇင်နဲ့ ပင်လယ်ခြားဝေးနေတော့ အောင်ခေါင် သဇင့်ကို သတိရအောက်မေ့နေမိတယ်။ ဒါပေမဲ့ အဲဒါဟာ ကောင်းတယ်။ အဲဒီအခြေအနေဟာ ကောင်းတယ်။ အဲဒီလို ဝေးကွာနေရခြင်းဟာ အောင်ခေါင့်အတွက်ရော သဇင့်အတွက်ပါ ပြဿနာ မရှိနိုင်တဲ့ အခြေအနေပဲလို့ အောင်ခေါင် တွေးတယ်။

'အရမ်းအောက်မေ့ လွမ်းဆွတ်မိတာကတော့ အမှန်ပါပဲ သဇင်ရယ်'

အောင်ခေါင့်ရင်ထဲမှာသာ မြည်နေတဲ့အသံ။

မျက်နှာနုနု ခန္ဓာကိုယ်ထွားထွားနဲ့ မိန်းကလေးတစ်ယောက်။ မျက်လုံးကြည်ကြည် အသားဝင်းဝင်းနဲ့မိန်းကလေး တစ်ယောက်။ အပြုံးလန်းလန်းလှုပ်ရှားမှု ညက်ညက်နဲ့ မိန်းကလေးတစ်ယောက်။ သဇင်ဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ပုံရိပ်။

ဟိုးမိုးကုပ်စက်ဝိုင်းဆီက ထွက်လာပြီး ပင်လယ်ပြင်ကို ဖြတ်လျှောက်လာသလိုပဲ…။

ပင်လယ်ပြင်ကို ဖြတ်လျှောက်လာတဲ့ ပုံရိပ်။ မိုးကုတ်စက်ဝိုင်းနဲ့ ပင်လယ်ပြင်ကို ငေးမောကြည့်နေတဲ့ အောင်ခေါင့် ရင်ထဲ တိုးဝင်သွားတယ်။ ပြီး… အဲဒီလိုပုံရိပ်ပဲ။ သဇင်ဆိုတဲ့ မိန်းကလေး ပုံရိပ်ပဲ။ မိုးကုပ်စက်ဝိုင်းဆီက ထွက်လာပြန်တယ်။ ပင်လယ်ပြင်ကို ဖြတ်လျှောက်လာပြန်တယ်။ ဟော… အောင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင် ရင်ဗတ် တိုးဝင်သွားပြန်တယ်။

ပြီး… အဲဒီလို နောက်ထပ်ပုံရိပ်ပဲ။ သခင်ဆိုတဲ့ မိန်းကလေးပုံရိပ်ပဲ။ မိုးကုပ်စက်ဝိုင်းဆီက ထွက်လာပြန်တယ်။ ပင်လယ်ပြင်ကို ဖြတ်ကျော်လျှောက်လာပြန်တယ်။ ဟော… အောင်ခေါင့်ရင်ထဲ တိုးဝင်သွားပြန်တယ်။

အဲဒီလို ပုံရိပ်တွေ။ သခင့်ပုံရိပ်တွေ။ မိုးကုပ်စက်ဝိုင်းဆီက ထွက်လာလိုက်၊ ပင်လယ်ပြင်ကို ဖြတ်လျှောက်လာလိုက်၊ အောင်ခေါင့်ရင်ထဲ တိုးဝင်လိုက်ဖြစ်နေတာကို အောင်ခေါင် တွေဝေဝေးရင်း ခံစားနေတယ်။ ရန်ကုန်ရှိရာ အရပ်ကို မှန်းငေးမောနေရင်း အောင်ခေါင် ခံစားနေတာ။

'အချစ်က ပင်လယ်ပြင်ကို သာသာလေးကျော်ဖြတ်နိုင်တယ်နော် မောင်အောင်ခေါင်'

အသံသဲ့သဲ့ အောင်ခေါင် ကြားလိုက်ရတယ်။

အမှန်။ အသံက သဲ့သဲ့ရယ်မဟုတ်။ ကျယ်ကျယ်ထင်ထင်လေး ထွက်ပေါ်လာတဲ့အသံပါ။ အတွေးလွန်နေတဲ့ အောင်ခေါင်ကတော့ ခပ်သဲ့သဲ့သာ ကြားလိုက်ရတယ်။

'ဟုတ်တယ် မဟုတ်လား မောင်အောင်ခေါင်၊ အချစ်က ပင်လယ်ပြင်ကို သာသာလေးကျော်ဖြတ်နိုင်တယ်နော်'

ဒီတစ်ခါ အသံကြားမှု ပိုကျယ်သွားတာမို့ အသံထွက်ပေါ်လာရာနောက်ကျောဘက်ဆီ အောင်ခေါင် ပြန်လှည့်ကြည့်





လိုက်မိတယ်။

'ဩော်… ဦး…'

ဦးရဲမြင့် ဖြစ်နေတယ်။

'မောင်အောင်ခေါင်တစ်ယောက်တည်း ပျောက်နေတာမို့ ဦး လိုက်ရှာတာ၊ မောင်အောင်ခေါင်က ဒီမှာလာ ထိုင်နေတာကိုး'

'ဩော်… ဦး အလုပ်ပေါ်နေလို့လား'

'မဟုတ်ပါဘူး မောင်အောင်ခေါင်ရယ်၊ အလုပ်မရှိပါဘူး၊ မောင်အောင်ခေါင်ကို မတွေ့လို့ စိုးရိမ်လို့ လိုက်ရှာတာပါ၊ ဦးရဲ့ လူတွေ ပြောစမှတ်ဖြစ်အောင်ကို တော်တယ်ကွ၊ ဘယ်သူရှိရှိ မရှိရှိ ရှိတဲ့လူက အလုပ်ဖြစ်အောင် လုပ်ထားကြတယ်၊ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်လည်း ရှိကြတယ်၊ ဒီခရီးလာကတော့ ဦး အတော် စိတ်ချမ်းသာရမယ့် ခရီးလာပဲ'

ဦးရဲမြင့်က အောင်ခေါင့်ကို တည်တည်ငြိမ်ငြိမ်ကြည့်ရင်းဆက်ပြောတယ်။

'မင်း ဒီမှာ ထိုင်နေတယ်ဆိုတာတွေ့ရတော့ ဦးစိတ်ချသွားပါပြီ၊ ထိုင်နေ၊ ထိုင်နေ၊ မင်းဘာသာ ဆက်ထိုင်နေ၊ ရတယ်၊ ဘာအလုပ်မှ မယ်မယ်ရရ မရှိသေးဘူး၊ ဦး ပြန်မယ်၊ မင်းရဲ့ ဒီလိုအချိန်လေးကို ဦး အနှောက်အယှက်မပေးချင်ဘူး'

ဦးရဲမြင့် ပင်လယ်ပြင်ကိုကျော် မိုးကုပ်စက်ဝိုင်းဆီ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး… ပြောတယ်။

“ဒီလိုပါပဲ မောင်အောင်ခေါင်ရယ်၊ တို့ ပင်လယ်ထဲက အထီးကျန်တွေ စိတ်လေလို့ ပင်လယ်ပြင်ကြီးကိုဖြတ် ကိုယ့်နေရပ်ဘက် ပြန်ကြည့်နေလိုက်ရင် ကိုယ့်နေရာဆီက ကိုယ်သံယောဇဉ်ရှိသူတွေ ပင်လယ်ပြင်ကြီးကို ဖြတ်သန်းလာပြီး ကိုယ့်စိတ်သေမှုကို နှစ်သိမ့်ပေးစမြဲ ပဲ၊ ဒီလိုအချိန်လေးတွေဟာ ကာယကံရှင်အတွက် အဘိုးတန်အချိန်လေးတွေပဲ၊ ကဲ… မင်း… အဘိုး တန်အချိန်လေးမှာ မင်းလွတ်လွတ်လပ်လပ်နေလိုက်ဦး၊ ဦး ပြန်မယ်”

ဦးရဲမြင့် ပြန်လှည့်ထွက်သွားတယ်။

အောင်ခေါင့်ရင်ထဲ အံ့သြမှုတစ်ခုဖြစ်ကျန်လိုက်ရတာက…။

အချစ်က ပင်လယ်ပြင်ကို သာသာလေး ကျော်ဖြတ်နိုင်တယ်နော်”

ဦးရဲမြင့် စကား…။

တိုက်တိုက်ဆိုင်ဆိုင်ပဲ အောင်ခေါင်ကလည်း အချစ်အကြောင်း တွေးနေမိတာပဲလေ။ တစ်ခါတလေ ဦးရဲမြင့်က ဒီလိုပါပဲ။ သူ ဖြုန်းခနဲ ပြောလိုက်တဲ့စကားတွေက လူတစ်ယောက်ရင်ထဲ တွေးနေတာကို ရှိနေတာကို သိနေသလိုပဲ။

ဂဃနဏတော့ မဟုတ်။ နောက်ပြီး သူ့စကား သူပြန်လျှောချလိုက်သလိုမျိုးလည်းပြောလေ့ရှိတယ်။





ခုလည်းကြည့်လေ။ သူ ပထမပြောလိုက်တဲ့စကားက တစ်တစ်ခွခွကြီးပဲ။

“အချစ်က ပင်လယ်ပြင်ကို သာသာလေးကျော်ဖြတ်ိုင်တယ်”တဲ့။

အောင်ခေါင်တွေးနေတာ အောင်ခေါင့်ရင်ထဲ ဖြစ်နေကနဲ့ တစ်တစ်ခွခွကြီးမှန်နေတာ။

နောက်ကျ သူ ဘာရယ်မဟုတ်ဘဲ ပြောလိုက်မိသလိုခြားစကားတွေပြော စကားလျှောချလုပ်သွားတယ်။

ထွက်ခွာသွားတဲ့ ဦးရဲမြင့်ရဲ့ ကျောပြင်ကို အဝေးရောက်သွားတဲ့ထိ အောင်ခေါင်ငေးကြည့်နေမိတယ်။ နောက်… ပင်လယ်ပြင်ဘက် ပြန်လှည့်ကြည့်တယ်။

“ဦးရဲမြင့် ပြောတာ မှန်ပါတယ် ဦးရဲမြင့်ရယ်၊ အချစ်က ပင်လယ်ပြင်ကို သာသာလေး ကျော်ဖြတ်နိုင်ပါတယ်”

အောင်ခေါင့်အတွေးထဲ သစ္စင့်ပုံရိပ်တွေ ဆက်ရောက်ပြန်တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးသိုးမခံချင်သူ

၅

ဦးရဲမြင့်ဆီမှ မီးပြတိုက်လုပ်ငန်း အမျိုးမျိုး၊ လုပ်ငန်းအမျိုးမျိုးတို့ကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရေး အတွေ့အကြုံပညာ၊ ပင်လယ်ပြင် မိုးကောင်းကင်နဲ့ ရာသီဥတုတို့ရဲ့အထာ၊ လှုငယ်တွေ အများကြီးရရှိကြပါတယ်။

ဦးရဲမြင့်ကလည်း အခါအားလျော်စွာ အဲဒီကိစ္စတွေကို လက်တွေ့လုပ်ကိုင်ပြ၊ ပြောပြလေ့ရှိပါတယ်။

ဦးရဲမြင့်က ပြောပါတယ်။ "ငါ ဒီတစ်ခေါက် ပင်လယ်ထွက်ရတာ စိတ်အချမ်းသာဆုံးလို့ ပြောလို့ရတယ်ကွာ၊ ငါ့အဖွဲ့ဝင်တွေအားလုံး လူကောင်းတွေကွ၊ စိတ်ကောင်းစိတ်သန့်တွေကွ၊ ညစ်ပုတ်ကပ်ကျယ်တစ်ယောက်တလေမှ မပါဘူး၊





ကလန်ကဆန်တစ်ယောက်တလေမှ မပါဘူး။ ညီလိုက်တာမှအရမ်းပဲ၊ အင်း··· ခြောက်လဆိုတာ ခဏလေးဖြစ်သွားမှာပါ"

အောင်မြိုင်က ကျောက်ကြိုးတွေကို အမဲဆီသုတ်လိမ်းနေရင်းက ပြောတယ်။

"ဦးရဲကလည်း ခြောက်လဟာ ခြောက်လလောက်ကိုကြာမှာပေါ့ဗျ၊ အချိန်တိုသွားပါ့မလား"

"မြိုင်ကြီးရာ စိတ်ပေါ့··· စိတ်ပေါ့၊ အဲဒီခြောက်လဟာ စိတ်ငြီးငွေ့နေရင် စိတ်ပျက်နေရင် စိတ်ခါတ်ကျနေရင် စိတ်မွန်းကြပ်နေရင် အရှိန်းကုန်ခဲ့တဲ့ ခြောက်လပေါ့၊ စိတ်ပျော်ရွှင်နေရင် စိတ်လန်းဆန်းနေရင် စိတ်တက်ကြွနေရင် စိတ်အင်အားဖြစ်နေရင် ခဏလေးလို ဖြစ်သွားတာပေါ့၊ စိတ်က မှော်ဆရာကွ"

"ဦးရဲတစ်ခါပြောတော့ ပင်လယ်ဟာ မှော်ဆရာနဲ့တူတယ်ဆို၊ ခုတော့ စိတ်ဟာ မှော်ဆရာဖြစ်သွားပြန်ပြီလား"

မျှော်စင်ရှိ မှန်ဘီလူးဘေးက မှန်များကို တိုက်ချွတ်ပြီးပြီဖြစ်တဲ့အတွက် ထိုင်နားနေတဲ့ လှဝင်းက ဦးရဲမြင့်ကို လှမ်းပြောတယ်။

"ပင်လယ်အကြောင်းပြောတော့ လျှို့ဝှက်နက်နဲတဲ့ ပင်လယ်ကို မှော်ဆရာနဲ့ နှိုင်းပြီး ပြောတာပေါ့ကွာ၊ ရေမှာရော လေမှာရော မြေမှာရော မိုးကောင်းကင်မှာရော မှော်ဆန်တာတွေ ရှိတတ်ပါတယ်၊ ဒါပေမဲ့ ဘယ်မှော်တွေ ဘယ်လောက်ဆန်းဆန်း



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ထဲ မိမိစိတ်ထဲက ဖြစ်တဲ့ မှော်လောက် မခဆန်းဘူး၊ စိတ်မှော်က အဆန်းဆုံး'

'စိတ်မှော်ဆိုတာ ဘယ်လိုဟာလဲ ဦးရဲရဲ'

အင်ကျင်စက်၊ ခါဘတ်ငွေအိုးများကို စစ်ဆေးပြီး ထိုင်နားနေတဲ့ ထွန်းခံက ဦးရဲမြင့်ကို လှမ်းမေးတယ်၊

'ပူနေလျက်က မပူဘူး အေးပါတယ် ထင်လို့ရတယ်၊ အအေးကို ဟာပူလိုက်တာလို့ ထင်လို့ရတယ်၊ နာနေတာကို မနာဘူး၊ နာတာမဟုတ်ဘဲ နာနေတယ်ထင်တယ်၊ မြင်တာကို မမြင်၊ မမြင်ဘဲလည်း မြင်နေချင် မြင်နေတယ်၊ အများကြီးပေါ့ကွာ၊ အမှန်နဲ့ ဆန့်ကျင်ခံစားနိုင်တာမျိုး၊ အမှန်မဟုတ်ဘဲ ခံစားလို့ရနေတာမျိုး၊ တကယ့်အမှန်အရှိ မဟုတ်တာတွေကို အမှန်အရှိလို ဖန်တီးခံစားလို့ရနေတာမျိုးတွေဆိုပါတော့၊ အများကြီးပါ၊ ဆန်းပြားနက်နဲမှုတွေ အများကြီးပါ'

'ဦးရဲရဲ ဒါဆို အရူးပဲပေါ့'

အောင်မြိုင်ရဲ့အစ်ကို လှအောင်က ပြောတယ်။

'အရူးမဟုတ်ဘူး လှကြီးရဲ့၊ အရူးက စိတ်ဝေဒနာ၊ ဝေဒနာခံစားရမှုတစ်မျိုး၊ မှော်က ဝေဒနာရယ်မဟုတ်ဘူး။ ဆန်းပြားစွာ ရရှိမှုတစ်မျိုးလို့ပဲ ဆိုရမယ်'

ဦးရဲမြင့်စကားတွေကို ဘယ်သူမှ လိုက်မတွေးကြတော့ပြီထင်ရဲ့။ ဘယ်သူ့ဆီကမှ မေးမြန်းသံ ပြောဆိုသံ ထွက်မလာ။





'ကမ္ဘာမှာ ရေပြင်ဧရိယာကျယ်သလောက်၊ ပင်လယ်ကြီးတွေဟာ သဘာဝလောကကြီးဆီက ရရှိထားတဲ့ ဆန်းပြားမှုတွေ အများကြီးပဲ၊ ကမ္ဘာ့ရဲ့အစကိုကလည်း ရေပြင်တွေကစတာကိုး၊ ပင်လယ်ရဲ့မှော်တွေကို အစောက်လို့ကို မလွယ်ပါဘူးလေ'

ဦးရဲမြင့်တစ်ယောက်တည်း ပြောသလိုပြောတယ်။

'စိတ်မှော်ကတော့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲက ကိစ္စဆိုတော့ သေးသေးတာတာလေးလို့ဆိုရမယ်၊ သက်တမ်းအရဆိုလည်း လူတစ်ယောက် ရှင်သန်ခြင်းနဲ့အတူ ဖြစ်လာတာမို့ သက်တမ်းတိုတိုလို့ ဆိုရမယ်၊ ဒါပေမဲ့ စိတ်မှော်ရဲ့ ဆန်းပြားမှုကလည်း အံ့မခန်းတွေချည်းပဲ'

ဒီလိုပါပဲ။ ဦးရဲမြင့်စကားတွေ လက်ရှိအခြေအနေနဲ့ အလှမ်းကွာသွားရင် ဒီကလူစီတွေ သိပ်စိတ်မဝင်စားတော့ဘူး။ အဲ… အောင်ခေါင်ကတော့ ဦးရဲမြင့်စကားတွေကို လက်လှမ်းမမီတာမိကြားက စိတ်ဝင်စားမှုဖြစ်ဖြစ်သွားတတ်ရဲ့။

အခုန်တော့ အောင်ခေါင် ဦးရဲမြင့်ကို စိတ်ဝင်စားမှုစတင်နေပြီ ဖြစ်တယ်။ မီးပြတိုက်အတူရောက်လာခါစကတော့ သာမန်မျှပဲ။ ခု တစ်လကျော်ကျော် ဦးရဲမြင့်နဲ့ အတူနေထိုင်ရာမှ ဦးရဲမြင့်ဆီက ထူးထူးထွေထွေ ဆန်းပြားမှုတွေ မတွေ့ရပေမယ့် ထူးဆန်းမှု အစအနလေးတွေပေါ်ပေါ်နေသလိုပဲ။

မီးပြတိုက်လုပ်ငန်းကို အိန္ဒိယအစိုးရချုပ်ကိုင်စဉ်က



www.burmeseclassic.com

www.burmeseclassic.com



တည်းက လုပ်လာခဲ့တဲ့ ဦးရဲမြင့်၊ မီးပြတိုက်လုပ်ငန်းအတွေ့အကြုံနဲ့ ပတ်သက်ပြီး ကျွမ်းကျင်မှုက တကသယ့်ချီးကျူးစရာ။ ပင်လယ် အကြောင်းနဲ့ ပင်လယ်ပြင်ရာသီဥတုတွေ သိရှိနိုင်မှုကလည်း အံ့တော့်အံ့ဩစရာ။ အဲဒီကိစ္စတွေ ဦးရဲမြင့်ဆီမှ ပညာယူစရာချည်း။

ဦးရဲမြင့်က မီးပြတိုက်လုပ်ငန်းတွေမှာ ဟိုနေရာကိုယ် တိုင်ဝင်လုပ် ဒီနေရာကိုယ်တိုင်ဝင်လုပ်၊ အသေးအမွှားလေး တွေကစ လူတကာနဲ့ရောနှော သူဝင်လုပ်စမြဲ။ အဲဒီလို ဝင်လုပ်ရာ မှာလည်း အသေးအမွှားလေးတွေရဲ့ အသေးစိပ်သိမှတ်စရာ ပညာ တွေကစ မီးပြတိုက်လုပ်ငန်းစဉ် ကြီးကြီးမားမား တာဝန်ကြီးတွေရဲ့ အခြေခံအရင်းအမြစ်တွေအထိ ပြောပြပြီး အတူလုပ်ကိုင်လျှော့ရှိတဲ့ အတွက် ဦးရဲမြင့်နဲ့အလုပ်တူတူ လုပ်ရမှုတွေမှာ စိတ်ဝင်စား စရာချည်း။ နောက်ပြီး ဦးရဲမြင့်ကိုယ်တိုင် မခိုကပ် နေရာမရှောင် အလုပ်လုပ်နေခြင်းတွေကြောင့် အချင်းချင်းလည်း ခိုကပ်ချင်စိတ် များပေါ်ခွင့်မရတော့။ တစ်ခါတစ်ရံ ဦးရဲမြင့် ပါဝင်အလုပ်လုပ် နေရာမှ စိတ်ဝင်စား မှုရှိနေကြတဲ့အတွက် ဘယ်သူအလုပ်လုပ် မလုပ် ဘယ်ရောက်နေတယ်ဆိုတာတောင် စိတ်ဝင်စားမှု မရှိကြ တော့။

ဒီမှာလည်း တကူးတကာ ခိုကပ်ရှောင်ဖယ်နေသူရယ်လို့ မရှိပါဘူး။ တစ်ခါတစ်ရံ ဟိုနားဒီနားသွားရင်း ခရီးလွန်နေမှု လောက်သာရယ်ပါ။





ဒီခြောက်ယောက်အဖွဲ့မှာ ဦးရဲမြင့်တစ်ယောက်သာ ပါ တယ်။ သားငါးမစား အလုပ်အရမ်းလုပ်ပြီး လူတကာပေါ် အပြစ် မရှာတတ်တဲ့ ဒီလူကြီးကို အားလုံးက ချစ်ခင်လေးစားမှု ရှိကြ ပါတယ်။

ဒါပေမဲ့…။

*

(၂)

ဦးရဲမြင့်က ထမင်းကို အားလုံးရဲ့ နောက်ဆုံးမှာ စားလေ့ ရှိပါတယ်။

အဲဒီနေ့က ဦးရဲမြင့် ထမင်းစားနေတဲ့နားမှာ ထမင်းစား နောက်ကျမှုပြီးတဲ့ အောင်ခေါင် လက်ဖက်ရည်ကြမ်းထိုင်သောက် နေတယ်။ လှအောင်နဲ့ အောင်မြိုင်ရောက်လာတယ်။ သူတို့နဲ့ ထပ်ချပ်ဆိုသလို မိုးအောင်လည်းရောက်လာတယ်။

'ဦးရဲကလည်းဗျာ တစ်ခါတလေများ ကျွန်တော်တို့နဲ့ အတူ ထမင်းစားရောပေါ့'

အောင်မြိုင်က ပြောခြင်းဖြစ်တယ်။

'ဟော… မင်း ငါ့ကို အဲဒီလိုစကားမပြောနဲ့'

အောင်မြိုင်ကို ပြန်ပြောလိုက်တဲ့ ဦးရဲမြင့်အသံက အတော် ကို မာမာကျယ်ကျယ်၊



www.burmeseclassic.com

www.burmeseclassic.com



အောင်မြိုင် ကြောင်သွားတယ်။ အမှန်တော့ အားလုံး ကြောင်သွားတာပါ။ ပြောလိုက်သူလည်းဖြစ်ပြန် အပြောခံလိုက်ရ သူလည်းဖြစ်တဲ့ အောင်မြိုင်ကတော့ သိသိသာသာ ကြောင်ပြီး တန့်သွားတာပေါ့။

ဦးရဲမြင့် အောင်မြိုင်ကို ကြည့်နေတဲ့အကြည့်က အတော့် ပြင်းပြင်းထန်ထန်။ ဒီအကြည့်မျိုးနဲ့ ဦးရဲမြင့်ကြည့်တာမျိုး ဒီ တစ်ခါပဲ မြင်ဖူးကြတယ်။ လက်ညှိုးကလည်း အောင်မြိုင် ဝဲဘက် ရင်အုံဆီ ထိုးထားတယ်။

'ဦးရဲက ဘာလဲဗျာ၊ ဒါလေးပြောရုံနဲ့'

လှအောင်က ဝင်ပြောတယ်။

'ဟာ··· လာပြန်ပြီ တစ်ယောက်၊ ခင်းတို့ ငါ့ကို ဒီလို မပြောနဲ့ဆိုတာ မရဘူးလား'

လှအောင် ဝဲရင်အုံဆီ ဦးရဲမြင့် လက်ညှိုးထိုးပြီး ပြန် ပြောတယ်။ ဦးရဲမြင့် ထခင်းထိုင်အားနေရာက ထခေါ်တတ် ရပ်လိုက်တယ်။

သူ့မျက်နှာ အတော် ဒေါသထွက်နေပုံရတယ်။ သူ လှအောင်နဲ့ အောင်မြိုင်ကို ထိုးကြိတ်ပစ်လိုက်ချင်တဲ့ ဟန်မျိုး ပေါ်တယ်။

စင်စစ် လှအောင်နဲ့အောင်မြိုင် ညီအစ်ကိုကလည်း စိတ် ခပ်ဆတ်ဆတ်တွေ၊ ဒီကောင်တွေ စိတ်လှုပ်ရှားစိတ်ရှိတယ်။ ညီ





အစ်ကိုနှစ်ယောက်လည်း ဒေါသထွက်သွားပုံရတယ်။

'ဟုတ်သားပဲ ဦးရဲရာ၊ ဒီကောင်တွေ ပြောတာ ဘာ အမှားပါလို့လဲ'

မိုးအောင်က ဝင်ပြောတယ်။

'မင်း မသိတဲ့ကိစ္စ မင်းဘာသာနေစမ်း၊ ငါ့ကို ဆရာ ဝင်မလုပ်နဲ့'

ဦးရဲမြင့် မိုးအောင်ကို ဟောက်ပစ်လိုက်ပြန်တယ်။ မိုးအောင်ဆီကို လက်ညှိုးတော့မထိုး။

'ဦးရဲမြင့် ခင်ဗျားကြီး ကျုပ်တို့ကို ဘာမကျေနပ်လို့ လဲပြောဗျာ၊ အခြောက်တိုက်ကြီး ဟိန်းဟောက်နေစရာ မလိုဘူး'

အောင်မြိုင် စကားအဆုံးမှာတော့···

'မင်း··· ပြောလေ ကဲလေ၊ ကဲကွာ'

'ခွပ်'

ဦးရဲမြင့် လက်သီးက အောင်မြိုင့်ပါးချိတ်ဆီ တန်းခနဲ ပဲ။ အောင်မြိုင် နောက်ဆုတ် နောက်ဆုတ် ယိုင်ဆင်းသွားတယ်။

'ဟာ··· ခင်ဗျားကြီး လွန်ပြီ'

လှအောင် လျှပ်တပြက်ဝင်ထိုးတယ်။

လှအောင် ရှုပ်ရှားမှု မြန်ပါတယ်။

'ခွပ်'

ဒါပေမဲ့ ဦးရဲမြင့် လက်သီးက မြန်လွန်းတယ်။ ထိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာတောင် မမြင်လိုက်ရ။ 'ခွပ်'ခနဲ အသံနဲ့အတူ လှအောင်လည်း မေးလည်သွားပြီး နောက်ဘက်ဆီ ခိုက်ထိုး စိုက်တိုးကျသွားတယ်။

မိုးအောင်က အောင်ခေါင့်ကို လှမ်းကြည့်လိုက်တယ်။ မိုးအောင်အကြည့်အဓိပ္ပာယ်ကို အောင်ခေါင်သိတယ်။ ဦးရဲမြင့်ကို ဝင်ချကြစို့ဆိုတဲ့အဓိပ္ပာယ်…။

သူတို့လေးယောက်က အောင်လေးအောင်လို့ အမည်ရတဲ့ အတွဲတွေကိုး။

ခု… အောင်နှစ်အောင်ကို ထိခိုက်သွားပြီ။ အမြင်အရ ဆို ဦးရဲမြင့် အတော့်ကိုလွန်တယ်။ ဘာမှမဖြစ်ဘဲ အောင်မြိုင် နဲ့ လှအောင်ကို အသားလွတ်တိုက်ခိုက်မှုပဲ။

ဒါပေမဲ့ လျှပ်ပြက်သလို အောင်ခေါင့်စိတ်ထဲ ထပ်ဟပ် မှုက ဘာဖြစ်လို့ပါလိမ့်။ ဦးရဲမြင့် ဘာကြောင့်ပါလိမ့်။ ဦးရဲမြင့် အတွက် အကြောင်းရှိမယ်။ ဦးရဲမြင့်လိုလူ အကြောင်းမဲ့ ဒီလို ဆိုးဆိုးဝါးဝါး ပြုမူမှာမဟုတ်။

မိုးအောင် အောက်မှာကျနေတဲ့ ဟုတ်ကိုကောက်ပြီး ဦးရဲမြင့်ဆီ ပြေးဝင်ရိုက်တယ်။

'ဖောက်'

အောင်ခေါင် ဦးရဲမြင့်ရှေ့ကဖြတ်ပြီး မိုးအောင် မေးရိုး ကို ခဝ်တင်လိုက်မိတယ်။ မိုးအောင် နောက်တော့ ယိုင်သွား တယ်။ လဲမကျသွား။ ဒီတစ်ခါတော့ မိုးအောင် အောင်ခေါင့်ကို





ဝင်ရိုက်တော့တယ်။ အောင်ခေါင်ကလည်း အသင့်အနေအထား ပါ။

ဒါပေမဲ့ မိုးအောင် အောင်ခေါင့်ဆီ ရောက်မလာ။

ဦးရဲမြင့်က မိုးအောင်ရဲ့တုတ်ကိုင်လက်ကို သူ့ညာလက်ဖျံ နဲ့ပင့်တင်မလိုက်ပြီး မိုးအောင်ရဲ့တုတ်ကိုင်လက်ကောက်ဝတ်ကို ခုတ်ရိုက်ခြင်းနဲ့ တစ်ဆက်တည်း ဖမ်းယူလိုက်တယ်။

မိုးအောင် တုတ်ကိုင်လက် လိမ်ဖယ်ပြီး ဦးရဲမြင့်ဆွဲယူ ရာဆီ ပါသွားတယ်။ တုတ်လည်းလွတ်ကျသွားတယ်။ မြန်လိုက် တဲ့ ဖမ်းချုပ်မှု။ မိုးအောင် ဦးရဲမြင့်လက်ထဲမှာ လုံးဝ မလှုပ်သာ ဖြစ်နေတော့တယ်။

ဦးရဲမြင့် မိုးအောင်ကို လွှတ်ပေးလိုက်တယ်။ မိုးအောင် မျက်နှာအသေအချာကြည့်ပြီး…

'မိုးကြီးရယ်… မင်း မသိဘဲနဲ့ကွာ'

မိုးအောင်ကို ဦးရဲမြင့် လုံးဝမထိုး။

မိုးအောင် စဝေစဝါဖြစ်နေတယ်။

'ငါ မှားသွားတယ်၊ လာကွာ… ဟိုညီအစ်ကိုနှစ် ယောက်ကို သွားပြုစုရအောင်'

အောင်ခေါင်နဲ့ မိုးအောင်လည်း ဘုမသိ ဘမသိလိုက် သွားမိတော့တယ်။

\#



www.burmeseclassic.com

www.burmeseclassic.com



(၃)

'ဦးရဲကလည်းဗျာ၊ တစ်ခါတလေမျှား ကျွန်တော်တို့ နဲ့ အတူထမင်းစားရောပေါ့'

အဲ့ဒီစကားကို အောင်မြိုင် ပြောလိုက်ရာမှာ ဘာရယ် မဟုတ် ဦးရဲမြင့်ကို လက်ညှိုးထိုးပြီး ပြောလိုက်မိတယ်။

နောက်မှ လှအောင်နဲ့ အောင်မြိုင်နဲ့ကို တောင်းပန်ရင်း ဦးရဲမြင့် ပြန်ပြောပြလို့သိရတာက ဦးရဲမြင့်က သူ့ကို လက်ညှိုး ထိုးပြီး စကားပြောဆိုမှုကို လုံးဝမကြိုက်။ အဲ့ဒီလိုမကြိုက်နိုင်မှုက သဘာဝထက်ပိုတဲ့ အနေအထားမှာရှိတယ်။' အစွန်းရောက်တယ်။

အောင်မြိုင် အဲ့ဒီလို သူ့ကို လက်ညှိုးထိုးပြီး စကားလည်း ပြောလိုက်ရော ဦးရဲမြင့်ရဲ့ သူ့ကိုလက်ညှိုးထိုးပြီး စကားပြော တာကို မကြိုက်တဲ့အစွန်းရောက်စိတ်က ဒေါသ ဖြစ်သွားတယ်။

'ဟေ့… မင်း ငါ့ကို အဲ့ဒီလိုစကားမပြောနဲ့'

အောင်မြိုင့်လက်ဝဲရင်အုံဆီ ဦးရဲမြင့် လက်ညှိုးပြန်ထိုး ရင်းပြောလိုက်ခြင်း ဖြစ်တယ်။ ဦးရဲမြင့်က သူ့ကိုလက်ညှိုးထိုး စကားပြောသူကို အဲ့ဒီလို တုံ့ပြန်လက်ညှိုးပြန်ထိုးရမှ။ ဒါက သူ့အယူအဆ…။

ဦးရဲမြင့် ဒေါသဖြစ်သွားပေမယ့် စိတ်ပြန်ထိန်းပြီး နောက် ဆို သူ့ကိုအဲ့ဒီလိုလက်ညှိုးထိုးပြီး စကားမပြောဖို့ ပြောထားမလို့… ဒါပေမဲ့…





'ဦးရဲက ဘာလဲဗျာ၊ ဒါလေးပြောရုံနဲ့'

လှအောင်က ဝင်ပြောတယ်။ လှအောင် ဝင်အပြောမှာ လည်း ဘာရယ်မဟုတ် ဦးရဲမြင့်ကို လက်ညှိုးထိုးပြီး ပြော လိုက်မိတယ်။

ဦးရဲမြင့် ဒေါသဖြေပစ်လိုက်မယ် စိတ်ကူးပေမယ့် နောက် ထပ်လက်ညှိုးအထိုးခံရမှုကြောင့် ဒေါသထပ်ဖြစ်သွားရပြန်တယ်။

'ဟာ… လာပြန်ပြီတစ်ယောက်၊ မင်းတို့ ငါ့ကို ဒီလို မပြောနဲ့ဆိုတာ မရဘူးလား'

လှအောင် ဝဲရင်အုံဆီ ဦးရဲမြင့် လက်ညှိုးထိုးပြီး ပြန် ပြောတယ်။ နှစ်ခါ လက်ညှိုးထိုးခံလိုက်ရတဲ့အတွက် ဦးရဲမြင့် ဒေါသလည်း ပိုကြီးသွားရတယ်။

မိုးအောင် ဝင်ပြောရာမှာတော့ ဦးရဲမြင့်ကို လက်ညှိုး ထိုးပြီး ပြောခြင်းမဟုတ်။ မိုးအောင်အပေါ်တော့ ဦးရဲမြင့် ဒေါသ မကြီး။ မသိဘဲဝင်ပြောလို့သာ တန့်သွားအောင် ဟောက်ပစ်လိုက် တာ။

'ဦးရဲမြင့် ခင်ဗျားကြီး ကျုပ်တို့ကို ဘာမကျေနပ်လို့လဲ ပြောဗျာ၊ အခြောက်တိုက်ကြီး ဟိန်းဟောက်နေစရာ မလိုဘူး'

ဒီတစ်ခါ အောင်မြိုင် ပြောလိုက်မှုမှာလည်း ဦးရဲမြင့် ကို လက်ညှိုးထိုးပြီးပြောလိုက်တာ။

ထပ်မံ လက်ညှိုးထိုးခံလိုက်ရပြန်တဲ့ ဦးရဲမြင့် စိတ်



www.burmeseclassic.com

www.burmeseclassic.com



မချုပ်တီးနိုင် ဖြစ်သွားပြီး…

အမှန်က လက်ညှိုးထိုး စကားပြောမိတဲ့ လှအောင်တို့ အောင်မြိုင်တို့ကိုယ်တိုင်က အမှတ်တမဲ့ပါ။ သူတို့ ဦးရဲမြင့်ကို လက်ညှိုးထိုးစကားပြောမိခြင်းကို မသိလိုက်ကြ။ နံဘေးမှာ ရှိနေကြတဲ့ မိုးအောင်နဲ့ အောင်ခေါင်တို့လည်း အမှတ်တမဲ့ပါပဲ၊ ဦးရဲမြင့် ပြန်ပြောပြမှ သူတို့ ပြန်မှတ်မိ မျက်စိထဲ ပြန်မြင်ယောင် မိလိုက်ကြတယ်။

ဦးရဲမြင့်က လှအောင်နဲ့ အောင်မြိုင်ကို အနူးအညွတ် ကို တောင်းပန်ပါတယ်။ အဖွဲ့သားအားလုံးကိုလည်း သူနဲ့ စကား ပြောရင် သူ့ကိုလက်ညှိုးထိုးပြီးစကားမပြောဖို့ ကြိုတင် တောင်းပန် ထားပါတယ်။ အစကတည်းက သူကြိုတင် မပြောထားမိတဲ့ အတွက် ညီညွတ်ပျော်ရွှင်နေကြတဲ့ အဖွဲ့မှာ ဒီလိုအဖြစ် ဖြစ်သွား တာကို သူ အမှန်စိတ်မကောင်းဖြစ်သွားပါတယ်။

လှအောင်တို့ အောင်မြိုင်တို့ ညီအစ်ကိုကလည်း ဦးရဲမြင့် တောင်းပန်မှုကို ကျေနပ်ကြပါတယ်၊ အားလုံးအပေါ် အစစ အရာရာကောင်းပြီး အဆင်ပြေပြေနေတတ်တဲ့ လူကြီးတစ်ယောက် ကို ဒီကိစ္စတစ်ခုအတွက်နဲ့တော့ သူတို့ အံမတင်ကြပါ။

အဖွဲ့သားအားလုံးအတွက် ထူးဆန်းမှုကတော့ ဒီလို လက် ညှိုးထိုးပြီး စကားပြောဆိုမှုကို ဦးရဲမြင့်ကြီး ဒီလောက်အထိ ဘာကြောင့်ဖြစ်ရတာလဲ။





ဒီကိစ္စနဲ့ ပတ်သက်ပြီး အကြောင်းထူးများ ကြားရ မလားရယ် ဦးရဲမြင့်ကို မေးမြန်းသူတွေ ရှိပါတယ်။ ဦးရဲမြင့် အဖြေကတော့…

'တခြားနေရာတွေမှာ အရမ်းသဘောကောင်းကြပေမယ့် 'မအေ…' ဒါမှမဟုတ် 'နှမ…' ဆဲဆိုမှုတွေဆို လုံးဝ သည်းမခံ နိုင်တဲ့ လူမျိုးရှိပါတယ်၊ အီးတို့ ချီး(ချေး)တို့ကို မရှုတတ်ပေမယ့် သလိတ်ဟပ်သံကြားရင် ပျို့အန်ချင်တဲ့သူ ရှိပါတယ်။ မြွေ မကြောက်ပေမယ့် မျှော့ကြောက်တဲ့လူမျိုးရှိတယ်၊ အဲဒီလို ခံစား ချက်မှုတွေထဲက တစ်မျိုးတစ်ဘာသာလို့ပဲ သဘောပေါက်ပေးပါ ကွာ၊ အဲ… တစ်ခုတော့ရှိတယ်၊ မင်းတို့လည်း သူများကို လက် ညှိုးထိုးစကားမပြောချင်ပါနဲ့ကွာ၊ သူ များရဲ့လက်ညှိုးထိုးစကား ပြောဆိုမှုကိုလည်း မခံရတာ ကောင်းပါတယ်'

ဦးရဲမြင့်က ဒီလိုပဲ ပြောတယ်။ အောင်ခေါင့် စိတ်ဝင် စားမှုက တစ်မျိုး…။

ဦးရဲမြင့်လို လူမျိုး ဘာရယ် မယ်မယ်ရရ ခိုင်ခိုင်လုံလုံ မဟုတ်တဲ့ ဒီလိုစိတ်မျိုး အစွဲတစ်ခုဖြစ်အောင် စွဲထားပါ့မလား။ ဖြစ်တဲ့နေ့က ဦးရဲမြင့်ရဲ့ မျက်စိမျက်နှာအနေအထားကို ကြည့် ရတာဘာတော့ ဒီစိတ်အစွဲ သူ့မှာ အတော်ကြီးကြီးမားမား စွဲထား သလိုပဲ၊



www.burmeseclassic.com

www.burmeseclassic.com



"ဦးရဲမြင့်ကြီး စိတ်သဘောထား ကောင်းတယ်ဆိုတာက ငါတို့တစ်ဖွဲ့လုံးက လက်ခံထားကြတာပါ၊ ဒါပေမဲ့ သူ့အဲဒီအစွဲကြီးက ဘာကြီးလဲ မသိဘူး၊ နားလည်ရခက်သား၊ အဲဒီနေ့ကဆို သူ လှအောင်တို့ညီအစ်ကို ကို မတရားလုပ်တာပဲဆိုပြီး ငါတောင် ဝင်ရိုက်မိသေးတယ်၊ ခွေးကောင် ငါက မင်းလည်း ဦးရဲမြင့်ကို ဝင်တီးမယ်ထင်တာ၊ မင်းက ငါ့ကို ကန်တောင်ပစ်လိုက်သေးတယ်"

အားလုံး စိတ်ပြေသွားကြပါပြီ။ စိတ်ပြေသွားပေမယ့် အကန်ခံရသူဖြစ်တဲ့ မိုးအောင်က အောင်ခေါင်ကို ပြောတယ်။

'မဟုတ်ဘူး ကိုမိုးရ၊ ကျွန်တော် ကိုမိုးကို တောင်းပန်ပြီးသားပါ၊ ကိုမိုး ကျေနပ်ပါဗျာ၊ အမှန်က ကိုမိုးကို ကျွန်တော်ကန်တာမဟုတ်ဘူး၊ ကန်လိုက်မိတာ'

မိုးအောင် ရယ်တယ်။

'အောင်ခေါင်ရယ်… မင်းဟာကလည်း ဘာထူးသေးလဲ'

'တကယ်ပါ ကိုမိုးရယ်၊ ကိုမိုးကို ကန်မယ်ဆိုတဲ့စိတ်ကျွန်ကော့်မှာ လုံးဝမရှိရပါဘူး၊ ကိုမိုး ဦးရဲမြင့်ကြီးကို ဝင်လုပ်တော့မယ်ဆိုတာတော့ ကျွန်တော် သိလိုက်တယ်၊ အဲဒါနဲ့အတူ ဦးရဲမြင့်ကြီးဟာ ဟောဟောရမ်းရမ်းလူကြီးမဟုတ်ဘူး၊ ဒီလိုဖြစ်ရတာဖြစ်လောက်တဲ့ အကြောင်းတစ်ခုခုရှိရမယ်ဆိုတဲ့အတွေးကလည်း





ကျွန်တော့်စိတ်ထဲ ဝင်လိုက်တယ်၊ အဲဒီမှာ ကိုမိုးလည်း ဦးရဲမြင့်ကြီးကို ဝင်ရိုက်ရော ဦးရဲမြင့်ကိုထိမှာစိုးပြီး ကျွန်တော် လှုပ်ရှားလိုက်မိတာ'

'မင်း သိုင်းလေးဘာလေး တတ်ပုံရတယ်၊ ဒါပေမဲ့ ဦးရဲမြင့်ကြီးက မင်းတက်အများကြီးသာပုံရတယ်၊ လှုပ်ရှားမှုက တကယ့်ငါရင့်သိုင်းဆရာကြီးအတိုင်းပဲ၊ ဟို ညီအစ်ကိုနှစ်ယောက်ကို ထိုးလိုက်တာလည်း တစ်ချက်စီနဲ့ကို အပိုင်ပဲ၊ အလုံအလောက်ပဲ၊ ကွက်တိပဲ၊ ငါ့ကို ဖမ်းချုပ်လိုက်တာလည်း ဘယ်လိုကဘယ်လို မိသွားလည်းတောင် မသိဘူး၊ ငါ လုံးဝလှုပ်လို့မရဘူး၊ သူ ပြန်လွှတ်ပေးလို့သာ…'

သူတို့တစ်တွေ သူတို့ကို သိုင်းပညာသင်ပေးဖို့ ဦးရဲမြင့်ကို ပူဆာကြသေးတယ်။ ဦးရဲမြင့်က…

'ငါ့သိုင်းပညာက သင်ပေးရတာ မလွယ်ဘူးကွ၊ အချိန်သိပ်ယူရတယ်၊ အတော်ကြီးကို အချိန်ယူရမှာ၊ ဘာလို့လဲဆိုတော့ သိုင်းပညာသက်သက်နဲ့တင် ဖွဲ့စည်းထားတဲ့ သိုင်းပညာမျိုးမဟုတ်ဘူး၊ ကိုယ်ကျင့်တရား၊ သဘောထားရေးရာ စိတ်ဓာတ်တွေပါ ရောဖွဲ့စည်းထားတဲ့ သိုင်းပညာ။ ဒါကြောင့် သိုင်းလှုပ်ရှားမှုတွေ သက်သက်သင်ပေးလို့မရဘူး၊ ကိုယ်ကျင့်တရား သဘောထားရေးရာ စိတ်ဓာတ်တွေပါ တွဲဖက်သင်ပေးရတာ၊ သင်ပေးရမှု သိပ်ကြန့်ကြာတတ်တယ်၊ သိုင်းပညာသက်သက် စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



တဲ့မင်းတို့ ပျင်းသွားလိမ့်မယ်၊ နောက်ပြီး ထိထိရောက်ရောက် တတ်ချင်မှလည်းတတ်မယ်၊ သင်ပေးမိတဲ့ ငါ့အတွက်လည်း အပြစ်ရှိတယ်'

ဦးရဲမြင့် သူတို့ကို သိုင်းပညာ သင်မပေးပါ။ သူတို့ ထပ်တလဲလဲ ပူဆာတော့ တစ်ညမှာ ဦးရဲမြင့်က…

'ကဲ… မင်းတို့ လူတစ်ယောက်ယောက်ကို တိုက်ခိုက်မယ်ဆို အားအပေါဆုံးနဲ့ အမြန်ဆုံးအထိအရောက်ဆုံး ဘယ်လို တိုက်ခိုက်ရင် ကောင်းမယ်ဆိုတာ စိတ်တိုင်းကျတိုက်ခိုက်မှု တစ်ယောက်စီ ငါ့ကိုလုပ်ပြကွာ'

သိုင်းသင်ချင်တဲ့လူတွေ တစ်ယောက်တစ်မျိုးလုပ်ပြကြတယ်။ လက်သီးထိုးပြသူ ရှိတယ်။ လက်ပါးစောင်းခုတ်ပြသူရှိတယ်။ ဒူးနဲ့ပြေးတိုက်သူ ရှိတယ်။ ပြေး ျပ်ပြီး တံတောင်နဲ့ထောင်းပြသူရှိတယ်။ ခေါင်းနဲ့ပြေးဝှေ့ပြသူလည်းရှိတယ်။

'မင်းတို့ အဲဒီလုပ်တတ်တဲ့ တိုက်ခိုက်မှုတွေကို အားပိုပိုပါလာအောင် ထပ်တလဲလဲ ကျင့်နေရမယ်၊ ပိုမို ပိုမို မြန်ဆန်လာအောင် ထပ်တလဲလဲ ကျင့်နေရမယ်၊ တိုက်ခိုက်ချင်တဲ့နေရာ ထိကိမိမိ ကွက်တိကျအောင် ထပ်တလဲလဲ ကျင့်နေရမယ်၊ မင်းတို့ရဲ့ သန့်ရာသန့်ရာ တိုက်ခိုက်မှုတွေကို အားပိုပါအောင် ပိုမြန်ဆန်အောင် ကွက်တိကျအောင်လေ့ကျင့်ယူခြင်းဟာ သိုင်းကျင့်ခြင်းတစ်မျိုးပဲ၊ အဲဒါအလွယ်ကူဆုံး သိုင်းကျင့်ခြင်းတစ်မျိုးပဲ၊ ကျင့်နေကြည့်ပါ၊





အောင်အောင်မြင်မြင် ဖြစ်တဲ့အထိ ကျင့်ကြည့်ပါ၊ မင်းတို့ရဲ့ တိုက်ခိုက်မှုမှာ အထောက်အကူ ဘယ်လောက်ဖြစ်တယ်ဆိုတာ မင်းတို့ တွေ့ရမယ်'

'ဟာ ဦးရဲကလည်း ဒီလောက်လေးနဲ့ဖြစ်ပါ့မလား၊ အဆုတ်တို့ အတက်တို့ အရှောင်တို့ အတိမ်းတို့ဆိုတာတွေ တတ်ဦးမှပေါ့'

အောင်မြိုင်က ဦးရဲမြင့်ကို ဆင်ခြေတက်တယ်။

ဦးရဲမြင့် အောင်မြိုင့်မျက်နှာကို လက်သီးနဲ့ ထိုးလိုက်တယ်။ သာမန်လူတစ်ယောက် ထိုးခြင်းမျိုး။ သာမန်မြန်နှုန်းလောက်နဲ့ ထိုးခြင်းဖြစ်တယ်။ အောင်မြိုင် နောက်ဆုတ် နောက်ဆုတ် တိမ်းရှောင်လိုက်တယ်။ ထိုးချက် လွတ်သွားတယ်။

'အဲဒါ မင်းကို ဘယ်သူ သင်ပေးထားသလဲ'

'ဟာ… ဦးရဲကလည်း လက်သီးကြီး မျက်နှာတည့်တည့် ဝင်လာမှတော့ ဒီလိုပဲ ရှောင်လိုက်မိတာပေါ့'

'အဲဒါပဲပေါ့ မြိုင်ကြီးရာ၊ ကိုယ့်ဆီတိုက်ခိုက်မှုတစ်စုံတစ်ရာဝင်လာရင် လွတ်အောင် ရှောင်တတ်တာ သဘာဝါတိုင်းပါ'

'ဒါက ဦးရဲက သက်သက်အနှေးထိုးလိုက်တာကိုး၊ မြန်မြန်ထိုးလိုက်ရင် ကျွန်တော် ဘယ်ရှောင်နိုင်ပါမလဲ'

'အဲ့ ရန်ကော မြိုင်ကြီးရာ၊ မြန်မြန်ထိုးရင်လည်း မြန်မြန်ရှောင်နိုင်အောင် လေ့ကျင့်ယူပေါ့၊ မင်းကို သိုင်းကွက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်သင်ပေးပေး၊ မင်းလေ့ကျင့် မယူဘဲ တတ်ပါ့မလား၊ ကြိုးစားလေ့ကျင့်ခြင်းဟာ မင်းတို့ရဲ့ ကိုယ်ပိုင်ဥစ္စာပဲ၊ ဝီရိယခေါ်တာပေါ့၊ ဝီရိယဟာ ရပြီးသားရှိပြီးသားကိုလည်း တိုးတက်စေနိုင်တယ်၊ မရသေး မရှိသေးတဲ့ဟာကိုလည်း ရရှိစေနိုင်တယ်၊ ဝီရိယဟာ လူတိုင်းရဲ့ ကိုယ်ပိုင်ဥစ္စာပဲ၊ ဝီရိယ မရှိတဲ့လူဟာ ဘာမှမရှိနိုင်တဲ့လူပဲ'

ဦးရဲမြင့် ဆက်ပြောတယ်။

'မင်းဆီ ဝင်လာတဲ့ တိုက်ခိုက်မှုကို မင်းအဲဒီလို ရှောင်တတ်တယ်ကွာ၊ တိုက်ခိုက်သူကိုလည်း မင်း သန့်ရာ သန့်ရာ တိုက်ခိုက်မှုနဲ့ ပြန်တိုက်နိုင်တယ်ကွာ၊ အဲဒါကို ပွားတွဲလိုက်ရင် သိုင်းကွက်တစ်ကွက်ပဲပေါ့၊ အဲဒီသိုင်းကွက်တိကျအောင် မြန်ဆန်အောင် ပြင်းထန်အောင် ဆက်လေ့ကျင့်နေဖို့ကတော့ မင်းကိစ္စပဲ၊ မင်း လေ့ကျင့်နိုင်သလောက် မင်းရမယ့်ဥစ္စာပဲ'

အောင်မြိုင် ဦးရဲမြင့်ကို လက်အုပ်ချီလိုက်တယ်။ အောင်မြိုင်တို့ ညီအစ်ကိုက စိတ်ဆတ်သူတွေဖြစ်ပေမယ့် အသိတရားတော့ ရှိသူတွေ…။

လှအောင်ကပါ ဦးရဲမြင့်ကို လက်အုပ်ချီလိုက်တယ်။

အောင်ခေါင်လည်း မနေသာ။ ဦးရဲမြင့်ကို လက်အုပ်ချီလိုက်မိတယ်။ အောင်ခေါင် သင်ကြားထားတဲ့ သိုင်းပညာတွေကို ဦးရဲမြင့် စကားက နှိုးဆွပေးလိုက်သလိုပဲ။ တစ်စုံတစ်ရာ





အတိုင်းအတာအထိ ထပ်မံသင်ကြားပေးလိုက်ပြန်သလိုပဲ။

အောင်သုံးအောင် လက်အုပ်ချီတော့ မိုးအောင်လည်း ပါလာတော့တယ်။ မိုးအောင်လည်း ဦးရဲမြင့်ကို လက်အုပ်ချီထားတယ်။

'ဦးရဲ ကျွန်တော်တို့ကို သိုင်းသင်ပေးလိုက်တာ ညင်သာလွန်းပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော်တို့ သိလိုက်နိုင်ပါတယ်၊ ဦးရဲ ကျွန်တော်တို့ကို သိုင်းပညာ တစ်ကွက်တစ်ကွင်းပေးလိုက်တယ်ဆိုတာ၊ ဦးရဲဟာ ကျွန်တော်တို့ရဲ့ ဆရာပဲ'

အောင်မြိုင်က ပြောတယ်။

ဦးရဲမြင့်က လက်ဝါးကာပြတယ်။

'နေဦး၊ နေဦး၊ ငါ့ကို ဆရာမတင်ကြနဲ့ဦး၊ ငါ မင်းတို့ကို ဘာသိုင်းပညာမှ မသင်ပေးသေးဘူး၊ အဲ… တစ်ခုတော့ ရှိတယ်။ မင်းတို့ကိုယ်မှာရှိနေတဲ့ သဘာဝသိုင်းပညာကို နှိုးဆွပေးလိုက်တာလောက်တော့ ရှိမယ်၊ သဘာဝသိုင်းပညာဟာ လူသားတွေမှာတင်မကဘူး တိရစ္ဆာန်တွေမှာပေါင် ရှိထားကြတယ်၊ တကယ်တော့ သိုင်းပညာဆိုတာ မကြီးကျယ်ပါဘူး၊ သတ္တဝါရှိရင် သိမိုက်စေမယ့်ကိစ္စကို ရှောင်ရှားတတ်တယ်၊ အခွင့်သာရင် သူတို့သန့်ရာသန့်ရာ တိုက်ခိုက်မှုနဲ့ ပြန်တိုက်ခိုက်တတ်တယ်၊ အဲဒါ သဘာဝကပေးထားတဲ့ သိုင်းပညာပဲ၊ မင်းတို့မှာရှိတဲ့ ကိုယ်ပိုင်သိုင်းပညာကို ငါက နှိုးပေးလိုက်ရုံသာပါ'



www.burmeseclassic.com

အောင်ခေါင် ဝင်ပြောမိတယ်။

'ဘာပဲဖြစ်ဖြစ် ဦးဟာ ကျွန်တော်တို့ဆရာပါ၊ ကျွန်တော်တို့မှာ သဘာဝသိုင်းပညာရှိရှိ မရှိရှိ ကျွန်တော်တို့တောင်မသိတဲ့ ကိစ္စပါ၊ ဦး ဖွင့်ပေးလိုက်မှ ကျွန်တော်တို့မှာ ရှိထားတဲ့ သဘာဝသိုင်းပညာကို ကျွန်တော်တို့သိခွင့်ရလိုက်တာပါ၊ ဦးဟာ ကျွန်တော်တို့ ဆရာဆိုတာ ကျွန်တော်တို့ အသိအမှတ်မပြုဘဲ မနေနိုင်ပါဘူး'

အောင်ခေါင့်ကို ဦးရဲမြင့် တွေကြည့်တယ်။

'ဟုတ်ပါတယ် ဆရာရယ်၊ ဆရာက တပည့်တွေ အဖြစ် အသိအမှတ်မပြုတောင် ကျွန်တော်တို့ကတော့ ဆရာ့ကို ဆရာလို့ အသိအမှတ်မပြုဘဲ မနေနိုင်ဘူး'

လှအောင်က ပြောတယ်။

ဦးရဲမြင့် လှအောင်ကို တွေကြည့်ပြန်တယ်။

'ဟုတ်ပါတယ် ဆရာ၊ ဆရာ ဘာမှ ထပ်မသင်ပေးချင်တောင် ခုလောက် အသိစိတ်ဖွင့်ပေးတာဟာ ပညာပေးတာမို့ ဆရာဟာ ကျွန်တော်တို့ဆရာပါ'

ဦးရဲမြင့်အကြည့် မိုးအောင်ဆီ ရောက်ပြန်တယ်။ နောက် လေးယောက်လုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး တည်တည် ငြိမ်ငြိမ် ပြောတယ်။

'ငါးပိဖုတ်တာတောင် ဆရာမပြရင် နည်းမကျဘူးဆိုတဲ့ မြန်မာစကားပုံတစ်ခုရှိတယ်၊ အဲဒီစကားပုံအဓိပ္ပာယ်ပဲ၊ တဲ…





မင်းတို့ကို ငါ တစ်ခုတော့ ထပ်ပြောပြပေးမယ်၊ လွတ်အောင်ရှောင်တတ်ပြီ၊ ပြန်တိုက်ခိုက်တတ်ပြီ၊ ဒီ ဆက်လက်လှုပ်ရှားမှုမှာ အရေးတကြီးသိထားသင့်တာက ရှောင်တာမှာ၊ လွတ်အောင် ပြန်တိုက်ခိုက်ရာမှာ ထိမိအောင် ဝေးသထက်ဝေးအောင် ရှောင်ရင်တော့ လွတ်တာပေါ့၊ ပြန်တိုက်ခိုက်ရင် မမြန်ဆန်တော့ဘူး၊ မထိမိတော့ဘူး။ အတိုက်အခိုက်သမားကောင်း တစ်ယောက်ဆိုတာ ရှောင်ရင်းနဲ့ တိုက်နိုင်ရမယ်၊ တိုက်ရင်းနဲ့ ရှောင်နိုင်ရမယ်၊ အဲဒီတော့ ရှောင်ဖို့အတွက် ခြေတစ်လှမ်းသုံးလိုက်မှုဟာ တိုက်ဖို့အတွက် ခြေတစ်လှမ်း သုံးလိုက်ခြင်းပဲဖြစ်နေရမယ်၊ အဲဒီခြေလှမ်းဟာ လွတ်အောင်ရှောင်ခြင်းဖြစ်သလို ထိမိအောင် မြန်ဆန်အောင် အားပါအောင် ပြန်လည်တိုက်ခိုက်မှုအတွက်လည်း နေရာယူလိုက်တဲ့ ခြေလှမ်းမျိုး ဖြစ်နေရမယ်၊ အဲဒီလိုဖြစ်အောင် မင်းတို့ဟာ မင်းတို့ ကြံဆပြီးလေ့ကျင့်ယူ'

ဦးရဲမြင့် ဆက်ပြောတယ်။

'အချိန်ဆိုတာ သိပ်တန်ဖိုးကြီးတယ်၊ အထူးသဖြင့် ယှဉ်ပြိုင်မှု တိုက်ခိုက်မှုတွေမှာ ပိုထင်ရှားတယ်၊ မင်းတို့ရဲ့ တိုက်ကွက် ဘယ်လောက်ထိ မြန်ဆန်ဖို့ အရေးကြီးသလဲဆိုရင်…'

လှအောင်ကို ကြည့်ပြီးပြောတယ်။

'လှအောင် မင်းမျက်တောင်ခတ်တာ သတိထားပြီး ခတ်နေတာလား၊ အမှတ်တမဲ့ ခက်နေတာလား'

www.burmeseclassic.com



'အမှတ်တမဲ့ပါပဲ ဆရာ၊ သတိတောင် မထားမိပါဘူး'

'မင်းတို့ရဲ့တိုက်ကွက် မျက်တောင်တစ်ခတ်အတွင်းမှာ အောင်မြင်ပြီးဆုံးသွားနိုင်တဲ့အထိ မင်းတို့ လေ့ကျင့်ထားနိုင်ရမယ်၊ တိုက်ခိုက်သူရဲ့ တိုက်ခိုက်မှုနဲ့ တစ်ပြိုင်နက်မှာပဲ မင်းတို့ တိုက်ကွက်လှုပ်ရှားမှု အောင်မြင်ပြီးဆုံးသွားနိုင်တဲ့ထိ မင်းတို့ လေ့ကျင့်ထားနိုင်ရမယ်'

ဦးရဲမြင့် စကားအဆုံးသပ်မှုကတော့…

'မြင်းသုံးလေးငါးကောင်ကို ဟိုပြောင်း ဒီကူး လူးလူး ဆန်းဆန်း လှလှပပ စီးပြနိုင်မှ ခရီးရောက်တာမဟုတ်ပါဘူးကွာ၊ မြင်းတစ်ကောင်တည်းကို နိုင်နိုင်နင်းနင်း စီးနင်းနိုင်တာဟာလည်း ခရီးရောက်နိုင်ပါတယ်'

ဝင်စစ် သူတို့လေးယောက်ကို ဦးရဲမြင့်ရဲ့ သိုင်းပညာသင်ကြားမှုက ဒီမျှသာပါပဲ။ သူတို့ကို ဘာသိုင်းကွက်မှလည်း သင်မပေး။ သူတို့ဘာသာ လေ့ကျင့်နေရာဆီလာပြီး ဟိုပြ ဒီပြ ပေးလည်းမလုပ်…။

*





(၄)

'ဆရာ… လူတစ်ယောက်က ကိုယ့်ကို လက်ညှိုးထိုး စကားပြောတာ ကိုယ့်အတွက် ထိခိုက်နစ်နာမှု အတော် ရှိလား ဟင်'

တခြားနေရာတွေမှာ သဘောကောင်းပြီး အဲဒီကိစ္စမှာ သဘောမကောင်းနိုင်။ ဒေါသကြီးတဲ့ ဦးရဲမြင့်ရဲ့ စိတ်ခတ်ကို စိတ်ဝင်တစားဖြစ်နေတဲ့ အောင်ခေါင် ဦးရဲမြင့်နဲ့ နှစ်ယောက်တည်း ပင်လယ်ကမ်းခြေမှာ ထိုင်စကားပြောနေကြရင်း မေးလိုက်မိတယ်။

ဦးရဲမြင့် အောင်ခေါင့်ကို စေ့စေ့စပ်စပ်ကြည့်တယ်။ အောင်ခေါင် ရိုးရိုးသားသားမေးတယ်ဆိုတာ သဘောပေါက်တယ်။

'ရှိတယ်'

ဦးရဲမြင့် တိုတိုတောင်းတောင်းပဲ ဖြေတယ်။ ဦးရဲမြင့် ကြိုက်ပါ့မလား အောင်ခေါင်း ဆက်မေးသင်မမေးသင့် ချင့်ချိန်တယ်။

'တချို့လူတွေဟာ ဘာရယ်မဟုတ်ဘူး၊ အဲဒီလို အမှတ်တမဲ့ လက်ညှိုးထိုးပြောတတ်တဲ့ အကျင့်ရှိတယ်ဆရာ၊ အဲဒါ သူတို့ကိုယ်ကို အဲဒီလို လက်ညှိုးထိုးပြောရင် ကိုယ်ဘာဖြစ်သွားနိုင်လဲ၊ ကိုယ်က ဘာပြန်လုပ်သင့်သလဲ သိချင်တယ် ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲမြင့် မောင်ခေါင့်ကို စေ့စေ့စပ်စပ်ကြည့်နေပြန်တယ်၊

'ကိုယ် ဘာဖြစ်သွားနိုင်လဲ"

မေးလိုက်တယ်။

'ဖြစ်သွားနိုင်တာတွေကတော့ အများကြီးပဲ၊ သူတစ်ပါးရဲ့ လက်ညှိုးထိုးမခံသင့်တဲ့ အယူအဆတွေ အများကြီးရှိတယ်၊ အတော်များများ မှန်တယ်လို့ ငါယူဆတယ်၊ ကိုယ် ပြန်လုပ်သင့်တာကတော့ သူ့ကိုပြန်လက်ညှိုးထိုးပစ်လိုက်သင့်တာပဲ၊ ကိုယ်ကို လက်ညှိုးထိုးလာရင် ကိုယ်ကပြန်လက်ညှိုးထိုးလိုက်၊ ကိုယ်ဖြစ်လာမယ့်ဒဏ် သူပြန်ခံဆိုတဲ့ အဓိပ္ပာယ်ပဲပေါ့၊ ငါကတော့ ငါ့ကို လက်ညှိုးထိုး စကားပြောတာကို လုံးဝမကြိုက်နိုင်ဘူး၊ ဒါကြောင့် ငါ့ကို လက်ညှိုးထိုးလာရင် ငါက ဘာမှပြန်လက်ညှိုးပြန်ထိုးပစ်လိုက်တာပဲ၊ လက်ညှိုးထိုးတာကောင်းမှ အဲဒီလူရဲ့ လက်ဝဲရင်အုံနှလုံးသားတည့်တည့်ဆီ ပြန်ထိုးပစ်လိုက်တာ ဒါပေမဲ့ ငါက မေတ္တာသမားဖြစ်ဖို့ ကြိုးစားနေသူဆိုတော့ သူခံရမယ့် မကောင်းကျိုးတွေ ပပျောက်အောင်တော့ပြန်ဆုတောင်းပေးနေပြီပြန်တယ်"

'ဒီကိစ္စဟာ ဆရာ အတော်ကြိုက်တဲ့ကိစ္စပဲနော်"

ဦးရဲမြင့် ဘာမှမပြော၊ ပြုံးနေတယ်။ အတန်ကြာတော့...

'လက်ညှိုးထိုးမခံသင့်တဲ့ အကြောင်းချင်းရာတွေထဲက လူသိများတဲ့အကြောင်းတစ်ခု မောင်အောင်ခေါင်ကို ပြောပြမယ်၊





လူသိများတယ်ဆိုရာမှာ ဗုဒ္ဓဘာသာဝင်တွေ ပိုအသိများတဲ့ အကြောင်းပါ၊ မောင်အောင်ခေါင်က ဗုဒ္ဓဘာသာဝင်ဆိုတော့ အဲဒီအကြောင်း ပြောပြမယ်၊ တခြားလူမျိုးတခြားဘာသာဝင်တွေရဲ့ အယူအဆနဲ့ ကျိုးကြောင်းပြအဖြစ်အပျက် ပုံပြင်ဒဏ္ဍာရီတွေကို တော့ ပြောပြမနေတော့ပါဘူး၊ မောင်အောင်ခေါင် ယုံကြည်ချင်မှ ယုံကြည်မှာကိုး"

ဦးရဲမြင့် ဆက်ပြောတယ်။

'ဟိုးရှေးရှေးတုန်းကပေါ့၊ လမ်းဆုံအရပ်တစ်ခုမှာ ညောင်ပင်ကြီးတစ်ပင် ရှိသတဲ့။ ရောမညောင်ပင်ကြီး။ အင်မတန်ကြီးမားလွန်းပြီး လမ်းဆုံမှာ ပိတ်ဆို့နေတာမို့ လမ်းသွားတဲ့လူတွေ အဲဒီညောင်ပင်ကြီးကို ကွေ့ကွေ့သွားရတာ ခရီးယောက်အောင်ကို ဖြစ်ဖြစ်နေသတဲ့၊ အဲဒီလိုခရီးယောက်မှုတွေဖြစ်တော့ လူတွေ စိတ်မရှည်ကြဘူး၊ ဒီညောင်ပင်ကြီးကို ကွေ့နေရတာနဲ့ ခရီးမရှည်သင့်ဘဲ ရှည်နေရတယ်ဆိုပြီး အပြစ်တင် ပြောဆိုကြသတဲ့၊ အပြစ်တင်ပြောဆိုရာမှာ ခရီးသွားတွေ ညောင်ပင်ကြီးနား ရောက်ရင် ပိတ်ဆို့နေတဲ့ညောင်ပင်ကြီးကို လက်ညှိုးထိုးပြီး ဒီညောင်ပင်ကြီးကိုကွေ့ရဦးမယ်၊ ခရီးမရှည်သင့်ဘဲ ရှည်ရဦးမယ်၊ ဒီညောင်ပင်ကြီးမရှိလို့ ဖြတ်သွားရရင် ခရီးမယောက်ဘူး၊ ခုတော့ ခရီးယောက်ရတယ်၊ အစရှိအပြစ်တင်ပြောဆိုမှုတွေကို ညောင်ပင်ကြီးကို လက်ညှိုးထိုးထိုးပြီး ပြောဆိုကြသတဲ့"

ဆ န် း သ စ် ဦ း တ မေ

www.burmeseclassic.com

www.burmeseclassic.com



'သူတို့တစ်တွေ စုပေါင်းပြီး အဲဒီညောင်ပင်ကြီးကို မခုတ်ပစ်ဖူးလား'

အောင်ခေါင်က မေးမိတယ်။

'ညောင်ပင်ကြီးက ကြီးလွန်းတယ်လေ၊ ဒါပေမဲ့ မောင်အောင်ခေါင်ပြောသလို ခုတ်ပစ်စရာတော့ မလိုတော့ပါဘူး၊ ခရီးသွားတွေ အဲဒီနားရောက်ရင် အဲဒီလို လက်ညှိုးထိုးထိုးသွားကြ တာနဲ့ပဲ ရောမ ညောင်ပင်ကြီးဟာ တဖြည်းဖြည်းညှိုးရော်ပြီး နောက်ဆုံး ခြောက်သေသွားသတဲ့'

အောင်ခေါင် လက်ညှိုးထိုးခံရပြီး သေတဲ့အထိဖြစ်သွားတဲ့ ရောမညောင်ပင်ကြီးအကြောင်း ငြိမ်တွေးနေမိတယ်။

ဦးရဲမြင့်လည်း ဘာမှဆက်မပြောဘဲ ငြိမ်နေတယ်။

'ဘာပဲဖြစ်ဖြစ် မောင်အောင်ခေါင်၊ သူတစ်ပါး လက်ညှိုးထိုးခံရမှာကို ကြောက်သင့်ပါတယ်၊ နောက်ပြီး ယဉ်ကျေးရည်မွန်သိမ်မွေ့တဲ့ လူတစ်ယောက်အနေနဲ့လည်း သူတစ်ပါးကို လက်ညှိုးထိုးပြီး စကားမပြောသင့်ပါဘူး'

လက်ညှိုးထိုးကိစ္စကို ဦးရဲမြင့် ဒီလောက်နဲ့ပဲ နိဂုံးချုပ်လိုက်ပါတော့တယ်။

* * *





ဒေခင်စရာများ သိမှတ်သားစရာ

'ဒီလိုပါပဲ မောင်အောင်ခေါင်ရယ်၊ တို့ပင်လယ်ထဲက အထီးကျန်ဆွေး စိတ်လေလို့ ပင်လယ်ပြင်ကြီးကိုဖြတ် ကိုယ့်နေရပ်ဘက် ပြန်ကြည့်နေလိုက်ရင် ကိုယ့်နေရပ်ဆီက ကိုယ့်သံယောဇဉ်ရှိသူတွေ ပင်လယ်ပြင်ကြီးကို ဖြတ်သန်းလာပြီး ကိုယ့်စိတ်လေမှုကို ဖြေသိမ့်ပေးစမြဲပဲ'

ဦးရဲမြင့်စကား အမှန်ပါပဲ။ အလုပ်အားချိန်စိတ်လေလေဖြစ်နေတဲ့ အောင်ခေါင် ရန်ကုန်ရှိရာ အရပ်ဆီမှန်းပြီး ပင်လယ်ပြင်ကြီးကို ကျော်ဖြတ်ကြည့်နေရာမှာ...

အောင်ခေါင့်အတွေးထဲသဇင်ရောက်လာတယ်။ သဇင်ရဲ့ အပြစ်ကင်းစင်တဲ့ ပုံရိပ်ချိုချိုလေးက အောင်ခေါင့်စိတ်လေနေခြင်းကို နှစ်သိမ့်ပေးတာတော့ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တူနှစ်ကိုယ် ပေါင်းစပ်ရခြင်းအထိ မရှိသေးသော်မှ ကိုယ်ချစ်ရတဲ့ ကိုယ့်ချစ်သူလေးက ကိုယ့်ကိုချစ်နေတာပဲဆိုတဲ့ အသိ ရင်ထဲပီတိဖြစ်ရပါတယ်။

'သူလည်း ငါ့ကို သတိရအောက်မေ့နေမှာပါလေ'

အောင်ခေါင် စိတ်မှာ ရေရွတ်မိတယ်၊ သဇင်က နုနယ်တဲ့အတွေးသမား အဆွေးသမားလေးဆိုတာ အောင်ခေါင် သိတယ်။ အောင်ခေါင် ပင်လယ်မထွက်မီ အိမ်မှာအိပ်တဲ့ နောက်ဆုံးညက…

အဲဒီညက သဇင် ခံစားနေရပုံလေး အောင်ခေါင် ပြန်မြင်ယောင်မိတော့ ရင်ထဲမချိဖြစ်သွားရတယ်။ အဲဒီညက အောင်ခေါင် အိပ်မပျော်။ ဘဝတစ်လျှောက် သဇင်လေးကို ချစ်မိတဲ့အသိ အောင်ခေါင့်အတွေတွေခံစားချက်တွေက အောင်ခေါင့်ကို နှိပ်စက်နေကြတယ်။ အောင်ခေါင် အိပ်ယာထဲ တလူးလူး တလွန့်လွန့်နဲ့…။

အသက်နဲ့မလိုက်အောင်ပါပဲ။ အောင်ခေါင့်ခံစားချက်တွေကလည်း မချိမဆန့်တွေချည်းပဲ၊ အောင်ခေါင် အိပ်မပျော်နိုင်တဲ့ဒဏ်ကို ခံစားမနေနိုင်တော့။ အိပ်ယာဆီက လူးလဲ ထလိုက်တယ်။ ဝရံတာဘက်ထွက်တဲ့ တံခါးပေါက်ကို အသာဖွင့်ပြီး ဝရံတာဘက် ထွက်မယ်ပြင်လိုက်တယ်။

ဒီမှာတင် ဝရံတာမှာရပ်နေတဲ့ လူရိပ်တစ်ခုကို တွေ့





လိုက်တယ်။ လပြည့်ည လရောင်ထင်းထင်းမှာဆို့ ရပ်နေသူ သဇင်ဆိုတာကို သိလိုက်တယ်။ သဇင် မအိပ်သေးပါလား။ သဇင်လည်း အိပ်မပျော်ဖြစ်နေရှာပုံရတယ်။ အောင်ခေါင် ပင်လယ်ပြင်ကိုထွက်ရတော့မယ်ဆိုတာ သဇင်သိထားတယ်။ ဒီကိစ္စ သဇင် ခံစားနေရပုံရတယ်။

အောင်ခေါင် သေသေချာချာကြည့်လိုက်တော့ သဇင်ငိုနေတယ်ဆိုတာကို သိလိုက်ရတယ်။ တွေ့မြင်လိုက်ရတယ်။

လရောင်အလင်းမှာ ဝင်းဝင်းလေးထင်နေတဲ့ သဇင့်ပါးပြင်နှစ်ဘက်မှာ မျက်ရည်စီးကြောင်းလဲ့လဲ့ကလေးတွေ။ သဇင့်နှုတ်ခမ်းအစုံကလည်း လှုပ်လှုပ်လှုပ်လှုပ်နဲ့ တစ်စုံတစ်ရာ ရေရွတ်နေတယ်၊ အသံကို ညှညကလေး ကြားရတာမို့ ဘာတွေ ရေရွတ်နေတယ်ဆိုတာ အောင်ခေါင် ပီပီပြင်ပြင် မသိနိုင်။

လရောင်အောက်မှာ မျက်ရည်ကြည်လေးတွေနဲ့ တောက်နေတဲ့ သဇင့်ရဲ့မျက်လုံးအစုံ…။

အောင်ခေါင် သက်ပြင်း မှိုင်းမှိုင်းလေး ချိုးချပြီး တွေဝေကြည့်နေမိတော့တယ်။ အဲဒီမြင်ကွင်း ခု… အောင်ခေါင် ရှေ့နားမှာ ထင်းနေသလိုပါပဲလား။

'လှသတ်ခံရမှာတောင် မိန်းကလေးက သတ်မှာ'

'ဟာ… အဲဒီမိန်းကလေးက သူ့ကိုသိပ်ချစ်တဲ့ မိန်းကလေးပါလား'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအသံတွေ ကြားယောင်ရင်း…။

အဲဒီညက သစင့်ရဲ့မြင်ကွင်းလေး ပျောက်သွားအောင် အောင်ခေါင် ဝရံတာတံခါးကို အသာပြန်ပိတ်လိုက်မိတယ်။ ခုလည်း အဲဒီအသံတွေ ကြားယောင်ရင်း… သစင့်ပုံရိပ်မြင်ကွင်းလေး ပျောက်ကွယ်သွားတယ်။

ဒီလောက်နူးညံ့ပြီး ချစ်တတ် တွေးတတ် ဆွေးတတ်တဲ့ မိန်းကလေးမျိုး လူသတ်ပါ့မလား။ သူသိပ်ချစ်တဲ့ ငါ့ကိုသတ်ပါ့မလား။ ငါ့အတွေးတွေ သိပ်ကြောင်နေပြီလား။ အောင်ခေါင် အတွေးထဲမှာတင် ပြောမိတာပါ။

အောင်ခေါင် စိတ်ပျက်လက်ပျက် ခေါင်းကိုပြင်းပြင်း ခါယမ်းလိုက်မိတယ်။

သူ့ခေါင်းခါရမ်းလိုက်မှုမှာ သူမြင်တွေ့လိုက်ရတာက သူ့ဘေးနားမှာ ရပ်ပြီး ပင်လယ်ပြင်ကို ကျော့ဖြတ်ကြည့်နေတဲ့ ဦးရဲမြင့်…။ ဦးရဲမြင့် ဘယ်အချိန်ကတည်းက သူ့ဘေးနား ရောက်နေတယ်မသိ။

'လူသတ်တဲ့ မိန်းမတွေရှိတယ်၊ လူသတ်ရက်တဲ့ မိန်းမတွေရှိတယ်၊ လူသတ်ရဲတဲ့မိန်းမတွေရှိတယ်၊ လောကကြီးထဲမှာ မယုံကြည်နိုင်လောက်အောင် ဖောက်ပြန်ရဲတဲ့ မိန်းမတွေ ရှိတယ်'

ဦးရဲမြင့်ဆီမှ အသံကြောင့် အောင်ခေါင် လန့်ဖြန့်သလို





ဖြစ်သွားပြီး ဦးရဲမြင့်ကို ကြောင်ကြည့်နေမိတယ်။

ဦးရဲမြင့် အောင်ခေါင့်ဘက်ကို ကြည့်ပြီးပြောခြင်း မဟုတ်။ ဟိုးအဝေးဆီ ပင်လယ်ပြင်ကြီးကို ကျော်ဖြတ်ကြည့် နေရင်းက ပြောခြင်းဖြစ်တယ်။

အတန်ကြီးကြာမှ သူ့ကို ကြောင်ကြည့်နေတဲ့ အောင် ခေါင့်ဘက်ဆီ သူ့အကြည့်ကို ပြန်ပို့တယ်။

'ဪ… မောင်အောင်ခေါင်၊ တွေးလို့ငေးလို့ပြီးပြီလား၊ လာ…လာ… မိုးချုပ်စပြုနေပြီ၊ ပြန်ကြစို့'

ပြောပြောဆိုဆို ဦးရဲမြင့်က ရှေ့မှ ဦးဆောင်ထွက်တယ်။ အောင်ခေါင်နောက်မှ လိုက်ရင်း အတွေးတွေက ဇဝေဇဝါ။

'ဦးရဲမြင့်ကြီး ငါ့စိတ်ထဲက အတွေးတွေကို ဘယ်လို သိနေပါလိမ့်၊ ငါက သစင့်လို မိန်းကလေးမျိုး၊ ငါ့ကို သတ်မယ့် မိန်းမ ဖြစ်နိုင်ပါ့မလားတွေးနေတာကို ဘယ်လိုသိနိုင်ပြီး ဝင်ပြော ပါလိမ့်၊ လူသတ်တဲ့မိန်းမတွေ ရှိတယ်၊ လူသတ်ရက်တဲ့ မိန်းမ တွေရှိတယ်၊ လူသတ်ရဲတဲ့မိန်းမတွေရှိတယ်၊ လောကကြီးထဲမှာ ယုံကြည်နိုင်လောက်အောင် ဖောက်ပြန်ရဲတဲ့ မိန်းမတွေရှိတယ်တဲ့ ရာဦးရဲမြင့်ကတော့ တကယ့်ကို လူထူးလူဆန်းကြီးပဲ၊ တခြားလူ ့စိတ်ကို သိနိုင်တယ်'

အောင်ခေါင် ဦးရဲမြင့်နောက်မှလိုက်ရင်း ဦးရဲမြင့်အပေါ် ထင်ကြီးလေးစားမှု အတွေးတွေ တစိမ့်စိမ့်ဖြစ်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ… ဆရာခုနပြောတဲ့ လူသတ်တဲ့ မိန်းမတွေရှိတယ်၊ လူသတ်ရက်တဲ့မိန်းမတွေရှိတယ်၊ လူသတ်ရဲတဲ့ မိန်းမတွေရှိတယ်၊ လောကကြီးမှာ မယုံကြည်နိုင်လောက်အောင် ဖောက်ပြန်ရဲတဲ့မိန်းမတွေရှိတယ်ဆိုတဲ့ စကားက…"

ဦးရဲမြင့် တုံ့ခနဲ ရပ်တန့်လိုက်တယ်။ အောင်ခေါင့်ကို မရဲမရဲ ပြန်လှည့်ကြည့်တယ်။ မျက်မှောင်ကုပ်စဉ်းစားသလို လုပ်ပြီး…

"ဪ… ခုနက ပြောလိုက်မိတယ်ထင်ရဲ့၊ မိန်းမတွေ လုံးဝမရှိတဲ့ တို့ကျွန်းကနေ မိန်းမတွေရှိနေတဲ့ ကမ္ဘာမြေပြင်ကြီးကို လှမ်းကြည့်နေမိရင်း အဲဒီမိန်းမတွေအကြောင်း လျှောက်တွေးနေမိတယ်၊ မိန်းမဆိုးတွေအကြောင်း အတွေးရောက်သွားရာကနေ စိတ်ပေါက်ပေါက်နဲ့ ရေရွတ်လိုက်မိတာ ထင်ပါရဲ့၊ ကိုယ့်ဘာသာ ကိုယ်တောင် အမှတ်တမဲ့ပဲ"

ဦးရဲမြင့် စကားမှာ အောင်ခေါင် မျက်စိလည်သွားသလိုလို။

*





(၂)

ဘာပဲဖြစ်ဖြစ် အဲဒီလိုကိစ္စလေးတွေ စုစည်းလာတော့ အောင်ခေါင့်စိတ်ထဲမှာ တွေးထင်မှုတစ်ခုဖြစ်လာတယ်။

ဦးရဲမြင့်တစ်ယောက် တခြားလူတစ်ယောက်ယောက်ရဲ့ အတွင်းစိတ်ကို သိနိုင်တဲ့ ပညာတစ်မျိုးမျိုးတတ်နေမှာပါ။ ဒါပေမဲ့ တခြားလူမသိအောင် သူ မှိတ်ထားပုံရတယ်။ သူ့ပညာ လူများ သိမှာစိုးလို့ လျှို့ထားပုံရတယ်လို့ အောင်ခေါင် တွေးထင်မှုဖြစ်တယ်။

"ဦးရဲမြင့်ကြီးကတော့ တခြားလူတွေရဲ့စိတ်ကို သိနေသလိုပဲ"

တခြားလူတွေဆီကလည်း အဲဒီလိုစကားမျိုး အစွန်းအစ ထွက်တယ်။ လူသတ်ခဲ့တဲ့ အောင်ခေါင်တစ်ယောက် ဦးရဲမြင့် ရှေ့မှာ အနေကြံ့သလိုဖြစ်လာတယ်။ သူ့ကိစ္စများ ဦးရဲမြင့် သိထားသလား။

"ဆရာ… ဆရာ ဗေဒင်တွေဘာတွေ တတ်သလားလို့"

နှစ်ယောက်ချင်းမှာ အောင်ခေါင် အဲဒီလို ဦးရဲမြင့်ကိုမေးမိတယ်။ ဦးရဲမြင့် အောင်ခေါင့်ကို စူးစမ်းတဲ့အကြည့် ကြည့်တယ်။

"ဘာဖြစ်လို့လဲ မောင်အောင်ခေါင်"

"ကျွန်တော့်အထင် တစ်ခါတလေ ဆရာ့ပြောစကားတွေက လူတစ်ယောက်ရဲ့ အတွင်းစိတ်ထဲရှိနေတာကို သိနေသလို



www.burmeseclassic.com

www.burmeseclassic.com



ပဲ'

ဦးရဲမြင့် သာသာညင်ညင်ပြုံးတယ်။

'တချို့လူတွေကလည်း အဲဒီလိုပြောတယ်၊ အဲဒါ ဗေဒင် ပညာကြောင့် မဟုတ်ပါဘူး၊ တိုက်ဆိုင်မှု၊ ဒါမှမဟုတ်လည်း တခြားကိစ္စတစ်ခုကြောင့်တော့ ဖြစ်နိုင်တယ်'

ခပ်စိပ်စိပ်လေးဖြစ်တတ်တဲ့ ဒီကိစ္စကို တိုက်ဆိုင်မှု သက် သက်လို့ဆိုရင်တော့ အောင်ခေါင် သိပ်လက်မခံချင်။

'တိုက်ဆိုင်မှုသက်သက်တော့ မဟုတ်နိုင်ပါဘူး ဆရာ ရယ်၊ ဗေဒင်မဟုတ်ရင် တခြားဘာကိစ္စမျိုးကြောင့်လည်း စိတ် ပညာဆိုတာမျိုးလား၊ မှော်ပညာဆိုတာမျိုးလား'

ဦးရဲမြင့် ခေါင်းတွင်တွင်ခါတယ်။

'ပညာလို့ မဆိုနိုင်ပါဘူး မောင်အောင်ခေါင်၊ ကျင့်စဉ် တစ်မျိုးကြောင့် ဆိုရင်တော့ လုံလောက်လောက်ပါရဲ့'

'ကျင့်စဉ်… ဘယ်လိုကျင့်စဉ်မျိုးလဲ ဆရာ၊ ပြောပြ နိုင်မလား'

အောင်ခေါင် စိတ်ဝင်တစားဖြစ်နေတယ်။ ဦးရဲမြင့် ဖြည်းဖြည်းအေးအေး ပြောတယ်။

'ပြောပြနိုင်ရုံတင်မကပါဘူး မောင်အောင်ခေါင်ရယ်၊ ဖြစ်နိုင်ရင် လူတွေအားလုံးကိုတောင် အဲဒီကျင့်စဉ် ကျင့်စေချင် တယ်'





ဦးရဲမြင့် ဆက်ပြောတယ်။

'နှုတ်ဖြင့် ကျူးလွန်လေ့ရှိတဲ့ မကောင်းမှုလေးမျိုးကို ရှောင်ကြဉ်ခြင်းဆိုတဲ့ ကျင့်စဉ်ပါ မောင်အောင်ခေါင်'

'ဝစီဒုစရိုက်လေးမျိုးကို ရှောင်ကြဉ်ခြင်းဆိုပါတော့'

'ပါဠိလိုတော့ မုသာဝါဒါ၊ ဖရုသဝါစာ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပါဆိုတဲ့ ဝစီဒုစရိုက်လေးမျိုးပဲ'

'မြန်မာလို ဘာသာပြန်ရရင် မဟုတ်မမှန်လိမ်လည် စကားမပြောခြင်း၊ ဆဲရေးညစ်ညမ်းယုတ်ယုတ်မာမာ စကားမပြော ခြင်း၊ ထိခိုက်နစ်နာပျက်စီးစေချင်တဲ့စိတ်နဲ့ ကုန်းချောစကား မပြောခြင်း၊ ပုံပြင်ဆန်ဆန်ဒဏ္ဍာရီဆန်ဆန် စကားပို စကားပေါ တွေ မပြောခြင်း အဲဒီ လေးမျိုးပေါ့'

အောင်ခေါင် စိတ်ဝင်တစား နားထောင်နေတယ်။

'အဲဒီလေးမျိုးကို ကောင်းမှန်းသိကတည်းက ကျင့်ကြံ လာခဲ့တယ်၊ ကောင်းမှန်းသိကတည်းက ဆိုရာမှာလည်း ကောင်း ကျိုးသိကတည်းကလို့ ဆိုတာမဟုတ်ဘူးနော်၊ ဒီကျင့်စဉ်လေးမျိုး ဟာ အင်မတန်ကောင်းတဲ့ကျင့်စဉ်တွေပဲ၊ ဒီလေးမျိုးဟာ ကျင့်ကို ကျင့်သင့်တယ်၊ ကျင့်ရင် ကောင်းမယ်ဆိုတဲ့ ကျင့်စဉ်တွေရဲ့ ကောင်းခြင်းကို သိလို့ကျင့်တာ၊ မောင်အောင်ခေါင် ကောင်းတဲ့ကိစ္စ တွေနဲ့အတူ ကောင်းကျိုးတွေဟာ ရှိနေတာပဲ၊ ဆိုးတဲ့ ကိစ္စတွေနဲ့ အတူ ဆိုးကျိုးတွေဟာ ရှိနေတာပဲ၊ အကျိုးဆိုတာတွေဟာ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆက်တွဲတွေပဲ၊ ကိုယ်လုပ်မယ့် အလုပ်ကောင်းလား၊ ဆိုးလား ဆိုတာသာ မူလစစ်မြစ်အကြောင်းပဲ၊ ဒီကျင့်စဉ်ကောင်းတယ်ဆိုတာ လက်ခံ တယ်၊ ကျင့်လာခဲ့တာကြာပြီ"

"ဒီကျင့်စဉ်ကြောင့် ဆရာ စကားပြောတဲ့ကိစ္စတွေမှာ ဒီလိုမှန်ကန်မှုတွေ ဖြစ်လာတာပေါ့နော် ဆရာ"

"အဲဒီလို မပြောသေးဘူးနော်၊ ဒီကျင့်စဉ်ရဲ့ အကျိုး သွားကြောင့် အဲဒီလိုဖြစ်လာတာလည်း ဖြစ်နိုင်တယ်၊ ဒါ့ထက်မက အကျိုးသွားတွေလည်းဖြစ်လာနိုင်တယ်၊ အဲ… သေချာတာက တော့ ကောင်းတဲ့အကျင့်ဟာ ဆိုးတဲ့အကျိုးနဲ့တော့ ဘာမှဆိုင်မှာ မဟုတ်ဘူး၊ ကောင်းတဲ့အကျိုးတွေပဲ ဖြစ်လာနိုင်မှာပါ၊ အကျိုးနဲ့ ပတ်သက်လို့တော့ စိတ်ချပြီးသားပါ၊ 'ကောင်းတဲ့အကျင့်က ကောင်းတဲ့အကျိုးပဲဖြစ်မှာပဲလို့ ကျင့်ကြံမိတဲ့ကိစ္စမှာတော့ အကျိုးကို တောင် သိပ်မတွေးပါဘူး၊ ကောင်းတဲ့အကျင့်မို့ ကျင့်ရတာလည်း ကောင်းလို့ကျင့်နေမိတာပဲ"

"ဆရာ ပြောတာ ရိုးရိုးရှင်းရှင်းလေးနဲ့ကို အားရစရာ အားကျစရာပဲ၊ ဒီကျင့်စဉ်ကောင်းတယ်ဆိုတာ ကျွန်တော် လက်ခံ ပါတယ်၊ ဒါပေမဲ့ ကျင့်နိုင်ပါ့မလား မသိဘူး"

အောင်ခေါင်က စိက်ပင်ကစားပြောတယ်။

"ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး ကောင်းကျိုး ကိုယ်၌ တည်စေမင်းဆိုတဲ့ ကဲတော်မင်းဘျောင်းဆရာ တော်ရဲ့





ဩဝါဒရှိတယ်လေ၊ ကောင်းမှုကိုမြတ်နိုးရင် ကောင်းအောင် ကြိုးစားရမှာပေါ့၊ ကောင်းအောင် ကြိုးစားမှုမရှိဘဲ ပါးစပ်ကပဲ ကောင်းမှုမြတ်နိုးတယ် ပြောနေရင် ကောင်းမှုတကယ်မမြတ်နိုး နိုင်သေးလို့ဘဲပေါ့၊ အဲ… ကောင်းအောင်သာ ကြိုးစားနိုင်ပြီဆို ကောင်း ကျိုးဆိုတဲ့ကိစ္စကလည်း စိတ်ကူးယဉ်နေစရာ မလိုပါ ဘူး၊ အဆင့်ကျော်ပြီး ကောင်းကျိုးမျှော် ကြိုးစားမိရင် အဲဒီကြိုးစား မှု ခမြဲတာဘူးနော်၊ အကြောင်းကြောင်းမှာ ရပ်သွားတန့်သွား လည်သွားပျက်သွားတတ်တယ်၊ တကယ်ကောင်းမှုကို မြတ်နိုးစိတ် ရှိမှ တချင့်ကြံ ကြိုးစားချင်စိတ်မြဲတာ"

"တကယ်ရင်ထဲကတော့ မြတ်နိုးတယ်ပေါ့ ဆရာရယ်၊ ကျင့်ကြံတဲ့သူတွေတွေ့ရင်လည်း တကယ်အားကျလေးစားပါ တယ်၊ ဘဝအခြေအနေအမျိုးမျိုးကြောင့် ကိုယ်တိုင် မကျင့်ကြံနိုင် ဖြစ်နေတဲ့လူမျိုးဆို…"

"မောင်အောင်ခေါင်ရယ်… ဆင်ခြင်ဆင်လက်ဆိုတာ တွေဟာ ဆင်ချင်တဲ့တရားကို ဖျက်ဆီးတဲ့အရာတွေပါ၊ လူပျော့ လူညံ့တွေရဲ့ မာယာပါ၊ အခွင့်သာလို့ ယောကျ်ား ဘဝကိုရလာရ သူတွေဟာ ယောကျ်ားစိတ်စစ်စစ် ဖြစ်နေဖို့လိုတယ်၊ ယောကျ်ား ကောင်းဖြစ်နေဖို့ လိုတယ်၊ အဲဒါဟာ ယောကျ်ားတွေစိတ်မှာ ထားရမယ့် ဆင်ခြင်တဲ့တရားအစစ်အမှန်ပါ၊ ဆင်ခြေဆင်လက် တွေနဲ့ ယောကျ်ားစိတ်စစ်စစ်ကို မဖျက်ဆီးပစ်ချင်ပါနဲ့၊ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ပျော့ယောကျ်ားညံ့တွေလို မာယာမများချင်ပါနဲ့'

ဦးရဲမြင့်စကားက အောင်ခေါင့်ရင်ထဲကို ယောကျ်ား စစ်စစ်ဆိုတဲ့စိတ် အတင်းထိုးထည့်ပေးလိုက်သလိုပဲ။ အောင်ခေါင် အသွေးအသားတွေထဲ အားသစ်တွေ ဝင်သွားသလိုပဲ။ နဂိုက ခံယူ ထားတဲ့ ယောကျ်ားဆိုတဲ့ စိတ်ထက်ပိုတင်းမာတဲ့ ယောကျ်ားစိတ် ဖြစ်သွားသလိုပဲ။

ဦးရဲမြင့် အောင်ခေါင့်ကို ကြည့်နေရင်း သေသံပြန် လျှော့ပေးလိုက်တယ်။

'လေးမျိုးမလုပ်နိုင်ရင် သုံးမျိုးလုပ်ပေါ့၊ သုံးမျိုးမလုပ် နိုင်ရင် နှစ်မျိုးလုပ်ပေါ့၊ နှစ်မျိုးမလုပ်နိုင်ရင် တစ်မျိုး လုပ်ပေါ့၊ သုညဖြစ်နေမယ့်အစား တစ်ဖြစ်သွားရင် နှစ်နဲ့နီးစပ်သွားမယ်၊ နှစ်ဖြစ်သွားရင် သုံးနဲ့နီးစပ်သွားမယ်၊ သုံးဖြစ်သွားရင် လေးနဲ့နီးစပ် သွားမယ်'

'အဲဒီလိုကော လုပ်လို့ရလား ဆရာ'

'ကောင်းမှုတစ်မျိုးမျိုးလုပ်နေသူပဲ မောင်အောင်ခေါင် ရယ်၊ လုံးဝကောင်းမှုမလုပ်တဲ့သူထက်တော့ သာနေမှာပေါ့'

'ဒါဆို ကျွန်တော် အဲဒီလေးမျိုးထဲက ဘယ်တစ်မျိုး ကို လုပ်သင့်လဲ'

ဒီကျင့်စဉ်လေးမျိုးဟာ ကောင်းတဲ့ကျင့်စဉ်ဆိုတာ အောင်ခေါင်လက်ခံပါတယ်။ ဒါပေမဲ့ သူ အဲဒီလေးမျိုးလုံးကို





တော့ တစ်ပြိုင်တည်း စပြီးကျင့်နိုင်မှာ မဟုတ်ဘူးလို့ အောင်ခေါင် သူ့ကိုယ်သူထင်တယ်။ တစ်မျိုးမျိုးလောက်တော့ ကျင့်သင့်တယ် ထင်ပြီး အောင်ခေါင် မေးတယ်။

'အဲဒီလေးမျိုးမှာ အချုပ်ကတော့ မုသာဝါဒပဲ၊ မမှန် ကန်တဲ့စကားတွေ မပြောနဲ့ပေါ့၊ မှန်ကန်တာတွေပဲ ပြောပေါ့၊ မုသာဝါဒဆိုတဲ့ နှုတ်မကောင်းမှုကို မကျူးလွန်ခြင်းဟာလည်း သိပ်ကျင့်ကြံထိုက်တဲ့ ကောင်းမှုပါ၊ ဒီကောင်းမှုနဲ့အတူ ကောင်း ကျိုးတွေလည်း ရှိနေပါတယ်၊ မောင်အောင်ခေါင် အလွယ်မှတ်မိ နိုင်လောက်တဲ့ ကောင်းကျိုးတစ်ခုကို ပြောပြမယ်၊ မှန်တာတွေ ပြော၊ ပြောတာတွေ မှန်လိမ့်မယ်'

'မှန်တာတွေ ပြော၊ ပြောတာတွေ မှန်လိမ့်မယ်'

အောင်ခေါင် သံယောင်လိုက် ရေရွတ်လိုက်မိတယ်။

'ဟုတ်တယ် မောင်အောင်ခေါင်၊ မှန်တာတွေပြော၊ ပြောတာတွေ မှန်လိမ့်မယ်၊ မုသာဝါဒဆိုတဲ့ ဝဇီဒုစရိုက်ကို ဗေဒင် ဆရာလိုလူမျိုးတွေ အထူးရှောင်သင့်တယ်၊ သူတို့ပြောဟောတာတွေ မှန်စေချင်ရင် မှန်တာတွေပဲ ပြောသင့်တယ်၊ ဒါဆို သူတို့ပြော တာတွေမှန် ပြီး သူတို့ရဲ့ဂုဏ်သရေတိုးတက်မယ်၊ စီးပွားလာဘ် လာဘကောင်းမယ်'

'အထူးရှောင်ဆိုတာက'

'အမှန်က ငါးပါးသီလဆိုတာ လူတိုင်းကျင့်ကြံသင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သီလလေး၊ သူ့အသက်ကိုသတ်ခြင်းဆိုတဲ့ မကောင်းမှုကို ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်းဆိုတဲ့ မကောင်းမှုကို ရှောင်ကြဉ်ခြင်း၊ သူ့သားမယားကို ကျူးလွန်ခြင်းဆိုတဲ့ မကောင်းမှုကို ရှောင်ကြဉ်ခြင်း၊ မမှန်သောစကားပြောဆိုခြင်းဆိုတဲ့ မကောင်းမှုကို ရှောင်ကြဉ်ခြင်း၊ သေရည်သေရက် မူးယစ်သောက်စားခြင်းဆိုတဲ့ မကောင်းမှုကို ရှောင်ကြဉ်ခြင်း။ အဲဒီဒုစရိုက်တွေနဲ့ စင်ကြယ်စွာ နေထိုင်ခြင်းဟာ လူတိုင်းကျင့်ကြံလိုက်တဲ့သီလပဲ၊ အဲ… အထူးဆိုတာကတော့ သီလငါးပါးလုံးကိုဖြစ်ဖြစ် တစ်ပါးနှစ်ပါး စသည်ဖြစ်ဖြစ် သေတစ်ယန်သက်ကာစ်ဆုံး သစ္စာဆိုပြီး ဒါမှမဟုတ် အတိုင်းအတာတစ်ခုတစ်ရာအတွင်း အဓိဋ္ဌာန်ပြုပြီး စောင့်ထိန်းခြင်းကိုဆိုလိုတာပါ”

‘အထူးစောင့်ထိန်းနိုင်ရင်…’

‘ကောင်းကျိုး အထူးတွေလည်း ဖြစ်လာမှာပေါ့ မောင်အောင်ခေါင်၊ စင်ကြယ်စွာနေထိုင်နိုင်ခြင်းကောင်းမှုမှာ ကောင်းကျိုးတွေရှိနေသလို သစ္စာတို့ အဓိဋ္ဌာန်တို့ ကိစ္စတွေမှာလည်း ကောင်းကျိုးအထူးတွေတရှိနေတာကိုး။ ဒါကြောင့် ကိုယ့်ရည်ရွယ်ချက်တို့ အောင်မြင်ရာအောင် မြင်ကြောင်းတို့ပေါ် မူတည်ပြီး ဖြစ်ဖြစ် အနည်းဆုံး သက်ဆိုင်မှုရှိတဲ့ သီလတစ်ပါးပါးကို အထူးစောင့်ထိန်းခြင်းဖြစ်တဲ့ သစ္စာဆိုပြီး စောင့်ထိန်းခြင်းဖြစ်ဖြစ် အဓိဋ္ဌာန်ပြုပြီး စောင့်ထိန်းခြင်းဖြစ်ဖြစ် ပြုလုပ်သင့်တယ်’





ဦးရဲမြင့်စကားတွေကို အောင်ခေါင် စေ့စေ့နားထောင်ရင်း စေ့စေ့စပ်စပ် တွေးတောမှု ပြုတယ်။

‘ဆရာ စောင့်ထိန်းတဲ့ ဝစီဒုစရိုက်ရှောင်ကြဉ်ခြင်း သီလလေးမျိုးက ငါးပါးသီလထဲမှာ တစ်မျိုးပဲပါတာပေါ့နော်’

ဝစီဒုစရိုက်ကိစ္စနဲ့ ငါးပါးသီလကိစ္စ နားမရှင်းတဲ့အတွက် အောင်ခေါင် မေးလိုက်မိတယ်။

‘ဒီလို မောင်အောင်ခေါင်ရဲ့၊ လူသားတိုင်း စောင့်ထိန်းသင့်တဲ့ ငါးပါးသီလအပြင် လူသားတိုင်း စောင့်ထိန်းသင့်တဲ့ အသက်မွေးဝမ်းကြောင်း လုပ်ကိုင်နေထိုင်ရင်း စောင့်ထိန်းသင့်တဲ့ ရှစ်ပါးသီလတစ်မျိုး ရှိသေးတယ်၊ အာဇီဝဋ္ဌမကသီလလို့ခေါ်တယ်၊ အဲဒီသီလမှာ ကာယဒုစရိုက်လေးမျိုးနဲ့ ဝစီဒုစရိုက် လေးမျိုးခွဲခြားထားတယ်၊ ကိုယ်နဲ့ပြုကျင့်တဲ့ မကောင်းမှုလေးမျိုးနဲ့ နှုတ်နဲ့ပြုကျင့်တဲ့မကောင်းမှုလေးမျိုးဆိုပါတော့၊ ကိုယ်နဲ့ပြုကျင့်တဲ့ မကောင်းမှုလေးမျိုးဆိုတာက သူ့အသက်ကိုသတ်တာ၊ သူ့ဥစ္စာကို ခိုးတာ၊ သူ့သားမယားကို ကျူးလွန်တာ၊ မကောင်းမှု အသက်မွေးဝမ်းကျောင်းမှုလုပ်တာတို့ ပါတယ်၊ နှုတ်နဲ့ပြုကျင့်တဲ့ မကောင်းမှုလေးမျိုးကတော့ အစကပြောခဲ့ပြီးတဲ့ လိမ်ညာတာ၊ ဆဲဆိုညစ်ညမ်းပြောတာ၊ သူတစ် ပါးထိခိုက်နစ်နာသွားအောင် ကုန်းစကား ပြောတာ စကားဆဲ့ စကားပေါ စကားပိုတွေ ပြောတာဆိုပါတော့’



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲမြင့် ဆက်ပြောတယ်။

'အဲဒီ ဝစီဒုစရိုက်လေးမျိုးကို သစ္စာစောင့်ထိန်းခဲ့တာ အတော်လေးကြာခဲ့ပါပြီ မောင်အောင်ခေါင်ရယ်၊ ခု မောင်အောင်ခေါင် ပြောတဲ့ မောင်အောင်ခေါင် စိတ်ထဲ ရှိနေတာ တွေးနေတာကို တိုက်တိုက်ဆိုင်ဆိုင် သိနေတဲ့အတိုင်း ဖြစ်နေတာက အဲဒီကျင့်စဉ်ရဲ့ ပတ်သက်တဲ့ အကျိုးသက်ရောက်မှုတစ်ခုပဲလို့တော့ အမှီးစပ်ဆုံး ထင်လို့ရမလားပဲ၊ အမှန်တကယ် စိတ်ထဲကသိလို့ ပြောတာမဟုတ်ဘူး၊ လူတစ်ဦးတစ်ယောက်ရဲ့ အတွင်းစိတ်ကို စိတ်နဲ့သိနိုင်တဲ့ စွမ်းအား တန်ခိုးမျိုးလည်းမရှိရပါဘူး မောင်အောင်ခေါင်ရယ်'

ဦးရဲမြင့်ပြောတဲ့အတိုင်းပဲ ဖြစ်နိုင်တယ်လို့ အောင်ခေါင် ထင်တယ်။

'မောင်အောင်ခေါင်… လိမ်ညာပြောဆိုမှုကို ရှောင်ကြဉ်ခြင်းဆိုတဲ့ ဝစီဒုစရိုက်တစ်မျိုးကို အထူးစောင့်ထိန်းကြည့်ပါလား။ မှန်တာတွေပြော ပြောတာတွေ မှန်လာလိမ့်မယ်၊ ခုနက အဲဒီကျင့်ကြံမှုကို ဗေဒင်ဆရာတွေ ကျင့်သင့်တယ်လို့ ပြောမိတယ်၊ သူတို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းနဲ့ နီးစပ်မှုရှိကြောင်း တွေးမိပြီး ပြောမိတာပါ၊ အမှန်က စကားပြောခြင်းနဲ့အသက်မွေးဝမ်းကြောင်းလုပ်တဲ့လူတိုင်း ကျင့်သင့်တယ်၊ ဒါ့ ထက် ပိုပြောရရင် လောကကြီးထဲမှာ စကားပြောနေကြရတဲ့လူတိုင်း ကျင့်သင့်တယ်၊ ကိုယ့်စကားတော့ အောင်မြင်ဖို့ အရေးကြီးတာကိုး ကျင့်ကြံမှုရဲ့





အကျိုး ပေးကို စိတ်ကူးတွေယဉ်ပြီး ရှည်ရှည်ဝေးဝေး မတွေးနဲ့ဦးထား၊ ရိုးရိုးဖြောင့်ဖြောင့်လေးပဲ စဉ်းစားကြည့်၊ အမှန်စကားအမှန်တရားပဲ ပြောဆိုမှုကို ကျင့်ကြံ ဝါရင့်လာသူတွေဟာ ရဲရင့်စွာ စကားပြောနိုင်တယ်၊ စိတ်လုံစွာ စကားပြောနိုင်တယ်၊ စွမ်းအားအပြည့်နဲ့ ပြောဆိုနိုင်တယ်၊ လူပုံအလယ်ပြောဆိုမှုနဲ့လည်း ကျော်ကြားနိုင်တယ်၊ သူ့စကားမှာ လူတွေရဲ့သက်ဝင်ယုံကြည်မှုတွေ ကြာလေရှိလာလေမို့ ပြောစကားနဲ့ပတ်သက်ပြီး လူတွေရဲ့ လေးစားမှုကို ခံရတယ်၊ သူများပြောလို့ မပြီးတဲ့ကိစ္စ သူပြောရင် ပြီးနိုင်တယ်၊ နောက်ဆုံး မှန်တာတွေ ပြောရင်း ပြောတာတွေ မှန်လာတဲ့အထိ ဖြစ်လာနိုင်တယ်'

ကောင်းမှုကျင့်ကြံနိုင်တဲ့ လူတွေကို အောင်ခေါင် အားရအားကျ လေးစားကြည်ညိုမှုရှိပါတယ်။ ဒါကြောင့်…

'ကျွန်တော်လည်း ကောင်းမှုတစ်ခုခုမှာ မြဲအောင်မြဲတဲ့ လူဖြစ်အောင် ကြိုးစားပါမယ် ဆရာရယ်'

အောင်ခေါင် ခေတ္တကြာ တွေးနေ စဉ်းစားနေပြီး…

'ဆရာ ဗေဒင်ဟောရင် အတော်မှန်မှာနော်၊ ဆရာ ဗေဒင်ပညာတွေ ဘာတွေကော မတတ်ဘူးလား'

ဦးရဲမြင့် အားမဲ့စွာ ယဲ့ယဲ့ပြုံးတယ်။

'တခြားအရာတွေမှာသာ မှန်ရင်မှန်မယ်၊ ဗေဒင်ဟောရင် မှန်မှာမဟုတ်ဘူး၊ အဲဒီကိစ္စ ခံစားပြီးသွားပြီ၊ ဗေဒင်ဟောဖို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်တောင်မကူးဝံ့တော့ဘူး'

'ဟာ… ဘယ်လိုဖြစ်လို့လဲ ဆရာ'

ဦးရဲမြင့်က ဖြစ်စဉ်ကို စိတ်ပျက်လက်ပျက် ပြန်ပြောပြတယ်။

ဦးရဲမြင့်တို့က ဟိန္ဒူပေမယ့် ဗုဒ္ဓဂေါတမကိုပါ ဘုရားအဖြစ် ကိုးကွယ်တဲ့ဟိန္ဒူမျိုးဆက်နွယ်။ တခြားနတ်ဘုရားတွေကို ကိုးကွယ်ပေမယ့် လူကဖြစ်တဲ့ ဘုရား ဗုဒ္ဓဂေါတမကိုလည်း သူတို့တစ်တွေ ကိုးကွယ်မှုရှိကြတယ်။ ဦးရဲမြင့် လက်ထက်မှာကျတော့ ဦးရဲမြင့်တစ်ယောက် ဘုရားအဖြစ်ရောက်အောင် ဘဝအဆက်ဆက်ကျင့်ကြံအားထုတ်ခဲ့တဲ့ လူသားဘဝကနေ သစ္စာလေးပါးမြတ်တရားကို ကိုယ်တိုင်လည်းသိမြင်၊ သတ္တဝါတွေကိုလည်း သိမြင်အောင် ဟောကြားတော်မူနိုင်မှုကြောင့် ဘုရားစင်စစ်ကေန်ဖြစ်သွားတော်မူတဲ့ မြတ်ဗုဒ္ဓအရှင်ဂေါတမကို ပိုမိုကြည်ညိုသဒ္ဓါပွားနေသူတစ်ဦး ဖြစ်နေတော့တယ်။

ဦးရဲမြင့်က ဗုဒ္ဓတရားတော်တွေကို အထူးကြည်ညိုနှစ်ခြိုက် ရင်မှာပိုက်ထားချင်သူတစ်ယောက်ပါ။ ဒါပေမဲ့ သံသရာမှာ ကျင်လည်နေကြရတဲ့သတ္တဝါတွေရဲ့ ထုံးစံ သံသရာကပစ်ချပေးတဲ့ ပုံစံခွက်ထဲမှာ ကျင်လည်နေရသလိုမို့ သာမန်လူတစ်ဦးသာဖြစ်တဲ့ ဦးရဲမြင့်လည်း ပုံစံခွက်ထဲမှာ လည်ခံနေရသေးရဲ့။ သံသရာ၁ ပြုခဲ့သမျှ ကုသိုလ်ကိုအရိန်ယူ ယခုဘဝမှာ ပြုလုပ်တဲ့





ကုသိုလ်တွေနဲ့ အင်အားဖြည့်၊ သံသရာကပစ်ချပေးတဲ့ ပုံစံခွက်ထဲက လွတ်မြောက် သံသရာလည်ပတ်မှုက လွတ်မြောက်အောင် ပြုလုပ်ကျင့်ကြံချင်တဲ့ ဆန္ဒမျိုး ဦးရဲမြင့်မှာရှိရဲ့။

လောလောဆယ် ကျရောက်နေရတဲ့ ဘဝပုံစံခွက်ထဲမှာ ဒီအထိ မလုပ်နိုင်သေးပြန်ဘူး။ ပုံစံခွက်ထဲမှာ ဦးရဲမြင့် စင်းခံနေ။ တစ်နိုင်တော့ လုပ်နေတယ်။ လေ့ကျင့်ခန်းလုပ်သလို တစ်နိုင်လုပ်နေရင်းနဲ့ ပိုမိုတက်နိုင် ပိုမိုအင်အားဖြည့်နိုင်မယ်လို့ ဦးရဲမြင့်တွေးတယ်။ လုပ်နိုင်သမျှလည်း လုပ်နေတယ်။

'ဦးရဲမြင့်ကြီးက ဗုဒ္ဓတရားတော်တွေကိုလည်း ရှင်းအောင်ငင်းအောင် သဘောပေါက်အောင် ပြောတတ်ဆိုတတ်တယ်ကွ၊ မြန်မာစကားကလည်းပီ၊ မြန်မာရည်ကလည်း အတော်လည်လည်ဆိုတော့ သူနဲ့ဆက်ဆံနေထိုင်ရတာ ဗုဒ္ဓဘာသာချင်း၊ မြန်မာချင်း ဆက်ဆံနေထိုင်ရသလိုပဲ၊ လေးစားစရာလည်းကောင်းတယ်၊ လက်ရင်းစေတနာလည်းကောင်းတယ်၊ မင်းတို့ ဆရာကောင်လည်း ကောင်ထိုက်ပါတယ်ကွာ'

အောင်ခေါင် လှဲဝင်းပြောတဲ့စကားကို ဦးရဲမြင့်စကားတွေနားထောင်နေရင်းမှ ပြန်ကြားယောင်မိတယ်။

'ငါတို့က ဇာတ်နိမ့်မျိုးကွ၊ ဗေဒင်အတတ်ပညာကို ကြကယ်တမ်း ကျွမ်းကျင်ကြတာက ဇာတ်မြင့်မျိုးနွယ်တွေ၊ တို့ဇာတ်နိမ့်မျိုးနွယ်တွေ ဇာတာဖွဲ့တာ နာမည်ပေးတာကအစ ဗေဒင်



www.burmeseclassic.com

www.burmeseclassic.com



တွက်ချင်ရင် ဇာတ်မြင့်မျိုးနွယ်တွေက တွက်ပေးရတယ်၊ ငါက ဗေဒင်သိပ်ဝါသနာ ပါတာကွ၊ အမှန်တော့ ဗေဒင်တင် မဟုတ်ပါဘူး၊ သင်္ချာကအစ အရာရာကိုတွက်ချက်ယူသိနိုင်မှုမျိုး၊ အရိပ် အခြည်ကြည့် သိနိုင်မှုမျိုး၊ အတိတ်နိမိတ်ကောက် သိနိုင်မှုမျိုး၊ အတတ်ပညာတွေကို ငါ ဝါသနာပါတယ်၊ တိုတိုပြောရမယ်ဆိုရင် ငါဇာတ်မြင့်မျိုးနွယ် ဆရာကြီးတစ်ဦးဆီ တပည့်ခံပြီး နက္ခတ်ပညာ သင်တယ်၊ အဲဒီ ဆရာကြီးက စိတ်ကောင်းသဘောကောင်းရှိသူမို့ ငါ့ကို ကျကျနနသင်ပေးပါတယ်'

ဦးရဲမြင့် ဆက်ပြောတယ်။

'နောက်··· လက္ခဏာဆရာကြီးတစ်ဦးနဲ့ တွေ့ပြီး လက္ခဏာပညာ သင်ယူတယ်၊ နောက်··· တရုတ် ဗေဒင်ဆရာကြီးတစ်ဦးနဲ့တွေ့ပြီး တရုတ်ဗေဒင်တစ်မျိုး သင်ယူခဲ့သေးတယ်၊ နောက်··· မြန်မာဘုန်းတော်ကြီး တစ်ပါးဆီမှာ မဟာဘုတ်ပညာ ခန်းကို ကုန်စင်အောင် သင်ခဲ့သေးတယ်၊ ငါ ဗေဒင်အတော့်ကို တတ်သွားတယ်ဆိုပါတော့ကွာ'

'ဟောကြည့်တယ်၊ မှန်တာတွေများတယ်၊ မှန်တာတွေ များဆို ငါကလည်း ငါတတ်ထားတဲ့ နည်းမျိုးစုံနဲ့ ချိန်ဆပြီး တိုက်နေကိုက်နေတဲ့ဟာမျိုးမှ ရွေးဟောတာကိုး၊ ဘာကွဲတပြား ဆီဖြစ်နေတဲ့ ဟောချက်တွေကို မဟောဘူး၊ ဘယ်နည်းကတွက်တဲ့ ဟောချက်ကမှန်ပြီး ဘယ်နည်းကတွက်တဲ့ဟောချက် မှားတယ်





ဆိုတာ ငါ မပေခဲ့နိုင်ဘူးလေ'

'ခက်တာက အဲဒီလိုနည်းမျိုးစုံနဲ့ တိုက်နေကိုက်နေတာ ကိုပဲ ဟောတော့ ဟောကွက်ကျဉ်းတယ်၊ ဟောချက် သိပ်မထွက် ဘူး၊ များများစားစား အာဝဇ္ဇန်းရွှင်ရွှင် ဟောလို့မရဘူး၊ အဟောခံ ရသူတွေက အဲဒါမျိုး အားမရဘူးကွ၊ သူတို့က များများသိချင် တယ်၊ များများလည်း မေးကြမြန်းကြတယ်၊ သူတို့သိချင်သမျှ ဒေး မြန်းသမျှမှာ နည်းမျိုးစုံနဲ့ တိုက်တိုက်မတိုက်တိုက် ကိုက်ကိုက် မကိုက်ကိုက် ငါဟောရတော့တယ်၊ အဲဒီမှာ ဟိုဘက်နည်းနဲ့ ဟောရင် ဒီဘက်နည်းက မှန်သွားတယ်၊ ဒီဘက်နည်းနဲ့ဟောရင် ဟိုဘက်နည်းက မှန်သွားတယ်၊ အဲဒါမျိုးတွေဖြစ်နေတော့ ငါ ရှုပ်ရှက်လည်နေတယ်'

ဦးရဲမြင့်က မပြုံးချင်သလိုလို ပြုံးချင်သလိုလို ပြုံးပြီး ဆက်ပြောတယ်။

'ငါကလည်း လူတစ်မျိုးကွ၊ ယယ်စဉ်ကတည်းက လူ တွေကို ညာစားတဲ့အလုပ်မျိုး ငါ မလုပ်ချင်ဘူး၊ လူလိမ်ချင်း ညာစားလိမ်စားပက်စားတဲ့ လူမျိုးဆို ငါ မကြိုက်ဘူး၊ ဗေဒင် ဆရာလေးတစ်ပိုင်းဖြစ်နေတဲ့ငါ လူတွေကို လိမ်စားညာစား တော်စားများကျနေမှာစိုးတယ်၊ ငါ့ဟောချက်တွေက အကုန်မှန်ချင်မှ မှန်တာကိုး၊ ဒီတော့ ရိုးဖြောင့်စွာနဲ့ပဲ ငါ ပြောဟောမှုပြုတယ်၊ ငါ့ဆီဗေဒင်လာမေးရင် အကုန်တော့ မှန်ချင်မှ မှန်မှာနော်၊ မှန်သင့်



www.burmeseclassic.com

www.burmeseclassic.com



သလောက်တော့မှန်လိမ့်မယ်လို့ ငါ့ရိုးဖြောင့်စွာပြောပြီးမှ ဟောခြင်း အမှုပြုတယ်"

ဦးရဲမြင့်ရဲ့ ဆက်အပြောမှာ…

"အဲဒီအချိန်တွေကစပြီး ငါ့ဟောချက်တွေဟာ အမှန် နည်းပြီး အမှားတွေ တဖြည်းဖြည်းများလာတော့တယ်၊ နောက်ဆုံး နည်းမျိုးစုံနဲ့တိုက်လို့ကိုက်လို့ အပိုင်ဟော လိုက်တဲ့ ဟောချက်တွေ ကအစ မှားတဲ့အထိဖြစ်တယ်၊ ငါ ဗေဒင်ဟောလို့မရတဲ့အထိ ဖြစ်သွားတယ်ဆိုပါတော့ကွာ၊ ငါ့ဆီကို ဘယ်သူမှ အားကိုးတကြီး လာ မမေးမြန်းကြတော့ပဲကိုး၊ ငါလည်း စိတ်မကောင်းစွာနဲ့ ဒီလိုပဲ နေလိုက်တော့တယ်၊ နောက်… အတော်လေးကြာလို့ ငါ့ကို မဟာဘုတ်ပညာသင်ပေးခဲ့တဲ့ ဘုန်းတော်ကြီးနဲ့ ပြန်တွေ့ ရာမှာ ငါ ဘုန်းတော်ကြီးကို ဖြစ်ကြောင်းကုန်စင် ပြန်လျှောက်ပြီး ဘယ်လိုအကြောင်းကြောင့် ဒီလိုဖြစ်ရတာပါလဲ ဘုရားလို့ လျှောက် မေးကြည့်မိတယ်၊ ဘုန်းတော်ကြီးဆီမှာ အဲဒီအတွက် အဖြေရှိနေတ ယ်၊ ဘုန်းတော်ကြီး ပြန်မိန့် ကြားဖြေဆိုရှာဟာ သဘာဝကျတယ်၊ ငါလက်ခံတယ်၊ ဘုန်းတော်ကြီး ဘယ်လိုမိန့်လဲဆို…"

ဦးရဲမြင့်က အောင်ခေါင့်မျက်နှာကို အကဲခတ်ကြည့် တယ်။

"မောင်အောင်ခေါင် ဘယ်လိုထင်လဲ၊ အဲဒီလိုဘာ ကြောင့်ဖြစ်ရသလဲလို့ ထင်လဲ၊ တွေးလို့ရနိုင်မလား"





အောင်ခေါင် တွေးကြည့်နေသေးတယ်။ အတန်ကြာထိ အဖြေက ထွက်မလာ။ နောက်တော့ ခေါင်းခါပြလိုက်မိတယ်။

"အဲဒီကိစ္စ ဗေဒင်ဆရာတွေ သိမှတ်ထားသင့်တယ်လို့ ထင်တယ်ကွ၊ ဘုန်းတော်ကြီး ပြန်မိန့်ကြားမှုမှာက ဒကာရဲမြင့် ဝဇီထိသွားတာတဲ့၊ ကိုယ်အထင်တကြီး အပတ်တကုတ်လေ့လာ သင်ကြားခဲ့ရတဲ့ ပညာတွေကို ရှေးကဆရာကြီးတွေ အထင်ကြီး အပတ်တကုတ်လေ့ လာပြုစုထားခဲ့ရတဲ့ ပညာတွေကို ပေါ့သွား ပျော့သွား ပြယ်သွားပျက်သွား သိက္ခာဂုဏ်ပုဒ် ကျဆင်းသွား အောင် အကုန်တော့ မှန်ချင်မှမှန်မှာနော်ဆိုတဲ့ စကားနဲ့ စော်ကား မော်ကားနေတာကိုး။ ဝဇီဗေဒထိတိုင်းရှ ဆိုသလို ဒကာရဲ့ဝဇီဒဏ် တကာပြန်ခံရတော့တာပေါ့၊ နောက်တစ်မျိုးက ပညာရပ်တွေမှာ ပညာရပ်တွေကို စောင့်ရှောက်တဲ့ ဒေဝတာတွေရှိတယ်၊ ပညာ ရပ်ကို အသုံးချလျက်က ပညာရပ်ကို စော်ကားမော်ကားလုပ်တော့ ပညာရပ်တွေကို စောင့်ရှောက်တဲ့ ဒေဝတာတွေရဲ့ ဒဏ်ခတ်မှု ခံရတာပျိုး၊ အဲဒီလို ဘုန်းတော်ကြီးက မိန့်ကြားတယ်၊ ဒါဆို ဘယ်သို့တော် ဘာဆက်လုပ် သင့်ပါသလဲဘုရားလို့ ငါက လျှောက် တင်တော့ ဘုန်းတော်ကြီးက အတော်ကြာကြာ စဉ်းစားနေပြီး အကောင်းဆုံးနဲ့ အလွယ်ကူဆုံးကတော့ ဒကာရဲမြင့် ဗေဒင်မဟော တော့နဲ့တဲ့၊ ငါလည်း တင်ပါ့ဘုရားလို့ လျှောက်တင်ခဲ့ပြီး ခုထိ ဗေဒင် မဟောတော့တာပဲ၊ နောင်လည်း မဟောတော့ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်ခေါင်ရာ'

ဦးရဲမြင့်စကား စဉ်းစားမှတ်သားစရာပါပဲ။ အတူးသဖြင့် ဗေဒင်ဆရာများ စဉ်းစားမှတ်သားသင့်ရဲ့…။

* * *





မသေသေးတော့သည်း အလုပ်တွေရှုပ်ဦးမယ်

ဒီနေ့ထိုင်နေကျ ကမ်းခြေတွေဘက်မှာ အောင်ခေါင် မထိုင်ဖြစ်၊ ထိုင်နေကျမဟုတ်တဲ့ ကမ်းခြေဘက်ဆီ အောင်ခေါင် ထွက်ခဲ့တယ်။ စိတ်အပြောင်းအလဲဖြစ်လိုဖြစ်ငြားဆိုတဲ့ အတွေး နဲ့…။

အဲဒီကျွန်းစပ် ကမ်းခြေလေးဟာလည်း လှပသာယာ ပါတယ်။ ရေတိမ်ပိုင်းကျောက်ဆောင်ကျောက်စွယ် လှလှပပ လေးတွေနဲ့ ကမ်းခြေစပ်ရေငန်ကြိုက် သစ်ပင်ကြီးတွေရဲ့ အရိပ်က ကမ်းခြေစပ်ကျောက်ဆောင်တွေပေါ် ကျနေတယ်။ အရိပ်အေးအေး ကျောက်ဆောင်လှလှလေးတွေမြင်ပြီး ထိုင်ချင်စိတ်ရှိတာနဲ့ အောင် ခေါင် ကျောက်ဆောင်တစ်ခုပေါ် တက်ထိုင်နေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်ပေါ်က ငုံ့အကြည့် ကျောက်ဆောင်အခြေကို ဦးတိုက်ဝန်းရံနေတဲ့ ရေတိမ်ပိုင်း ပင်လယ်ရေကြည်ကြည်လေးက အောင်ခေါင့်ရင်ကို အေးမြသွားစေတယ်။ အောင်ခေါင် သဘောကျသွားတယ်။

ရေကြည်ကြည်ကိုဖြတ်ပြီး အောက်ခြေကြမ်းပြင်က ကျောက်ခက်ကျောက်လက် လှလှလေးတွေကိုမြင်နေရတယ်။ ရောင်စုံကျောက်ခက် ကျောက်လက် လှလှလေးတွေက အောင်ခေါင့်စိတ်ကို ညှို့ယူလိုက်သလို။ အောင်ခေါင်ကပဲ သူ့စိတ် ကို အဲဒီမှာ နှစ်ချလိုက်သလား။ အောင်ခေါင် ရေပြင်ကို ငုံ့ကြည့်ရင်း ငြိမ်ကျသွားတယ်။

ရောင်စုံကျောက်ခက်ကျောက်လက် လှလှလေးတွေ ကြားရောင်စုံပုံမျိုးစုံ ငါးလေးတွေ အေးအေးဆေးဆေး ကူးခတ်နေကြတယ်။ အောင်ခေါင်အံ့ဩရုပ်ကျသွားပြီ။ အောင်ခေါင့်ခေါင်းပြန်မထောင်တော့။

သဘာဝ ကချေသည်လေးတွေရဲ့ ကပွဲက အောင်ခေါင့်ကို ဆွဲဆောင်ထားပြီ။ ငါးလေးတွေရဲ့ ကူးခတ်မှုက တကယ့်ကို ကချေသည်တွေ ကပြနေသလိုပါလား။

အတော်ကြာကြာ အောင်ခေါင် ကြည့်နေမိရာက အောင်ခေါင် သတိထားလိုက်မိတာက ငါးလေးတွေ ကျောက်ခက် ကျောက်လက်အကြိုအကြား ပြိုးပြိုးပျာပျာ ဖြတ်ခနဲ ဖြတ်ခနဲ





ကူးဝင်သွားပြီး ပျောက်ပျောက်သွားခြင်းပဲဖြစ်တယ်။

ရေကြည်ကြည်မှာ ငါးလေးတွေ တစ်ကောင်မှမရှိတော့ပါလား။ သိပ်မကြာခင်မှာပဲ ရေကြည်ကြည်အရောင် ပြောင်းလာသလို အောင်ခေါင် ထင်လိုက်မိတယ်။

အမှန်ပါပဲ။ အရောင်ပြောင်းရုံမက ရေလှိုင်း လှုပ်ခတ်မှုတွေ ဖြစ်လာတယ်။ အောင်ခေါင် ပတ်ဝန်းကျင်ကို ခေါင်းထောင်ကြည့်လိုက်မိတယ်။

လေတဖြူးဖြူး တိုက်နေတယ်။

တစ်ဆက်တည်းဆိုသလိုပဲ လေတဟူးဟူးတိုက်နေတော့တယ်။ ခဏချင်းလေတိုက်ခိုက်မှု ကြမ်းလာခြင်းဖြစ် တယ်။

ကောင်းကင်ရောင်ညှိုမှိုင်းလာတယ်။

ခဏချင်းမှာပဲ လေတိုက်ခိုက်မှု တဝုန်းဝုန်းဖြစ်လာတယ်။ ကျွန်းပေါ်က သစ်ပင်ကြီးတွေ အချိုးအကွဲ့ခံနေရသလို ယိမ်းထိုးနေကြတော့တယ်။

အောင်ခေါင် ကျောက်ဆောင်ပေါ်က အပြေးဆင်း တယ်။ ကျွန်းအခြေစပ်ပေါ်ရောက်တော့ မိုးပြတိုက်ရှိရာဆီ ပြန်ပြေးတယ်။ အောင်ခေါင် ပြေးလို့မရအောင်ကို ဖြစ်နေ တယ်။ လေတိုက်ခိုက်မှုအတော့်ကို ပြင်းထန်နေပြီဖြစ်တယ်။ မိုးလည်းပါလာတယ်။

လေရဲ့ရှေ့ကနေပင့်တိုက်ခိုက်နေမှုမှာ အောင်ခေါင်ရဲ့ပြေးခြင်းက ရှေ့မရောက်နိုင် တန့်နေလိုက်၊ နောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ယိုင်ယိုင် ယိုင်ယိုင်ဆုတ်နေလိုက်။

သစ်ပင်ကြီးတွေ တဖျောင်းဖျောင်း ကျိုးသံကို ကြားရတယ်။ ကမ်းစပ်က သစ်ပင်ကြီးတွေ အမြစ်ကကို ကျွပြို လဲကျနေကြတာကို အောင်ခေါင် မြင်ရတယ်။

အောင်ခေါင့်ဘက်ကို တချို့လိမ့်ဆင်းလာကြတာမို့ အောင်ခေါင် ရှောင်နေရတယ်။ လေကြားမိုးကြားမှာ မနည်းကို ရှောင်နေရတယ်။

လေကြမ်းသထက် ကြမ်းလာသလို မိုးကလည်း သည်းသထက် ပိုသည်းလာတယ်။ တစ်မိုးလုံးလည်း မဲမှောင်နေပြီး တစ်ခါတစ်ခါ လျှပ်စီးတလက်လက်။ မိုးကြိုးပစ်သံတွေကလည်း တဂျိန်းဂျိန်း...။

အမှန်က ညနေတောင် မရောက်သေး။ မွန်းလွဲလောက် သာရှိဦးမယ်။ တစ်လောကလုံးကို အမဲအမှောင်တွေက ဝါးမြို လာကြတယ်။

ဟာ... ပင်လယ်ရေတွေ ဒလကြမ်းတက်လာပါလား။

ကမ်းခြေမှာ အထမမြောက်တဲ့ ပြေးလွှားမှုကို ကြိုးစားနေရရင်း လိမ့်လာကြတဲ့ သစ်ပင်တွေကို မနည်းရှောင်တိမ်းနေရရင်း ဖြစ်နေတဲ့ အောင်ခေါင်။ သူရှိနေရာထိ ပင်လယ်ရေတွေ ရောက်လာတော့ အတော့်ကို တုန်လှုပ်ချောက်ချားသွားရတော့တယ်။





အောင်ခေါင့်မှာ မိုးရေရွှဲရွှဲစိုနေရတဲ့ကြား ချွေးတွေကလည်း ရွှဲရွှဲစိုနေပြီ။

'မောင်အောင်ခေါင်... မောင်အောင်ခေါင်'

မိုးသံလေသံ သစ်ပင်ကျိုးသံ ရေတက်သံတွေကြားမှာ တိုးကိုးလေးလောက်သာ ကြားရတဲ့အသံ...။

ဦးရဲမြင့်အသံဆိုတာကိုတော့ အောင်ခေါင်သိလိုက် တယ်။

'ဆရာ... ကျွန်တော် ဒီမှာပါ ဆရာ'

အောင်ခေါင် အော်တော့ အော်ခေါ်လိုက်တာပဲ။ ဒါပေမဲ့ အောင်ခေါင့်အသံတောင် အောင်ခေါင် မကြားနိုင်။

'ဆရာ... ကျွန်တော် ဒီမှာ'

တစ်ဘက်က ခေါ်နေသေးလား မခေါ်နေသေးလား မသိ။ အောင်ခေါင်ကတော့ အော်ပြောနေမိတယ်။

သူ့ အော်ပြောနေမှု အထမြောက်မှာမဟုတ်ပါဘူးလေ ဆိုတာလည်း အောင်ခေါင်သိနေတယ်။ ဒါပေမဲ့ အားကုန် တော့ အော်နေမိတာပဲ။

ပင်လယ်ရေတွေ အောင်ခေါင့်လည်ပင်းနားထိတက်လာပြီ။ ဆက်တက်ရင် ပင်လယ်ရေပြင်အောက် အောင်ခေါင် မြုပ်ရတော့မယ်။ အင်အားတွေ ကုန်မှာစိုးပြီး အောင်ခေါင် ဆက်အော်မနေတော့။ ပင်လယ်ရေပြင်ကို ရင်ဆိုင်ဖို့ အားယူရပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်တက်လာတဲ့ ပင်လယ်ရေမှာ ပေါ်နိုင်အောင် အောင်ခေါင် ယက်ကန်ယက်ကန် ကိုယ်ဖော့နေရတော့တယ်။

ပင်လယ်ရေ တက်လာခြင်းနဲ့ မရှေးမနှောင်း နောက်က လှိုင်းလုံးကြီးတွေပါ ပါလာတော့တယ်။

ပထမလှိုင်းလုံးရဲ့ ရိုက်လိုက်မှုမှာ အောင်ခေါင် စုန်းစုန်းမြုပ်သွားပြီး ကျွန်းဘက်ဆီ တွန်းပို့သလို ခံစားလိုက်ရတာကို သိလိုက်တယ်။ ဒါပေမဲ့ တစ်ဆက်တည်းမှာပဲ အဲဒီလှိုင်းလုံးက သူ့ကို ပင်လယ်ထဲ ပြန်ဆွဲချသွားသလို ခံစားလိုက်ရပြန်တယ်။ အတော်ကြာကြာကြီးကို ဆွဲချသွားတာ။

အောင်ခေါင် အားယူပြီး ကိုယ်ဖော့နေတယ်။ ထင်သလောက် မအောင်မြင်။

သူ ရေပြင်ပေါ် ပြန်မရောက်နိုင်မီမှာပဲ လှိုင်းလုံးတစ်လုံး သူ့ခေါင်းအထက် ရေပြင်ကို ဆွဲယူသွားပြီး ကျွန်းဘက်ဆီကို သွားတယ်လို့ သူ ခံစားထင်လိုက်မိတယ်။ အဲဒီလှိုင်းလုံးမှာ သူပါမသွား။

အဲဒီလှိုင်း ပင်လယ်ထဲ ပြန်အဆုတ်မှာတော့ ရေပေါ်မပေါ်တပေါ် ဖြစ်နေတဲ့ အောင်ခေါင့်ကို ပင်လယ်ထဲ ဆွဲယူသွားပြန်တယ်။ အောင်ခေါင် ရေထဲမြုပ်ပြီး ပါသွားပြန်တာ ကို သိလိုက်ရပြန်တယ်။ ဒါဆို အောင်ခေါင် ပင်လယ်ရေ နက်ထဲဆီ အတော်ရောက်နေပြီ။





အောင်ခေါင် အားယူကိုယ်ဖော့ပြီး ရေပြင်ပေါ် ပြန်တက်နိုင်အောင် ကြိုးစားပြန်တယ်။ ရေပြင်ပေါ် မရောက်နိုင်မီမှာပဲ ပင်လယ်ထဲက လှိုင်းလုံးကြီးတစ်လုံး အောင်ခေါင့်ခေါင်းပေါ်က ရေပြင်ကိုဆွဲယူပြီး ကျွန်းဆီကို ရိုက်တက်သွားပြန်တယ်။ အောင်ခေါင် ပါမသွား။

အဲ… အဲဒီလှိုင်းလုံးပြန်အကျမှာတော့ အောင်ခေါင့်ကို ပင်လယ်ရေနက်ထဲ ဆွဲခေါ်သွားပြန်ပြီ။ အောင်ခေါင် သူသေရတော့မယ်ဆိုတာ သိလိုက်တယ်။ သူ့ခြေလက်တွေကတော့ ရေထဲမှာ လှုပ်ရှမ်းကြိုးစားနေတုန်းပဲ။

အောင်ခေါင့်လက်က အရာဝတ္ထုတစ်ခုကို ထိမိသွားတယ်။ အဲဒီလက် အဲဒီအရာဝတ္ထုကို ဆွဲထားမိတယ်။ အလိုက်သင့်ဘဲ နောက်လက်တစ်ဖက်ကလည်း အဲဒီအရာဝတ္ထုကို လှမ်းဖက်လိုက်မိတယ်။ ပြီး… ခြေထောက်နှစ်ဘက်ကလည်း အဲဒီအရာဝတ္ထုကို ခွညှပ်ထားလိုက်မိတယ်။

အောင်ခေါင် ဘာမှမသိတော့။

※



www.burmeseclassic.com

www.burmeseclassic.com



(၂)

ဘာတွေဖြစ်ကုန်ပြီလဲ။

အောင်ခေါင့်ကို သတ္တဝါတစ်ကောင်ကောင်က ကျော ပေါ်တင်ပြီး အရှိန်ပြင်းပြင်းနဲ့ ပြေးနေသလိုပဲ။

ပြေးနှုန်းကတော့ အတော့်ကိုမြန်မြန်။ ပြေးနှုန်းပေါ လိုက်ပါနေရမှုကို အောင်ခေါင် မျက်စိမှေးမှေး ဖွင့်ကြည့်ရင်း ခံစားနေရတယ်။ မျက်စိကလည်း အားယူဖွင့်တာတောင်မှ မှေးမှေး သာဖွင့်လို့ရတယ်။ အမြင်အားလုံး မှေးမှေးရေးရေး…။

ပြေးနေခြင်းက ပင်လယ်ရေပြင်အပေါ်လွှာကို ခွဲဖြတ် ပြေးနေသလို။

ဒီပြေးနှုန်းရထားတစ်စင်းရဲ့ ပြေးနှုန်းထက် အများကြီ သာနိုင်တယ်။

ရိပ်ရိပ် ရိပ်ရိပ် ပြေးနေတဲ့ ပြေးနှုန်းအပေါ် စီးနင်း လိုက်ပါခံစားနေရတဲ့ အောင်ခေါင် သူ့ခြေလက်တွေ တစ်စုံတစ်ခု ကို အနိုင်အမာ ဖက်ထားခွထားတာကို သတိထားမိတယ်။

ပြန်ငုံ့ကြည့်လိုက်မိတယ်။

ဖွားခနဲ ဖွားခနဲ ရေပြင်တွေကြားမှာ ပြေးနေတဲ့ သစ်ပင် တစ်ပင်ရဲ့ အကိုင်းကြီးကြီးတစ်ခုကို သူ ဖက်ခွရင်း လိုက်ပါ နေရတယ်ဆိုတာကို အောင်ခေါင် သဘောပေါက်မိတယ်။

ကံတရားက အောင်ခေါင့်ကို မျက်နှာသာပေးတယ်





ထင်ရဲ့။ အောင်ခေါင်ရဲ့ ပုဆိုးကွင်းကလည်း အောင်ခေါင့်ခါး မှာ စွပ်လျက်သားက အဲဒီသစ်ပင်ကြီးမှာ စွပ်နေငြိနေတယ်။

အားပျော့နေတဲ့ အောင်ခေါင် ရှိရှိသမျှ အင်အားလေး ကို စုစည်းနေတယ်။ အတန်ငယ် အင်အားစုစည်းမိတော့ အောင် ခေါင် တုန်တုန်ရီရီလက်နဲ့ သစ်ကိုင်းကြီးကို စွပ်ငြိနေတဲ့ ပုဆိုးကွင်း ကို ခါးနဲ့စွပ်ချိတ်မှုဖြစ်အောင် သေသပ်ခိုင်ခန့်မှုဖြစ်သွားအောင် ပြင်ဆင်စွပ်ချိတ်တယ်။ အင်အားကလည်း ချိနဲ့နေတာမို့ ခြေနှစ် ဖက်ကလည်း သစ်ကိုင်းကြီးကို ခွညှပ်ထားရတာမို့ အဲဒီကိစ္စကို အောင်ခေါင် အတော်ကြီး ကြာကြာအားယူလုပ်ကိုင်ရတယ်၊ ပြီး တော့ အောင်ခေါင် မောမောနဲ့ ငြိမ်နေလိုက်တယ်။

'ခုထိတော့ ငါမသေသေးဘူး'

အောင်ခေါင် တွေးမိတယ်။

'ခုထိ မသေသေးတာပဲရှိတယ်၊ သေဖို့ကတော့ နီးစပ် နေတာပဲ'

အောင်ခေါင် ဆက်တွေးမိတယ်။

'အပြောကျယ်တဲ့ ပင်လယ်ကြီးရဲ့ ပါးစပ်ထဲမှာ ငုံထား ခြင်းခံနေရပြီပဲ၊ သူက အချိန်မရွေး မျိုချပစ်လိုက်နိုင်တာပဲ၊ ငါ ဘယ်လိုအန်တုလို့ရနိုင်မှာလဲ'

အောင်ခေါင်ရဲ့ အားငယ်အတွေးတွေ…။

'အို… ခုထိ မသေသေးတာကိုက အမြတ်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



အောင်ခေါင် အားတင်းလိုက်တယ်။ လက်ယာဘက် တည့်တည့်ဆီ စောင်းငဲ့ကြည့်လိုက်တော့ ပင်လုံးဆဲဆဲ နေမင်းကြီးကို တွေ့လိုက်ရတယ်။

'ဒါဆို ငါ အခုစီးမျောနေတာ တောင်ရူးရူးဆီကိုပဲ'

အောင်ခေါင်စိတ်ထဲ မှတ်ထားလိုက်တယ်။ ဘေးဘ် ပဲယာခံ အောင်ခေါင် လှည့်ဝေ့ကြည့်ရင်း သဘောပေါက်လိုက်တာက…

သူစီးလာတဲ့ သစ်ပင်ကြီး ပင်လယ်ရေစီးကြောင်းကြ တစ်ခုထဲမှာ မျောပါနေတာ။ အဲဒီရေစီးကြောင်းကလည်း မြန်နှုန် အတော်များများနဲ့ စီးနေတဲ့ ရေကီးကြောင်းကြီး။ အဲဒီရေစီးကြောင် ဦးတည်ရာအရပ်က တောင်ရူးရူးအရပ်ဆီ…။

ဒီမြန်နှုန်းအရဆို သူ နတောင်ဘက်ဆီ အတော်ခရီးပေါက် နေပြီ။ ဘယ်လောက်ထိ ဆက်ပေါက်ဆက်ရောက်ရဦးမလဲ မသိ။

မြန်မာပြည် ဘယ်အရပ်လောက်မှာ ရှိနိုင်မလဲ။ မှန်းရြ အရှေ့မြောက်အရပ်လောက်မှာရှိမလား။ မြောက်အရပ်တည့်တည့် မှာပဲ ဖြစ်မလား။ ဒါမှမဟုတ် အနောက်မြောက်လည်းဖြစ်နိုင်တယ် သေချာတာကတော့ မြန်မာပြည် တောင်အရပ်မှာ ရှိနေမှာမဟုတ်

တောင်ဘက်ကို စီးမျောနေရတဲ့ အောင်ခေါင် မြန်မာပြ နဲ့ ဝေးသထက်ဝေးလာရပြီကော။ ဝေးရပြန်ပြီကောဆိုတဲ့ အသိစိ ဝင်လာတယ်။





အသက်နဲ့ခန္ဓာတောင် အချိန်မရွေး အဆက်ပြတ်သွား နိုင်တဲ့ အခြေအနေမှာတော့ မြန်မာပြည်နဲ့ ဝေးရပြန်ပြီဆိုတဲ့ အတွေးက အောင်ခေါင့်စိတ်ကို ထပ်ဆင့်ထိခိုက်မှုမဖြစ်ပေး တော့ပါဘူး။ ရောက်နေတဲ့ အခြေအနေအရ တွေးမိရုံတွေးမိ ခြင်းပါ။

လက်ယာဘက်ဆီကနေမင်းကြီး ဝင်သွားပြီ။

ည ကြယ်ရောင်တွေအောက် အလင်းရေးရေးမှာ စီးမျောရင်း အောင်ခေါင်တစ်ယောက် မျှော်လင့်ချက်မဲ့ ငြိမ်ကျ နေတော့တယ်။

အသံမနေတော့ မျှော်လင့်ချက်မှုသလဲဆိုတာ ရှင်သန်ဖို့တောင် မမျှော်လင့်ရဲတဲ့အဖြစ်။ ဒီတော့ အောင်ခေါင် ဘာကိုမှ မတွေးတော့ ဘဲ ငြိမ်ပြီးတော့ကို နေလိုက်တော့တယ်။

*

## (၃)



ဝမ်းဗိုက်ထဲ ဘာမှမရှိသလို ဟာနေတယ်။ အစာအိမ် တွေ အနေကျတော့ ရှိသေးရဲ့လား။

ဦးခေါင်းတဲ့လည်း နောက်ကျိုကဲလေးပင်နေတယ်။ စီးမျောနေတဲ့ သစ်ပင်ပေါ် လိုက်ပါရင်း အောင်ခေါင် အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာ ကြာလာတော့ သတိလစ်သွားခဲ့ရတယ်။ ဘယ်လောက် ကြာကြာ သတိလစ်သွားလဲ မသိ။

အခု… အဲဒီလို ဖြစ်မှုပြန်ပေါ်လာပြန်တယ်။ ဝမ်းဗိုက်ထဲ ဘာမှမရှိသလို ဟာနေတယ်။

ဦးခေါင်းကလည်း နောက်ကျိုကိုက်ခဲလေးပင်နေတယ်။ ဒီတော့ အောင်ခေါင် သူ သတိပြန်ရလာပြီဆိုတာ သတိထားမိလိုက်တော့တယ်။

မလှုပ်နိုင်တာမို့ ငြိမ်သက်နေရင်း အောင်ခေါင် တခြားတစ်စုံတစ်ခုကို သတိထားမိပြန်တယ်။ သူ စီးနေတဲ့ သစ်ပင်ကြီးလည်း မလှုပ်ရှားတော့ပါလား။ အောင်ခေါင် ခေါင်းကို မနိုင်မနင်းမရင်း ငုံ့ကြည့်မိတယ်။ သူ ခွစီးထားတဲ့ သစ်ပင်ကြီး ငြိမ်သက်နေတယ်။

ဟာ… တစ်မျိုးတစ်ဖုံတော့ ပြောင်းလဲသွားပြီဆိုတာ အောင်ခေါင်သိလိုက်တယ်။ အောင်ခေါင် ငြိမ်သက်နေရင်းမှ အသက်ရှူအားယူမှုကို ဆက်တိုက်ဆက်တိုက်လေးလုပ်တယ်။

ဦးခေါင်းကို ဖြည်းဖြည်းညှင်းညှင်း ဟိုလှည့်ဒီလှည့် လှုပ်ရှားရင်း အာရုံကြည်အောင် အားယူတယ်။

နည်းနည်းလေး ခေါင်းကြည်လာပြီး ရင်ထဲအားဝင်လာတယ်လို့ထင်တယ်။

အောင်ခေါင် ဦးခေါင်းကို မယူလိုက်တယ်။ အဆင်ပြေ





ာတယ်။ အောင်ခေါင့်ဦးခေါင်း ထောင်ထလို့ရလိုက်တယ်။

လက်ထောက်ပြီး ရင်ဘတ်ကို သစ်ကိုင်းကခွာ ဟိုဒီ ကြည့်တယ်။ သူစီးလာတဲ့ သစ်ပင်ကြီး ကျွန်းတစ်ကျွန်းမှာ ာင်နေရောက်နေပါလား။ အောင်ခေါင် အံ့ဩစိတ်နဲ့ ဟိုကြည့် ကြည့်ဖြစ်နေတယ်။

အားအင်ရှိတဲ့ လူတစ်ယောက်သာဆို ရုတ်ခနဲ ထိုင်မိ လိမ့်မယ်။ အောင်ခေါင်လည်း အဲဒီလို ရုတ်ခနဲ ထထိုင်လိုက် ျင်ရဲ့။ ဒါပေမဲ့ ထထိုင်လို့မရသေး။ သစ်ကိုင်းကို လက် ထောက်ထားတဲ့အနေအထားနဲ့ အောင်ခေါင်အားယူနေတယ်။ သက်ရှူသွင်းမှုတွေ ပြုလုပ်နေတယ်။ ဦးခေါင်းကိုလည်း ာသာညှင်းညှင်း လှုပ်ခါရမ်းလှည့်မှုတွေ လုပ်နေတယ်။

တဖြည်းဖြည်း အဆင်ပြေလာတယ်။ အောင်ခေါင် ထိုင်လာနိုင်တယ်။ သစ်ကိုင်းမှာ စွပ်ချိတ်ထားတဲ့ ပုဆိုး ကွင်းကို ြုတ်ယူတယ်။ ပုဆိုးက အတော့်ကို စုတ်ပြဲနေပြီ။

အောင်ခေါင် ဘောင်းဘီတိုပေါ်ကနေ ပုဆိုးအစုတ်ကို ပ်ဝတ်စည်းလိုက်တယ်။ အမှန် ဘောင်းဘီလည်း စုတ်နေ ပြီ။

အောင်ခေါင် လဲလျောင်းနေတဲ့ သစ်ပင်ပေါ်ကနေ မြေ ပြင်ဆီ အားယူဆင်းတယ်။ မြေပြင်နဲ့ မြေထောက်နဲ့အထိမှာ ိုင်ပုံးယိုင်ထိုး လေးဘက်ထောက်ကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



လေးဘက်သောက်ယျက်ကနေ ဆော်တော်နဲ့ ပြန်မလာနိုင်။ အောင်ခေါင် စိတ်တိုတိုနဲ့ မြေပြင်ပေါ်ထိုင်ချပြီး မြေပြင်မှာ သူ့ခြေထောက်နှစ်ဖက်ကို ဆန့်ခင်းလက်မဲ့ပြန်နှိပ်နယ်နေတယ်။ ခါးကိုလည်း ဟိုလှည့်ဒီလှည့်လုပ်တယ်။

အတော်လေး အဆင်ပြေသွားတော့မှ အောင်ခေါင်ထပြီး လမ်းလျှောက်ခြင်းကို စတင်တယ်။ ယိုင်ထိုးယိုင်ထိုးနဲ့ ပဲ။

'ငါ မသေသေးပါလား'

'ငါ မသေသေးပါလား'

ရေရွတ်ရင်း အောင်ခေါင် လမ်းလျှောက်နေတယ်။

'ငါ အရမ်းဆာနေပြီ၊ ငါအရမ်းဆာနေပြီ'

'ရေလည်း ဆာနေပြီ၊ အစာလည်း ဆာနေပြီ'

'အစာရှာမှဖြစ်တော့မယ်'

ရေရွတ်ရင်းပဲ အောင်ခေါင် လမ်းလျှောက်နေတယ်၊ အောင်ခေါင် သူ့ကိုယ်သူ ပြန်ငုံ့ကြည့်တယ်။

'ငါ့အင်္ကျီတွေ ပုဆိုးတွေလည်း စုတ်ပြဲနေပြီ၊ ငင်လယ်ရေထဲထားတော့ မကြာမီ ဆွေးပြတ်သတ်ကုန်တော့ မယ်၊ အဲဒီအခါကျ ငါ ဘာတွေဝတ်ရပါ့မလဲ'

ရေရွတ်ရင်း လမ်းလျှောက်ရင်း အောင်ခေါင် ကျွန်းကြီးဆီ ဝေ့ပတ်လှမ်းကြည့်လိုက်တယ်။ ကျွန်းကြီးက အတော်ကြီးကျယ်တဲ့ ကျွန်းကြီး။ မင်္ဂလာကျွန်းထက် အဆအပါး များစွာ





ကြီးတဲ့ကျွန်း။ ဘာကယ့် စရာကျွန်းကြီး…။

'ဒီကျွန်းကြီးမှာ လူရှိပုံမရသလိုပဲ၊ ရာသီဥတုဒဏ်နဲ့ သားရဲတိရစ္ဆာန်ဘေး လုံခြုံဖို့ နေစရာတစ်ခု ငါ အမြန် ရှာရဦးမယ်'

သမ်းလျှောက်ရင်း အောင်ခေါင့်စိတ်တိုသလို ဖြစ်သွားပြီး သဲအော်ဟစ်လိုက်တယ်။

'မသေသေးတော့လည်း အလုပ်တွေရှုပ်ရဦးမယ်'

* * *



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

သဒ္ဓေဘာစကျွန်း

မနေ့ကတော့ တောစပ်မှာတွေ့တဲ့ ပိန္နဲပင်တစ်ပင်က အောင်ခေါင့်ကို အာဟာရဖြည့်စွမ်းပေးခဲ့တယ်။ ပိန္နဲသီးမှည့် တွေကို အောင်ခေါင် အားရပါးရ စားခဲ့တယ်။

အဲဒီအနီးအနားမှာပဲ ရေချိုစမ်းချောင်းလေးတစ်ခု ဖြတ်စီးနေတာကို တွေ့ရတာနဲ့ အလောတော်ဖြစ်သွားတယ်။ ဒီကျွန်းမှာ ရေချိုအတွက်တော့ အောင်ခေါင် မပူတော့ပြီ။ အုန်းပင်တွေကလည်း ပေါမှပေါ။ အုန်းရေသောက်လို့ရတယ်။ နေဖို့နေရာမရှာဖြစ်သေး။ ညက သူစီးမျောခဲ့တဲ့ သစ်ပင်ကြီးနားမှာပဲ အောင်ခေါင် အိပ်စက်ခဲ့တယ်။

အိပ်ယာမှ နိုးနိုးချင်း အောင်ခေါင်တွေးဖြစ်တာက မီးခတ်ကျောက်ရှာရမယ်။ နေဖို့နေစရာတဲခုရှာရမယ်။ ဒါမှ မဟုတ် ဖန်တီးရမယ်။





အောင်ခေါင် တောထဲဆက်မဝင်မီ တောစပ်က ပိန္နဲပင်ဆီ သွားတယ်။ ပိန္နဲပင်အနီးက ရေချိုးစမ်းချောင်းကျမှ အောင်ခေါင်သဲနဲ့သွားတိုက် မျက်နှာသစ်လုပ်တယ်။ ပိန္နဲသီး စားပြီး ရေချိုစမ်းမှာ ရေသောက်တယ်။

အောင်ခေါင် စဉ်းစားမိတာက ရေချိုးစမ်းအတိုင်း အထက်ဘက်ကို ဆက်သွားရင် တောနက်ထဲကိုရောက်မယ်။ ရေချိုစမ်းအတိုင်း အောက်ဘက်ကို စုန်လိုက်သွားရင် ဘယ်လိုဖြစ်နိုင်မလဲ။ ဒီရေချိုစမ်းက ဒီနားမှာ ပင်လယ်ကမ်းခြေနဲ့ နီးသွားပေမယ့် ပင်လယ်ထဲ စီးမဝင်သေး။ မြေအနေအထားအရ ကွေ့ကောက်ပြီး တခြားဘက်ဆက်စီးသွားတယ်။ ဘယ်နေရာကျ ပင်လယ်ထဲစီးဝင်မလဲမသိ။ ပင်လယ်ထဲကို တစ်နေဇရာမှာတော့ ပြန်စီးဝင်မှာပဲ။ ဒီရေချိုစမ်းစီးဆင်းရာ အောက်ဘက်တွေဆီ စုန်လျှောက်ရင်း ပင်လယ်ကမ်းခြေနဲ့ အနီးအပါးတွေသာဖြစ်မှာမို့ တောနက်ထဲရောက်ပြီး လမ်းမှားခြင်းမျိုးတော့ မဖြစ်နိုင်ပြီ။ ချောင်းခွဲဘယ်နှစ်ခုရှိနေရှိနေ စုန်လျှောက်နေရင် ပင်လယ်ကမ်းခြေတဝိုက်သာ ဖြစ်နေမှာပဲ။ အထက်ဘက် ဆန်လျှောက်လို့ ချောင်းတွေများနေရင် တောတွေကလည်း နက်နေရင် လမ်းမှားနိုင်တယ်။

အောင်ခေါင် ရေချိုစမ်းအစုန်လမ်းအတိုင်း လျှောက်နေလိုက်တယ်။ သွားရင်းလာရင်း မီးခတ်လုပ်ဖို့ကျောက်တွေ တွေ့ရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကောက်ကောက်ယှက်တယ်။

သွားရင်းချောင်းခွဲတွေ စီးဝင်တာမျိုးတွေ တွေ့ရတယ်။

ချောင်းပျား ဘောနက်ထဲမှာ ချောင်းခွဲတွေအတော်များ များရှိနိုင်တယ်ဆိုတဲ့ သူ့အတွေးကို အောင်ခေါင်အတည်ပြု နိုင်ခဲ့တယ်။

ချောင်းခွဲတွေအဖြစ် ခွဲစီးသွားတာမျိုးလည်း တွေ့ရ တယ်။ အောင်ခေါင် မှတ်စုတိုရှု ချောင်းခွဲတွေကို မှတ်ပြီး ဆက်လျှောက်တယ်။

တစ်နေရာမှာတော့ အောင်ခေါင့်ခြေလှမ်းတွေ ဟုန့်ခနဲ ရပ်တန့်သွားတယ်။ မျက်လုံးအစုံက ချောင်းရေထဲဆီ စူးစိုက် ကြည့်တယ်။

အောင်ခေါင် အကြည့်ရောက်ရာအရပ်က ချောင်းရေ တွေကလှုပ်ခါနေတယ်။ အသေအချာကြည့်လိုက်တော့ ရှည် မျောမျောသတ္တဝါတွေ ရေကိုဆန်ကူးနေတာမျိုးလို တွေ့ရတယ်။ အသေအချာကြည့်တော့လည်း အဲဒီရှည်မျောမျော သတ္တဝါတွေ ကူးသာကူးနေတယ်။ နေရာဆီက မရွေ့။ နောက်က တစ်ခုခုက ဆွဲထားသလို။

အောင်ခေါင် သေသေချာချာ ပြန်ကြည့်မိတော့ တကယ့် နွယ်ပင်တွေပါလား။

ဘယ်ကလွဲပါ့မလဲ။ ပင်မနွယ်ပင်တစ်ခုက အောက်လို





ပေါက်နေတဲ့ နွယ်ရှည်တွေ ရေမှာကူးနေတာလို။

"ဟာ.. နွယ်ရှင်ဆိုတာ ဒါပဲ ထင်ရဲ့"

အောင်ခေါင် တီးတိုးရေရွတ်မိတယ်။ အောင်ခေါင် နွယ် ရှင်ဆိုတာမျိုး ရှိတယ်လို့တော့ ကြားဖူးရုံရှိပါတယ်။ ခုတော့ မျက်ဝါးထင်ထင်ပဲ။

မျက်ဝါးပေါ်တင်မြင်ရတော့ နွယ်ရှင်တွေရဲ့ လှုပ်ရှားမှု က အသည်းထိတ်စရာ။ ရှိုးရှိုးလှုပ်ရှားမှုမျိုးနဲ့ မတူသလိုပဲ။ တစ်စုံတစ်ခုကို သည်းသည်းမဲမဲ လုပ်ချင်လွန်းလို့ လူးလွန့် လှုပ်ရှား ရုန်းထွက်နေသလိုပဲ။

သူကို့ရေထဲက တက်လာတာမဟုတ်ဘဲနဲ့တောင် သူတို့ ကိုကြည့်ပြီး ထွက်ပြေးဖို့ခိုက်ပေါက်လောက်အောင် လှုပ်ရှားပြ နေသလိုပဲ။

အောင်ခေါင်ကတော့ ရဲကိုယ်မွေးပြီး မြင်တောင့်မြင်ခဲ မြင်ကွင်းကို ငေးကြည့်နေမိတယ်။

ဒီမှာတင် အောင်ခေါင်မြင်လိုက်ရတဲ့ မြင်ကွင်းတစ်ခု ကြောင့် အောင်ခေါင့်ရင်ထဲ တဒိတ်ဒိတ်ကို ဖြစ်သွားရ တော့တယ်။

အဲဒီနွယ်ရှင်တွေကြားထဲမှာ... မြွေ...။

အဲ... မြွေလို့ပဲဆိုရမလား။ အမှန်က မြွေတစ်ပိုင်း နွယ်တစ်ပိုင်း။ မြင်ရတဲ့ အောင်ခေါင် ရင်ထဲ တဒိတ်ဒိတ်။



www.burmeseclassic.com

www.burmeseclassic.com



နွယ်ရှင်တွေကြားထဲမှာ မြွေနှစ်ကောင်။ ဆိုခဲ့ပြီးတဲ့ အတိုင်း မြွေတစ်ပိုင်း နွယ်တစ်ပိုင်းနှစ်ကောင်…။

နွယ်ရှင်တွေလို မျက်စိမရှိ ပါးစပ်မရှိ မဟုတ်။

မျက်စိအကြည့်တွေက တောက်လို့ ချာချာလည်လို့။ ပါးစပ်ကလည်း တဖြဲဖြဲ ဟဟဟ။ ပါးစပ်ထဲက လျှာကလည်း တစ်လစ်တစ်လစ်။

သူတို့နှစ်ကောင်ကလည်း နွယ်ရှင်တွေလိုပဲ။ တစ်စုံ တစ်ခုကို သည်းသည်းမဲမဲ လုပ်ချင်လွန်းလို့ လူးလွန့်လှုပ်ရှား ရုန်းထွက်နေသလိုပဲ။

သူတို့နဲ့ တစ်ဆက်တည်း ဖြစ်နေတဲ့ နွယ်ပင်ရဲ့အတက်ကို အောင်ခေါင် စိုးရိမ်တကြီး ကြည့်နေမိတယ်။ နွယ်ပင်ရဲ့ အတက်ပြုတ်ထွက်တော့မလို ပြုတ်ထွက်တော့မလို။

အောင်ခေါင် တအံ့တသြ ကြည့်နေဆဲမှာပဲ တစ် ကောင်ရဲ့ နွယ်အတက်ပြုတ်ထွက်သွားတယ်။ အဲဒီမြွေ ရေကို ဆန့်ပြီး ကူးသွားတယ်။ သူ့နောက်က မြွေမဖြစ်သေးတဲ့ နွယ် အတက် အဲဒီမြွေရေကူးသွားစဉ်မှာပဲ မြွေအမြီးပိုင်းဖြစ်သွား တော့တယ်။

အောင်ခေါင် ကိုယ့်မျက်စိကို ကိုယ်မယုံတောင်ဖြစ်သွား တယ်။ ကျန်တဲ့တစ်ကောင်ကို ပြန်လှမ်းကြည့်မိပြန်တယ်။ အဲဒီ အကောင်လည်း အတင်းလူးလွန့်လှုပ်ရှားရုန်းထွက်နေပြန်တယ်။ သူနဲ့တစ်ဆက်တည်းဖြစ်တဲ့ နွယ်ပင်ရဲ့အတက်ပြုတ် ထွက်လုလု





ဖြစ်နေပြီ။

အောင်ခေါင် သေချာအောင်ကို မမှိတ်မသုန်ကြည့်နေ တယ်။ နွယ်အတက်ပြုတ်ထွက်သွားပြီ။ အဲဒီအကောင် ပထမ အကောင်လိုပဲ ရေကိုဆန့်ကူးသွားတယ်။ မြွေမဖြစ်သေးတဲ့ နွယ် အတက် အဲဒီအကောင် ရေကူးသွားစဉ်မှာပဲ မြွေဖြစ်သွားတော့ တယ်။ မြွေအမြီးပိုင်းဖြစ်သွားတော့တယ်။

အံ့သြမှုက အောင်ခေါင့်ကို အသက်ရှူရပ်တန့်နေစေ သလိုပဲ။ အောင်ခေါင် အသက်ရှူရမှာကိုတောင် မေ့နေသလို ပဲ။ အတန်ကြာမှ အောင်ခေါင်အသက်ကို မှတ်မှတ်ရရ ပြန် ရှူမိတော့တယ်။

'ဟုတ်သေးပါဘူး၊ ဟုတ်သေးပါဘူး၊ နွယ်ရှင်ဆိုတာ ထားပါတော့၊ ခုဟာက နွယ်ကနေ မြွေဖြစ်သွားတဲ့ အဖြစ်ပဲ'

အောင်ခေါင် ရေရွတ်မိခြင်းနဲ့အတူ အဲဒီနေရာက ဆက် ထွက်ခဲ့တယ်။

'ဒါဟာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ရပ်မှန်တစ်ခုလား၊ တော ခြောက်တာလား'

အောင်ခေါင် ဆက်ရေရွတ်မိတယ်။

'ဖြစ်ရိုးဖြစ်စဉ်ဆိုလည်း အတော်ထူးဆန်းတာပဲ၊ ထူး ဆန်းတဲ့ဖြစ်ရပ်ပဲ'

ဒီမြင်ကွင်းက ဒီကျွန်းမှာ နေရဦးမယ့် အောင်ခေါင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို လေးကျသွားစေသလိုပဲ။

'ဒီကျွန်းမှာ ငါပေါ့ပေါ့သသ နေလို့တော့မရဘူး။ သင်္ဘောကြီးနိုင်မှ ဘယ်လိုကျွန်းချိုးလဲ'

ဆက်လျှောက်ရင်းနဲ့ အောင်ခေါင် ချောင်းရိုးအတိုင်း တွေ့ကောက်ဆက်မလျှောက်တော့ဘဲ ပင်လယ်ကမ်းခြေဆီ လှည့်မယ်စိတ်ကူးတယ်။ ချောင်းရိုးစဉ်ကိုခွာပြီး ပင်လယ်ဘက်ဆီ မှန်းလျှောက်ခဲ့တော့တယ်။

(၂)

တောစပ်ကထွက်တယ်ဆို ပင်လယ်ကမ်းခြေဆီမှာ ပြန့်ကြဲနေတဲ့ ပစ္စည်းပစ္စယတွေကို တွေ့လိုက်ရတယ်။ ဘာတွေလဲ။ ဘယ်လိုလဲ။ အောင်ခေါင် အဲဒီဆီ လျှောက်ခဲ့တယ်။

သေတ္တာကြီးကြီးတစ်လုံး။ သေတ္တာလတ်သုံးလုံးနဲ့ စားပွဲကုလားထိုင် အကျိုးအပဲ့တွေ ပျဉ်ပြားသစ်ချောင်းတွေကို တွေ့လိုက်ရတယ်။

'ဒါ… ဒီကျွန်းအတွက် ပင်လယ်ကြီးကပေးတဲ့ လက်ဆောင်ပေါ့'

အောင်ခေါင်သိလိုက်ပါတယ်။ ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး ပျက်စီးတဲ့ သင်္ဘောတစ်စီးစီးက ပစ္စည်းတွေ၊ ပင်လယ်





ရေစီးကြောင်းနဲ့အတူ မျောပါလာပြီး ဒီကျွန်းမှာ တင်နေတာ။

'ခုတော့ အင်မတန် ဒုက္ခရောက်နေတဲ့ ဒုက္ခသည်ကြီး ငါ့အတွက် ပင်လယ်ကြီးက ညာတာမှုတစ်ခုအနေနဲ့ ပေးတဲ့လက်ဆောင်ပေါ့'

အောင်ခေါင် ဆက်ပြောတယ်။

'တတ်လည်းတတ်နိုင်ပါ့ မှော်ဆရာကြီးရယ်၊ ကျုပ်ကတော့ ခင်ဗျားငိုဆိုငိုရတော့မှာပဲ၊ ရယ်ဦးဆို ထရယ်ပြရမှာပဲ'

အောင်ခေါင် သေတ္တာတွေကို ဖွင့်ဖို့ ကြိုးစားတော့တယ်။ အခိုင်အမာ သေတ္တာတွေကို အောင်ခေါင် လှည့်ပတ်ကြည့်တယ်။ သော့တွေကို ကိုင်တွယ်ကြည့်တယ်။

နောက်တော့ သေတ္တာကြီးရဲ့ သော့ကို အောင်ခေါင် ရိုက်ဖျက်နေတော့တယ်။ သိပ်မကြာမီမှာပဲ သေတ္တာကြီးရဲ့ သော့ပွင့်သွားတယ်။

'အောင်ခေါင် သေတ္တာအဖုံးကို ဖွင့်ကြည့်တယ်'

'ဟာ… အကောင်းစား ပေါင်မုန့်ခြောက်တွေ ထည့်ထားပါလား'

'ဒါ လူအတော်များများစားစားအတွက် ထားတာဖြစ်ရမယ်၊ ငါတစ်ယောက်တည်းဆို အတော်ကြာကြာစားရ မယ်'

'ကျေးဇူးပါပဲ ပင်လယ်ကြီးခင်ဗျား'

နောက် အတော်လေးလေးပင်ပင်ဖြစ်နေတဲ့ သေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ယတ်တစ်လုံးရဲ့သော့ကို အောင်ခေါင် ဖျက်ပြန်တယ်။

သော့ဖျက်ပြီး သေတ္တာအဖုံးကို ဖွင့်ကြည့်လိုက်တော့ အရက်ပုလင်းတွေ…။

'အရက်တွေ'

'ငါ မကြိုက်ဘူး၊ ဒါပေမဲ့…'

'ကျေးဇူးတင်ပါတယ် ပင်လယ်ကြီးခင်ဗျား'

နောက်သေတ္တာလတ်တစ်လုံးရဲ့သော့ကို အောင်ခေါင် ဖျက်ပြန်တယ်။ သော့ပျက်သွားတယ်။ အောင်ခေါင်အဖုံးဖွင့်လိုက်တယ်။

'မိန်းမအဝတ်အစားတွေ'

'ငါနဲ့ဘာမှမဆိုင်ဘူး၊ ဒါပေမဲ့'

'ကျေးဇူးတင်ပါတယ် ပင်လယ်ကြီးခင်ဗျား'

နောက် အောင်ခေါင် သေတ္တာလတ်တစ်လုံးရဲ့ သော့ကို ဖျက်ပြန်တယ်။ အဲဒီသေတ္တာသော့လည်း ပျက်သွားပြန် တယ်။ အောင်ခေါင် သေတ္တာအဖုံး ဖွင့်လှန်လိုက်တယ်။

'အဝတ်အစားတွေ၊ ဟာ… ဒါကတော့ ယောကျ်ား ဝတ် အဝတ်အစားတွေ၊ ဟန်ကျတာပဲ'

အောင်ခေါင် အပေါ်ယံက အဝတ်အစားတွေကိုဖွင့် ကြည့်ဖြန့်ကြည့်လုပ်တယ်။

'ဟန်ကျလိုက်တာ၊ ပါတီပွဲတွေ ဖိတ်မဲ့လူရှိရင်တောင်





စတိုင်ကျကျ သွားလို့ရပြီ'

အောင်ခေါင် ဖွကြည့် ဖြန့်ကြည့်လိုက်မိတဲ့ အဝတ် အစားတွေကို ပြန်ခေါက်ထည့်လိုက်တယ်။ သူ့ တစ်စုံတစ်ခု မေ့သွားတာကို အောင်ခေါင် သိလိုက်တယ်။

'ကျေးဇူးတင်ပါတယ် ပင်လယ်ကြီးခင်ဗျား'

အောင်ခေါင် အော်လိုက်တယ်။ အဲဒါ မေ့သွားတာ။

'လူသတ်သမားဖြစ်လိုက်၊ စေတနာရှင်ဖြစ်လိုက်၊ ရန်သူ ဖြစ်လိုက်၊ မိတ်ဆွေဖြစ်လိုက်၊ မဟန်ပါဘူး၊ ဒီပင်လယ်ကြီး မဟန်ပါဘူး'

တီးတိုးရေရွတ်ပြန်တယ်။

အောင်ခေါင် စဉ်းစားတယ်။ ပစ္စည်းလေးဘာလေး ရလာတော့ ပစ္စည်းထားစရာဆိုတာ လိုလာပြန်ပြီ။ နေဖို့ထိုင်ဖို့ လိုတာပါလေ။ ငါ နေရာရှာဦးမှဖြစ်မှာပါ။

*

(၃)

ကျောက်သားဂူလေးတွေ တွေ့ရတဲ့အထဲမှာ ကျယ်ကျယ် ပြန့်ပြန့်လည်းဖြစ် ရေအတွက်လည်း အခက်အခဲမရှိရအောင် စမ်းချောင်းလေးတစ်ခုနဲ့ နီးနီးဖြစ်တဲ့ ကျောက်ဂူတစ်ခုကို အောင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင် ရွေးချယ်တယ်။ ဂူကို သန့်ရှင်းရေးလုပ်ပြီး ပစ္စည်းပစ္စယ တွေကို အဲဒီထဲ သယ်ပိုးထားလိုက်တယ်။

အောင်ခေါင် မောသွားပြီ။

စမ်းချောင်းဆင်း ရေချိုးတယ်။

ရေချိုးပြီး အဝတ်အစားလဲဖို့ ယောကျ်ားဝတ်တွေပါတဲ့ သေတ္တာကို ဖွင့်တယ်။ အဝတ်အစားတွေကို လှန်လှောကြည့် တယ်။

အဝတ်အစားတွေအောက်မှာ စောင်တစ်ထည်၊ အဲဒီ အောက်မှာ ခိုးလိုးခုလုဖြစ်နေတာတွေ တွေ့ရလို့ အောင်ခေါင် စောင်ကို လှန်လျောထုတ်လိုက်တယ်။ အောက်မှာ…

ခြောက်လုံးပြူးတစ်လက်။

စစ်သုံးဘက်နက်ဓားတစ်ချောင်း။

အထုပ်ကြီးနှစ်ထုပ်။ အထုပ်လေးတစ်ထုပ်။

အထုပ်ကြီးနှစ်ထုပ်ကို ဖြည်ကြည့်လိုက်တော့ ဖိနစ်နှစ် ရုံ။ အထုပ်လေးတစ်ထုပ်ကို ဖြည်ကြည့်လိုက်တော့ ခြောက် လုံးပြူး ကျည်ဆံဆယ်တောင့်။ ခြောက်လုံးပြူးဆုံလည်ကို ကြည့် လိုက်ပြန်တော့လည်း ကျည်ဆံအပြည့်။

အောင်ခေါင် ခဏတွေစဉ်းစားနေတယ်။

'ဘာပဲဖြစ်ဖြစ် ငါ့အတွက်တော့ လိုအပ်မှာပါ၊ အတော် ပါပဲ၊ ကျေးဇူးတင်ပါတယ် ပင်လယ်ကြီးရယ်'





အောင်ခေါင် တိုးတိုးပဲ ရေရွတ်တာပါ။

အဝတ်အစားတွေ ယူဝတ်လိုက်တယ်။ နည်းနည်းပွ ယောင်းယောင်းဖြစ်နေတာကတော့ အပြစ်မဆိုသာ။ ကိုယ်နဲ့ တိုင်းချုပ်တာမှမဟုတ်ဘဲ။ ဝတ်လို့ရတဲ့ အဆင့်ပဲ မဆိုးပါဘူး။

အဝတ်အစားတွေကြားထဲက တွေ့ရတဲ့ ခြေအိတ်သုံးစုံ။ တစ်စုံကို အောင်ခေါင်ကောက်စွပ်လိုက်ပြီး ဘိနပ်တစ်ရုံကို စီးကြည့်လိုက်တယ်။ အနည်းငယ်တော့ ကြီးတယ်။ ဝော်လို့ ရတယ်။

အဝတ်အစားတွေထဲမှာ ရေမွှေးပုလင်းကို တွေ့လိုက်ရ သေးတာနဲ့ အောင်ခေါင် ယူဖွင့်ဆွဲပြီးကြည့်လိုက်သေးတယ်။

မွှေးကြိုင်သွားတာပဲ။ စိတ်လည်း လန်းသွားသလိုပဲ။ အောင်ခေါင် ခြောက်လုံးပြူး ဓားနဲ့ ကျည်ဆံထုပ်ကို ချန်ထား ပြီး ကျန်တာတွေကို သေတ္တာထဲ စနစ်တကျ ပြန်ထည့်လိုက် တယ်။ စူးစမ်းချင်တဲ့ စိတ်နဲ့ မိန်းမအဝတ်အစားတွေပါတဲ့ သေတ္တာ ကို အောင်ခေါင် ဖွင့်ကြည့်မိပြန်တယ်။

မိန်းမအဝတ်အစားများ စောင်တစ်ထည်။

အလှပြင်ပစ္စည်းများ။ ရေမွှေး ပေါင်ဒါ။

ခြေအိတ် လက်အိတ်များ၊ သွားတိုက်ဆေးဗူး။ သွား ပွတ်တံ။ မိန်းမကိုင် မောင်းချပ်ဓားလေးတစ်ချောင်း။



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်မှန်လေးတစ်ချပ်။ မိန်းမစီးဖိနပ်နှစ်ရံ။

အောင်ခေါင် လက်ကိုင်မှန်၊ မောင်းချပ်ဓားလေး၊ သွားတိုက်ဆေးဗူး၊ သွားပွတ်တံတို့ကို ချန်ထားပြီး ကျန်တာတွေကို ပြန်ထည့်လိုက်တယ်။

အောင်ခေါင် အရက်သေတ္တာကို ဖွင့်လိုက်ပြန်တယ်။

ဘာအရက်တွေလဲ မသိ။

တစ်ပုလင်းထုတ်ယူတယ်။ အဖုံးဖွင့်တယ်။ မော့သောက်ကြည့်လိုက်တယ်။

'ဖူး… ဟူး…'

ရေမပါဘာမပါမို့ လည်ချောင်းထဲ ပူပြင်းပြင်းစီးဝင်သွားတယ်။ မခံနိုင်။ အောင်ခေါင် ပြန်မှုတ်ထုတ်လိုက်မိတယ်။ တစ်ဝက်တစ်ပျက်တော့လည်း ဝမ်းဗိုက်ထဲဝင်သွားဟယ်။ ရင်ထဲဝမ်းထဲ ပူစပ်စပ်ကြီးဖြစ်နေတော့တယ်။

အောင်ခေါင် အရက်ပုလင်းကို ပြန်ပိတ် သေတ္တာထဲပြန် ၊ည့်လိုက်တယ်။ တအောင့်လောက် ငြိမ်ထိုင်နေလိုက်တော့ အောင်ခေါင် ရီမူးမူးလေး ဖြစ်လာတယ်။ ဆာဆာလောင်လောင်လည်း ဖြစ်လာပြီ။

အောင်ခေါင် ပေါင်မုန့်ခြောက်သေတ္တာကြီးကိုဖွင့်။

ပေါင်မုန့်ခြောက်တချို့ကိုယူ…။

သေတ္တာကိုပြန်ပိတ်။

ဆန်းသစ်ဦးတာပေ



အောင်ခေါင် သေတ္တာကြီးကို မှီထိုင်ပြီး ပေါင်မုန့်ခြောက်စားနေလိုက်တော့တယ်။

'ကျေးဇူးတင်ပါတယ် ပင်လယ်ကြီးရယ်'

*

(၄)

ဒီနေ့တော့ အောင်ခေါင် စမ်းချောင်းကို ဆန်ပြီး လျှောက်ခဲ့တယ်။ တောနက်ထဲမှာ မျက်စိမလည်အောင်လည်း သတိထားနေရတယ်။

ဘာပဲဖြစ်ဖြစ် တဖြည်းဖြည်း တောနက်ထဲရောက်လာသလို မြေမြင့်တောင်ကုန်းပေါ်ဆီလည်း ရောက်ရောက်လာတယ်။ သစ်ပင်ကြီးတွေလည်း ထူထပ်လာတယ်။ သစ်ပင်ကြီးတွေ ပိတ်ဆို့နေမှု အကွယ်က လွတ်လွတ်သွားတယ်ဆို ဟိုးခပ်ဝေးဝေးကိုလည်း လှမ်းမြင်နိုင်တယ်။

သစ်ပင်ကြီးတစ်ပင်ရဲ့ အကိုင်းကြီးတစ်ခုဆီ မျက်စိရောက်သွားတဲ့ အောင်ခေါင်။ အောင်ခေါင်ရဲ့အကြည့် အဲဒီ နေရာက မခွာဖြစ်နေတယ်။

အဲဒီသစ်ကိုင်းကြီးမှာ အဖုကြီးကြီးတစ်ခု…။

အဲဒီအဖုကြီး ပိန့်လိုက်ဖောင်းလိုက်ဖြစ်နေတယ်။

ဆန်းသစ်ဦးတာပေ

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူနေသလိုပဲ။

အမြင်များမှားသလား။ အောင်ခေါင် သေသေချာချာ ကြည့်နေမိတယ်။

အမြင်မှားခြင်း မဟုတ်ပါ။ သစ်ကိုင်းက အဖုကြီး အသက်ရှူသလို ပိန်လိုက်ဖောင်းလိုက်ဖြစ်နေတာအမှန်ပဲ။

အောင်ခေါင် တခြားသစ်ပင်တွေ သစ်ကိုင်းတွေဆီ လှည့်ပတ်ကြည့်တယ်။ တခြားသစ်ကိုင်း တချို့တလေမှာလည်း ဖုကြီးတွေ ထွက်နေတာကို တွေ့ရတယ်။

ဒါပေမဲ့ အဲဒီဖုတွေ ပိန်လိုက်ဖောင်းလိုက်ဖြစ်နေခြင်း မျိုးကိုတော့ မတွေ့ရ။ အောင်ခေါင် စောစောက သစ်ကိုင်းကြီးကို ပြန်ကြည့်တယ်။ အဲဒီသစ်ကိုင်းပေါ်က အဖုကြီးကတော့ ပိန်လိုက် ဖောင်းလိုက်ဖြစ်နေတာအမှန်ပဲ။ အကြာကြီး ကြည့်နေမိတယ်၊ ဘာမှဆက်ပြီး မထူးခြားတာနဲ့ အောင်ခေါင် ရှေ့ဆက်လျှောက် ခဲ့တော့တယ်။

အတော်လေးလျှောက်မိတော့ သစ်ပင်ကြီးတစ်ပင်ရဲ့ သစ် ကိုင်းကြီး တစ်ကိုင်းပေါ်က ဖုကြီး စောစောကဖုကြီးလို ပိန်လိုက် ဖောင်းလိုက်ဖြစ်နေတာကို တွေ့ရပြန်တယ်၊ အောင်ခေါင် ကြည့်နေ မိပြန်တယ်။

ဟာ… မလှမ်းမကမ်းက သစ်ပင်ကြီးတစ်ပင်ရဲ့ သစ် ကိုင်းမှာ…။





ရှူးပုံ့လို အကောင်တစ်ကောင် ရှန်းရှန်းထနေပါလား။ သစ်ကိုင်းနဲ့ ကိုယ်နဲ့ကပ်နေတာကို အတင်းခွာထုတ်နေတဲ့ ပုံစံမျိုး။ သစ်ကိုင်းအခေါင်းထဲက ထိုးထွက်နေတဲ့ ပုံစံမျိုး။

အဲဒီကောင်ကပ်နေသလိုဖြစ်တဲ့ အောက်ပိုင်းကို အသေ အချာကြည့်မိတော့ ဖုကြီးရဲ့ အခြေပိုင်းနဲ့တူနေတယ်။ အဲဒီကောင် ကပ်နေတာမဟုတ်။ သူ့အောက်ပိုင်းဟာ ဖုကြီးနဲ့ တစ်ဆက်တည်း ဖြစ်နေတာ။ အကောင်တစ်ပိုင်း ဖုကြီးတစ်ပိုင်းဖြစ်နေတာ။

ရှူးပျံလိုအကောင် အတင်းရုန်းထနေတယ်။ ဖုကြီး အဖတ်တွေကွာကျသလိုဖြစ်ပြီး ရှူးပျံလိုကောင်ရဲ့ အောက်ပိုင်း ဖြစ်ဖြစ်လာတယ်။

ရှူးပျံလိုအကောင်ရဲ့ မျက်လုံးတွေ ရူးရူးရဲရဲနဲ့ တော တွင်းတစ်ခွင်ကို လှည့်ကြည့်နေတယ်။ အကြည့် ဟိုကြည့် ဒီကြည့် ချာချာလည်နေသလို ရှန်းထမှုကလည်း ပြင်းပြင်းလာတယ်။

အပေါ်ပိုင်းမှာ အတောင်ပံလို ဖြစ်နေတဲ့ သူ့ရဲ့အရေ ပြားတွဲကြီးကိုလည်း တဖျပ်ဖျပ် လှုပ်ယမ်းခါပြီး လေမှာ ပျံသန်း ဖို့ အားယူသလို လုပ်နေတယ်။

အောင်ခေါင် ရှေ့ဆက်လျှောက်လာတယ်။ ရှေ့ဆက် လျှောက်လာခြင်းဆိုရာမှာ အမှန် တောင်ကုန်းမြင့်ပေါ်ဆီ ဆက် တက်လာခဲ့မိခြင်းသာဖြစ်တယ်။

တစ်နေရာမှာ သစ်ပင်ကြီးတွေ ကျဲနေပြီး ခပ်ဝေးဝေး



www.burmeseclassic.com

www.burmeseclassic.com



ဆီက လှမ်းမြင်နိုင်တဲ့ မြင်ကွင်းကို အောင်ခေါင်တွေ့ရတယ်။

အဲဒီမြင်ကွင်းကို အောင်ခေါင် ကြည့်မိတယ်။

အတော်ဝေးဝေးကြီးကို လှမ်းမြင်နေရတယ်။

ဒီကျွန်း… အတော်ကျယ်ကျယ်ကျွန်းကြီးပဲ။

ဟိုးအဝေး မျက်စိတစ်ဆုံးနေရာမှာ မီးတောင်ကြီးတစ်ခု ပါလား။ ကျွန်းရဲ့ တစ်ဘက်အဆုံးစပ်လောက်မှာရှိနေတယ်။ အောင်ခေါင့်တစ်သက်မှာတော့ မီးတောင်ကို ပထမဆုံးအနေနဲ့ အနီးဆုံးမြင်ရခြင်းပဲ။

အောင်ခေါင် အကြာကြီးကြည့်နေပြီး သူ့အတော်တော နက်နက် တောင်မြင့်မြင့်ပေါ်ရောက်နေတယ်ဆိုတာ သတိထား မိပြီး အောင်ခေါင် နောက်ကြောင်းပြန်လှည့်ခဲ့တော့တယ်။

အပြန်လမ်းမှာ အောင်ခေါင် တွေးမိတာက ဒီကျွန်းဒီ မတောထဲမှာ တိရစ္ဆာန်တွေ ဟိုပြေး ဒီလွှားတွေ့မိရဲ့။ အဲဒီ တိရစ္ဆာန်တွေ ဘယ်လိုဖြစ်လာတာပါလိမ့်။ သူ မြင်လိုက်ရတဲ့ မြင်ကွင်းတွေအတိုင်း သန္တေတစတွေများလား။ ဒီလိုမဟုတ်ရင် ဒီလောက်ခေါင်တဲ့ ကျွန်းပေါ် ဒီတိရစ္ဆာန်တွေ ဘယ်လိုရောက် လာနိုင်ကြတာလဲ။

※





(၅)

ဒီနေ့မှာတော့ အောင်ခေါင် စမ်းချောင်းကို စုန်ပြီး လျှောက်ခဲ့တယ်။

စမ်းချောင်းအောက်ဘက် ရပ်ဝန်းမှာ သားကောင် အမျိုး အစား အတော်စုံစုံကို တွေ့ရတယ်။ ဂျိုတို့ သမင်တို့ ဒရယ်တို့ ကိုလည်း အတော်ပေါပေါများများ တွေ့ရတယ်။ ယုန်ဖြူ သင်းခွေ ချပ်နဲ့ ဖွတ်တွေကိုလည်း တွေ့ရတယ်။

တချို့တိရစ္ဆာန်တွေ ဘယ်လိုတိရစ္ဆာန်တွေလည်း မသိ။ အောင်ခေါင်ပဲ တောအတွေ့အကြုံနည်းလို့ကလား။ အောင်ခေါင် အမျိုးအမည်မသိတဲ့ တိရစ္ဆာန်တွေ အတော်များများလည်း တွေ့ရ တယ်။

အောင်ခေါင် သစ်တောတစ်ခုဘေးက ဖြတ်သွားမယ် အလုပ်…။

သစ်ပင်တွေပေါ်မှာ မြွေစိမ်းအတော်များများကို တွေ့ လိုက်ရပြီး အောင်ခေါင် ခြေလှမ်းတွန့်သွားတယ်။

အဲသည်းယားစရာ မြင်ကွင်းကို ကြည့်ရင်း အောင်ခေါင့် စိတ်တွေ နောက်ကျိလာတယ်။ ရင်ထဲတောင် ကတုန်ကရီ ဖြစ် လာသလိုပဲ။

အောင်ခေါင် ဆက်ထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထွက်လာရင်း အောင်ခေါင် ပင်လယ်ကမ်းခြေဘက်ရောက်လာတယ်။ အောင်ခေါင် တောထဲကထွက်ပြီး ပင်လယ်ကမ်းခြေဆီ လျှောက်လာတယ်။ လှုပ်ရှားနေတဲ့ စိတ်တွေကို ပင်လယ်လေ စည်းဝါးတကျ ရှူသွင်းရှူထုတ်ရင်း ငြိမ်သက်အောင် လုပ်နေလိုက်တယ်။

စိတ်အတန်ငယ်ငြိမ်သွားတော့ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ဆီ ဟိုဟိုဒီဒီ လှမ်းကြည့်နေမိတယ်။ ဒီမှာတင် ဟိုးဝေးဝေးပင်လယ်ကမ်းစပ်ဆီမှာ ဆိုက်ကပ်ထားတဲ့ သင်္ဘောတစ်စင်းကို မြင်လိုက်ရတယ်။ ဝေးတယ်။ အတော်ဝေးဝေး။ ပျပျလေးလောက်သာ မြင်ရတာ။

အောင်ခေါင် သေချာအောင် စူးစိုက်ကြည့်နေမိတယ်။

ဟုတ်ပါတယ်။ သင်္ဘောတစ်စင်းဆိုတာကတော့ အမှန်ပါပဲ။ အဲဒီရောက်ဖို့ အတော်လျှောက်ရ သွားရမယ်ဆိုတာ အောင်ခေါင် မှန်းဆမိတယ်။ အဲဒီရောက်ပြီး ဂူဆီပြန်ဖို့ဆိုရင်…

ညနေစောင်းနေပြီ။

သွားပြန်ချိန်မရတော့။

ပါလာတဲ့ ပေါင်မုန့်ခြောက်ကလည်း နေ့လယ်စာစားလိုက်လို့ ကုန်သွားပြီ။ ဒီတော့… ခု… ဂူဆီပြန်မယ်။

နက်ဖြန်နံနက်စောစော ပေါင်မုန့်ခြောက်ရိက္ခာအလုံအလောက်ယူပြီး ဂူဆီကထွက်မယ်။ အဲဒီသင်္ဘောဆိုက်ကပ် နေရာဆီ





သွားထောက်လှမ်းမယ်။ လူကောင်းသူကောင်းတွေဆို ဟန်ကျပြီ။ အောင်ခေါင်ရဲ့ ပင်လယ်မျောဇာတ်လမ်းပြီးဆုံးပြီ။ ပင်လယ်ဓားပြတို့ လူဆိုးတို့ဆိုတာတွေဖြစ်နေရင်တော့ မလွယ်။ သင်္ဘောဆီအရမ်းသွားလို့မဖြစ် သတိကြီးကြီးနဲ့ ထောက်လှမ်းသွားပါမှ…။

အောင်ခေါင် နေမဝင်မီ ဂူပြန်ရောက်အောင် အမြန်လှမ်းပြန်ခဲ့တော့တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## လူခြေရာရှိရင် လူရှိရမယ်

သဘော်ဆီကို အောင်ခေါင် ပင်လယ်ကမ်းခြေလမ်း အတိုင်းမလာ။ တောစပ်တွေကနေ တောရိပ်သစ်ရိပ်ခိုပြီး လာခဲ့တယ်။

သဘော်နဲ့တည့်တည့်တောစပ်ရောက်တော့ အဲဒီတော စပ်သစ်ပင်ကြီး ပင်စည်တစ်ခုအကွယ်ကနေ အောင်ခေါင် သဘော်ကြီးဆီ လှမ်းကြည့် အကဲခတ်တယ်။

သဘော်ကြီးကမ်းခြေမှာ ဆိုက်ကပ်ထားခြင်းမဟုတ်။ ကမ်းခြေမှာ တစ်ခြမ်းစောင်းတင်နေခြင်းဖြစ်တယ်။ ပင်လယ်ထဲမှာ မုန်တိုင်းဒဏ်ကို ခံလာခဲ့ရပုံရတယ်။ စုတ်ပြတ်နေတာပဲ။ မုန်တိုင်းကြောင့် ပျက်စီးပြီး ဒီမှာလာတင်နေတာပဲ။ အောင်ခေါင်





ရထားတဲ့ ပစ္စည်းတွေတောင် ဒီသဘော်ဆီက လွင့်မျောတဲ့ပစ္စည်းတွေ ဖြစ်နိုင်တယ်။

'ဒါဆို ဒီသဘော်မှာ ပစ္စည်းတွေ ကျန်ရှိနေနိုင်သေးတယ်'

အောင်ခေါင် တွေးတယ်။

'လူတွေကော၊ သေကုန်ကြပြီလား၊ ကျွန်းအထိပါလာသူများ ရှိနေမလား'

အောင်ခေါင် သဘော်ပျက်ကြီးဆီကို မျက်စိစိုက်နားစိုက်နေလိုက်တယ်။ လူရိပ်လူခြေမမြင်ရ။ လူသံသူသံမကြားရ။ အောင်ခေါင် သဘော်ပျက်ဝန်းကျင် သဲပြင်ဆီ အကဲခတ်ကြည့်လိုက်မိတယ်။ လူခြေရာတွေ ဘာတွေ ရှိမလားလို့။

လူခြေရာတွေ…။

သဘော်ပျက်အနီးမှာ သဲပြင်တစ်လျှောက် အတော်ဝေးဝေးထိ ထင်ထင်ရှားရှားဖြစ်နေတဲ့ လူခြေရာတွေကို အောင်ခေါင်တွေ့လိုက်ရတယ်။

သေသေချာချာကြည့်လိုက်တော့ လူခြေရာတွေဆိုတာ ထင်ရှားပါတယ်။ အဲဒီခြေရာတွေ သဘော်ပျက်ဆီမှ ကမ်းခြေတစ်လျှောက်…။ ပြီး… အတော်ဝေးဝေးမှ တောတန်းဘက်ဆီ ဆက်သွားပုံရတယ်။ အဲဒီအထိကိုတော့ အောင်ခေါင် မမြင်နိုင်။ မှန်းဆမိခြင်း။ ခြေရာရှင် ပင်လယ်ထဲတော့ ဆင်းသွား



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်။

ခြေရာတွေက တစ်ဖက်သတ်ခြေရာတွေမဟုတ်။ အသွားအပြန် ခြေရာတွေ။

'လူခြေရာရှိရင် လူရှိရမယ်'

အောင်ခေါင် ဒီလိုပဲ တွက်ရမှာပေါ့။

'ဘယ်လိုလူလဲဆိုတာ ရှိသေးတယ်၊ လူကောင်းဖြစ်မလား၊ လူဆိုးဖြစ်မလား'

လူရှိနေပြီဆိုတာတော့ သေချာနေတဲ့အတွက် အောင်ခေါင် ပိုသတိထားလိုက်တယ်။

'အဲဒီလူ သဘော်ာပျက်ထဲမှာရှိနေရင် ငါ ဒီတောစပ်က ထွက်တာနဲ့ သူက ငါ့ကိုအရင်လှမ်းတွေ့နိုင်တယ်၊ သူ ရန်ပြုမယ်ဆိုရင်လည်း ကမ်းခြေတစ်လျှောက် ဖြတ်လျှောက်သွားတဲ့ငါ့ကို သူ ရှင်းရှင်းလင်းလင်း ရန်ပြုလို့ ရတယ်'

အောင်ခေါင် သဘော်ာပျက်ထဲမှာ လူဆိုးရှိနေရင်ဆိုတဲ့ အတွေး ကြိုတွေးကြည့်တယ်။ လူကောင်းဆိုရင်ကတော့ လုံးဝ အကြောင်းမဟုတ်။

အောင်ခေါင့်လက်ထဲမှာ တစ်လံလောက်ရှိတဲ့ တစ်ဖက်ချွန် တုတ်ရှည်တစ်ချောင်းကို ကိုင်ထားတယ်။ ဂူကထွက်က တည်းက ယူခဲ့တာ။

နောက်ဆုံးတော့ အောင်ခေါင် အရဲစွန့်မယ်လို့ဆုံးဖြတ်





လိုက်တယ်။ တစ်ဖက်ချွန်တုတ်ရှည်ကို အချွန်ရှေ့တည့်တည့်ဆီ ချိန်ပြီး လှံကိုင်သလိုကိုင်၊ အောင်ခေါင် သစ်တောစပ်က တစ်လှမ်းချင်း သတိကြီးကြီးထွက်ခဲ့တော့တယ်။

မျက်စိအစုံကတော့ သဘော်ာပျက် ရှိရာဆီ စူးစူးစိုက်စိုက်။ တစ်လှမ်းချင်းလှမ်းလာတဲ့ အောင်ခေါင့်ခြေလှမ်းတွေ သဘော်ာပျက်နဲ့ တဖြည်းဖြည်းနီးလာတယ်။

အောင်ခေါင် ခါးမှာထိုးထားပြီး အပေါ်က အင်္ကျီနဲ့ ဖုံးထားတဲ့ ခြောက်လုံးပြူးဆီ စိတ်ရောက်သွားတယ်။

'ခြောက်လုံးပြူးပဲ ထုတ်ကိုင်ရကောင်းမလား'

အမှန်က အောင်ခေါင် ခြောက်လုံးပြူးကို ဝှက်ထားခြင်းဖြစ်တယ်။ ခြောက်လုံးပြူးကို အရင်ထုတ်မကိုင်ထားချင်။ ရန်သူက သူ့ကိုအရင်ကြိုပြီး ဦးပြီးတွေ့နေပြီဆို သူ့မှာ ခြောက်လုံးပြူးရှိနေတာကို ရန်သူ မသိစေချင်။ ဒါမှ ရန်သူ သူ့ကို ပေါ့ပေါ့ဆဆတွက်မယ်။

အရေးကြုံမှ အမှတ်မထင် ဝှက်ထားတဲ့ ခြောက်လုံးပြူးကို အသုံးချမယ်။ အောင်ခေါင် ဒီလိုတွေးပြီး ခြောက်လုံးပြူးထုတ်မကိုင်ခြင်းဖြစ်တယ်။

'ခြောက်လုံးပြူး မထုတ်သေးပါဘူးလေ'

အောင်ခေါင် တုတ်ချွန်ချိန်ရင်းပဲ ရှေ့ဆက်တက်တယ်။ သဘော်ာပျက်နားကပ်သွားပြီ။ အနီးကပ်ကြည့်တော့ ခြေရာ တွေ။



www.burmeseclassic.com

www.burmeseclassic.com



အသေအချာလူခြေရာတွေပဲ။ အသွားအပြန် ရှုပ်ယှက် ခက်နေတဲ့ ခြေရာတွေ။ ကြည့်ရင်း ထူးခြားမှုတွေ့တာက ခြေရာတွေ သိပ်ကြီးကြီးမားမားရယ်မဟုတ်။ လူကောင် ကြီးကြီးထွားထွားတွေ မဟုတ်လောက်။ အကြမ်းပြင်းတွေးတွက် ကြည့်ရရင် မိန်းမခြေရာတွေများဖြစ်မလား။

အောင်ခေါင် ခြေရာတွေ ရှုပ်နေတဲ့လမ်းကြောင်းအတိုင်း လိုက်ကြည့်မိတယ်။ ခြေရာတွေ ကမ်းခြေအတိုင်း။ ကမ်းခြေအတိုင်းကနေ တောစပ်ဘက်ဆီ ကွေ့တက်သွား။

ဟာ… တောစပ်ထဲက လူနှစ်ယောက် ထွက်လာပါလား။

အောင်ခေါင် သင်္ဘောပျက်ဆီ ပြန်ကြည့်မိတယ်။ သင်္ဘောပျက်ကတော့ တိတ်တိတ်ဆိတ်ဆိတ်ပဲ။ ဒါဆို သင်္ဘောပျက်မှာ လူမရှိတာ သေချာလောက်ပါပြီ။

လူနှစ်ယောက်ထွက်လာရာဆီ ပြန်အကြည့်မိမှ၊တော့ ခပ်သွက်သွက်လျှောက်လာကြတာမို့ အတော်ကြီးနီးလာနေပြီ။ ဟင်… မိန်းကလေးနှစ်ယောက်ပါလား။

ခြေလှမ်းကြဲကြဲ၊ ရဲရဲသွက်သွက် လျှောက်လာကြတဲ့ မိန်းကလေးနှစ်ယောက်။ အောင်ခေါင့်ဆီ တည့်တည့်တန်းတန်း တူ့လာနေကြတာ။

မိန်းကလေးတွေဖြစ်တဲ့အတွက် အောင်ခေါင် စိတ်ထွေ





ပြီးပဲ စောင့်ကြိုနေလိုက်တယ်။ မိန်းကလေးတွေဝတ်ဆင်မှု ဘယ်လိုပါလိမ့်။ သူတို့ဝတ်ဆင်မှုကိုကြည့်ပြီး ပုဂံခေတ် နံရံပန်းချီတွေထဲက မိန်းမတွေဝတ်ဆင်မှုကို အောင်ခေါင် သတိရလိုက်တယ်။ နောက်ပြီး ဟိန္ဒူမိန်းမတွေဝတ်တဲ့ ဝတ်ဆင်မှုမျိုးနဲ့လည်း ဆင်တူသလိုလို။ အောင်ခေါင် တွေးထင်လိုက်မိတယ်။

အနားကပ်လာတော့ အသက်နှစ်ဆယ်ကျော်ရွယ် မိန်းမလှတွေဆိုတာကို အောင်ခေါင် သိလိုက်ရတယ်။ သူတို့ မျက်နှာတည်ပြီး တင်းနေတာပဲ။ ဘယ်လိုမှ ကိုယ်ရှိန်မသတ်ဘဲ အောင်ခေါင့်တည့်တည့်ဆီကို တန်းဝင်လာကြတယ်။

အောင်ခေါင် ဘယ်လိုဆက်ဆံရမလဲ တွေးမရခင်မှာပဲ မိန်းကလေးတစ်ယောက်ရဲ့ခြေထောက်တစ်ဖက် အောင်ခေါင့်ဆီ မြှောက်ဝေ့ဝင်လာတယ်။ နထင်မေးရိုးဆီ တန်းနေတာပဲ။ အောင်ခေါင် ရှောင်ပြီး မိန်းကလေးရင်ဝကို တုတ်ချွန်နဲ့ ထိုးပစ်လိုက်တယ်။ မိန်းကလေး အရှောင်မြန်တယ် မထိဘူး။

"မင်းတို့ကို ငါ ဘာလုပ်လို့ ငါ့ကို ရန်မူတာလဲ"

နောက် မိန်းကလေးက ဝင်တိုက်ပြန်တယ်။ ခြေလက်အစုံနဲ့ ဝင်တိုက်ခိုက်တာ။ အောင်ခေါင်လည်း တုတ်ချွန်အားကိုးနဲ့ ခုခံနေရတယ်။

"ငါနဲ့မင်းတို့နဲ့ ရန်သူမဟုတ်ဘူးလေ၊ အကြောင်းမဲ့ မလုပ်သင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အောင်ခေါင့်ကို နှစ်ယောက် ဝိုင်းညှပ်တိုက်ခိုက်နေကြပြန်တယ်။

‘နေကြပါဦး၊ စကားလေးဘာလေး ပြောဆိုသင့်သေးတယ်လေ၊ ငါဟာ မင်းတို့ရန်သူမဟုတ်ရင် မင်းတို့ ဒီလိုမလုပ်သင့်ဘူးလေ’

တိုက်ရင်းခိုက်ရင်း အောင်ခေါင် ပြောနေမိတယ်။

‘ရှင်… ဟင်… ရှင်က ကျွန်မတို့စကား ဘာလို့တတ်နေရတာလဲ’

တစ်ယောက်က အံ့သြသလိုဖြစ်သွားရင်း မေးတယ်။ တိုက်ခိုက်မှုလည်း တန့်သွားတယ်။

‘ဟို… ဟို… ငါက မြန်မာလူမျိုးလေ’

တစ်ယောက်ကတော့ တိုက်ခိုက်မှုကိုမရပ်။ ဒလစပ်တိုက်နေတုန်း။

‘မြန်မာလူမျိုး၊ မသိဘူး၊ ရှင် ကျွန်မတို့စကား တတ်နေတာတော့ ဆန်းတယ်’

အဲဒီမိန်းကလေးကလည်း ပြောပြီးဆက်တိုက်ခိုက်ပြန်တယ်။ ဒီမိန်းကလေးနှစ်ယောက် တိုက်ရည်ခိုက်ရည် အတော်ကျွမ်းကျင်တယ်။ အောင်ခေါင် တုတ်ချွန်အားကိုးနဲ့ တိုက်ခိုက်နေရတာတောင် ပျာယာနေတော့တာပဲ။ လက်ချည်းဆို ဒီ မိန်းကလေးနှစ်ယောက်ကို အောင်ခေါင် ယှဉ်နိုင်မှာမဟုတ်။ ဒါကြောင့်





အောင်ခေါင်တုတ်ကို လက်နဲ့မလွတ်အောင် သေသေသပ်သပ်ဆုပ်ကိုင်တိုက်ခိုက်နေရတယ်။

တိုက်ရင်းခိုက်ရင်းမှာပဲ အောင်ခေါင် တုတ်ချွန် စကားလုံးဝမပြောဘဲ ဒလစပ်တိုက်နေတဲ့ မိန်းကလေးလက်ထဲပါသွားတယ်။ အဲဒီမိန်းကလေး အဲဒီတုတ်ချွန်နဲ့ အောင်ခေါင့် ရင်ဝဆီထိုးပစ်လိုက်တော့တယ်။ အောင်ခေါင် ရှောင်လိုက်တဲ့အတွက် လွတ်ရုံလေး။

အဲဒီမိန်းကလေး အဲဒီတုတ်ချွန်နဲ့ အောင်ခေါင့်ကို ဒလစပ်တိုက်ထိုးနေရိုက်နေတော့တယ်။

‘ညီမလေး အသေမသတ်နဲ့ဦး၊ အသေမသတ်နဲ့ဦး’

အောင်ခေါင့်ကို စကားပြန်ပြောတဲ့ မိန်းကလေးက အဲဒီမိန်းကလေးကိုဆိုတယ်။

‘ဘာလို့မသတ်ရမှာလဲ၊ သတ်ရမယ်၊ အသေသတ်ရမယ်၊ အဖေ ဘာမှာခဲ့လဲ၊ ကျွန်းပေါ် ဒီဟာတွေရောက်လာရင် အရှင်မထားရဘူး၊ သတ်ရမယ်လို့မှာခဲ့တယ်’

အဲဒီမိန်းကလေးက ပြန်ပြောရင်း အောင်ခေါင့်ကိုပဲ လိုက်တိုက်ခိုက်နေတော့တာပဲ။ သေကွင်းသေကွက်တွေကိုချည်း အနိုင်လိုက်တိုက်နေတာ။ အောင်ခေါင် ရှောင်ရတိမ်းရတာ ပန်းလှပြီ။

‘တို့စကားပြောတတ်တာတော့ ထူးတယ် ညီမရဲ့’

‘ထူးထူး မထူးထူး ကျွန်းပေါ်ရောက်လာရင် သေရမယ်’



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ယောက် ဝင်မတိုက်လို့သာ တော်သေးရဲ့။ တစ်ချက်မှာတော့ အဲဒီမိန်းကလေးရဲ့ တုတ်ထိုးချက် အောင်ခေါင့်ရင်ဝဆီ တန်းတန်းမတ်မတ်ပဲ။ အောင်ခေါင် ကိုယ်တိမ်းရှောင်ရုံမက ခါးပါလှည့်ပစ်လိုက်နိုင်လိုက်လို့ အောင်ခေါင့်ရင်ဘတ်အပေါ်ယံကို ရှပ်ပြီး တုတ်ထိုးချက်လွန်သွားတယ်။

တုတ်ထိုးချက်လွန်ပြီး အရှိန်လွန်ထိုးကျလာတဲ့မိန်းကလေးရဲ့ ရင်ညွန့်ဆီ အောင်ခေါင့်မြှောက်ဒူးက ဝင်သွားတယ်။

'အင့်'

ထိချက်ပြင်းတယ်။ မိန်းကလေး နောက်လှန်ကျသွားတယ်။ အမှန်က တော်ရုံတန်ရုံ မိန်းကလေးဆို ပွဲပြီးသွားပြီ။ ပြန်ထလာနိုင်ဖို့မလွယ်။ ဒါပေမဲ့ ဒီမိန်းကလေး မာကျောလွန်းတယ်။ ပြန်ထလာပြီး အောင်ခေါင့်ကို ဆက်တိုက်ဖို့ပြင် တယ်။

ဒီမိန်းကလေးတစ်ယောက်ကို ထိသွားတော့ ဟိုမိန်းကလေးတစ်ယောက်ကလည်း မနေသာ။ အောင်ခေါင့်ကို တိုက်ဖို့ ပြင်ပြန်ပါတယ်။

အောင်ခေါင် မောနေပြီ။ မတာတ်နိုင်။

ခါးက ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်တော့တယ်။ နှစ်ယောက်ကို တစ်ယောက်ဘာစ်လှည့်စီ ချိန်နေလိုက်တယ်။

'ငါ ဘယ်လိုမှ ပြောလို့မရဘူး။ မင်းတို့ ငါ့ကို အတင်းဝင်တိုက်ခိုက်နေတာ၊ ငါ မင်းတို့ကို ရန်ပြုချင်တာ မဟုတ်ဘူး၊





မင်းတို့ သိပ်လွန်နေပြီ၊ မင်းတို့ကို ငါ သတ်ဖို့ ဝန်မလေးတော့ဘူးနော်'

မိန်းကလေးနှစ်ယောက်ရဲ့ တိုက်ခိုက်ဖို့ပြင်ထားတဲ့ဟန်ရေးတွေပြေလျော့သွားကြတယ်။ အစ်မဖြစ်သူက ပြော တယ်။

'သတိထား ညီမလေး၊ သူ့မှာ ဒီလက်နက်မျိုး ပါလာတာကိုး'

ညီဖြစ်သူက အစ်မဖြစ်သူကို ခေါင်းဆတ်ခနဲ ညိတ်ပြတယ်။

'မင်းတို့ ဘယ်သူတွေလဲ၊ မြန်မာမလေးတွေလား၊ မြန်မာစကား ပြောတတ်နေတယ်'

အစ်မဖြစ်သူက ဖြေတယ်။

'ဘာမြန်မာလဲ၊ မသိဘူး၊ ကိုယ့်စကားကိုယ်ပြောတာပဲ'

ညီမဖြစ်သူကတော့ အောင်ခေါင့်ကို အလစ်ချောင်းနေပုံရတယ်။ အောင်ခေါင့်ရင်ဘတ်က တုတ်ထိုးချက်ရှပ်ထိသွားတဲ့ဒဏ်ရာက သွေးတစိမ့်စိမ့်ထွက်နေတယ်။

'မဟုတ်သေးဘူး၊ မဟုတ်သေးဘူး၊ မင်းတို့ မြန်မာမလေးတွေဖြစ်ရမယ်၊ မြန်မာစကားပြောတတ်နေတယ်'

'ရှင်ကကော ဘာလို့ ကျွန်မတို့စကားပြောတတ်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အိုး... မင်းတို့ပြောတာက ငါတို့စကား မြန်မာစကားပဲ'

'ဒါဆို ဒီလိုပြောရင်ကော ရှင်သိလား'

စကားတစ်မျိုးနဲ့ပြောတယ်။ အောင်ခေါင်မသိ။ နားမလည်။ အဲဒီစကားမျိုး ကြားတော့ကြားဖူးသလိုလားပဲ။ အောင်ခေါင် နားမလည်ဘူးဆိုတာ မိန်းကလေးတွေ သိပုံရတယ်။

'အဲဒါလည်း ကျွန်မတို့စကားပဲ'

အငယ်မကတော့ အောင်ခေါင့်အဝိုက်ကို လှည့်ပတ်ချောင်းနေတယ်။ အောင်ခေါင့်ရင်ဘတ် သွေးထွက်မှုကလည်း များနေပြီ။

'မင်းတို့ မြန်မာလူမျိုးတွေလား၊ ငါ့ကိုအမှန်အတိုင်းပြောစေချင်တယ်'

'မဟုတ်ဘူး၊ မြန်မာလူမျိုးဆိုတာ ကျွန်မတို့ မသိဘူး'

'မင်းတို့မိဘတွေကကော ဘာလူမျိုးတွေမို့လဲ'

'ကျွန်မတို့မိဘတွေက ဘာလူမျိုးမှ မဟုတ်ဘူး၊ ကျွန်မတို့အဖေက ကျွန်မတို့နေတဲ့ဂူနား ကညင်ပင်ကြီးက မွေးဖွားတဲ့ သန္ဓေတစလူသား၊ ကျွန်မတို့အမေကလည်း ဂူနားကပဲ စစ်ပင်ကြီးကမွေးတဲ့ သန္ဓေတစလူသားပဲ'

အောင်ခေါင် အာရုံနောက်သွားပြီ။

'မဟုတ်တာတွေ မပြောနဲ့လေ'





'ဘာမဟုတ်ရမှာလဲ၊ အဲဒါအမှန်ပဲ၊ ကျွန်မတို့ညီအစ်မအဲဒီသန္ဓေတစ လူသားနှစ်ဦးက မွေးဖွားတဲ့ သန္ဓေတစ မျိုးနွယ်မိန်းကလေးတွေပဲ'

အောင်ခေါင် ခေါင်းကို ခါယမ်းပစ်လိုက်တယ်။

'ညာတာ၊ မင်းသက်သက်ညာတာ'

'မယုံရင် ဘာမှမပြောလိုတော့ဘူး'

အငယ်မက ရွှေခြေတစ်လှမ်းတက်လှုပ်ရှားမယ်လုပ်တယ်။ အောင်ခေါင် သူ့ရင်ဝဆီ ခြောက်လုံးပြူးနဲ့ ချိန်လိုက်ပြီး...

'မလှုပ်နဲ့နော်၊ ငါ ပစ်လိုက်မှာ'

မိန်းကလေး အရှိန်သတ်လိုက်တယ်။ အောင်ခေါင် သူ့ရင်ဘတ်သူ ပြန်ငုံ့ကြည့်မိတော့ သွေးတွေရွှဲနေပြီ။ ဒီအတိုင်းမဖြစ်။ အောင်ခေါင် ဆုံးဖြတ်လိုက်တယ်။

'မင်းတို့ ငါ့နောက်ခြေတစ်လှမ်းမှ လိုက်လာဖို့ စိတ်မကူးနဲ့၊ ငါညာမှာမဟုတ်ဘူး၊ အသေပစ်လိုက်မှာ၊ ငါ သွားမယ်'

အောင်ခေါင် သူတို့ကို ခြောက်လုံးပြူးနဲ့ ချိန်လျက်ကနောက်ဆုတ်နောက်ဆုတ်နဲ့ တောစပ်ဘက် ပြန်ဆုတ်တယ်။

အစ်မဖြစ်သူက ညီမဖြစ်သူ လက်ဆွဲလိုက်ပြီး တီးတိုးပြောတယ်။

'ဟုတ်တယ်၊ ပင်လယ်မိစ္ဆာ၊ ရှင် ဒီကျွန်းမှာရှိနေလို့က



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့လက်က လွတ်လိမ့်မယ်မထင်နဲ့၊ ဒီကျွန်း ရောက်တဲ့လူကို ကျွန်မတို့ အရှင်မထားနိုင်ဘူး၊ အဲဒါ အဖေ့အမိန့်ပဲ၊ အဖေ့အမိန့်အတိုင်း ခုန ရှင့်ကို ကျွန်မ အပိုင်သတ်လိုက်တာပဲ၊ ရှင် မသေသေးတော့လည်း ထပ်သတ်ရသေးတာပေါ့"

အငယ်မ အောင်ခေါင့်ကိုအော်ပြောတယ်။ အောင်ခေါင်တောစပ်ထဲဝင်တယ်။ သူတို့ အောင်ခေါင့်ကိုတောင် ဆက်ကြည့်မနေတော့။ သင်္ဘောပျက်ဆီ ငေ့ကြည့်ပြီး သူတို့လာလမ်းအတိုင်း သူတို့ခြေလှမ်းကြဲကြဲသွက်သွက်တွေနဲ့ ပြန်လျှောက်သွားကြတော့တယ်။

*

(၂)

ရင်ဘတ်ထိသွားတဲ့ ဒဏ်ရာက ရှပ်ထိဒဏ်ရာပါ။ အဲ··· သွေးထွက်များသွားတာပဲ ရှိတယ်။ အောင်ခေါင် လမ်းပြန်လာရင်း ကုက္ကိုရွက်နုတွေ ခူးလာတယ်။ ဂူရောက်တော့ ဒဏ်ရာကို အရက်နဲ့ဆေးကြော၊ ကုက္ကိုရွက်ကို အရက်နဲ့ဆွတ်၊ အရည်ညှစ်ပြီး ဒဏ်ရာမှာထည့်လိုက်တယ်။ အဝတ်တွေ ဖြဲဆုပ်ပြီး ပတ်တီးစည်းထားလိုက်တယ်။

အသင့်လုပ်ထားတဲ့ သစ်ချောင်းကွက်တန်းတံခါးနဲ့ ဂူ





ပေါက်ဝကို ပိတ်။ မီးဖိုပြီး အောင်ခေါင်း စဉ်းစားခန်းဝင်နေမိတော့တယ်။ သဗ္ဗေတာစမျိုးနွယ် ညီအစ်မတဲ့။

ဒါကိုတော့ အောင်ခေါင် မယုံကြည်နိုင်သလိုပဲ။ ဘယ်သူကကော ယုံကြည်နိုင်ပါ့မလဲ။ ကညင်ပင်ကြီးက ဖြစ်တယ်ဆိုတဲ့လူမျိုး။ စစ်ပင်ကြီးကဖြစ်တဲ့လူမျိုး ကမ္ဘာမှာ ရှိတယ်ဆိုရင် ဘယ်သူက ယုံနိုင်ပါ့မလဲ။

ပြောတဲ့မိန်းကလေးရဲ့ မျက်စိမျက်နှာကို အောင်ခေါင်အသေအချာပြန်တွေးရုပ်လုံးဖော်ပြီး အကဲခတ်စဉ်းစားနေမိတယ်။

အဲဒီမိန်းကလေးရဲ့ အမူအယာ ညာပြောတဲ့ပုံမရှိသလိုပဲ။ အမှန်က အောင်ခေါင့်ကို ညာပြောစရာအကြောင်းကကော ဘာရယ်ရှိလို့လဲ။ ဘာအကျိုးအမြတ်ရှိနိုင်လို့လဲ။

ညာတဲ့ပုံစံမရှိပေမယ့် ဘာလို့ညာရတာလဲ။

ဒီစကား အမှန်စကားလို့ကော ဘယ်လို သတ်မှတ်ယူဆလို့ရမှာလဲ။ ဒီမိန်းကလေးတွေ ဝတ်စားဆင်ယင်ပုံကလည်းတစ်မျိုး။ တစ်မျိုးဆိုတာက လူမျိုးတိုင်းတော့ တစ်မျိုးစီချည်းပေါ့။ ဒါပေမဲ့··· ကျွန်းနေ··· ကျွန်းနေဆိုတာတောင် အင်မတန်ခေါင်တဲ့ ကျွန်းနေမိန်းကလေးတွေဖြစ်လျက် ဝတ်စားဆင်ယင်ပုံက ကျွန်းနေသူတွေနဲ့မတူဘူးလို့ ဆိုရမယ်။ ပုဂံခေတ်နံရံပန်းချီတွေက ဝတ်စားဆင်ယင်မှုမျိုး၊ ဟိန္ဒူအမျိုးသမီးတွေရဲ့ ဝတ်စားဆင်ယင်မှုမျိုး။ အဲဒီလိုနွယ်တယ်။ အရမ်းကို ထူးဆန်းနေတာက



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစကားပြောတတ်နေတာပဲ။

သန္တေတစမျိုးနွယ်တွေ ဘယ်လိုမြန်မာစကားတတ်နေရတာလဲ။ အဲ… တခြားစကားတစ်မျိုးလည်း တတ်နေချေသေးရဲ့။

အို ရှုပ်ရှုပ်ယှက်ယှက်တွေ တွေးနေစရာမလိုပါဘူး။ ဒါဟာ လိမ်ဆင်ပဲ။ ဒီလိုတွေးရင်း အောင်ခေါင် ပြန်မြင်ယောင်တာက ဒီကျွန်းမှာတွေ့ရတဲ့ သန္တေတစ်စကိစ္စတွေ။

အဲဒါတွေကတော့ မျက်ဝါးထင်ထင်ပဲ။ မျက်စိနဲ့ တတ်အပ်ပဲ။ ဒီကျွန်းမှာ တိရစ္ဆာန် အတော်မျိုးစုံရှိနေတယ်။ ထူးထူးဆန်းဆန်း တိရစ္ဆာန်တွေလည်းရှိနေတယ်။ ဒီလောက်ခေါင်တဲ့ ကျွန်း၊ ကုန်းမြေတွေနဲ့ ဒီလောက်ဝေးတဲ့ ကျွန်းမှာ ဒီတိရစ္ဆာန်တွေက ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ။

မျက်ဝါးထင်ထင် မျက်စိနဲ့ တတ်အပ်တွေ့လိုက်ရတဲ့ သန္တေတစ တိရစ္ဆာန်တွေလိုပဲ သန္တေတစ ဖြစ်လာကြကဲ့ တိရစ္ဆာန်တွေလား။

ဒါဆို ဟိုမိန်းကလေးပြောတဲ့ သူ့အဖေနဲ့အမေ သန္တေတစလူသားတွေဆိုတာ…

သိပ်အလွယ်တော့ လက်မခံနိုင်ဘူးလေ။

မြန်မာစကားပြောတတ်တဲ့ ကိစ္စက ရှိနေသေးရဲ့။

တင်ခုရှိတာက ဒီကတိရစ္ဆာန်တွေ သန္တေတစတိရစ္ဆာန်တွေ အမှန်ဆို ဟိုးကမ္ဘာမြေပြင်က တိရစ္ဆာန်တွေနဲ့ အဆက်





အစပ်မရှိဘဲ ဟိုးကမ္ဘာမြေပြင်က တိရစ္ဆာန်တွေ လှုပ်ရှားစားသောက်နေကြတာ အသံပြု အော်ဟစ်နေကြတာမျိုးနဲ့ ဘာ ကြောင့်တူညီနေကြရတာလဲ။

ဒါဆို ဒီက သန္တေတစလူသားဆိုတာလည်း ကမ္ဘာ့တစ်နေရာက လူသားတွေနဲ့ စကားပြောခြင်းတူနေတာ။ ဖြစ်နိုင်ချေရှိမလား။

လျှောက်ပြောတာတွေကိုကြားနေရရင်တော့ အောင်ခေါင်လည်း ယုံနိုင်မှာမဟုတ်ဘူးပေါ့လေ။ ခု… အောင်ခေါင်က လက်တွေ့မျက်မြင် တွေ့တာတွေ ယှဉ်နှိုင်းတွေးစရာတွေ ဖြစ်နေတယ်။

လူခြေရာရှိရင် လူရှိရမယ်။

ဒါကတော့ မှန်ပါတယ်နော်။

ခု… သန္တေတစ ဆိုတဲ့ ခြေရာကိုတွေ့ထားတဲ့ အောင်ခေါင်…။

'ကျွန်မတို့ မိဘတွေက ဘာလူမျိုးမှ မဟုတ်ဘူး၊ ကျွန်မတို့အဖေက ကျွန်မတို့ဂူနား ကညင်ပင်ကြီးက မွေးဖွားတဲ့ သန္တေတစလူသား၊ ကျွန်မတို့အမေကလည်း ဂူနားကပဲ စစ်ပင်ကြီးကမွေးဖွားတဲ့ သန္တေတစ လူသား'

အဲဒီစကားအထိ ယုံရမှာလား။

'ကျွန်မတို့ ညီအစ်မ အဲဒီသန္တေတစ လူသားနှစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားတဲ့ သန္ဓေတစမျိုးနွယ် မိန်းကလေးတွေပဲ"

ပြောပုံဆိုပုံကတော့ တကယ့်ဟည်တည်ငြိမ်ငြိမ်ပဲ။

အသက်နှစ်ဆယ်ကျော်အရွယ် မိန်းကလေးတွေ။ အမှန်က အောင်ခေါင်ထက် အသက်ကြီးပုံရပါတယ်။ အတင်း လိုက်ရန်ပြုနေတဲ့ မိန်းကလေးတွေမို့ အောင်ခေါင် ယဉ်ကျေးမှုနဲ့ အစ်မဘာညာမခေါ်နိုင်။ ဒါကြောင့် ခပ်ရင့်ရင့်ပဲ ခေါ်ဝေါ်သုံးစွဲမိတာ။ သိပ်ကော့လည်း အသက်မကွာလောက်ပါ။

ချောတော့ကတော့ ခပ်ချောချောတွေ။

ပေါင်တန့်ရှည်ရှည် အောက်ပိုင်းနိုင်နိုင် ခါးကျင်ကျင် ရင်မောက်မောက် မျက်လုံးတောက်တောက် မျက်နှာပြင် ပေါ်ပေါ်ထင်ထင်လေးတွေနဲ့…။

* * *





ပင်လယ်မိစ္ဆာ

ပင်လယ်ကြီးဟာ တကယ့်မှော်ဆရာကြီးပါပဲလား။

သူ့ပိုင်နက်ထဲမှာ အတော့်ထူးထူးဆန်းဆန်းတွေ ဖန်ဆင်းထား ပိုင်ဆိုင်ထားနိုင်ပါလား။ ကျွန်းတွေဟာလည်း ပင်လယ်ကြီးရဲ့ ဖန်တီးမှုပိုင်ဆိုင်မှုတွေပဲလေ။ ဒီကျွန်းလိုပဲ ထူးထူးဆန်းဆန်း ပင်လယ်ကြီးထဲမှာ ရှိနေကြဦးမလား။

အပြောကျယ်တဲ့ ပင်လယ်ပြင်ကြီးကို ငေးရင်း အောင်ခေါင် တွေးမိတယ်။

ရန်ကုန်။ မြန်မာပြည်။ ဘယ်ဆီလောက်မှာလဲ။

ပြန်လမ်း… ဘယ်လိုမှ မမျှော်မှန်းရဲ။

ဝေးပြီ။ သခင်နဲ့ဝေးပြီ။ ဦးကြီး ဦးလတ် ဒေါ်လေး ချယ်ရီနဲ့ဝေးပြီ။ ရိုးမရဲ့ရွာလေးတစ်ရွာက ဆွေမျိုးတွေနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဝေးပြီ။ ဦးရဲမြင့်တို့ မီးပြတိုက်အဖွဲ့နဲ့လည်းဝေးပြီ။ ဆက်တွေး တော့ လူသတ်မှုနဲ့လည်း ဝေးပြီ။

လူသတ်မှုနဲ့သာဝေးတယ်။ ခု အောင်ခေါင် ခံစားနေရ တဲ့ အဖြစ်တွေက မသေချင့်အဆုံး။ ချောက်ချားမှုတွေနဲ့ ဒုက္ခ ဆင်းရဲတွေကလည်း စိတ်ကို ယိုင်နဲ့ပြိုကျနေစေတော့တာပဲ။ သေစားသေရတာမျိုး တစ်သက်တစ်ကျွန်းခံရတာမျိုးတို့ကမှ ပြတ်သားဦးမယ်။ ခုဟာက ဘယ်လိုဆိုးဆိုးဝါးဝါး သေရမယ် မသိ။ ဘယ်လောက်ဆိုးဆိုးဝါးဝါးတွေ ထပ်ခံစားနေရဦးမလဲ မသိ။

ကျွန်းဘက်လှည့်ကြည့်လိုက်တော့ တကယ့်တောကြီး။ အောင်ခေါင် ရောက်ဖူးတဲ့ ရိုးမတောကြီးနဲ့ ဘာထူးလဲ။ အောင် ခေါင့်စိတ်ထဲ ဒီတောကြီးက တောင်ပိုပြီး သိပ်သည်း ညှပ်ပိတ်မှု တွေရှိသလိုပဲ။

တောင်ကြီးရဲ့အပေါ် မြင့်မြင့်ကြီးဆီ မော့အကြည့်မှာ တော့ မိုးကောင်းကင်ပေါ်ဆီ တစ်ချက်တစ်ချက် ထိုးတက် သွားတဲ့ မီးခိုးတန်းရေးရေး…။ ဝေးလွန်းတော့ ဂရုတစိုက် ကြည့်နိုင်မှ မြင်ရတယ်။ ဟိုးကျွန်းတစ်ဘက်အစပ် မီးတောင်ဆီက မီးခိုး။ ဒီကျွန်းမှာ မီးတောင်ကလည်းရှိနေတယ်။ မီးတောင်ဆီသွားဖို့ အတော်ကြီးကို သွားရမယ်။ ကျွန်းကြီးက အကျယ်ကြီး။

'ရှင်… ဒီကျွန်းမှာနေလို့က ကျွန်မတို့လတ်က လွတ်





လိပ်မယ့် မထင်နဲ့'

သန္တေတစမျိုးနွယ်မိန်းကလေးရဲ့အပြော။ သူတို့ကတော့ ဒီကျွန်းမှာ အတော်ကျွမ်းကျင်နေပုံရရဲ့။ ပြောလိုက်တာ သာသာ လေးပဲ။ ပိုင်ပိုင်နိုင်နိုင်ပဲ။

သူတို့နဲ့တွေ့ပြီးမှ အောင်ခေါင့်မှာ ပိုသတိထားနေရ တော့တယ်။ ခြေခင်းလက်ခင်းနဲ့ တခြားအန္တရာယ်ပြုမယ့် သားရဲ တွေကို သတိထားရတာတစ်မျိုး။ သူတို့တစ်နေရာရာက ထွက် လာပြီး တိုက်ခိုက်မှာကို သတိထားရတာတစ်မျိုး။ ဒါတောင် အန္တရာယ်ကြီးတဲ့ သားရဲကြီးတွေဖြစ်တဲ့ ကျားတို့ ခြင်္သေ့တို့ ကျားသစ်တို့ ဆင်တို့ မတွေ့ရသေးလို့ တော်သေးရဲ့။ တောင် ပေါ်တောနက်ထဲမှာ ရှိမလားတော့မသိ။ အောင်ခေါင် တောင် ပေါ်တက်ရင်း တောနက်နက်ထဲ သိပ်မဝင်ရဲတာလို့ တစ်ခါမှတော့ မတိုးမိ။ မတွေ့မိသေး။ ဒီတောင်ခြေရှားတစ်ဝိုက်မှာတော့ သပင်၊ ဒရယ်၊ ချေ(ဂျီ)၊ စိုင်၊ ဆတ် ပြောင်၊ တောဝက်သငယ် တွေ့ဖူးတယ်။ တောဝက်တွေကို သိပ်သတိထားရတယ်။ ချောင်းစပ်ရေတိမ် တွေမှာ မိချောင်းတွေလည်း တွေ့ရတယ်။ မိချောင်းတစ်ကောင် နံ့စပ်သစ်ပင် တစ်ခုကနေ [illegible] ကိုတောင် အောင်ခေါင် တွေ့လိုက်ရသေးတယ်။ [illegible] တခြား သတ္တဝါတွေလည်း ဒီလိုသန္တေတ[illegible] ဖြစ်တဲ့သတ္တဝါတွေချင်း ပေါင်းဖက်မှုက [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထင်မိတယ်။

ဒီမှာ အောင်ခေါင့်မျက်စိထဲ သန္တေတစမျိုးနွယ်ဆိုတဲ့ မိန်းကလေးနှစ်ယောက်ကို ပြန်မြင်ယောင်တယ်။

သူတို့ပြောသလိုများ သူတို့ဟာ သန္တေတစလူသားနှစ်ဦးရဲ့ ပေါင်းဖက်မှုကြောင့် ဖြစ်လာတာလား။ သူတို့သာ ယဉ်ယဉ်ကျေးကျေးဆို အတော်ကောင်းမယ်။ ပြောဖော်ဆိုဖော် တိုင်ပင်ဖော် တိုင်ပင်ဘက်ရမယ်။ ဒီကျွန်းမှာ အောင်ခေါင် ရင်နည်းနည်း ငြိမ်ငြိမ်ဖြစ်စရာ ရမယ်။ အားအင်မွေးလို့ရမယ်။

ခုတော့ တခြားချောက်ချားစရာတွေ သတိထားစရာတွေအပြင် ဒင်းတို့နှစ်ယောက်ပေးမယ့် အန္တရာယ် ရန်စွယ်အတွက်ပါ ချောက်ချားသတိထားနေရပြန်သေးတယ်။ အောင်ခေါင် စိတ်တွေ ကျဉ်းကြပ်နေရတော့တယ်။

ပေါင်မုန့်ခြောက်စားရတာလည်း ငြီးငွေ့လာပြီ။ အမဲလိုက်ကြည့်တော့လည်း ဓားမြှောင်နဲ့ တုတ်ချွန်လောက်အားကိုးပြီး လိုက်ရတာမို့ သားကောင်ကြီးမရ။ အလွယ်ဆုံးရတာကတော့ ငှက်ဥတွေ၊ ငါးတွေပဲ။ အမဲလိုက်ရာမှာ ခြောက်လုံးပြူးကို မသုံး။ ကျည်ဆံမဖြုန်းချင်တာမို့ ရသမျှသားကောင်လေးတွေ မီးကင်ပြီး မစားချင်စားချင် ပေါင်းမုန့်ခြောက်နဲ့ စားနေရတော့တယ်။ တစ်ခါတလေကျတော့လည်း အုန်းသီး ပိန္နဲသီးနဲ့ ဖြစ်ဖြစ် တခြားစားစရာအသီးတစ်မျိုးမျိုးလောက်နဲ့ ဖြစ်ဖြစ် တစ်နပ်စာ





အာဟာရကိစ္စကို ပြီးပစ်လိုက်တယ်။ ဒီကျွန်းမှာ အုန်းသီး ပိန္နဲသီးကတော့ အတော့်ကိုပေါတယ်။ တခြားစားလို့ရတဲ့ အသီးမျိုးတွေလည်း တစ်ခါတစ်ရံတွေ့ရ တတ်ပါတယ်။ ကျောက်ခက်ပင်တွေလည်း စားလို့ရတယ်။ ဒါပေမဲ့ အောင်ခေါင် သိပ်မကြိုက်။

ပစ္စက္ခတ် အခြေအနေအရ ပင်လယ်ပြင်ကြီး ဖြတ်ကူးလို့မရတာမို့ ကျွန်းမှာအသက်ရှင်ရပ်တည်နိုင်ရေး အောင်ခေါင် ဦးစားပေး တွေးရတယ်။

အောင်ခေါင် ထိုင်နေရာက ထလိုက်တယ်။

တုတ်ချွန်ကို တဆဆလုပ်ရင်း ခြေလှမ်းစတင်တယ်။ အောင်ခေါင် မနေ့ညနေက ပုစွန်ထုပ်တွေရှိနေတဲ့ နေရာတစ်ခုကို တွေ့ထားတယ်။ မနေ့ညနေက တခြားစားစရာတွေ စားထား ဗိုက်ပြည့်နေလို့ အောင်ခေါင် ဒီအတိုင်းထားခဲ့တယ်။ ခု… အဲဒီနေရာဆီသွားမယ်။ ပုစွန်တုပ်တွေကို တုတ်ချွန်နဲ့ ထိုးဖမ်းမယ်။

အောင်ခေါင် တခြားအတွေးတွေ အကုန်ဖျောက်ပစ်လိုက်တယ်။ ဒီနေ့အတွက် ဟင်းလျာသစ်ကောင်းကောင်းလုပ်စားနိုင်ရေးမှာ အတွေးကို ပို့ထားလိုက်တယ်။

ပစ္စုပ္ပန်ကို ပြုစုနေခြင်းဟာ အနာဂတ်ကို ပြုစုနေခြင်းပဲလေ။ အတိတ်ကတော့ မတတ်နိုင်ဘူး။ သူ့ဘာသာသူ ရှိနေပါစေတော့။

*



www.burmeseclassic.com

www.burmeseclassic.com



(၂)

သစ်ကိုင်းတစ်ခုပေါ်မှာ သန္ဓေတစဖြစ်နေတဲ့ ငှက်တစ်ကောင်၊ နောက်ဆုံးလုံးဝ ငှက်တစ်ကောင်အဖြစ်နဲ့ ထပျံသွားတာကို အောင်ခေါင် ခဏကြည့်နေမိတယ်။ ဒီကျွန်းမှာ ဒီအဖြစ်အပျက်တွေမြင်ရတာ အောင်ခေါင့်အဖို့တော့ ရိုးလာ ပါပြီ။ အောင်ခေါင် ရှေ့ဆက်လျှောက်တယ်။

'ဖျောက်… ဖျောက်… ဖြောင်း… ဖြောင်း'

အောင်ခေါင့်နောက်ဆီမှ တောတိုးသံ။

အောင်ခေါင် ချာခနဲ နောက်လှည့်ကြည့်လိုက်တယ်။ ခြုံကြားထဲက တိုးထွက်လာတဲ့တောဝက်တစ်ကောင်။

အောင်ခေါင် စမ်းချောင်းနံဘေး ကျောက်ဆောင်ဆီ ပြေးကပ်လိုက်တယ်။ အောင်ခေါင် ပြေးကပ်တဲ့ ကျောက် ဆောင်ရဲ့ ရှေ့နား ကျောက်ဆောင်တစ်ခုရဲ့အကွယ်ဆီက မမျှော် လင့်ဘဲ ကြားလိုက်ရတဲ့အသံ။

'ဘောင်း'

'ဘောင်း'

သေနတ်သံနှစ်ချက်။

အောင်ခေါင် ကျောက်ဆောင်အကွယ်က ခေါင်းပြူကြည့်လိုက်တော့ ဖြူဖြူအရာတစ်ခု စမ်းချောင်းထဲ လွှားခနဲကျသွားတာကို မြင်လိုက်ရပြီး အဲဒီကျောက်ဆောင်အကွယ်ကနေ စော





စောကတောတိုးထွက်လာတဲ့ တောဝက် တောထဲပြန်တိုးဝင်ပြေးသွားတာကို တွေ့လိုက်ရတယ်။

အောင်ခေါင် စောစောက စမ်းချောင်းထဲ လွှားခနဲကျသွားတဲ့ ဖြူဖြူအရာကို လှမ်းကြည့်လိုက်တယ်။

ဟာ… မိန်းကလေးတစ်ယောက်ပါလား။ ရေထဲမှာ ယက်ကန်ယက်ကန်နဲ့။ သူ့နံဘေးရေပြင်မှာ သွေးရောင်တွေနဲ့။ ဟိုနေ့က မိန်းကလေးနှစ်ယောက်အနက် တစ်ယောက်ဆိုတာ အောင်ခေါင် သိလိုက်တယ်။

အောင်ခေါင် ရေထဲခုန်ဆင်းလိုက်တယ်။

မိန်းကလေးဆီ ကူးသွား မိန်းကလေးလက်ကိုဆွဲယူလိုက်တယ်။ မိန်းကလေးက လက်ကိုပြန်ဆွဲယူနေတယ်။ အောင်ခေါင် ရေကူးခတ်ရင်း မိန်းကလေးလက်ကို အတင်းဆောင့်ဆွဲယူ မိန်းကလေးခါးကို သိုင်းဖက်လိုက်တယ်။ မိန်းကလေးက အလိုက်သင့်မနေ။ အတင်းရုန်းကန်နေတယ်။

သွေးရောင်တွေ ရေပြင်မှာ ပိုများလာတယ်။ မိန်းကလေး ရေတော့ကူးတတ်ပုံရတယ်။ ဒါပေမဲ့ အစွမ်းကုန်ကူးခတ်နိုင်မယ့်ပုံတော့ မပေါ်။ နှစ်ယောက်သား ရုန်းကန်ကူးခတ်နေရင်း ရေစီးကြောင်းထဲ မျောပါနေကြတယ်။ စမ်းချောင်းအောက်ဘက်ပိုင်းမှာ ကျောက်ဆောင်ကျောက်ဆွံ့တွေ ပေါ်များတယ်ဆိုတာ အောင်ခေါင် သိတယ်။ ရေစီးကြောင်းမှာ ဆက်မျောပါသွားရင်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်ကျောက်စွန်းတွေနဲ့ ပြေးဆောင့်မိသလို ဖြစ်ရတော့မယ်။ ဒါကြောင့် ကမ်းကပ်နိုင်အောင် အောင်ခေါင် မိန်းကလေးကို အတင်းဆွဲရင်း ကမ်းဘက်ကူးတယ်။ မိန်းကလေးက အလိုက်တသင့်မရှိဘဲ ရုန်းကန်နေတော့ ခဲရာခဲဆစ်ဖြစ်နေတယ်။

အောင်ခေါင် မိန်းကလေးအရှိက်ဆီကို လက်သီးနဲ့ နှစ်ချက်သုံးချက်ဆင့်ပြီး ထိုးပစ်လိုက်တယ်။ မိန်းကလေး ငြိမ်ကျသွားတယ်။

အောင်ခေါင် မိန်းကလေးကို ဖက်တွဲခေါ်ပြီး ကမ်းဆီကူးလာတော့တယ်။ ပြေပြေကျောက်ဆောင်တစ်ခုပေါ် မိန်းကလေးကို ပွေ့တင်လိုက်တယ်။ မိန်းကလေးနှစ်ယောက် အနက်ညီမဆိုတဲ့ မိန်းကလေးဆိုတာ သိလိုက်တယ်။ မိန်းကလေးပေါင်က သွေးတွေထွက်နေတယ်။

အောင်ခေါင် မိန်းကလေးပေါင်ကို မရဲတရဲလှန်ပြီး ကြည့်လိုက်တော့ ထွင်းကွဲသွားတဲ့ ဒဏ်ရာတစ်ခုကို တွေ့လိုက်ရတယ်။

'စောစောက ဝက်ပက်သွားတာပဲ'

အောင်ခေါင် သိလိုက်တယ်။

'ဒါတောင် ဒီမိန်းကလေး အတော်လျင်လျင် ရှောင်လိုက်လို့ဖြစ်မယ်၊ မဟုတ်ရင် အူတောင် ပွင့်သွားနိုင်တယ်'

အောင်ခေါင် ရေရှုတ်ခြင်းနဲ့အတူ စဉ်းစားမိတာက





'သူ… ဒီကျောက်ဆောင်အကွယ်မှာ ဘာလုပ်နေတာလဲ၊ ပြီး ခြောက်လုံးပြူးသံနှစ်ချက်။ ခြောက်လုံးပြူးတော့ မတွေ့တော့ပြီ၊ ရေထဲကျသွားပြီထင်ရဲ့'

'သန္တေတစမျိုးနွယ် မိန်းကလေးမှာ ခြောက်လုံးပြူးရှိနေပါလား'

အောင်ခေါင် မိန်းကလေးကို ထမ်းပြီး ဂူဆီသယ်ယူလာတော့တယ်။

*

(၃)

မိန်းကလေးကို ဂူထဲမှာ နေရာချပေးပြီး အောင်ခေါင် ကုက္ကိုရွက်နု ထွက်ရှာခူးတယ်။ ပြန်လာတော့ အရက်ပုလင်းသေတ္တာထဲက အရက်ပုလင်းတစ်လုံးကို ထုတ်ယူလိုက်တယ်။

မိန်းကလေးပေါင်ဒဏ်ရာကို ဆေးထည့်ပေးဖို့အတွက် ပက်လက်လဲလျောင်းနေတဲ့ မိန်းကလေးနံဘေးမှာ အောင်ခေါင်ရယ် အရက်ပုလင်းရယ် ကုက္ကိုရွက်နုတွေရယ် အသင့်သင့်ဖြစ်နေပြီ။

မိန်းကလေးရဲ့ ခါးတောင်းကျိုက်ထားသလို စည်းထားတဲ့ ခါးဝတ်မှာက ရေတွေ သွေးတွေ ရွှဲနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်သေးဘူး၊ လဲပေးထားဦးမှပါလေ'

အောင်ခေါင် မိန်းမဝတ်တွေပါတဲ့ သေတ္တာကြီးဆီ သွားဆွဲဖွင့်ပြီး စကပ်ပွပွတစ်ထည်ကို ယူလိုက်တယ်။

မိန်းကလေးဆီ ပြန်လာပြီး အဲဒီစကပ်ပွပွကြီးကို မိန်းကလေးရဲ့ ခါးတောင်းကျိုက်ထားသလို စီးထားတဲ့ ခါးဝတ်အပေါ်ကနေပြီး စွပ်ဝတ်ပေးလိုက်တယ်။

ပြီး… မျက်နှာကို တစ်ဖက်လှဲပြီး စကပ်ပွပွအောက်က ခါးတောင်းကျိုက်သလိုဝတ်ထားတဲ့ မိန်းကလေးရဲ့ခါးဝတ်ကို ဆွဲချွတ်ထုတ်ယူလိုက်တယ်။

ပြန်ကြည့်လိုက်တော့ အတော်လေး အဆင်ပြေသွားပါပြီ။

အောင်ခေါင် ဒဏ်ရာရထားတဲ့ မိန်းကလေးရဲ့ ပေါင်ဘက်က စကပ်ကို အသာအယာမတင်လိုက်တယ်။ ဒဏ်ရာပေါ်လာတဲ့အထိ။

ဒဏ်ရာဆီက သွေးကျန်တချို့နဲ့ အနည်းငယ်ထွက်ဆဲသွေးတွေကို အဝတ်စတစ်ခုနဲ့ သုတ်ပေးနေလိုက်တယ်။ သွေးအတန်အသင့် ပြောင်သွားတော့ ဒဏ်ရာတစ်လျှောက် အရက်ကို လောင်းချလိုက်တယ်။

'အား'

မိန်းကလေး ထအော်တယ်။





'စပ်လိုက်တာ စပ်လိုက်တာ'

ယောင်ရမ်း ထထိုင်တယ်။

အောင်ခေါင့်ကို ပြူးကြောင်ကြောင်ကြည့်တယ်။ ပြီး သူ့ပေါင်က ဒဏ်ရာကို သူပြန်ကြည့်တယ်။ မတ်တတ်ရပ်ဖို့ သူ ကြိုးစားတယ်။ မရ။

'မင်းကို ဝက်ပက်သွားတဲ့ ဒဏ်ရာကို ငါ ဆေးထည့်ပေးမလို့ပါ၊ ငြိမ်ငြိမ်လေးနေနော်'

သူ မတ်တပ်ရပ်ဖို့ ကြိုးစားပြန်တယ်။ နှစ်ကြိမ် သုံးကြိမ်။ မရတော့ သူ အံကြိတ်ထားလိုက်တယ်။

'ငြိမ်ငြိမ်နေနော်၊ ငါ ဆေးထည့်ပေးမလို့'

မိန်းကလေး ဘာမှမပြော။ သူ့ဒဏ်ရာကို သူကြည့်နေတယ်။

အောင်ခေါင် ဒဏ်ရာထဲ အရက်စိမ့်ဝင်သွားအောင် လက်ချောင်းဖျားနဲ့ လိုက်တို့ပွတ်ပေးနေလိုက်တယ်။ စပ်တဲ့အတွက် မိန်းကလေး တွန့်ခနဲ တွန့်ခနဲ ဖြစ်သွားတယ်။ အောင်ခေါင့်လက်လှုပ်ရှားမှုကိုတော့ ကြည့်နေတယ်။

နောက် အောင်ခေါင် အရက်ပုလင်းကို ယူလိုက်ပြန်ပြီး ဒဏ်ရာတစ်လျှောက် လောင်းချရင်း ဒဏ်ရာထဲဝင်သွားအောင် လက်ချောင်းဖျားနဲ့ လိုက်ပွတ်ပေး သုတ်ပေးလိုက်တယ်။

'အား'



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးယောင်ရမ်းအော်လိုက်သေးတယ်။ နောက် အံကြိတ်ခံနေတယ်။ နောက်… အောင်ခေါင် ကုက္ကိုရွက်နုတွေကို အရက်နဲ့ဆွတ်ပြီး မိန်းကလေးဒဏ်ရာအပေါ် အရည် ညှစ်ညှစ် ချပေး။ ဒဏ်ရာထဲဝင်အောင် လက်ချောင်းဖျားနဲ့ တို့ပေးပွတ်ပေး သုတ်ပေးလုပ်တယ်။ ဘယ်လောက်စပ်မယ်ဆိုတာ အောင်ခေါင် သိတယ်။ မိန်းကလေးကတော့ အံကြိတ်ခံနေတယ်။

အောင်ခေါင် မိန်းမဝတ်သေတ္တာထဲက ဂါဝန်တစ်ထည် ကို ဆုပ်၊ ပတ်တီးလုပ်ပြီး ဒဏ်ရာကိုပတ်ပေးထားလိုက်တယ်။

တစ်လျှောက်လုံး မိန်းကလေး ဘာစကားမှမပြော။ အံကြိတ်ငြိမ်ပြီးတော့ပဲ နေတယ်။

အားလုံးပြီးသွားလို့ အောင်ခေါင် လက်ဆေးကြောနေ တဲ့အခါမှာတော့…

'ကျွန်မ ခြောက်လုံးပြူး ဘယ်မှာလဲ'

'မင်းကို ဝက်ပက်တုန်းက မင်းနဲ့အတူ ရေထဲကျသွား မှာပေါ့'

မိန်းကလေး အံကို ပိုတင်းတင်းကြိတ်လိုက်တယ်။

'မင်းတို့သန္ဓေတစမျိုးနွယ်တွေ ခြောက်လုံးပြူး ဘယ် ကရလဲ'

'ကျွန်မတို့ မိဘတွေရှိနေစဉ်ကတည်းက ရှင်တို့လို ပင်လယ်ထဲကတက်တက်လာတဲ့ မိစ္ဆာတွေဆီက တိုက်ခိုက်ပြီး





အဲဒီလိုခြောက်လုံးပြူးတွေ သေနတ်တွေ ကျွန်မတို့ရတတ်ကြတာပဲ၊ ကျည်ဆံဆိုတဲ့ဟာရှိနေရင် ကျွန်မတို့ပစ်တယ်၊ ကျည်ဆံဆိုတဲ့ဟာ မရှိရင်တော့ အဲဒါမျိုးတွေ ကျွန်မတို့ ပစ်ထားလိုက်တာပဲ'

ပင်လယ်ထဲက တက်တက်လာတဲ့ မိစ္ဆာတွေဆိုပါလား။

အောင်ခေါင် ဖြည်းဖြည်းညင်ညင်လေး စဉ်းစားနေလိုက် တယ်။ ဒီမိန်းကလေးကို စည်းလုံးပေါင်းသင်းမှဖြစ်မယ်။ သူတို့နဲ့ ပြေလည်ရင် အင်အားလည်းရမယ်။ နောက်ပြီး သန္ဓေတစမျိုးနွယ် ဆိုတဲ့ကိစ္စ။ အဲဒီကိစ္စလည်း အောင်ခေါင်စိတ်ဝင်စားနေမိတယ်။ ဒီမိန်းကလေးနဲ့ ရင်းနှီးမှုရရင် အဲဒီကိစ္စလည်း ဂဃနဏသိရမယ်။

အောင်ခေါင် မိန်းကလေးကို အကဲခတ်လိုက်တော့ မိန်းကလေး မျက်လုံးတွေက သူ့ကိုမယုံကြည်နိုင်သလို အခဲမကျေ နိုင်သလို။ ကိုယ့်ဘက်ကလည်း ဘာကျူးလွန်မှုမှမရှိဘဲ ဒီလို မျက်လုံးမျိုးနဲ့ အကြည့်ခံရတာ အောင်ခေါင်မကြိုက်။ ဒါပေမဲ့ စိတ်လျှော့ထားလိုက်တယ်။

'ရှင်… ဘာတွေစဉ်းစားနေတာလဲ'

'ဩော်… မင်းအနာပျောက်အောင် ဆေးကုပေးဖို့ပါ'

မိန်းကလေး ငြိမ်နေတယ်။

'ရှင်… ကျွန်မကို ဘာမတရားလုပ်ဖို့ အကြံရှိနေလဲ'

'မရှိရပါဘူး၊ ဘယ်လိုမှမရှိရပါဘူး၊ ယုံပါ'

အောင်ခေါင် အောက်ကျခံသံနဲ့ကို ပြောလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့မျိုးနွယ်အစဉ်အလာအရ ပင်လယ်မိစ္ဆာတွေကို ယုံခွင့်မရှိဘူး'

အောင်ခေါင့်ကို တင်းတင်းကြည့်ပြီး…

'သတ်ခွင့်ပဲရှိတယ်'

'ဟူး'

အောင်ခေါင် လေပူမှုတ်ထုတ်လိုက်တယ်။

'ဒီစကပ်ဆိုတဲ့ အောက်ပိုင်းဝတ်ကြီးကို ကျွန်မကို ရှင်ဝတ်ပေးထားတာလား'

'ဟုတ်ပါတယ်၊ မင်း စကပ်ဆိုတာလည်း သိတယ် နော်'

'သိတယ်၊ ကျွန်မတို့ အဖေတွေ အမေတွေ ရှိစဉ်ကတည်းက ပင်လယ်ထဲကနေ အဝတ်အစားတွေ စားစရာတွေ အသုံးအဆောင်တွေ ကျွန်းပေါ် ရောက်ရောက်လာလေ့ရှိတယ်၊ ဒီရက်ပိုင်းမှာတောင် သင်္ဘောပျက်တစ်စင်းနဲ့ အဲဒါမျိုးတွေရောက်လာကြသေးတယ်၊ ဘယ်ဟာဘယ်လိုခေါ်တယ်ဆိုတာ မိဘတွေက သင်ကြားထားခဲ့လို့ ကျွန်မတို့ သိတန်သလောက် သိထားတယ်၊ ဟိုနေ့ကတောင် သင်္ဘောပျက်ဆီက ကျွန်တဲ့ပစ္စည်းလေးတွေ ဘာအသုံးတည့်မလဲ၊ ဘာဆက်သယ် ယူရကောင်းမလဲ တစ်ခေါက်သွားပြန်ကြည့်ရင်း ရှင်နဲ့တွေ့တာ၊ အဲဒီသင်္ဘောပျက်ဆီက ကျွန်မတို့ပစ္စည်းတွေ အများကြီးသယ်ယူပြီးသားပါ၊ ဒါနဲ့ ကျွန်မအောက်ပိုင်းအဝတ်ကို ရှင်ချွတ်လိုက်တာလား'





'ဟုတ်တယ်၊ သွေးတွေရွှဲစိုစွန်းနေပြီလေ၊ မကောင်းတော့ဘူး၊ အဲဒါကြောင့်။ ငါ့ကိုယုံပါ၊ ခုချိန်ထိ မင်း ဒဏ်ရာကလွဲပြီး ငါ တခြား အဲ… တခြားဘာကိုမှ မကြည့်မိပါဘူး'

မိန်းကလေး အောင်ခေါင့်ကို စေ့စေ့တင်းတင်းကြည့်ပြီး…

'ပင်လယ်မိစ္ဆာ'

အောင်ခေါင့်ကို ခပ်တင်းတင်းခေါ်လိုက်တယ်။

'ယုံဖို့ ကျွန်မ လုံးဝ စဉ်းစားမှာမဟုတ်ဘူး'

အသံကို ပိုမိုတင်းပစ်ပြန်ရင်း…

'သတ်ဖို့ပဲ စဉ်းစားတယ်'

'ဟူး'

ဘက်ပြိုင်မနေချင်တာမို့ အောင်ခေါင် လေပူပဲမှုတ်ထုတ်လိုက်ပြန်တယ်။

'ပင်လယ်မိစ္ဆာ'

အောင်ခေါင့်ကိုခေါ်ပြန်တယ်။

'ရှင်… ကျွန်မကို ဆေးမကုပေးချင်နေနော်၊ ရှင့်ကို ကျွန်မ သတ်ကိုသတ်မှာနော်'

အောင်ခေါင်ကတော့

'ဟူး'

* * *



www.burmeseclassic.com

www.burmeseclassic.com



သစ္စာစေးသုံး၊

'ရှင့်ကို ကျွန်မ သတ်မှာနော်' ဆိုတဲ့ စကားကတော့ မကြာခဏဆိုသလို ပြောပါ့။ ဒါပေမဲ့ အောင်ခေါင် ဒီလိုပဲ သည်းခံပြီး ပြုစုပေးပါတယ်။ အစားအစာ ပြင်ဆင်ကျွေးမွေး တယ်။ ဒဏ်ရာအခြေအနေကိုလည်း မကြာခဏမေးတယ်။ ညရောက်လာတော့ အပေါ့အပါးအလေးအပင်ကိစ္စ အောင်ခေါင် အလိုက်တသိ မေးတယ်။ ပထမတော့ သူ ခေါင်းတခါခါလုပ်နေ သေးတယ်။ ညနက်လာတော့…

'ကျွန်မ ဂူအပြင် ခဏထွက်ချင်တယ်'

အောင်ခေါင် အထွေအထူးမမေးတော့ပါ။ အလိုက်သိ သိနဲ့ လိုအပ်လောက်တဲ့ပစ္စည်းတွေ သူ့လက်ထဲထည့်ပေးပြီး သူ့ကိုပွေ့ချီပြီး ဂူပြင်အကွယ်တစ်နေရာဆီ ပို့ပေးလိုက်တယ်။ အောင်ခေါင် ခပ်လှမ်းလှမ်းမှာ သားရဲတိရစ္ဆာန်ကို စောင့်ကြည့်





ကြည့်ရင်း နေလိုက်တယ်။ သူ့အသံပေးလှမ်းခေါ်တော့မှ သူ့ ကို ပွေ့ချီပြီး ပြန်ခေါ်ယူ။ ဂူထဲနေရာဆီမှာ နေထားတကျ ပြန်ချပေးတယ်။ သူ့နဲ့ရင်းနှီးမှုရအောင် သူ့ယုံကြည်မှုရအောင် အောင်ခေါင် ဂရုတစိုက် ယုယုယယလုပ်ပေးဆက်ဆံပေးပါ တယ်။ အဲဒီလိုအောင်ခေါင်ရဲ့ လုပ်ကိုင်ပေးမှုတွေမှာ သူ တွေတွေဝေဝေတော့ဖြစ်သွားပြီ။ ဒါပေမဲ့ ညအိပ်ခါနီးမှာတော့

'ပင်လယ်မိစ္ဆာ'

'နာမည်ခေါ်ပါလား၊ ငါ့နာမည် အောင်ခေါင်တဲ့'

သူ ခေါင်းခါယမ်းလိုက်တယ်။

'ပင်လယ်မိစ္ဆာ'

'ပြောလေ'

'ရှင့်ခြောက်လုံးပြူးကော'

'ရှိတယ်လေ'

'ကျွန်မကိုပေးထား'

အောင်ခေါင် တွေသွားတယ်။

'ရှင့်ခြောက်လုံးပြူး ကျွန်မကိုပေးထားပါ'

အောင်ခေါင် ခြောက်လုံးပြူးသွားယူပြီး သူ့လက်ထဲ ထည့်ပေးလိုက်ပါတယ်။ သူက ဆုံလည်ထဲကိုကြည့်တယ်။ ကျည်ဆံအပြည့်ရှိနေတော့ သူ ပြုံးလိုက်တယ်။

'ရှင့်ကို ကျွန်မ သတ်ကိုသတ်မှာနော်'



www.burmeseclassic.com

www.burmeseclassic.com



အောင်ခေါင် ခေါင်းညိတ်ပြလိုက်ပါတယ်။

'ဒဏ်ရာပျောက်ရင် သတိနော်၊ ဒဏ်ရာပျောက်အောင်တော့ ငါ ကုပေးပါရစေဦး'

သူ အောင်ခေါင့်ကို စူးစိုက်တွေဝေကြည့်နေတယ်။ နောက် ခြောက်လုံးပြူးပြောင်းကို ခါရမ်းပြပြီး အောင်ခေါင့်ကို ပြန်နိုင်းတယ်။ အောင်ခေါင် သူ့အိပ်ယာနားက ခွာထွက်လာခဲ့တယ်။

မလှမ်းမကမ်းရောက်တော့ အောင်ခေါင် သူ့ဆီပြန်လှမ်းကြည့်မိတယ်။ မီးဖိုအလင်းမှာ ထင်းနေတဲ့ သူ့မျက်နှာလေးက အလှစားလို့ပြောလို့ရတယ်။ သူ ဂူမျက်နှာကျက်ဆီကို ငေးတွေကြည့်ပြီး တစ်စုံတစ်ရာ စဉ်းစားနေပုံရတယ်။ ဒီမျက်နှာ ဒီမျက်လုံး ဒီအမူအယာ ဒီအကြည့်မျိုးတွေ ဘယ်မှာ အရိုင်းပုံထွက်နေလို့လဲ။ ဒီလိုကျွန်းမှာ ဒီလိုမိန်းကလေးမျိုး ရှိနေတယ်ဆိုတာကတော့ အိပ်မက်တစ်ခုလိုပဲ။

အောင်ခေါင် စောင်တစ်ထည်ကိုယူပြီး သူ့နားဆီ ရောက်သွားတယ်။ အနားရောက်လာတဲ့ အောင်ခေါင့်ကို သူက ခြောက်လုံးပြူးနဲ့ ချိန်လိုက်တယ်။

အောင်ခေါင် သူ့ကိုယ်ပေါ်ကို စောင်လွှားခြုံပေးလိုက်တော့ သူ အောင်ခေါင့်ကို မမှိတ်မသုန်ကြည့်နေတယ်။ အောင်ခေါင် ပြန်လှည့်မထွက်ခင်ကလေးမှာ သူ သက်ပြင်းခိုးချလိုက်





တာကို အောင်ခေါင် မြင်လိုက်မိရဲ့။

'သနွေတစမျိုးနွယ် စိတ်ချလက်ချအနားယူ အိပ်စက်ပါနော်၊ ငါ့ကို ယုံပါနော်'

လှည့်ထွက်လာရင်း အောင်ခေါင်ပြောလိုက်ပါတယ်။

'ကျွန်မနာမည် နေရီးရှား'

မိုးလင်းခါနီးမှာ နေရီးရှားဆီက ငြီးငြူသံတွေကို ကြားရတယ်။ အောင်ခေါင် အိပ်ယာထဲက လှမ်းကြည့်လိုက်တော့ မီးဖိုရဲ့အလင်းရောင်နဲ့ နေရီးရှား သူ့အိပ်ယာမှာ လူးလိမ့်နေတာကို တွေ့လိုက်ရတယ်။ စောင်တခြား လူတခြားဖြစ်နေတယ်။ ခြောက်လုံးပြူးလည်း တခြားရောက်နေတယ်။ အောင်ခေါင်ရောက်သွားပြီး သူ့ကိုယ်ပေါ် စောင်ခြုံပေးလိုက်တော့ နေရီးရှား အောင်ခေါင့် လက်ကို ဖမ်းဆွဲထားတယ်။

'ပင်လယ်မိစ္ဆာ… ကျွန်မဒဏ်ရာ အရမ်းကိုက်နေတယ်၊ လုပ်ပါဦး၊ ကျွန်မကို ကူပါဦး'

အောင်ခေါင် ဘယ်လိုကူရပါ့မလဲ။ သူ့ဝေဒနာကို အောင်ခေါင် ဘယ်လိုကူခံစားလို့ရပါ့မလဲ။ အောင်ခေါင် ဘာလုပ်ပေးရမလဲ စဉ်းစားတုန်း နေရီးရှား အောင်ခေါင့်ကို ဆွဲဖက်လိုက်တယ်။

'ပင်လယ်မိစ္ဆာ… အရမ်းကိုက်တာပဲ၊ ကျွန်မကို တစ်ခုခုလုပ်ပေးပါ'



www.burmeseclassic.com

www.burmeseclassic.com



နောက် အောင်ခေါင့်ကို တွန်းပစ်လိုက်ပြန်ပြီး…

'ပင်လယ်မိစ္ဆာ… ရှင့်ကိုကျွန်မ ယောင်ရမ်းဖက်လိုက်မိတာနော်၊ ရှင်တစ်ခုခုတော့ ကျွန်မကို လုပ်ပေးပါဦး၊ ကျွန်မ ဒဏ်ရာအရမ်းကိုက်နေတယ်'

အောင်ခေါင် ထလိုက်မယ်အလုပ် နေရီးရှား အောင်ခေါင့်လက်ကို ဖမ်းဆွဲထားပြန်တယ်။

'ပင်လယ်မိစ္ဆာ လုပ်ပေးဦးလေ၊ ကျွန်မကို လုပ်ပေးဦးလေ'

အောင်ခေါင့်ကို သူ ဆွဲဖက်မယ်ပြင်ပြီး မဖက်တော့ဘဲ အောင်ခေါင့်လက်ကို လွှတ်ပြီး လူးလိမ့်ပစ်လိုက်တယ်။

အောင်ခေါင် အရက်သေတ္တာဆီ လျှောက်လာခဲ့တယ်။ သေတ္တာထဲက အရက်တစ်ပုလင်းဆွဲယူ အဖုံးဖွင့်လိုက်ပြီး အရက်အနည်းငယ် ဝါးဆစ်ခွက်ထဲ တည့်လိုက်တယ်။ ရေသုံးဖို့အတွက် ဝါးဆစ်ဗူးတွေ ဝါးဆစ်ခွက်တွေ အောင်ခေါင် လုပ်ထားတာ။ ဝါးဆစ်ဗူးတစ်ခုထဲက ရေအနည်းငယ်ကို စောစောက အရက်ထည့်ထားတဲ့ ဝါးဆစ်ခွက်ထဲ ထည့်လိုက်တယ်။ ဝါးဆစ်ခွက်ရဲ့ အရက်ပုလင်းကိုယူပြီး အောင်ခေါင် နေရီးရှားဆီ ပြန်လျှောက်လာခဲ့တယ်။

နေရီးရှားရဲ့ ကိုယ်အထက်ပိုင်းကို ပွေ့ယူထူမပြီး ထိုင်ခိုင်းလိုက်တယ်။ နေရီးရှားကတော့ အီးအီးအားအား ငြီးငြူဆဲ။





အောင်ခေါင် နေရီးရှားရဲ့ ဒဏ်ရာရှိ ပေါင်ဘက်စကပ်ကို ဆွဲလှန်တင်လိုက်ပြီး ဒဏ်ရာကို ပတ်စည်းထားတဲ့ ပတ်တီးကို ဖြည်ကြည့်တယ်။ နောက်ပြီး အဲဒီဒဏ်ရာပေါ် ပုလင်းထဲက အရက်တွေ လောင်းချလိုက်တယ်။ စိမ့်ဝင်သွားအောင် လက်ချောင်းဖျားတွေနဲ့ ပွတ်ပေးနေလိုက်တယ်။

'အား'

နေရီးရှားရဲ့ အော်ဟစ်မှုကတော့ ဂူထဲဆူညံသွားတာပဲ။

အောင်ခေါင့်ကိုလည်း တင်းတင်းကြပ်ကြပ်ဖက်ထားဟော့တယ်။ အောင်ခေါင် ပတ်တီးပြန်စည်းပေးနေတော့ နေရီးရှား အောင်ခေါင့်ကို မလွှတ်။ ဖက်ထားဆဲက အံကြိတ်ခံနေတယ်။

အောင်ခေါင် ရေရောထားတဲ့ အရက်ခွက်ကို လှမ်းယူပြီး နေရီးရှားကို ပေးတယ်။ နေရီးရှားလက်တစ်ဘက် အောင်ခေါင့်ကို ဖက်ထားလျက်မှ ကျန်လက်တစ်ဘက်နဲ့ယူပြီး…

'အရက်တွေနော်'

အောင်ခေါင် ခေါင်းညိတ်ပြတယ်။

'ကျွန်မတို့အဖေက ပြောဖူးတယ်၊ အရက်သောက်ရင်မူးတယ်တဲ့၊ မူးပြီး လူမသိသူမသိဖြစ်ရင် ဘယ်သူ ဘာလုပ်လုပ်ခံရတယ်တဲ့'

'အရမ်းများများသောက်ရင်တော့ အဲဒီလိုဖြစ်တတ်တာပေါ့၊ ခုက နည်းနည်းလေးပါ၊ နည်းနည်းမူးသွားရင် အကိုက်



www.burmeseclassic.com

www.burmeseclassic.com



အခဲဒဏ်ခံနိုင်တာပေါ့'

'ကျွန်မတို့အဖေ အဲဒီလိုလည်း ပြောဖူးပါတယ်၊ အနေတော်လောက်ဆိုရင်တော့ အနာအကျင်ဒဏ်တို့ အပင်ပန်းဒဏ်တို့ ခံနိုင်တယ်တဲ့'

'သောက်လိုက်နော်'

အောင်ခေါင် ခေါင်းညိတ်ပြောတယ်။

'သိပ်များနေရင် ဘယ်နှယ်လုပ်မလဲ၊ ရှင် ကျွန်မကို များများတိုက်တာလား'

'ငါ့ကို ယုံယုံကြည်ကြည်ဆက်ဆံပါ၊ ငါ မင်းကို ထိခိုက်နစ်နာအောင် ဘာမှလုပ်မှာမဟုတ်ပါဘူး၊ ခုဟာက မင်းဒဏ်ရာကို ကုသပေးနေသူအနေနဲ့ မင်းဒဏ်ရာက ကိုက်နေတာကို ခံနိုင်အောင် လုပ်ပေးမှုပါ၊ သောက်လိုက်ပါ'

နေရီးရှားရဲ့အကြည့် ခပ်လှမ်းလှမ်းမှာ ရောက်နေတဲ့ ခြောက်လုံးပြူးဆီ ရောက်တယ်။ အောင်ခေါင်က နေရီးရှားရဲ့ ဖက်ထားတဲ့လက်ကို အသာအယာခွာချပြီး ခြောက်လုံးပြူးကို လှမ်းယူကောက်၊ နေရီးရှားလက်ထဲ ထည့်ပေးလိုက်တယ်။ အရက်ခွက်တစ်ဘက် ခြောက်လုံးပြူးတစ်ဘက်ကို ကိုင်ထားတဲ့ နေရီးရှား အောင်ခေါင့်မျက်နှာကို စေ့စေ့စပ်စပ်လေးကြည့်နေတယ်။

နောက်ပြီး အရက်ခွက်ကို မော့သောက်ချလိုက်တယ်။





'ကျွန်မကို ပြန်လှဲပေးနော်'

အောင်ခေါင် နေရီးရှားကို သာသာယာယာ ပြန်လှဲပေးလိုက်ရာမှာ နေရီးရှားရဲ့ မျက်လုံးတောက်တောက်လေးတွေ အောင်ခေါင့်မျက်နှာကမခွာ။

နေရီးရှား အတော့်ကို နေမြင့်မှ နိုးလာတယ်။ သူ့ဝဲဘက်ယာဘက်ကို ပြူးတူးကြောင်တောင်လေးနဲ့ ဝေ့ဝိုက်ကြည့်တယ်။ သူ့နံဘေးတစ်ဘက်မှာ ခြောက်လုံးပြူးကိုတွေ့ရပြီး သူ့နံဘေးတစ်ဘက် မလှမ်းမကမ်းမှာ အောင်ခေါင် ပြင်ဆင်ထားပေးတဲ့ သွားတိုက်စရာ မျက်နှာသစ်စရာတွေကို တွေ့ရတယ်။ သူ နိုးလာတာကို တွေ့တဲ့အတွက် အောင်ခေါင် သူ့ဆီရောက်လာတယ်။

ရောက်လာတဲ့ အောင်ခေါင့်ကို သူခြေဆုံးခေါင်းဆုံး ခေါက်တုံ့ခေါက်ပြန် စူးစမ်းတဲ့အကြည့်နဲ့ ကြည့်နေတယ်။

'ဂူပြင်ထွက်ချင်တဲ့ကိစ္စရှိရင်ပြောနော်'

သူ ခေါင်းညိတ်ပြတော့ အောင်ခေါင် သူ့ကို ပွေ့ချီလိုက်တယ်။

'ပင်လယ်မိစ္ဆာ'

သူ အောင်ခေါင့်ရင်ခွင်ထဲ လိုက်ပါလာရင်း အောင်ခေါင့်မျက်နှာကို အသေအချာကြည့်ပြီး ခေါ်တယ်။

'ရှင် ညက ကျွန်မကို အရက်တိုက်တာများတယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘာမှ မသိနိုင်တော့ဘူး၊ ဘယ်လိုဘယ်လို အိပ် ပျော်သွားသလဲလည်း မသိဘူး၊ ရှင်…’

သူ့စကားကို ဖြတ်ပစ်လိုက်တယ်။ ဘာမှမပြောတော့။

❋

(၂)

‘ရှင့်ကို ကျွန်မ သတ်မှာ’ဆိုတဲ့ စကားအပြောတော့ ကျဲလာပြီ။

အောင်ခေါင်ရဲ့ စိတ်ရှည်သည်းခံမှုမှာ ရက်ကလေးတွေ ကြာလာတော့ နေရိုးရှား ယဉ်ပါးလာပြီ။ ဒါပေမဲ့ တစ်ခါတလေ တော့ ‘ရှင့်ကို ကျွန်မ မသတ်ဘဲနေမှာတော့ မဟုတ်ဘူးနော်’ ဆိုတာမျိုးက ပြောခဲ။

ဒီရက်တွေမှာ အောင်ခေါင်ကလည်း သူတို့ရဲ့ကျွန်း ပေါ်မှာ နေထိုင်မှုကိစ္စကို စကားနှိုက်လေ့လာကြည့်တယ်။ သိရသ လောက်ကတော့…

သူတို့အဖေက ကညင်ပင်ကြီးတစ်ပင်က ပေါက်ဖွားတဲ့ လူ၊ သူတို့အမေက စစ်ပင်ကြီးတစ်ပင်က ပေါက်ဖွားသူ။ အဲဒီ ကညင်ပင်ကြီးနဲ့ စစ်ပင်ကြီးအနီးက ရောမဂူကြီးတစ်ခုမှာပဲ သူတို့နေထိုင်ကြတယ်။ သူတို့အဖေနဲ့အမေမှာက နာမည် မရှိဘူး





တဲ့။ တစ်ယောက်နဲ့တစ်ယောက် ယောကျာ်းမိန်းမလို့ပဲ ခေါ်တယ် တဲ့။

သူတို့ညီအစ်မနှစ်ယောက်က အသက် နှစ်နှစ်ကျော် လောက်ပဲ ကွာတယ်။ အဖေ သူတို့ညီအစ်မကို နာမည်ပေး ထားတာက အစ်မကို ဂိုက်သရီး၊ သူ့ကို နေရိုးရှား။ အမှန် အဖေက စကားနှစ်မျိုးပြောတတ်တယ်တဲ့။ အမေက အဖေ ပြောတတ်တဲ့ စကားတစ်မျိုးကို မကျွမ်းကျင်ဘူး။ တစ်မျိုးကို ပဲ ကျွမ်းကျင်တော့ အမေ ကျွမ်းကျင်တဲ့ စကားပဲပြောဖြစ်ကြ တယ်တဲ့။ အဲဒီစကားက အခု အောင်ခေါင်ပြောနေတဲ့စကားနဲ့ တူတဲ့စကား။ မြန်မာစကား။

သူတို့အဖေက နေလကြယ်တွေရဲ့ စကားကိုလည်း နားလည်သတဲ့။ လေနဲ့မိုးတိမ်တွေရဲ့ စကားကိုလည်း နားလည် သတဲ့။ ပင်လယ်ပြင်ကြီးရဲ့စကားကိုလည်း နားလည်သတဲ့။ မီးတောင်ကြီးရဲ့ စကားကိုတောင် နားလည်အောင် ကြိုးစား နေသူတဲ့။

သူတို့အဖေက ပင်လယ်မိစ္ဆာတွေကို သိပ်မုန်းတာပဲတဲ့။ ပင်လယ်ထဲက တက်တက်လာတဲ့ မိစ္ဆာတွေကိုလည်း သူတို့အဖေ က မြင်ရင် တိုက်ခိုက်တယ်။ သူတို့အဖေကလည်း ပင်လယ်မိစ္ဆာ တွေကို မြင်လို့ကတော့ တစ်ယောက်မှကို အရှင် မထားဘူးတဲ့။

ပင်လယ်မိစ္ဆာတွေက မရှိမဲ့ရှိမဲ့ သူတို့မျိုးနွယ်ကို ဖျက်



www.burmeseclassic.com

www.burmeseclassic.com



သီးမယ့် ကောင်တွေမို့လို့တဲ့။ အပေက တင်လျှောက်လုံးမှာခဲ့တယ်။ ပင်လယ်မိစ္ဆာတွေကိုတွေ့တာနဲ့ သတ်တဲ့။ ဘယ်တော့မှ အရှင်မထားနဲ့တဲ့။ ပင်လယ်မိစ္ဆာတစ်ယောက်ယောက် ကျွန်းပေါ်မှာ အသက်ရှင်နေထိုင်နိုင်ရင် မျိုးနွယ်လည်း ပျက်သုဉ်းမယ်၊ ကျွန်းလည်း ကမောက်ကမဖြစ် ဒုက္ခရောက်မယ်တဲ့။

သူတို့အဖေမသေခင်မှာဘဲ သူတို့ညီအစ်မကို သစ္စာဆေးလုံးဆိုတဲ့ ဆေးလုံးတစ်ယောက်တစ်လုံးစီ ပေးခဲ့တယ်၊ မပျောက်ပျက်အောင် ထိန်းသိမ်းထားရမယ်။ ပင်လယ်မိစ္ဆာတစ်ယောက်ယောက်ကို သတ်လို့မရဘဲ အဲဒီပင်လယ်မိစ္ဆာ ကျွန်းပေါ်မှာ အသက်ရှင်နေရင် အဲဒီသစ္စာဆေးလုံးကို သောက်လိုက်ရမယ်တဲ့။ အဲဒီဆေးလုံးသောက်လိုက်မှ အဲဒီကျွန်းပေါ်မှာ အသက်ရှင်နေတဲ့ ပင်လယ်မိစ္ဆာရဲ့ ဒုက္ခပေးမှုကို မခံရမှာတဲ့။

ပင်လယ်မိစ္ဆာတွေ ကျွန်းပေါ်ရောက်လာပြီး တိုက်ရခိုက်ရတွေဖြစ်ရတာကလွဲရင်တော့ သူတို့တစ်သက်မှာ ဒီကျွန်းဟာ နေရထိုင်ရ အဆင်ပြေပြီး ပျော်စရာ သိပ်ကောင်းတာပဲတဲ့။ စားကောင်းတဲ့ သစ်သီး သစ်ဥ သစ်ရွက်တွေကလည်း နေရာတိုင်းမှာရှိတယ်။ အမဲလိုက်လို့ကလည်း အချိန်မရွေးရတယ်။ ပင်လယ်လှိုင်းတွေက သယ်လာတဲ့ အစားအသောက် အဝတ်အထည် အသုံးအဆောင်တွေကလည်း အခါအားလျော်စွာရှိတယ်။ အဲ... သတိထားရတာကတော့ ပင်လယ်လှိုင်း





တွေက အဲဒါမျိုးတွေ သယ်ပေးလာရင်း ပင်လယ်မိစ္ဆာတွေ ပါပါလာတတ်တာကိုပဲတဲ့။

အောင်ခေါင်က ပြောတယ်။ ပင်လယ်မိစ္ဆာဆိုတာ မဟုတ်ကြောင်း၊ ပင်လယ်ထဲမှာ သင်္ဘောပျက်ပြီး ဒုက္ခရောက်လာရသူတွေသာဖြစ်နိုင်ကြောင်း၊ သူကိုယ်တိုင်လည်း ကျွန်းတစ်ကျွန်းကနေ လေမုန်တိုင်းဒဏ်ကြောင့် ပင်လယ်ထဲ မျောပြီး ရောက်လာရတာဖြစ်ကြောင်း။

နေရိုးရှား လုံးဝ လက်မခံ။ သူ့အဖေပြောခဲ့တဲ့စကားတွေသာ နားစွဲတယ်။ အတည်ပြုယုံကြည်တယ်။ ပင်လယ်မိစ္ဆာတွေ ဒီလိုပဲ ပုံပြင်တွေအမျိုးမျိုးပြောပြီး အယုံသွင်းတတ်ကြောင်း သူ သိထားတယ်တဲ့။ သူ့အမေသေဆုံးရတာ ပင်လယ်မိစ္ဆာတစ်ယောက်ကြောင့်။ အဲဒီပင်လယ်မိစ္ဆာကြောင့်ပဲ သူ့အဖေလည်း သေရတာတဲ့။

အောင်ခေါင် ဆက်မေးတော့ နေရိုးရှားက စိတ်မကောင်းဝမ်းနည်းမျက်နှာနဲ့ နှုတ်ဆိတ်တယ်။ အောင်ခေါင်လည်း အလိုက်တသိ အဆင်းမမေးဘဲ ထားလိုက်တယ်။

ပြန့်နေကျအတိုင်း အောင်ခေါင် နေရိုးရှားကို ရေပတ်တိုက်ဖို့ အဝတ်နဲ့ ရေအုးတွေအဆင်သင့်ချပေးထားလိုက် တယ်။ ရေပတ်တိုက်ပြီးလဲရအောင်လည်း စကပ်နဲ့အပေါ် အင်္ကျီတစ်စုံကို အသင့်ချပေးထားလိုက်တယ်။ အောင်ခေါင် ပြန်လှည့်ထွက်မယ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်…

'ကျွန်မ ဒီအဝတ်အစားပုံစံကြီးတွေ ဝတ်ရတာတစ်မျိုးကြီးပဲ၊ ရုပ်ဖျက်ဆင်းဖျက် ဖြစ်နေသလိုပဲ၊ ဒါမျိုးတွေ ကျွန်မတို့ရှင် မမဂိုက်သရီးနဲ့ ကျွန်မတို့ဝတ်နေကျ ပုံစံမျိုးတွေဖြစ်အောင် ပြန်ပြင်ပြီးမှ ဝတ်တာ။ ကျွန်မတို့ ငယ်ငယ်ကတည်းက အဖေက အဲဒီလို ပြင်ပြင်ချုပ်ပေးတယ်။ ကျွန်မတို့ ညီအစ်မနှစ်ယောက်ကိုလည်း ချုပ် လုပ်နည်းပြထားပေးတယ်လေ'

'မင်းတို့ဝတ်တဲ့ အဝတ်အစားပုံစံ ကြည့်လို့ကောင်းပါတယ်။ ငါ ချုပ်လုပ်မပေးတတ်တာက ခက်တယ်၊ ငါသာ ချုပ်လုပ်ပေးတတ်ရင် ဒီကအဝတ်စားတွေကို ပြန်ပြင်ပြီး မင်းကိုချုပ်လုပ်ပေးချင်ပါတယ်၊ ခုတော့ ငါဆေးရှက်သွားခူးလိုက်ဦးမယ်၊ ဂူဝံခါး ပိတ်ထားခဲ့မယ်နော်'

အောင်ခေါင် အခု ဆေးရွက်တစ်မျိုးကို သုံးတယ်။ အဲဒီ ဆေးရွက်လည်း အရည်ညှစ်ပြီး ထည့်ရတာပဲ။ အဲဒီ ဆေးရွက်ကို သိရတာ ဦးရဲမြင့်ကြီး ကျေးဇူး။ မင်္ဂလာကျွန်းမှာ သွားရင်းလာရင်း အဲဒီအပင်ကိုတွေ့တော့ ဦးရဲမြင့်က ပြောပြထားတာ။ ရှုပြတ်ကွဲ ထွင်းဒဏ်ရာတွေအတွက် သိပ်ကောင်းတာတဲ့။ ဒဏ်ရာဘယ်လောက် ကြီးကျယ်နေကြီးကျယ်နေ အရှမ်းမြန်မြန်ကို ပျောက်ကင်းစေတယ်တဲ့။ အဲဒီတုန်းက ဦးရဲမြင့်က အဲဒီဆေးပင်နာမည်ကို ဟိန္ဒူလို ပြောပြတယ်။ မြန်မာလိုတော့ သူလည်းမသိဘူးတဲ့။





ဦးရဲမြင့်ပြောပြတဲ့ ဟိန္ဒူနာမည်ကိုတော့ အောင်ခေါင်မေ့နေပြီ။ ဆေးပင်ကိုတော့ မှတ်မိတယ်။ ဒီကျွန်းမှာ သွားရင်းလာရင်း အမှတ်မထင် တွေ့ရတတ်တယ်။ ခု နေရီးရှားဒဏ်ရာအတွက် အောင်ခေါင် အဲဒီဆေးရွက်ကို ရှာဖွေခူးပြီး အသုံးချရာမှာ အတော့်ကို သိသာမှုရှိတယ်။ ဒဏ်ရာကျတ်မှု မြန်တယ်။

ဆေးရွက်ခူးထွက်လာတဲ့ အောင်ခေါင် သူ့ဆရာဦးရဲမြင့်ကြီးကို သတိရနေပြန်တော့တယ်။

*

(၃)

'ပင်လယ်မိစ္ဆာ'

'ပြောလေ'

'အမှန်ကတော့ ရှင့်ကို ကျွန်မ သတ်ကိုသတ်ရမှာ'

အောင်ခေါင် ဘာမှပြန်မပြော

'ဘဝတစ်လျှောက်လုံး ကျွန်မ အဖေပြောခဲ့တဲ့စကား အရရော ကျွန်မအဖေနဲ့အမေ သေရတဲ့ကိစ္စအတွက် ရော ရှင့်ကို ကျွန်မသတ်ကိုသတ်ရမှာ'

'မင်းအဖေနဲ့အမေ သေရတဲ့ကိစ္စက'

အောင်ခေါင်က အမေးကိုရပ်ပစ်လိုက်တယ်။ နေရီး



www.burmeseclassic.com

www.burmeseclassic.com



ရှားမျက်နှာပြင်မှာ စိတ်မကောင်း ဝမ်းနည်းအရိပ်အရောင်တွေ လွှမ်းသွားတာမို့…

နေရိုးရှား ခြောက်လုံးပြူးနဲ့ အောင်ခေါင့်ကို ချိန်ထား လိုက်တယ်။ သူ့နှုတ်ခမ်းလေးတွေ ဆတ်ဆတ်တုန်လာတဲ့ထိ အားတင်းယူပြီး ပြောတယ်။

'ရှင်တို့လို ပင်လယ်မိစ္ဆာတစ်ယောက်ပေါ့၊ ရှင်တို့လို ပင်လယ်မိစ္ဆာတစ်ယောက်ပေါ့'

မျက်လုံးအစုံမှာ မျက်ရည်ကြည်လေးတွေ ဝေ့လည်လာတယ်။

'အဖေနဲ့မတွေ့ဘဲ အမေနဲ့အတွေ့မှာ အမေ့ကို ဘယ်လိုဖျားယောင်းသြို့ယူလိုက်လဲ မသိဘူး၊ အမေ အဲဒီ ပင်လယ်မိစ္ဆာကို မသတ်ဘဲ ဂူတစ်ခုမှာ အဖေနဲ့မတွေ့အောင် ဝှက်ထားခဲ့တယ်၊ အဖေ့အလစ်မှာ စားစရာတွေ သွားသွားခိုးပို့ပြီး တွေ့တယ်၊ ကြာတော့ အဖေ သင်္ကာမကင်းဖြစ်ပြီး အမေ့နောက် နောက်ယောင်ခံလိုက်ချောင်းတယ်။ အမေ အဲဒီမိစ္ဆာရဲ့ ဖျားယောင်းမှုမှာ ပင်လယ်မိစ္ဆာနဲ့ပျော်ပါးနေတာကို တွေ့ရတော့ အဖေလည်း သူနဲ့အတူပါလာတဲ့ သူ ဟိုးနဂိုရ် ပင်လယ်မိစ္ဆာတစ်ယောက်ကို သတ်ပြီးယူသားတဲ့ ခြောက်လုံးပြူးနဲ့ အမေနဲ့ ပျော်ပါးနေတဲ့ ပင်လယ်မိစ္ဆာကိုယ်စား အသေခံလိုက်တယ်၊ အမေက ပင်လယ်မိစ္ဆာရဲ့ သြို့ထားတာကို ခံနေရတာကိုး၊ အဲဒီပင်လယ်မိစ္ဆာက အခွင့်ကောင်း





ယူပြီး အဖေ့ကို သူ့ဆီမှာပါတဲ့ ခြောက်လုံးပြူးနဲ့ပစ်လို့ အဖေ ရင်အုံထိတယ်၊ အဖေကလည်း ချက်ချင်းပြန်ပစ်တာမို့ အဲဒီ ပင်လယ်မိစ္ဆာရဲ့ ရင်အုံထိတယ်၊ ပင်လယ်မိစ္ဆာကတော့ ပွဲချင်းပြီး သေတယ်၊ အဖေက ဂူဆီရောက်အောင် ပြန်လာသေးတယ်၊ အဲဒီ အကျိုးအကြောင်းတွေ ကျွန်မတို့ ညီအစ်မကို ပြောပြနိုင်သေးတယ်၊ နောက်… ပင်လယ်မိစ္ဆာတွေတွေ့ရင် လက်မနှေးစတမ်း သတ်ဖို့မှာပြီး သတ်လို့မရတဲ့ ပင်လယ်မိစ္ဆာတစ်ယောက်ယောက် ကျွန်းပေါ်မှာအသက် ရှင်နေထိုင်နိုင်တယ်ဆို အဲဒီပင်လယ်မိစ္ဆာရဲ့ ဒုက္ခပေးမှုတွေကို မခံရအောင် ဒီသစ္စာဆေးလုံးကို သောက်လိုက်လို့မှာကြားတယ်။ ဆေးလုံးနှစ်လုံး။ ညီအစ်မနှစ် ယောက်အတွက် တစ်ယောက်တစ်လုံးစီ'

စကားအဆုံးမှာ နေရိုးရှားရဲ့ မျက်လုံးအစုံက မျက်ရည်တွေပိုးပိုးပေါက်ပေါက် ကျလာတယ်။ ခြောက်လုံးပြူးလွတ်ကျသွားတယ်။ အောင်ခေါင့်ကိုဖက်ပြီး ငိုနေတော့တယ်။

'တွေ့စကတည်းက ရှင်သေဖို့ကောင်းပါတယ်၊ အဲဒီနေ့တုန်းက ရှင်ပြောတဲ့စကားနဲ့ ကျွန်မတို့ပြောတဲ့ စကားက တူနေတော့ မမဂိုက်သရီး တွေဝေနေလို့၊ မဟုတ်ရင် ညီအစ်မနှစ်ယောက်တက်ညီလက်ညီ ဝိုင်း တိုက်လိုက်ရင် ရှင် သေလောက်ပြီ။ ကျွန်မ အဲဒီနေ့က မမကို အရမ်းဝေဖန်ပြစ်တင်လိုက်မိတယ်'

ဖက်ငိုနေရင်းမှ ရှိုက်ရင်း ရှိုက်ရင်းပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုနေ့ကလည်း ရှင့်ကိုတွေ့တော့ ကျွန်မ ခြောက်လုံးပြူးနဲ့ အပိုင်ချိန်ထားပြီးပြီ၊ တောဝက်ဝင်ရှုပ်လို့'

နေရီးရှား ရုတ်တရက် ကိုယ်ချင်းခွာလိုက်ပြီး အောင်ခေါင့် ပခုံးနှစ်ဖက်ကို စုံကိုင်လှုပ်ရမ်းလိုက်တယ်။

'ဒီတစ်ခါဆိုရင်တော့ ရှင် သေကိုသေရမယ်၊ သေရမယ်၊ ယုံလား'

အောင်ခေါင် ခေါင်းညိတ်ပြလိုက်မိတယ်။

*

## (၄)

အောင်ခေါင် တားမြစ်နေတဲ့ကြားက နေရီးရှားက ပြန်ဖို့အတင်းပြင်နေတယ်။ ဒဏ်ရာကတော့ ကျက်လုနီးပါးဖြစ်သွားပါပြီ။ ဒါပေမဲ့ ခြေထောက်က ဘယ်မှာထောက်လို့ ကောင်းဦးမှာလဲ၊ ခရီးကလည်း အဝေးကြီး။

'လုံးဝ ပျောက်ကင်းသွားမှ ပြန်ပါ နေရီးရှားရယ်'

'အောင်ခေါင်… ရှင် ကျွန်မကို မတားသင့်ဘူး၊ နောက်မှ ရှင် နောင်တရစရာဖြစ်ရရင် မကောင်းဘူး'

ပြန်ခါနီးစိတ်လိုလက်ရ အောင်ခေါင်လို့ခေါ်တယ်။ ပင်လယ်မိစ္ဆာလို့ မခေါ်ဘူး။ မချိုပြုံးပြုံးရင်း အောင်ခေါင့်ကို ပြောတယ်။





'တစ်လျှောက်လုံး စေတနာသန့်သန့်နဲ့ ကိုယ်ကုသပြုစုပေးခဲ့တဲ့ လူနာတစ်ယောက်နဲ့ပတ်သက်ပြီး ငါ့မှာ နောင်တရစရာအကြောင်းမရှိပါဘူး နေရီးရှားရယ်၊ ဟုတ်မှာပါနော်'

'အမှန်တော့ ရှင် ကျွန်မအတွက် သိပ်ပင်ပန်းလွန်းနေပါပြီ အောင်ခေါင်ရယ်'

'မင်းအစ်မက မင်းကို လိုက်မရှာဘူးထင်တယ်၊ လိုက်ရှာလို့ ဒီရောက်လာရင်လည်း အကောင်းသား၊ မင်းတို့ညီအစ်မနှစ်ယောက် အတူပြန်တာဆို ငါ စိတ်ချလို့ရတာပေါ့'

'ကျွန်မကတော့ မမ ဂိုက်သရီး ဒီလိုက်လာမှာကိုပဲ စိုးရိမ်သေးတယ်၊ မမဂိုက်သရီး ဒီလိုက်လာလို့ကတော့ ခုနက မမကို ဒီရောက်လာရင်အကောင်းသားဆိုတဲ့ ရှင့်စကားရှင် နောင်တရစရာဖြစ်သွားမှာပဲ၊ မမ ဂိုက် သရီးက ဒီတစ်ခါ ရှင့်ကို အလွတ်ပေးမှာမဟုတ်ဘူး၊ သတ်ဖြစ်အောင် သတ်မှာ၊ ခုလည်း ကျွန်းမှာ တခြား ပင်လယ်မိစ္ဆာကြီးတစ်ယောက် သွားလာနေတာကို တွေ့လိုက်လို့ သတ်ရအောင်ဆိုပြီး မမ လိုက်ချောင်းဖို့ ထွက်သွားတာ၊ သူမထွက်သွားခင် ကျွန်မကို မှာခဲ့တယ်၊ နင်လည်း ဟိုနေ့က ပင်လယ်မိစ္ဆာကိုတွေ့အောင် ရှာပြီးသတ်ချေလို့၊ တွေ့အောင်ရှာပြီး သတ်ဖြစ်အောင် သတ်ခဲ့၊ ဂူမှာပြန်ဆုံကြမယ်တဲ့၊ သူ့ကိုရှာပြီးသွားလို့ မမ ဂူဆီပြန်ရောက်လာရင် ကျွန်မ ဂူပြန်မရောက်သေးတော့ သူ ကျွန်မကို လိုက်ရှာမှာပဲ၊ ဒီရောက်လာပြီး ရှင်နဲ့ မမ



www.burmeseclassic.com

www.burmeseclassic.com



ဝိုက်သရီးနဲ့တွေ့မှာ ကျွန်မ စိုးရိမ်တယ် အောင်ခေါင်'

'သူ မရောက်လာရင်လည်း မင်း ငါ့ကို'

အောင်ခေါင် နေရီးရှား သူ့ကိုဖက်လိုက်တဲ့အတွက် စကားတန့်သွားတယ်။ နေရီးရှား အောင်ခေါင့်ကို ဖက်ပြီးငို နေပြန်တယ်။

'ဟုတ်တယ်၊ ရှင့်ကို ကျွန်မသတ်မှာ၊ ရှင့်ကို ကျွန်မ သတ်မှာ'

လူချင်းခွာလိုက်တယ်။ နေရီးရှား ဂူနံရံမှာ ထောင်ထားတဲ့ . ခြေထောက်ဒဏ်ရာ သက်သာစ ဟိုနားဒီနားလျှောက်နိုင်အောင် အောင်ခေါင် လုပ်ထားပေးတဲ့ ချိုင်းထောက်ကိုဆွဲယူလိုက်ပြီး ချိုင်းထောက်ကို ချိုင်းမှာထောက်လိုက်တယ်။

'ကျွန်မ ပြန်ပြီ အောင်ခေါင်'

ချိုင်းထောက်ကြီးထောက်ပြီး သုတ်သုတ်ထွက်ခွာသွားတဲ့ နေရီးရှားကို အောင်ခေါင် တွေငေးကြည့်နေမိတယ်။

နေရီးရှား အိပ်ခဲ့တဲ့ အိပ်ယာဆီ ပြန်လှည့်အကြည့်လိုက်မှာတော့ ခြောက်လုံးပြူး…။

အောင်ခေါင် တစ်စုံတစ်ခုကိုတွေးမိပြီး ခြောက်လုံးပြူးကို ပြေးကောက်ယူလိုက်တယ်။ နေရီးရှား ထွက်ခွာသွားရာဆီ ပြေးလိုက်သွားတယ်။

ရှေ့ကနေ ချိုင်းထောက်ကြီးနဲ့ စိတ်လိုက်မာန်ပါ လျှောက်





နေတဲ့ နေရီးရှားကိုတွေ့လိုက်ရတော့ အမီလိုက်တယ်။

'ဒီမှာ… ဒီမှာ'

နေရီးရှားရှေ့က ပိတ်ရပ်လိုက်ပြီး ခြောက်လုံးပြူးကို ထိုးပေးလိုက်တယ်။ နေရီးရှား ကြောင်ကြည့်နေတယ်။

'လမ်းမှာ မင်းအန္တရာယ်တွေ ဘာတွေတွေ့နေရင် အကာအကွယ်အဖြစ်နဲ့သုံးရအောင် ဒီခြောက်လုံးပြူး ယူသွားပါ'

နေရီးရှား ကြောင်ကြည့်နေရာက ဆတ်ခနဲ ခြောက်လုံးပြူးကိုဆွဲယူလိုက်တယ်။ အောင်ခေါင့်ကို ချိန်ထားလိုက်တယ်။ မျက်ရည်တွေကတော့ ထွေထွေကျဆင်းနေတယ်။

'အောင်ခေါင်… ရှင်နဲ့ ခြေတစ်လှမ်းဝေးသွားတိုင်း ကျွန်မ ရင်ထဲက တစ်ခုခုပျောက်ဆုံးသွားသလိုဖြစ်ရတဲ့ ဒဏ်ကို ကျွန်မ မခံစားနိုင်တော့လို့ အခုနလေးတင်ပဲ ကျွန်မအဖေ ပေးထားတဲ့ ကျွန်မအတွင်းခံအင်္ကျီ ထဲ အမြဲဝှက်ထားတဲ့ သစ္စာဆေးလုံးကို ကျွန်မ သောက် ချလိုက်ပြီ။ ပင်လယ်မိစ္ဆာဖြစ်တဲ့ ရှင် ကျွန်မကို ဆက် ဒုက္ခပေးလို့မရတော့ပါဘူးနော်၊ ဆက်ပြီး ဖျားယောင်းညှို့ယူလို့မရတော့ပါဘူးနော်၊ ဟုတ်တယ်နော် အောင်ခေါင်၊ ဟုတ်တယ်နော် အောင်ခေါင်'

'ဘောင်း'

ခြောက်လုံးပြူးသံ။

နေရီးရှား ခိုးပေါ်ထောင်ပစ်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



နေရိုးရှား ချိုင်းထောက်ကလွှတ်ပြီး မြေပြင်ပေါ်ပုံကျသွားတယ်။ ချိုင်းထောက်လည်း မြေပြင်ပေါ်လဲသွားတယ်။

အောင်ခေါင် နေရိုးရှားကို ပြေးယူဆွဲပွေ့ထူလိုက်တယ်။ မြန်လိုက်တာ။ နေရိုးရှား အသက်မရှိတော့ပြီ။

※ ※ ※





## ပင်လယ်ကို လက်ပစ်ကူးကြည့်မယ်

စင်စစ် သစ္စာဆေးလုံးဆိုတာ အဆိပ်တစ်မျိုးပါလား။

အောင်ခေါင် နေရိုးရှားမြေပုံနံဘေးမှာ ထိုင်ပြီး နေရိုးရှား ပြောပြခဲ့တဲ့ သူတို့အကြောင်းတွေကို ပြန်စဉ်းစားနေမိတယ်။

သန္ဓေတစလူသားဆိုတဲ့ကိစ္စ အောင်ခေါင် ယုံတစ်ဝက် မယုံတစ်ဝက်။

ယုံတစ်ဝက်ဆိုတာတောင် ဒီကျွန်းမှာ တခြားသန္ဓေတစ ဖြစ်တဲ့ တိရစ္ဆာန်တွေကို မျက်ဝါးထင်ထင် မြင်တွေ့ရလို့။ နောက် ပြီး နေရိုးရှားရဲ့ပြောဆိုမှုမှာ လိမ်ညာတဲ့ အရိပ်အယောင် လုံးဝ မတွေ့ရလို့။

ဒီကျွန်းမှာသာမဟုတ်ရင် တခြားလူတွေရဲ့ပြောဆိုမှု သာဖြစ်ရင် ဒီကိစ္စ လုံးဝယုံကြည်စရာအကြောင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



နေရိုးရှား… အင်မတန်ရိုးသားတဲ့ ကျွန်းသူလေးဆိုတာကိုတော့ အောင်ခေါင် လုံးဝယုံကြည်တယ်။ နေရိုးရှား သူ့ကို ချစ်လိုက်မိတယ်ဆိုတာကိုလည်း အောင်ခေါင် ခံစားသိရှိလိုက်တယ်။ ဒါပေမဲ့ နေရိုးရှား ကိုယ်တိုင်တောင် အချစ်ဆိုတာကို သိရှိလိုက်ပုံမရသလိုပဲ။ သူ့ရင်ထဲက အောင်ခေါင်အပေါ် ဖြစ်နေတဲ့ စိတ်ကို အောင်ခေါင်က ဖျားယောင်းညှို့ယူတားနိုင်မှု ရှိတယ်ဆိုတဲ့ သံသယစိတ်နဲ့ရောထွေးပြီး တိတိပပ ခံစားနိုင်မှုမရှိ ချောက်ချားရှုပ်ထွေးစွာ ခံစားနေရတယ်။

တကယ်တော့ သူ့ရင်ထဲက အချစ်စိတ်ကြောင့် အောင်ခေါင့်ကို သူ မသတ်ရက် မသတ်နိုင်။ သူ့ကို ကျွန်းကို ဒုက္ခပေးမယ်ဆိုတဲ့ အတွေးနဲ့ သတ်ချင်လိုက်တာကလည်း အရမ်း။ တကြိမ်းကြိမ်း…။

နောက်ဆုံးတော့ သူမသတ်ရက် မသတ်နိုင်တဲ့ စိတ်က အချစ်စိတ်က အနိုင်ရသွားပြီး သစ္စာဆေးလုံးကို သူသောက်လိုက်တော့တာပဲ။

သစ္စာဆေးလုံးကို သမီးတွေအတွက် အစီအစဉ်ချထားပေးခဲ့တဲ့ ကညင်ပင်ဖြစ် သံခွေတစလူကြီးကလည်း တကယ့်လူကြီးပေပဲ။ အတော်တော့ ဉာဏ်ပြေးပုံရတယ်။ နေရိုးရှား အပြောအရဆို ပညာလည်းအတော်စုံပုံရတယ်။ နေရိုးရှားတို့ တိုက်ရည်ခိုက်ရည်ကြည့်ရတာ အတော်ကျွမ်းကျွမ်းကျင်ကျင် လှုပ်ရှားမှုတွေ။





သူ့အဖေဆီကပဲ ဒီပညာတွေရပုံပါပဲ။

‘လူသတ်ခံရမှာတောင် မိန်းကလေးကသတ်မှာ’

‘ဟာ… အဲဒီမိန်းကလေးက သူ့ကိုသိပ်ချစ်တဲ့ မိန်းကလေးပါလား’

ရထားပေါ်က ဆရာကြီးတွေစကား အောင်ခေါင်ပြန်ကြားယောင်မိပြန်တယ်။

နေရိုးရှား အောင်ခေါင့်ကို အတော်လေးချစ်သွားရှာတယ်ဆိုတာတော့ အောင်ခေါင်တွက်မိတယ်။ သူ့ခမျာ အောင်ခေါင့်ကိုလည်း သတ်ဖို့အတော်ကြိုးစားပါတယ်။ အဲဒီလောက်နဲ့ ဗေဒင်ဆရာတို့ရဲ့ ဟောချက် ကျိန်းကျေသွားရင်ကောင်းရဲ့။

အောင်ခေါင် နေရိုးရှားမြေပုံအနီးကထပြီး ဂူဆီပြန်မယ်လုပ်တယ်။

နေလုံးကြီးကို မျှောချတော့မယ့် ပင်လယ်ပြင်ကြီးဘက်ဆီ ကြည့်မိတယ်။ ပင်လယ်နဲ့နေလုံးကြီးနောက်ခံ ပင်လယ်ကမ်းခြေတစ်လျှောက် လျှောက်လာတဲ့ မဲမဲသဏ္ဍာန်တစ်ခု။ လူတစ်ယောက်သဏ္ဍာန်ပါလား။ အောင်ခေါင် ရပ်ငေးကြည့်နေမိတယ်။ ဘယ်လိုအန္တရာယ်မျိုး ဦးတည်လာနေပြန်ပြီလဲ။ အောင်ခေါင် သိပ်ချောက်ချောက်ချားချားတော့မဖြစ်တော့ပါ။ လောလောဆယ်မှာတော့ စိတ်ခံစားချက်တွေ ထူပြိန်းနေသလိုပဲ။ ခံစားချက်မဲ့သလို အောင်ခေါင် ငေးတွေကြည့်နေမိခြင်း သာ။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဆိုတာ သေချာပါတယ်။ ဓားတစ်လက် ကိုင်ပြီး လာနေတာ။ နီးလာပြီး ပိုပြီးပိုပြီးနီးလာတော့…

'ဟာ… ဆရာ'

ဦးရဲမြင့် ဖြစ်နေတယ်ဆိုတာ အောင်ခေါင် အံ့ဩစွာ တွေ့မြင်လိုက်ရတယ်။ ဦးရဲမြင့်ကလည်း တောစပ်က အောင်ခေါင်ကို မြင်သွားတယ်။

အောင်ခေါင့်ဆီ ဦးတည်ပြီး သုတ်သုတ်လျှောက်လာ တယ်။

'ဆရာ… ဆရာ… ဆရာ…'

အောင်ခေါင် အော်ခေါ်တယ်။ ဓားကိုင်ထားတဲ့ ဦးရဲ မြင့် အောင်ခေါင့်ကို အသေအချာကြည့်နေပြီး…

'ဟာ… ဟာ… အေး… ဟုတ်ပြီ၊ မောင်အောင် ခေါင်… မောင်အောင်ခေါင်'

သူတို့ဆရာတပည့်နှစ်ယောက် ပြေးဖက်မိကြတော့တယ်။

'ဆရာ ဘယ်လိုကနေ ဘယ်လိုရောက်လာတာလဲ'

'နေဦး၊ နေဦး၊ ပြောရမှာတွေအများကြီးပဲ၊ မိုးမချုပ် ခင် ဂူတစ်ခုခုရှာရအောင်။ ငါ ဒီဘက်ထွက်လာရင်း မိုးချုပ်ကလို့ မို့ ဂူတစ်ခုတလေ တွေ့ရလိုတွေ့ရငြား လိုက်ရှာနေတာ'

'ဟာ… ဂုအတွက်မပူနဲ့၊ ကျွန်တော့်ဂူရှိတယ်ဆရာ'

'အိုး… ကယ်ဟုတ်ပါလား၊ မင်းက ဒီကျွန်းလာပြီ၊





ဂူပိုင်ဘွေဘာတွေနဲ့ ကြီးပွားနေပုံရတယ်'

ဦးရဲမြင့် မြေပုံဆီမျက်စိရောက်သွားပြီး…

'ဒါက ဘာလဲ'

'ဒီအကြောင်းပြောရမှာဆို ဆရာပြောသလို အများကြီး ပြောရမှာ ဆရာ၊ လာ… ဂူဆီသွားကြရအောင်'

*

(၂)

လုံးဝမမျှော်လင့်ပါဘဲ ဒီကျွန်းမှာ ဦးရဲမြင့်ကိုလာတွေ့ ရတော့ အောင်ခေါင် အံ့ဩမှုနဲ့အတူ ဝမ်းသာမှုအတော်ဖြစ် မိတယ်။ သူ့စိတ်မှာ သူ့ဆရာက သူ့ထက်အများကြီး စွမ်းဆောင် နိုင်သူလို့ ယုံကြည်တယ်။ အားကိုးတယ်။

သူ့ဆရာ ဒီကျွန်းကို ဘယ်လိုရောက်လာနိုင်သလဲဆိုတာ တာလည်း သူ သိပ်သိချင်တယ်၊ ဂူရောက်ပြီးတော့ သိရပါတယ်။

ညစာစားရင်း သူ့ဆရာက သူ့ကိုပြောပြတယ်။

အမှန်က မင်္ဂလာကျွန်းမှာ မုန်တိုင်းကျတဲ့နေ့က ဦးရဲ မြင့် အောင်ခေါင့်ကို လိုက်ရှာရင်း အောင်ခေါင်ရှိရာ ကမ်းစပ် ကိုရောက်ခဲ့တယ်။ အောင်ခေါင့်ကို တကြော်ကြော်အော်ခေါ် နေပေမယ့် အောင်ခေါင့်ဆီက တုန့်ပြန်ထူးသံ မိုးသံလေသံ လှိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့် ဦးရဲမြင့်မကြားနိုင်။ လေသွေဖိတိုက် မိုးတွေကလည်း မှောင်နေအောင်ရွာတာမို့ ဦးရဲမြင့် ကျွန်းကုန်းပိုင်းဆီလည်း ပြန်တက်လို့မရ။ သစ်ပင်ကျိုး သစ်ပင်လဲတွေကိုလည်း မနည်း ရှောင်နေရတယ်။ နောက်ဆုံးတော့ အောင်ခေါင့်လိုပါပဲ ပင်လယ်ရေတွေတက် ပင်လယ်လှိုင်းရဲ့ ရိုက်ခေါ်ဆွဲချမှုကြောင့် ဦးရဲမြင့် ပင်လယ်ထဲရောက်ခဲ့တယ်၊ သတိကြီးကြီးနဲ့ ပင်လယ်လှိုင်းကြားမှာ သူ့နားဆီ ရောက်လာတဲ့ သစ်ပင်ကို ကပ်ခွစီးရင်း လှိုင်းတွေသယ်ဆောင်ရာပါခဲ့တယ်။ လှိုင်းတွေ သယ်ဆောင်ရာလိုက်ပါရင်း မုန်တိုင်းမိုးသက်ငြိမ်သွားတော့ ပင်လယ်ရေစီးကြောင်းတစ်ခုထဲ ရောက်ရတယ်။ ရေစီးကြောင်းဆိုတာ ဦးရဲမြင့်သတိထားမိတယ်။ ဦးရဲမြင့်လည်း သတိကြီး တယ်ဆိုပေမယ့် ပင်ပန်းဒဏ် အိပ်ပျက်ဒဏ် အစာငတ်ဒဏ် တို့ကြောင့် တစ်ခါတစ်ခါ သတိလက်လွှတ်ဖြစ်ဖြစ်သွားတယ်။ နောက်ဆုံးတော့ ဒီကျွန်းပေါ် ရောက်လာတော့တယ်။

ဦးရဲမြင့်က အောင်ခေါင်လည်း သူ့လို ဒီရေစီးကြောင်းအတိုင်း မျောလာရင် ဒီကျွန်းပေါ်ရောက်နိုင်ကောင်းရဲ့လို့ တွေးတယ်။ သူ့အတွေး ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကျွန်းမှာ ဖြစ်သလိုအသက်ရှင်သန်အောင် ကြိုးစားနေတိုင်ရင်း အောင်ခေါင်ကိုလည်း ရှာတယ်။

ဒါပေမဲ့ ဦးရဲမြင့် ကျွန်းပေါ်ဆိုက်ရောက်ခဲ့တဲ့နေရာက





အောင်ခေါင် ဆိုက်ရောက်တဲ့နေရာနဲ့ တခြားဆီဖြစ်နေတယ်။ ဦးရဲမြင့် ရောက်သွားတဲ့နေရာ မီးတောင်ဘက်နီးနီးနေရာဖြစ်တယ်။

အဲဒီကနေ ဦးရဲမြင့် ဒီဘက်ပိုင်းကို တရွေ့ရွေ့တက်လာခဲ့တယ်။ လမ်း၊ ပင်လယ်ကမ်းခြေတစ်ခုမှာ သင်္ဘောပျက် တစ်ခု ဆီက ထွက်ကျမျောလာတဲ့ သေတ္တာအစ ပစ္စည်းပစ္စယ [illegible] တွေ့ရသေးတယ်။ ဦးရဲမြင့်ကတော့ ဘာမှ သယ်ယူ [illegible] အဝတ်အစားတစ်စုံကိုတော့ မိမိရဲ့စုတ်ပြဲနေပြီဖြစ်တဲ့ [illegible] ဖလှယ်ဝတ်ဆင်ခဲ့တယ်။ ဆက်ထွက်လာတော့ [illegible] တဲ့ အသက်ကယ်လှေ နှစ်စင်းကိုတွေ့ရသေးတယ်။ [illegible] ကယ်လှေနှစ်စင်းကို ဦးရဲမြင့် ကမ်းစပ် [illegible] သယ်ယူပြီး ဖွက်ထားလိုက်သေးတယ်။ [illegible]

ဆက်ထွက်လာရင်း ဒီရက်ပိုင်း [illegible] တစ်ယောက် ဘယ်လိုမှ မမျှော်လင့် [illegible] ရင်ဆိုင်တိုးနေရတော့တယ်။

မိန်းမလှလေးတစ်ယောက်။ [illegible] အမျိုးသမီးတစ်ယောက်လို။ [illegible] ဦးရဲမြင့်ကို ဒလကြမ်းလိုက်တိုက်ခိုက် [illegible] လုံးပြူးလည်း ပါတယ်။ ဓားရှည် [illegible] အတော်ကျွမ်းကျွမ်းကျင်ကျင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကတော့ တုတ်တိုနှစ်လက်သိုင်းနဲ့ပဲ ပြန်ကာကွယ်တယ်။

ရက်ဆက်၊ တစ်ရက်ခြား၊ နှစ်ရက်ခြား။

ဦးရဲမြင့်ကို တိုက်လို့မရလိုက်။ တောထဲပြန်ဝင်ရောက်ပျောက်ကွယ်သွားလိုက်။

ဟိန္ဒူမလေးထင်ပြီး ဦးရဲမြင့် ဟိန္ဒူလိုပြောကြည့်တော့ နားလည်သလိုလို။ ဒါပေမဲ့အဲဒီမိန်းကလေး ဦးရဲမြင့်ကို ဘာစကားမှပြောချင်ပုံမရ။ ကောထဲတောင်ထဲက ဖွက်လာတာနဲ့ အသေသတ်ဖို့ပဲ ကြိုးစားတော့တယ်။ ဦးရဲမြင့်ကတော့ လူမသတ်ချင်တာမို့ ကိုယ့်ကိုယ်ကိုယ်ပဲ ကာကွယ်တယ်။ ဒီမိန်းကလေး တိုက်ကွက်တွေကို အတော်ကြိုးစားကာကွယ်ရတယ်။ အရမ်းသတိထားရတယ်။ တိုက်ရင်းခိုက်ရင်း ဦးရဲမြင့် ဟိန္ဒူစကားနဲ့ အမျိုးမျိုးဖြောင်းဖျ နားချကြည့်ပါသေးတယ်။ မရပါဘူး။ မိန်းကလေးက တစွတ်ထိုး။ ကျားရိုင်းမလေး တစ်ကောင်လိုပဲ။ နောက်တော့ ဦးရဲမြင့်လည်း စကားတွေ မပြောချင်တော့။ သူတောထဲကထွက်လာပြီး တိုက်ရင် ပြန်တိုက်။ ဦးရဲမြင့်ကို သူတိုက်လို့မရရင် တောထဲပြန်ဝင်။ ဦးရဲမြင့် ဆက်မလိုက် ဆက်မရှာ ကိုယ့်ခရီးကိုယ်သွားနေလိုက်တယ်။

တစ်နေ့ကတော့ ထုံးစံအတိုင်း သူတောထဲက ထွက် ဦးရဲမြင့်ကို တိုက်တယ်။ အတော့်ကို ပြင်းပြင်းထန်ထန် တိုက်တယ်။ ပွဲသိမ်းနောက်ဆုံး မီးကုန်ယမ်းကုန်တိုက်မှုမျိုး။ သူက





အတော်ပြင်းပြင်းထန်ထန် တိုက်တော့ ဦးရဲမြင့်လည်း အတော့်ပြင်းပြင်းထန်ထန် ကာကွယ်နေရတော့တယ်။

ဦးရဲမြင့်ရဲ့ တုတ်တိုရိုက်ချက်လေးချက် သူ့ဝဲယာ နံချပ်အောက်ဘက် ဖျောင်းခနဲ ဖျောင်းခနဲ နှစ်ချက်ဆီထိ သွားတော့ သူ မခံနိုင်တော့။ နောက်ဆုတ်နောက်ဆုတ်နဲ့။ ခြေလှမ်းဆယ်လှမ်းလောက်အထိ နောက်ဆုတ်နောက်ဆုတ် ဖြစ်သွားပြီး သူ ဖင်ထိုင်ကျသွားတယ်။

အတော်လေးတော့ ထိချက်ပြင်းသွားတယ်။ ဒါပေမဲ့ ဒီထိချက်ကို ဦးရဲမြင့် ပြန်ပြုစုကုသပေးနိုင်ပါတယ်။ ပြန်ပြုစုကုသပေးဖို့ သူ့ဆီ ဦးရဲမြင့်အသွား သူ့ဓားဦးချွန်နဲ့ ဦးရဲမြင့် ရင်ဘတ်ကို ထိုးချိန်ထားတယ်။ ဦးရဲမြင့် တစ်ချက်ကလေး ကြောင်အသွားမှာပဲ။ သူ သူ့ရင်ဘတ်ကြားထဲက တစ်စုံတစ်ခုကို လျှပ်တပြက် ထုတ်ယူပြီး မှိုချလိုက်တယ်။

ဘာရယ်မသိတော့။ ဦးရဲမြင့် [illegible]နေမိသေးတယ်။ သူကလည်း ဓားဦးချွန်နဲ့ ဦးရဲမြင့်ရင်ဘတ်ကို ထိုးချိန်ထားလျက်ပဲ။

သိပ်မကြာဘူး။ သူ ဖင်ထိုင်[illegible] ကျသွားတယ်။ ဦးရဲမြင့် သွားစမ်း[illegible] မရှိတော့ဘူး။ သူ အဆိပ်သောက်[illegible] ဦးရဲမြင့် သဘောပေါက်လိုက်တယ်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရောက်နေတာလဲ။ ဘာကြောင့် သူ့ကို ဒီလောက် သည်းသည်းမဲမဲ လိုက်တိုက်ခိုက်နေတာလဲ။ ဦးရဲမြင့်မသိ။ ဒါပေမဲ့ ဦးရဲမြင့် အဲဒီမိန်းကလေးကိုတော့ မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့ပါတယ်။ ဓားကိုတော့ ယူခဲ့တယ်။

သူ့ဆရာပြန်ပြောတာကို နားထောင်နေတဲ့ အောင်ခေါင်

'ဟာ… အဲဒါ ဂိုက်သရီးပဲ'

'ဂိုက်သရီး ဟုတ်လား၊ မင်းသိလား၊ ဘယ်က ဂိုက်သရီးလဲ'

ဦးရဲမြင့်က အံ့သြစွာ အောင်ခေါင်ကို ပြန်မေးတယ်။

'ကျွန်တော်တော့မသိဘူး ဆရာ၊ ဒါပေမဲ့ အဲဒါ ဂိုက်သရီးပါပဲ၊ နေရီးရှားပြောတဲ့ သူ့အစ်မ ဂိုက်သရီးပါပဲ'

'ဂိုက်သရီး၊ နေရီးရှား'

ဦးရဲမြင့် ရေရွတ်ကြည့်နေတယ်။

'ဪ… ဪ… တို့ဟိန္ဒူမိန်းကလေးတွေ နာမည်ပဲ'

ဦးရဲမြင့် အောင်ခေါင့်ကို စိတ်ဝင်တစားကြည့်ပြီး

'ပြောစမ်း၊ ပြောစမ်း၊ မင်းသိတဲ့ ဂိုက်သရီးတို့ နေရီးရှားတို့အကြောင်း ငါ့ကို ပြောစမ်း'

ညစာ ဝိုင်းသိမ်းဆည်းပြီးနောက်…။

အောင်ခေါင် သူ ကျွန်းရောက်လာပုံကစ နေရီးရှား သေဆုံးတဲ့ထိအဖြစ်အပျက်တွေကို သူ့ဆရာကို ပြန်ပြောပြ





လိုက်ပါတယ်။

အောင်ခေါင် စကားဆုံးပြီးနောက် ဦးရဲမြင့် တွေဝေစဉ်းစားနေတော့တယ်။ အကြာကြီးကို တွေဝေစဉ်းစားနေတော့တယ်။

'သန္တေ့တာ့စလူသားနဲ့ ပတ်သက်ပြီး ဆရာ ဘယ်လိုမြင်လဲ'

'မောင်အောင်ခေါင် တို့တွေ အိပ်ကြရအောင်ကွာ'

ညလည်း အတော်နက်နေပြီမို့ အောင်ခေါင် ဦးရဲမြင့်အတွက် အိပ်ယာပြင်ဆင်ပေးလိုက်ပါတယ်။ သူ အိပ်ယာဝင်ကိုယ်အိပ်ယာဝင်ပြီးတဲ့နောက် ဦးရဲမြင့် အိပ်ယာဆီက စကားသံတစ်ခုကို အောင်ခေါင်ကြားလိုက်ရတယ်။

'ကမ္ဘာလေးဟာ ကျဉ်းကျဉ်းလေးဆိုတာ မှန်နေပြီလားပဲ၊ ကောင်းပါတယ် ကမ္ဘာလေးကျဉ်းတော့ ပင်လယ်လေးဟာလည်း ကျဉ်းကျဉ်းလေးပေါ့၊ လက်ပမ်းကျ ကြည့်ရသေးတာပေါ့'

* * *



www.burmeseclassic.com

www.burmeseclassic.com



## လူသတ်တဲ့မိန်းမတွေ ရှိတယ်

'အခွင့်အရေးဆိုတာကို တကယ်ပေးနိုင်တာကတော့ အချိန်ပဲ။ အခွင့်အရေးရယူချင်တဲ့လူဟာ အချိန်ကို ကျိုးစွံစွာ ဆက်ဆံနိုင်ရမယ်'

နံနက်အိပ်ယာထ အစာခံစားချိန်မှာ ဦးရဲမြင့်က အောင်ခေါင်ကို ပြောတယ်။

'တို့ အချိန်က အခွင့်အရေးပေးချင်အောင် လုပ်ကြစို့'

'ဘာတွေလုပ်ကြမလဲ ဆရာ'

'ငါ့အတွက်ကတော့ ပေါင်မုန့်ခြောက်နည်းနည်း ကျောက်ခက်ပင်နည်းနည်း သစ်သီးနည်းနည်းဆိုဖြစ်တယ်၊ မင်းနဲ့ငါ့ အတွက် သုံးလေးရက်စာရိက္ခာ မင်း စီစဉ်၊ လှေပေါ်မှာ စားရမှာ နော်၊ မီးမသုံးရတဲ့ ရိက္ခာမျိုးမှ၊ ငါတောထဲဝင် သစ်ကောင်းကောင်း





ရှာ ခုတ်ရဦးမယ်၊ လှော်တက်ခြောက်ချောင်းလောက် ခုတ်ရမယ်'

ပြောပြောဆိုဆို ဓားဆွဲပြီး တောထဲဝင်သွားတယ်။

အောင်ခေါင်လည်း ရိက္ခာကိစ္စ စီစဉ်တယ်။ သူ့အတွက် တော့ အမဲအကောင်လတ်လတ်တစ်ကောင်လောက် မီးကင် ရရင်ကောင်းမယ် စိတ်ကူးနဲ့ တောထဲဝင် အမဲလိုက်လိုက်သေး တယ်။ သိပ်အချိန်မရချင်တော့တာနဲ့ နောက်ဆုံးတော့ ချောင်းငါး တွေပဲ တုတ်ချွန်စူးထိုးဖမ်းလာတော့တယ်။

ညမှာ ဦးရဲမြင့်ကပြောတယ်။

'တို့တွေ အသက်ကယ်လှေတွေနဲ့ ပင်လယ်ကိုဖြတ် ကူးကြရအောင်'

'ဆရာ လွယ်ပါ့မလား'

ဘယ်လွယ်ပါ့မလဲ၊ လွယ်လွယ်သာဆို ပင်လယ်ထဲမှာ သေတဲ့လူတွေ မရှိသလောက်ဖြစ်မှာပေါ့'

'ကျွန်းပေါ်မှာကတော့ လောလောဆယ် မသေနိုင်သေး ဘူး'

'သေနိုင်တဲ့ကိစ္စ ဖြစ်လာမှာကို မင်းမသိတာပါ၊ မသေ နိုင်တာမဟုတ်ဘူး'

ဦးရဲမြင့် ဆက်ပြောတယ်။

'ဒီရက်အတွင်း ဒီကျွန်းက မီးတောင်ပေါက်ကွဲတော့မယ်၊ မီးတောင်ပေါက်ကွဲမှုက ဒီကျွန်းပျက်စီးနိုင်ရုံမက ရေအောက်ပါ ပျောက်သွားနိုင်တယ်၊ ဒီကျွန်းပေါ် တို့ ဆက်နေရရင် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်နိုင်ပါ့မလဲ'

'ဆရာ မီးတောင်ပေါက်ကွဲမှာ ဆရာ ကြိုသိနေလား'

ဦးရဲမြင့် ခေါင်းညိတ်တယ်။

'မီးတောင်ရဲ့ မီးခိုးထွက်မှုကလည်း ငါ့ကိုပြောနေတယ် နောက်ပြီး ငါတစ်ယောက်တည်း သိတာတောင် မဟုတ်ဘူး၊ သိနိုင်တဲ့ တိရစ္ဆာန်တချို့တောင်ရှိနေတယ်၊ အဲဒီကောင်တွေ ယောက်ယက်ခတ်နေကြပြီ'

'ကျွန်တော်တော့ ဘာမှမသိနိုင်ဘူး ဆရာရယ်'

'အရာရာကို သိထားနိုင်သူဟာ အရာရာပေါ်က ခွစီး ထားနိုင်သူဖြစ်တယ်၊ မင်းအရာရာတွေရဲ့ ခွစီးနင်းချေ ကန်ကျောက် သွားတာကို မခံချင်ရင် အရာရာကို သိထားနိုင်အောင် ကြိုးစား ထားရမယ်'

ဦးရဲမြင့် အောင်ခေါင့်ကို အသေအချာ ကြည့်ပြော တယ်။

'ငါ ကျွန်းက ထွက်ခွာရမယ့် အချိန်တန်နေပြီဆိုတာ ငါ သိတယ်၊ မင်းမကော်တာဆ ဒီကျွန်းရောက်နေရင် ဘုမသိ ဘမသိနဲ့ သေကျန်ခဲ့မှာစိုးလို့ မင်းကို ငါ လိုက်ရှာကြည့်နေ သေးတာ၊ မင်းရဲ့သေချိန်မရောက်သေးဘူး ထင်တာပဲ၊ မင်းကို ငါ ရှာလို့တွေ့ရပြီလေ၊ မနက်ဖြန်ဟာ ငါတို့ဒီကျွန်းက ထွက်ဖို့ အကောင်းဆုံး အချိန်ပဲ'

'ဆရာ… ပင်လယ်ထဲ ကျတော့ကော'

'မင်းဆိုလိုတာက ဒီမှာလည်း သေမှာပဲ၊ ပင်လယ်ထဲ





ကျလည်း သေမှာပဲဆိုတဲ့ သဘောလား၊ အဲဒီသဘော လောက်သာ သိထားရင် ငါလည်း အညောင်းခံပြီး ပင်လယ်ပြင် ဖြတ်ကူးဖို့ ဘယ်စဉ်းစားပါ့မလဲ၊ အဲဒီ သဘောထက် နည်းနည်းဖြစ်ဖြစ်သာတဲ့ သဘောတစ်ခု ငါသိနေလို့၊ ငါကြိုးစားကြည့်ချင်လို့ပါ မောင်အောင် ခေါင်'

အောင်ခေါင်ကတော့ ဘာမှနားမလည်။ ကိုယ့်ထက် ပိုတတ် သိနားလည်သူကို နာခံခြင်းဟာလည်း တတ်သိနားလည် ခြင်းတစ်ရပ်သာပဲလို့သာ အောင်ခေါင် မှတ်ယူလိုက် တယ်။

'နေလ ကြယ်တွေကရော လေနဲ့မိုးတိမ်တွေကရော ပင်လယ်ကြီးကရော ပြောတဲ့စကားဟာ တညီတညွတ်တည်း ဖြစ် နေတယ်၊ ဒီရက်ပိုင်းမှာပဲ ပင်လယ်ထဲမှာ လှုပ်ရှားမှု ပြင်းပြင်း တစ်ခုဖြစ်ပြီး ဒီကျွန်းနဲ့ သိပ်မဝေးတဲ့ အရပ်ဝန်းကျင်မှာ ဖြစ်ပေါ် ဘက်ကိုစီးဆင်းမယ့် ပင်လယ်ရေစီးကြောင်းကြီးတစ်ခု ဖြစ်သွား မယ်တဲ့၊ မြောက်ဘက်မှာ အိန္ဒိယ၊ မြန်မာ၊ ထိုင်းပထားနိုင်ငံ တစ်ခုခုတော့ ရှိနေမှာပဲ။ အဲဒီသုံးနိုင်ငံရဲ့ တစ်နိုင်ငံ ပင်လယ် ရေပိုင်နက်ထဲ တို့ရောက်သွား၊ နီးစပ်သွားနိုင်တယ်၊ အချုပ်ဆုံး ချက်က ပြောတဲ့စကားကို အားကိုးပြီး ကြိုးစားကြည့်ရမှာပဲ မောင်အောင်ခေါင်၊ မျက်စိကန်း တစ္ဆေပြောတဲ့လုပ်ရပ်မျိုးနဲ့ သတ္တိရှင်းမှာတော့ မဟုတ်ပါဘူး'

*



www.burmeseclassic.com

www.burmeseclassic.com



(၂)

ဦးရဲမြင့် ဝှက်ထားခဲ့တဲ့ အသက်ကယ်လှေနှစ်စင်းကို လှော်ပြီး သူတို့နှစ်ယောက် ကျွန်းကြီးကနေ ထွက်ခွာခဲ့တယ်။ တစ်ယောက်တစ်စင်း။

'လှေနှစ်စင်းရလိုက်တာ ဟန်ကျတယ်၊ ရိက္ခာတွေလည်း အတော်အသင့် တင်လို့ရတယ်၊ တစ်စင်းစင်း မတော်တဆပျက်စီးသွားရင် တစ်စင်းစင်းကျန်နိုင်သေးတယ်၊ မောင်အောင်ခေါင် သိပ်အားသွန်ခွန်စိုက်မလှော်နဲ့ဦး၊ အားမဖြုန်းနဲ့ဦး၊ တို့ခရီးက တာတိုခရီးမဟုတ်ဘူး၊ တာရှည်ခရီး၊ မိမိပြေးမယ့်တာနဲ့ မိမိမှာရှိတဲ့အား လုံလောက်ဖို့ အရေးကြီးတယ်၊ စွမ်းအားဆိုတာ ထိရောက်မှ ငွေမ်းအားလို့ ခေါ်နိုင်တယ်'

အောင်ခေါင်ကတော့ ဘာရယ်ညာရယ်မဟုတ်။ စိတ်လှုပ်ရှားမှုကြောင့် လက်သွက်သွက်လှော်နေမိခြင်းဖြစ်တယ်။ ဦးရဲမြင့်စကားကြောင့် လက်အရှိန်လျှော့လိုက်တော့ အကြည့်ကျွန်းကြီးဆီ ပြန်လှည့်ကြည့်မိတယ်။

'နေရိုးရှားရယ်'

အောင်ခေါင် လောကကြီးအကြောင်း ဘာမှမသိရှာဘဲ မိမိကိုချစ်စိတ်လေး တိတ်တိတ်ဖြစ်သွားတဲ့ သနွှေတစမျိုးနွယ်မိန်းကလေးအတွက် စိတ်ထဲဘယ်လိုမှမကောင်းနိုင်။ သူ့ချစ်စိတ်သက်သေပြမှုက အောင်ခေါင့်ကို သတ်မယ်သတ်မယ် ကြိမ်းပါးရင်း နောက်ဆုံးအချိန်ထိ မသတ်ဘဲနေလိုက်ခြင်းဘဲ။





ဦးရဲမြင့် အောင်ခေါင့်ကို လှည့်ကြည့်တယ်။ အောင်ခေါင် ကြည့်နေဆဲ ကျွန်းကြီးကို လှမ်းကြည့်တယ်။ သက်ပြင်းချလိုက်တယ်။ ညနေစောင်းလေးမှာ လှေနှစ်စင်းကို နှစ်ယောက်သား တိတ်ဆိတ်လှော်နေရင်းမှ ဦးရဲမြင့်က…

'မောင်အောင်ခေါင် ကျနေဆို လက်ဝဲဘက်အမြဲရှိနေရမယ်၊ တက်နေဆို လက်ယာဘက်အမြဲရှိနေရတယ်၊ အဲဒါမှ တို့ မြောက်ဘက်ဆီ ဦးတည်နေမှာနော်၊ ည ဘက်ကျတော့လည်း ကြယ်တွေက တို့ကို လမ်းပြပါလိမ့်မယ်'

အောင်ခေါင်ကတော့ တိတ်ဆိတ်နေဆဲ။ အောင်ခေါင့်ကို လှမ်းလှည့်ကြည့်ပြီး ဦးရဲမြင့် ခေါင်းခါယမ်းလိုက်တယ်။ လေသံကို မြှင့်ပြီး…

'မောင်အောင်ခေါင်ကို အရမ်းစိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းလေးတစ်ပုဒ် ပြောပြမယ်၊ ဇာတ်လမ်းလို့ပဲ မကြွင်းဖျင်းပြောမယ်နော်၊ ဘာဖြစ်လို့လည်းဆို ငါက တစ်ခုစရိုက်ချောင်ထားတာမို့ အဖြစ်မှန်လို့ မပြောချင်လို့၊ အမှန်ကတစ်ပိုင်းက အဖြစ်မှန် တစ်ပိုင်းက စိတ်ကူးယဉ်၊ အဲ… စိတ်ကူးယဉ်သက်သက်တော့လည်း မဟုတ်ဘူး၊ တွေးထင်ချက်ဆိုပါတော့'

အောင်ခေါင် ဦးရဲမြင့်ဘက်ဆီကိုတော့ လှမ်းကြည့်တယ်။ မျက်ကတော့ ဘာရယ်မဆိုဖြစ်။ အောင်ခေါင့်ရင်ထဲ နေရှိုးရှားက ရှိနေတယ်။ အောင်ခေါင် ဘာမှသိပ်မပြောချင်။

ဦးရဲမြင့်ဆီက အသံဆက်ထွက်ပေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'မြန်မာပြည်ရဲ့ တစ်နေရာမှာဆိုပါတော့ မောင်အောင်ခေါင်၊ မြန်မာပြည်ပေါက် ဟိန္ဒူလူမျိုးညီအစ်ကိုနှစ်ယောက်ရှိတယ်၊ တစ်ယောက်နာမည်က ရှမ်ကယ် တစ်ယောက်နာမည်က ရမေ့ချ်'

ဦးရဲမြင့် ဆက်ပြောတယ်။

'ရှမ်ကယ်နဲ့ ရမေ့ချ်လူပျိုလေးတွေ ဖြစ်တော့ သူတို့မိဘနှစ်ပါးရှေ့ဆင့်နောက်ဆင့် ဆိုသလို ကွယ်လွန်သွား ကြတယ်၊ သူတို့မှာ ရင်းနှီးတဲ့ ဆွေမျိုးရယ်လို့မရှိတော့ ဒေသခံမြန်မာလူမျိုးတွေနဲ့ပဲ ဆွေမျိုးလိုဖြစ် ရင်းနှီးနေထိုင်ခဲ့ကြတယ်၊ တစ်ကောင်ကြွက်တွေလို ဘဝမို့ အလုပ်အရမ်းကြိုးစားကြတယ်၊ အသိအခြေခံလေးတွေကလည်း ရှိသူတွေမို့ ရသမျှ ပညာတွေကိုလည်း ရှာမီးယူကြတယ်၊ အဲဒီအရပ်မှာ ရှားရှားပါးပါး ဟိန္ဒူအဘိုးအိုကြီးတစ်ယောက်တော့ ရှိတယ်၊ အဲဒီ အဘိုးအိုကြီးက ဇာတ်မြင့်မျိုးနွယ်က၊ ရှမ်ကယ်တို့ ရမေ့ချ်တို့ မိဘလက်ထက်ကတည်းက ဆရာတစ်ဆူလို နေလာခဲ့သူ၊ ရှမ်ကယ်နဲ့ရမေ့ချ် အဲဒီဆရာကြီးဆီက နက္ခတ်ပညာကို ကောင်းကောင်းရရှိတယ်။ ဆရာကြီး မကွယ်လွန်မီ တခြားပညာရပ် ဆန်းဆန်းပြားပြားလေးတွေလည်း ရရှိလိုက်သေးတယ်၊ ရှမ်ကယ်နဲ့ ရမေ့ချ်က ပညာတော့ အတော်လိုက်စားချင်လိုက်စားနိုင်တဲ့ ညီအစ်ကိုတွေ။ သူတို့ဆရာ အမျိုးမျိုးဆီက ပညာအမျိုးမျိုးတွေ ရထားကြတယ်။

'နောက် ရှမ်ကယ် မြန်မာမိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်၊ ချောချောလှလှ အေးအေးဆေးဆေးပါ၊





သူတို့ကလည်း မိဘမရှိတော့ဘူး၊ ညီအစ်မနှစ်ယောက်တည်းရယ်၊ အငယ်မက အကြီးထက် ပိုချော ပိုလှတယ်၊ သွက်သွက်လက်လက်လည်းရှိတယ်'

ဒီနေရာမှာ ဦးရဲမြင့်စကားပြောတန့်သွားတယ်။ သက်ပြင်းမှုတ်ထုတ်လိုက်တယ်။

'တိုတိုပြောရရင် အစ်ကိုဖြစ်သူ ရှမ်ကယ်ရဲ့ ခယ်မချောချောလေးနဲ့ ညီဖြစ်သူ ရမေ့ချ်တို့ ချစ်ကြိုက်သွားကြတယ်၊ ရမေ့ချ်အဲဒီမိန်းကလေးကို အရမ်းချစ်တယ်၊ အဲဒီမိန်းကလေးကလည်း ရမေ့ချ်ကို အရမ်းချစ်တယ်၊ အစ်ကိုနဲ့မရီးတို့ကလည်း အလိုက်တသင့်သဘောတူထားကြတယ်၊ သူတို့အချစ်ဇာတ်လမ်းမှာ ဘာပြဿနာမှ မရှိဘူး၊ ငွေကြေးပြေလည်လို့ ယူနိုင်တဲ့နေ့ယူလိုက်ကြရုံပဲ၊ ငွေကြေးပြေလည်အောင်ပဲ ရမေ့ချ်ကြိုးစားနေလိုက်တယ်၊ အဲဒီအရပ်မှာ လုပ်ငန်းကိုင်ငန်း သိပ်အဆင်မပြေတော့ ရန်ကုန်တက် အလုပ်လုပ်ပြီး ငွေကြေးစုဆောင်းဖို့ ရမေ့ချ်အကြံရှိတယ်၊ အစ်ကိုနဲ့ မရီးကို တိုင်ပင်တော့ သဘောတူတယ်၊ သူ့ချစ်သူကို တိုင်ပင်တော့ ငိုလိုက်တာ မနည်းချော့ရတယ်၊ အိမ်ထောင်မပြုမီ ငွေကြေးများများ စုဆောင်းထားနိုင်မှ ဆိုတဲ့ အကြောင်းပြချက်နဲ့ ရမေ့ချ် သူ့ချစ်သူကို ဖြောင်းဖျမှ သူ့ချစ်သူ အငိုတိတ်သဘောတူတယ်'

ဦးရဲမြင့် သက်ပြင်းမှုတ်ထုတ်လိုက်ပြန်တယ်။

'တိုတိုပဲပြောမယ် မောင်အောင်ခေါင်ရယ်… ရမေ့ချ်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ အလုပ်လုပ်နေတုန်း အိမ်မှာ လူသတ်မှုဖြစ်တယ်၊ သူ့မရီးအသတ်ခံရတာ၊ ရမေ့ချိုပြန်လာတော့ သူ့မရီးကိုသတ်ကဲ့ တရားခံဟာ သူ့အစ်ကိုနဲ့သူ့အစ်ကို ရဲ့ခယ်မဖြစ်တဲ့ သူ့ချစ်သူ ဆိုတာကို သိလိုက်ရတယ်၊ အဲဒီနှစ်ယောက်ဖောက်ပြန်ပြီး သတ် လိုက်ကြတာ၊ အဲဒီနှစ်ယောက်မရှိကြတော့ဘူး၊ ထွက်ပြေးလွတ် မြောက်သွားပြီ၊ အဲဒီအချိန်မှာ တိုင်းပြည်အခြေအနေကလည်း မငြိမ်သက်ဖြစ်နေတယ်၊ ရမေ့ချို အဲဒီနှစ်ယောက်ကို စိတ်နာနာနဲ့ လိုက်ရှာတယ်၊ အိန္ဒိယပြည် ရေကြောင်းနဲ့ ထွက်သွားသလိုလို ကြားလို့ အိန္ဒိယပြည်လိုက်ရှာတယ်၊ အိန္ဒိယပြည် သူတို့အဖေနဲ့ အမေနေထိုင်ခဲ့ဖူးတဲ့အရပ်နဲ့ နီးစပ်ရာအရပ်တွေကို လိုက်ရှာတယ်၊ မတွေ့ရဘူး၊ နောက် ရမေ့ချိုမီးပြတိုက်မှာ အလုပ်ဝင်လုပ်တယ်'

ဦးရဲမြင့် မီးပြတိုက်မှာ အတူလုပ်ဖူးတဲ့ သူ့မိတ်ဆွေ တစ်ယောက်ယောက်အကြောင်း ပြောတာထင်ရဲ့။ ဒါကြောင့် အဖြစ်အပျက်မှန်တစ်ပိုင်းလို့ ဦးရဲမြင့် စကားခံထားတာဖြစ်မယ်။ အောင်ခေါင် နားထောင်ရင်း တွေးမိတာ။ နေရိုးရှားအကြောင်း ရင်ထဲစွဲနေတဲ့ အောင်ခေါင် သိပ်တော့စိတ်ဝင် စားလှတယ်ရယ် မဟုတ်ပါဘူး။ နားထောင်လို့သာ နားထောင်နေရတာ။

'ရမေ့ချို အစ်ကိုကိုလည်း စိတ်နာတယ်၊ သူ့ကို ပလီ ပလာအချွဲအနွဲ့တွေနဲ့ ချစ်တယ် ချစ်တယ်ပြောခဲ့တဲ့ သူ့ချစ်သူကို လည်း စိတ်နာတယ်၊ သွားလေရာမှာ သတိထား အမြဲရှာဖွေတယ်၊ တွေ့ရင်တော့ သူ့မရီး သေဆုံးရသလို အဲဒီနှစ်ယောက်ကိုလည်း





သေဆုံးစေ ရမယ်လို့ ဆုံးဖြတ်ထားတယ်၊ မတွေ့ရပါဘူး၊ အစအန တောင် လုံးဝမတွေ့ရပါဘူး၊ ကြာတော့ ရမေ့ချိုလည်း စိတ်ဖြေသာ နိုင်လာခဲ့တယ်၊ ဒါပေမဲ့ စိတ်နာမှုကတော့ ရှိတုန်းပဲ'

ဦးရဲမြင့် သက်ပြင်းရှည်ချလိုက်ပြန်တယ်။ ဖြည်းဖြည်း လေး ဆက်ပြောတယ်။

'ရမေ့ချို ဘယ်တွေ့နိုင်ပါ့မလဲ၊ အဲဒီနှစ်ယောက် အိန္ဒိယ ပြည်အပြန်မှာ သင်္ဘောပျက်ပြီး ကျွန်းကြီးတစ်ကျွန်းပေါ် ရောက် သွားတယ်၊ အဲဒီကျွန်းက တိရစ္ဆာန်တွေ [illegible] ကျွန်း'

ဒီနေရာမှာတော့ အောင်ခေါင် ဦးရဲမြင့်ဆီ စိတ်ဝင်စား လှမ်းကြည့်လိုက်မိတယ်။ အလင်းမှိန်မှိန်မှာ ဦးရဲမြင့် မျက်လုံး တွေ တစ်စုံတစ်ရာကို အလေးအနက်တွေးနေသလို တောက်နေ တယ်။ ဦးရဲမြင့် ဖြည်းဖြည်းဆက်ပြောပြန်တယ်။

'အဲဒီ ကျွန်းက သံခွေ့တစ[illegible] အတွေးတစ်ခုဝင်သွားတာက သူတို့ [illegible] နေထိုင်တော့မယ်၊ မြန်မာပြည် အိန္ဒိယပြည် [illegible] လူသတ်မှုကရှိသေးတယ်၊ အဲဒီတုန်းက [illegible] ကိုလိုနီတစ်ခုထဲကိုး၊ နောက်ပြီး ရှမ်ကယ်[illegible] ဖြုကယ်၊ ရမေ့ချိုက ရှမ်ကယ်ထက် [illegible] ခိုက်ရှည်လည်းပိုကောင်းတယ်၊ ပြီး [illegible] ခယ်မတို့ ပြန်တွေ့ကြမှာ ပြန်[illegible] စိုးတယ်၊ သူ့ မယားခယ်မနဲ့ သူ့ညီရမေ့ချို ပြန်တွေ့ ပြန်[illegible]လို့ကတော့ သူ့



www.burmeseclassic.com

www.burmeseclassic.com



သေတွင်းပဲ၊ ရမေ့ချိုက သဂ္ဂိုဖြောင်သလို သူ့မယားခယ်မကလည်း တစ်ဇောက်ကန်း၊ ဒါကြောင့် သူ့မယားခယ်မကို သူ စည်းရုံးပြီး ဒီကျွန်းမှာဘဲ အထိုင်ချကြမယ်၊ လူတွေနဲ့ တွေ့ရင် မြန်မာပြည်တို့ အိန္ဒိယပြည်တို့နဲ့ ပတ်သက်တွေးလို့မရအောင် သန္တေတစလူသားတွေလို့ပြောမယ်၊ ဟန်ဆောင်မယ်'

ဦးရဲမြင့် ဖြည်းဖြည်းတွေးတွေး ဆက်ပြောပြန်တယ်။

'ဒီကြား သူတို့ သမီးနှစ်ယောက်ရလိုက်သေးတယ်၊ သမီးနှစ်ယောက်ကိုလည်း အားလုံး အဆက်ပြတ် တောက်သွားအောင် သူတို့ကိုယ်သူတို့ သန္တေတစ လူသားတွေကမွေးတဲ့ မိန်းကလေးတွေလို့ သန္တေတစမျိုးနွယ်တွေလို့ အယုံသွင်းထားလိုက်တယ်၊ ရှမ်ကယ် အကြောက်ဆုံးက ကျွန်းပေါ်လူရောက်လာမှာကိုပဲ၊ သူ တို့ကို အစဖော်မိသွားမှာကိုပဲ၊ နောက်ပြီး သူ့မယားကိုလည်း သူ စိတ်ချပုံမရဘူး၊ ဒါကြောင့် ကျွန်းပေါ်လူ ရောက်လာလို့ကတော့ သတ်ဘဲ၊ သူ့သမီးတွေအထိ အဲဒီလိုဖြစ်အောင် အယုံသွင်းပုံချထားနိုင်ခဲ့တယ်၊ သူ့ သမီးတွေကိုလည်း ရောက်လာတဲ့လူတွေ စော်ကားမှာ စိုးပုံရတယ်'

'ဆရာ… အခုပြောနေတာ နေရီးရှားရဲ့ အဖေအမေ အကြောင်း၊ နေရီးရှားတို့အကြောင်း ပြောနေတာလား ဟင်'

အောင်ခေါင် ဦးရဲမြင့်ကို လှမ်းမေးတယ်။

'နေရီးရှားတို့နဲ့ နေရီးရှားမိဘတွေအကြောင်း ပြောနေ





တာတော့ မဟုတ်ဘူး၊ ပျောက်ဆုံးနေတဲ့ ရှမ်ကယ်တို့ လင်မယားနဲ့ ခုကျွန်းမှာတွေ့ခဲ့ရတဲ့ နေရီးရှား ဂိုက်သရီးဆိုတဲ့ မိန်းကလေးတွေကို ဆက်စပ်ပြီး စိတ်ကူးပုံဖော် ကြည့်မိတာ'

'ဆရာ ပြောတာ ဖြစ်နိုင်သလိုပဲ'

'အယုံမစောပါနဲ့ဦးလေ၊ အဲဒီလိုမျိုး ဇာတ်လမ်းဆက်စပ်မှုဖြစ်နိုင်သလို တခြားဇာတ်လမ်းနဲ့ ဆက်စပ်မှု လည်းဖြစ်နိုင်တယ်၊ လောကကြီးမှာ ဇာတ်လမ်းတွေက အများကြီးပဲဟာ၊ နောက်ပြီး နေရီးရှားပြောသလို သန္တေတစ လူသားအမှန်တော မဖြစ်နိုင်ဘူးလား၊ ကမ္ဘာမှာ ထူးထူးဆန်းဆန်း ဖြစ်ရပ်တွေ အများကြီး၊ အဲ… ခုနဇာတ်လမ်းမှာ ဟိန္ဒူနာမည် ရှမ်ကယ် သူက မြန်မာနာမည် စံခိုင်၊ ဟိန္ဒူနာမည် ရမေ့ချိုဆိုသူက မြန်မာ နာမည် ရဲမြင့်'

အောင်ခေါင် အမှောင်ရိပ်ထဲက ဖြတ်ပြီး ဦးရဲမြင့်ကို လှမ်းကြည့်လိုက်မိတယ်။

'လူသတ်တဲ့ မိန်းမတွေရှိတယ်၊ လူသတ်ရက်တဲ့ မိန်းမတွေရှိတယ်၊ လူသတ်ရဲတဲ့ မိန်းမတွေရှိတယ်၊ လောက ကြီးမှာ မယုံကြည်နိုင်လောက်အောင် ဖောက်ပြန်ရဲတဲ့ မိန်းမတွေရှိတယ်'

ဦးရဲမြင့် လေ့ဆီမှအသံ…။

ပြီး… ကြယ်ရောင်ရေးရေးမှာ ဦးရဲမြင့်ရဲ့တောက်နေတဲ့ မျက်လုံးအစုံ…။

* * *



www.burmeseclassic.com

www.burmeseclassic.com



## မော်ပင်လယ်ပြန့်

ပင်လယ်ကြီးဖြောင်းဆန့်အောင် လှုပ်ခါနေတော့တယ်။ လှေနှစ်စင်း စကောထဲထည့် အဝိုင်းခံရသလို ချာလည်ဝေ့ပတ်နေတော့တယ်။

'မောင်အောင်ခေါင် တောင်ဘက်ကို ကြည့်စမ်း၊ တောင်ဘက်ကိုကြည့်စမ်း'

လာရာလမ်းအတိုင်း အောင်ခေါင် နောက်ဘက်ဆီမှန်းအကြည့်မှာ ဟိုးအဝေးတစ်နေရာမှာ မီးပွားတွေလွင့်တက်သွားတာကို တွေ့ရတယ်။ ဖြာခနဲ မီးရောင်တစ်ချက် ပွင့်သွားပြီး။ မှောင်ကျသွားတယ်။ ဦးရဲမြင့်ဆီကအသံ။

'တော်သေးရဲ့၊ တော်သေးရဲ့၊ အမှန်ပဲ၊ မီးတောင်ကြီးပေါက်ကွဲသွားပြီ'

အောင်ခေါင်တို့ အပေါ် တည့်တည့်·မိုးကောင်းကင်မှာ





တိမ်တိုက်တွေ အလုအယက်တက်လာကြသလိုပဲ။ လေတိုက်နှုန်းလည်း ကြမ်းလာတယ်။ တစ်မိုးလုံး မှောင်မဲသွားပြီး မိုးစက်မိုးပေါက်တွေလည်း ကျလာကြပြန်တယ်။

'မောင်အောင်ခေါင် သတိထား၊ သတိသာကြီးကြီး ထား၊ လေထဲလွင့်မထွက်စေနဲ့၊ လှေနဲ့ကိုယ်နဲ့ မကွာအောင် သတိထားဂရုစိုက်'

အောင်ခေါင် လှေနံကို မြဲမြဲကိုင်ထားတယ်။ အသင့်ပါလာတဲ့ ကြိုးနဲ့ လှေနံနဲ့ကိုယ်ကို တွဲချည်တယ်၊ အသင့်ပါလာတဲ့ပက်ခွက်နဲ့ လှေပေါ်က ရေတွေပက်ပက်ထုတ်တယ်။ အောင်ခေါင် စိတ်မရှည်တော့။ လှေပေါ်က ပါလာတဲ့ အစားအသောက်တွေကို ပင်လယ်ထဲပစ်ချလိုက်တယ်။ မှောင်မှမှောင် ဖြစ်သလိုပဲ။

မုန်တိုင်း မိုးသက်တွေကြားထဲက ဦးရဲမြင့်ရဲ့ သတိလှမ်းပေးလိုက်သံကို မကြာခဏ ကြားကြားနေရတယ်။ မုန်တိုင်း မိုးသက်တွေ ပိုသည်းလာပြီ။ အောင်ခေါင်လည်း ခြေကုန်လက်ပန်းကျနေပြီ။ လှေနံကိုတော့ အမိအရ ဖက်ထားဆဲ။ ကြိုးစကိုလည်း ကိုင်ထားဆဲ။ ဦးရဲမြင့်ရဲ့ အသံလည်း တိတ်သွားပါလား။

အောင်ခေါင် အသက်သတိတားရှုရင်းကပဲ သတိလက်လွတ်ဖြစ်သွားတယ်။ သတိမလွတ်တလွတ်လေးမှာ နေရိုးရှားအောင်ခေါင့်ကို ဖက်ထားသလိုပဲ။

*



www.burmeseclassic.com

www.burmeseclassic.com



(၂)

ပူလိုက်တာ။ မျက်စိဖွင့်ကြည့်လိုက်တော့ မျက်နှာ တည့်တည့်မှာ အစွမ်းကုန် ပူနေတဲ့နေမင်းကြီး။ အောင်ခေါင့် ခန္ဓာကိုယ် လှေထဲမှာ ပက်လက်ကလေး။ လှေဝမ်းထဲမှာ လည်း ရေတချို့ရှိတယ်။ အဲဒီရေတွေထဲမှာ အောင်ခေါင့်ကျောပြင် နစ်မြုပ် နေတယ်။ ရေကလည်းပူလိုက်တာ။ အောင်ခေါင် ရေပူထဲက အားယူ လူးလဲထတယ်။ မနည်းအားယူနေရတယ်။ လူးလဲထရမှု က ကြန့်ကြာလိုက်တာ။ အောင်ခေါင့်အဖို့ တစ်ကမ္ဘာပဲ။ ရေပူထဲ မှာ ငုတ်တုတ်ထယိုင်ပြီး အောင်ခေါင် အားထပ်တင်းနေရပြန် တယ်။ တော်သေးရဲ့။ ပက်ခွက်ရှိနေသေးရဲ့။ ပက်ခွက်ကို လေး လေးပင်ပင် လှမ်းယူလိုက်ပြီး လှေထဲက ရေပူတွေကို အောင်ခေါင် လေးလေးပင်ပင် ပက်ထုတ်နေမိတယ်။

လှေပင်လယ်ရေပြင်မှာ တရိပ်ရိပ်ပြေးမျောနေတယ်ဆို တာတော့ အောင်ခေါင် သတိထားမိတယ်။ ရေပူတွေပက်ထုတ် နေတဲ့ အောင်ခေါင့်လက်တွေ မလှုပ်နိုင်အောင် လေးကျသွားတယ်။ အောင်ခေါင် လှေနံကို မေးတင်ပြီး ပင်လယ်ရေပြင်ကို ကြည့်နေ တယ်။ ပင်လယ်ရေတွေကနေ သန္ဓေတစ တိရစ္ဆာန်တွေဖြစ်ပြီး ထထပြေးသွားတာတွေ။ ထထခုန်ပေါက်သွားတာတွေ ထထပျံ သွားတာတွေကို အောင်ခေါင် မြင်နေရတယ်။

'ပင်လယ်ရေကနေလည်း သန္ဓေတစဖြစ်နိုင်တာပဲ'

အောင်ခေါင် စိတ်ထဲတွေးနေမိတယ်။ မလှမ်းမကမ်း





မှာ ငါးနှစ်ကောင်။ ဟာ… ငါးနှစ်ကောင်မဟုတ်ဘူး ရေသူမ နှစ်ကောင်ပါလား။ ရေသူမ ရေသူမ အို… နေရီးရှားနဲ့ ဂိုက်သရီး။

'နေရီးရှား' အောင်ခေါင် လှမ်းအော်ခေါ်တော့ ရေသူမ လေး နေရီးရှားက အောင်ခေါင့်ကို လှည့်ကြည့်သွားတယ်။

အောင်ခေါင် လှေဝမ်းထဲ ပက်လက်လဲကျသွားတယ်။

*

(၃)

မျက်နှာကို ရေနဲ့ဖျန်းပေးတော[illegible] အေး ခနဲ အေးခနဲ…။

မျက်စိဖွင့်ကြည့်လိုက်တော့ [illegible] ကောင်းကင်မှာ တိမ်တိုက်ကြီး၊ [illegible] ကလေးတွေကျဆင်းနေကြတာ။ မျက်နှာ[illegible] ခေါင့်တစ်ကိုယ်လုံးပေါ်ဆီ။ အောင်ခေါင် [illegible] လက်ကလေးနဲ့ အအေးဒဏ်ကို ခံစားနေ[illegible] က အောင်ခေါင့်ကို အားပေးလိုက်သလိုပဲ။ [illegible] ထလိုက်ပြီး လှေဝမ်းထဲက ရေတွေကို [illegible] ဘယ်လိုဖြစ်လို့ အဲဒီလို အား[illegible] အောင်ခေါင်ကိုယ်တိုင်မသိ။ [illegible] ပက်ထုတ်နေမိတယ်။ လှေ၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး တစ်နေရာဆီ ဦးတည် စီးမျောနေတယ်ဆိုတာ အောင်ခေါင် သတိထားမိတယ်။ မိုးစက်ကလေးတွေရပ်သွားပြီ။ လှေထဲမှာ ရေလည်းမရှိသလောက် ဖြစ်သွားပြီ။ အောင်ခေါင် လှေဝမ်းမှာ ပက်လက်ကလေး မလှုပ်နိုင် မယှက်နိုင်ပြန်ဖြစ်သွားတယ်။ ဘယ်လို လှုပ်ကြည့်ကြည့် မရတော့ပြန်။

ကောင်းကင်ကြီးကို ငေးကြောင်ကြည့်နေတဲ့ အောင်ခေါင့်အမြင်မှာ တိုက်ခိုက်နေတဲ့ လေကနေ သန္တေတစ တိရစ္ဆာန်တွေဖြစ်ပြီး ထထပြေးသွား။ ထထခုန်ပေါက်သွား။ ထထပျံဝဲသွားတာတွေ။ မျက်စိစုံမှိတ်လိုက်မိတယ်။

'ရှင့်ကို ကျွန်မ သတ်မှာ'

နေရီးရှားအသံ။ အနီးကပ်ကပ်လေးက ထွက်ပေါ်လာတာ။ အောင်ခေါင် လန့်ဖြန့်မျက်စိဖွင့်ကြည့်လိုက်မိတယ်။ 'ငါ့ကို ထူပေးပါလား နေရီးရှားရယ်' ပြောလိုက်မိတော့ နေရီးရှား အောင်ခေါင့်ကို ထူမပေးလိုက်တယ်။

အောင်ခေါင် ငုတ်တုတ်ထထိုင်ပြီး ဟိုဒီဝေ့ပတ်ကြည့် ကြောင်နေတယ်။ နောက်··· လှေဝမ်းထဲပြန်လဲကျသွားပြန်တော့တယ်။

※





(၄)

ပင်လယ်ပြင်မှာ မျောနေတဲ့ အသက်ကယ်လှေတစ်စင်းထဲ မေ့မျောနေတဲ့ အောင်ခေါင်ကို ကမ်းရိုးတန်းရေပိုင် နက်ထဲကင်းလှည့်နေတဲ့ တပ်မတော် (ရေ) စစ်ရေယာဉ် တစ်စင်းက တွေ့ပြီး ကယ်ဆယ်ခဲ့တယ်။ အောင်ခေါင်ကို သတိရအောင် ကုသပေးကယ်။ သတိရလို့ မေးသင့်တာကို မေးမြန်းရာမှာ တစ်စွန်းတစ်စ ပြန်ပြောလိုက် သန္တေတစကျွန်းအကြောင်း ပြောလိုက်နဲ့ ချာချာလည်နေတယ်။ သန္တေတစကျွန်းအကြောင်း သန္တေတစကိစ္စတွေအကြောင်းသာ ပိုအပြောများတယ်။

အမည် အောင်ခေါင်။ မီးပြတိုက်လုပ်သား။ မဂ်လာကျွန်းမှာ မုန်တိုင်းမိတဲ့အကြောင်း။ အိမ်လိပ်စာလောက်နဲ့ တစ်စွန်းတစ်စ သိရမှုမှာ တပ်မတော်(ရေ)က ရေကြောင်းဌာနနဲ့ ဦးလတ်တို့ကို အဆက်အသွယ်ယူပြီး အောင်ခေါင်ကို အိမ်ပြန်ပို့ပေးခဲ့တယ်။ အိမ်ပြန်ရောက်တော့လည်း အောင်ခေါင်ရဲ့ ပြောဆိုမှုတွေမှာ သန္တေတစကျွန်း၊ သန္တေတစကိစ္စတွေချည်း ထပ်နေတာမို့ အောင်ခေါင့်ကို ဆေးကုသနေရတယ်။

ဦးလတ်ကတော့ ကျွန်းမှာရေးအကြောင်းပြပြီး အောင်ခေါင့်ကို အလုပ်ထွက်စာတင်ခိုင်းလိုက်တယ်။ ဦးလတ်ရုံးက ပြန်ရောက်တိုင်း အောင်ခေါင်က သူ့သရော ဦးရဲမြင့်ကြီးပြန်ရောက်ပြီလား ပြန်ရောက်ပြီလားနဲ့ သူ့ဦးလတ်ကို မေးလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲမြင့်နဲ့ပတ်သက်လို့ ဘယ်လိုမှ အစအန သတင်းမရ။ ဦးလတ် အောင်ခေါင်ကို ခေါင်းခါပြရစမြဲ။

ခြောက်လလောက် ကြာတော့ အောင်ခေါင် နည်း နည်း စိတ်ငြိမ်လာတယ်။ သန္တေတစကျွန်းအကြောင်း ပြောရ ငြီးငွေ့သွားတာလည်း ပါမယ်။ ပင်လယ်ထဲမှာ ခံစားခဲ့ရတဲ့ စိတ်ယောက်ယက်ခတ်မှုတွေ နည်းနည်းပြေသွားတာလည်း ပါမယ်။ ဆေးတွေကုသမှုကြောင့်လည်း ပါမယ်။ နောက်ပြီး တခြားအကြောင်း တစ်ခု…။

အိမ်သားတွေ နည်းနည်းစိတ်ချမ်းသာမှုဖြစ်လာရတယ်။ အိမ်သားတွေဆိုတာက ဦးလတ်၊ ဒေါ်လေး၊ သဇင်နဲ့ချယ်ရီ။

* * *





ချစ်သူသင်္ချိုင်း သေခဲ့တယ်

'ကိုကို'

'ပြော… ချယ်ရီလေး'

'ကိုကို နေကောင်းသွားတာ ညီမလေးပျော်တယ်'

'ညီမလေးပျော်ရအောင် ကိုကိုလည်း မြန်မြန်နေကောင်းပေးရတာပေါ့'

အောင်ခေါင့်အပြောမှာ ကလေးမလေးချယ်ရီ ဝမ်းသာအားရ ရယ်မောတယ်။

'ဒါတောင် ကိုကိုနေမကောင်းတာ အတော်ကြာသွားတယ်နော်၊ ကိုကိုနေမကောင်းဖြစ်နေတုန်းက ညီမလေးလေ လူတွေကို သိပ်စိတ်တိုတာ'

အောင်ခေါင် နားထောင်နေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုက သနေ့တစကျွန်းအကြောင်း အားရပါးရတွေ ပြော၊ သနေ့တစကိစ္စတွေ အားရပါးရပြော၊ လူတွေက ကိုကို့ရှေ့ သာ စိတ်ဝင်စားသလို နားထောင် ဟိုမေးဒီမေးတွေလုပ်၊ ကွယ်ရာ ကျတော့ လှောင်ချင် ပြုံးချင်ကြတယ်၊ ကိုကို့ကို ရူးနေပြီလို့ ထင်ကြတယ်၊ ညီမလေး သိပ်စိတ်တိုရတာပဲ'

အောင်ခေါင် နောက်ကြောင်းပြန်စဉ်းစားနေလိုက်တယ်။

'အဲဒီတုန်းက ကိုကိုကလည်း ကိုကိုပဲ၊ အဲဒီအကြောင်း တွေပဲ သိပ်ပြောချင်နေတယ်၊ အဲဒီအကြောင်းတွေပဲ တွေးတွေး နေမိတယ်၊ တခြားအကြောင်းတွေ ခေါင်းထဲကပျောက်နေသလိုပဲ၊ အဲဒီအကြောင်းတွေ မပြောဘဲလည်း မနေနိုင်သလိုပဲ၊ စိတ်ချုပ် ပါးစပ်ချုပ်လို့ကို မရဘူး'

ပြန်စဉ်းစားကြည့်မိတော့ အောင်ခေါင် သဘောပေါက် ပါတယ်။

သူ့ကို လူတွေရူးသွားပြီလို့ ထင်ကြပုံရတယ်။ စစ် သင်္ဘောပေါ်ကနေ အိမ်ပြန်ရောက်တဲ့ထိ အိမ်ပြန်ရောက်ပြီး ငါးလကျော်လောက်ထိ သူ အဲဒီ သနေ့တစကိစ္စတွေ မပြော ဘဲ မနေနိုင်။ သူ့ခေါင်းထဲမှာလည်း အဲဒါတွေပဲ ထင်နေရှိနေ တယ်။ စိတ်တွေကလည်း အရမ်းလှုပ်ရှားနေတယ်။ စိတ်လှုပ် ရှားမှုနဲ့အတူ သူ အဲဒါတွေပဲ ထပ်တလဲလဲ လှည့်ပတ်ပြောဆို နေမိတယ်။ စိတ်ပါလက်ပါတွေ ပြောဆိုနေမိတယ်။ ရှင်းရှင်း ဆိုရရင် အရူးပြောသလိုကို ပြောနေမိတယ်။ သူ သိသလိုရှိ





သား။ ဒါပေမဲ့ စိတ်တွေ ပါးစပ်တွေကို ချုပ်တီးလို့မရနိုင် ဘူး။ ခုတော့ စိတ်ငြိမ်လာပြီ။ ချုပ်လို့တီးလို့ ရလာပြီ။ စိတ် ငြိမ်လာရတဲ့ အကြောင်းတွေထဲမှာ သခင်ဆိုတဲ့ အကြောင်း တစ်ခုပါတယ်။

သခင် သနားဖို့ သိပ်ကောင်းတယ်။ အဲဒီအကြောင်း တွေ လူများရှေ့မပြောနဲ့. ကိုကိုရယ်။ သခင့်ကို ပြော။ သခင် နားထောင်မယ်။ အောင်ခေါင်ပြောသမျှ သခင် နားထောင်တယ်။ ထပ်တလဲလဲ ပြောလည်း နားထောင်တယ်။ ချာလပတ်တွေလည် ပြီး ပြောလည်း နားထောင်တယ်။ မနက် အစောကြီး ခေါ် ပြောလည်း နားထောင်တယ်။ ညနက်တဲ့ထိ ထိုင်ပြောနေလည်း နားထောင်တယ်။

အောင်ခေါင့်လက်ကို ဆုပ်ကိုင် မျက်ရည်လေးတဝဲဝဲ နဲ့ မေတ္တာသုတ်လေး တိုးတိုးရွတ်ရင်း သခင် နားထောင်တယ်။ ကြာလာတော့ သခင်ရဲ့ သနားစရာပုံရိပ်တွေ အောင်ခေါင့်ရုပ်ကို ပြန်ကပ်လာနိုင်တယ်။ အောင်ခေါင့်စိတ်တွေ သခင့်မှာ ပြန်လည် လာတယ်။ သခင့်ကို အကြောင်းပြုပြီး အောင်ခေါင့်စိတ် [illegible] ရှိလာတယ်။

'ကိုကို'

'ပြော… ညီမလေး'

'မမက ပြောတယ်'

'ပြော'

'ကိုကို ပင်လယ်ထဲမှာ ဒုက္ခရောက်နေတုန်းက သူ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေးနေရမှာတဲ့၊ သူ့အကြောင်းမတွေးဘဲ ကြောင်တောင်တောင်တွေ လျှောက်တွေးလို့ ခုလို ကြောင်တောင်တောင်တွေ ဖြစ်သွားတာတဲ့'

'ကိုကို'

'ပြောလေ ညီမလေး'

'ဟုတ်သား၊ ကိုကိုကလည်း ကိုကိုပဲ၊ ပင်လယ်ထဲမှာ မမအကြောင်းပဲ တွေးနေသင့်တာပေါ့၊ ကြံကြံဖန်ဖန် သစ်ပင်ကနေ တိရစ္ဆာန်တွေလူတွေထွက်လာတာတွေ ဖြစ်လာတာတွေ လျှောက်တွေးရတယ်လို့၊ ကြောက်စရာတွေ ကိုကိုပဲလျှောက်တွေးတယ်'

အောင်ခေါင် ကောင်မလေးချယ်ရီ ဦးခေါင်းကို ပွတ်သပ်ပေးပြီး ငြိမ်နေလိုက်တယ်။ သန္တေတစကျွန်းအကြောင်း မေ့ထားလိုက်တာပဲ ကောင်းမယ်။ အဲဒီလိုတွေးလိုက်တယ်။

*

(၂)

အောင်ခေါင် သစင်နဲ့ပျော်ပျော်ရွှင်ရွှင်လေးပဲနေပေးတယ်။

သူကိုယ်တိုင်လည်း အဲဒီလိုပဲ သစင်နဲ့ ပျော်ပျော်ရွှင်ရွှင် အဖြစ်မှာ နေလိုက်ချင်တာပါ။ သူ ပျော်ပျော်ရွှင်ရွှင်နေပေးတော့ သစင်ကလည်း သိပ်ကို ပျော်ရွှင်နေရှာပါတယ်။ ဦးလေးနဲ့ ဒေါ်လေးကလည်း သူတို့နှစ်ယောက်ကို လွတ်လွတ်လပ်လပ်ပဲ





နေစေပါတယ်။

အဲဒီလိုပျော်ရွှင်မှုရအောင် အောင်ခေါင် သန္တေတစကျွန်းကိစ္စကို အတင်းမေ့ပစ်ထားလိုက်ရပါတယ်။ အတင်းမေ့ပစ်ထားလိုက်ရတယ်ဆိုကတည်းက မေ့သွားတာ မဟုတ်တာကတော့ သေချာပါတယ်။

ပင်လယ်ထဲကပျက်စီးသွားတဲ့ သန္တေတစကျွန်းကို မေ့ပစ်လိုက်နိုင်တယ် ထား။ ကုန်းပေါ်ပြန်ရောက်လာတော့ ကုန်းပေါ်က ပြဿနာတွေက အောင်ခေါင့်ရင်ထဲ တစိမ့်စိမ့် တိုးဝင်လာနေကြပြန်တော့တယ်။ ဦးမာဒင်ကိစ္စ။ အောင်ခေါင်ရဲ့ လူသတ်မှုကိစ္စ။ အောင်ခေါင်ဘဝက အမျိုးမျိုးလှည့်ဆိုးနေသလိုပါပဲ။ အဲဒီ ဦးမာဒင်ကိစ္စကလည်း အောင်ခေါင် အင်မတန်ရင်လေးရတဲ့ကိစ္စ။ ဘယ်အချိန်မှာ အဲဒီကိစ္စက အောင်ခေါင့် လည်မြိုကို လာပြီးညှစ်မလဲ မသိ။ ဒါကိုလည်း အောင်ခေါင် အတင်းမေ့ပစ်နေရတယ်။ မဟုတ်ရင် ချစ်တဲ့သစင်နဲ့ ပျော်ရွှင်ရမယ့်အချိန် ဘယ်မှာရှိတော့မှာလဲ။

အောင်ခေါင် သစင်နဲ့ ပျော်ရွှင်ချိန်လေးတွေရအောင်ပဲ လုယူနေတော့တယ်။ဘာဖြစ်လို့လဲဆို အောင်ခေါင် သစင့်ကိုအရမ်းချစ်နေမိတာပါ။ သစင်ကလည်း အောင်ခေါင့်ကို အရမ်းချစ်တယ်ဆိုတာ သိသာပါတယ်။ သစင့်အချစ်ကို အောင်ခေါင် ယုံကြည်ပါတယ်။ ဘဝရဲ့ပျော်ရွှင်မှုကလေးတစ်ခုအဖြစ် သစင်နဲ့ ချစ်ကျွမ်းဝင်မှုမှာမှရရှိနိုင်မှာမို့ သစင်နဲ့ ကိစ္စမှာ အောင်ခေါင် တွန့်ဆုတ်မနေတော့ပါဘူး။ အောင်ခေါင်နဲ့သစင် ချစ်သူတွေဖြစ်သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



'လူသတ်ခံရမှာတောင် မိန်းကလေးကသတ်မှာ'

'အဲဒီမိန်းကလေးက သူ့ကိုသိပ်ချစ်တဲ့မိန်းကလေး'

'လူသတ်တဲ့ မိန်းမတွေရှိတယ်၊ လူသတ်ရက်တဲ့ မိန်းမတွေရှိတယ်၊ သူသတ်ရဲတဲ့မိန်းမတွေရှိတယ်၊ လောကကြီးမှာ မယုံကြည်နိုင်လောက်အောင် ဖောက်ပြန်ရဲတဲ့ မိန်းမတွေရှိတယ်'

အဲဒီစကားသံတွေကတော့ လူခြေတိတ်ချိန် ညနက်နက်တွေမှာ အောင်ခေါင့်ဆီ ရောက်လာတတ်ချေရဲ့၊ အောင်ခေါင့်နားပိတ်ပစ်ခေါင်းခါပစ်လိုက်ရစမြဲ။ မျက်စိစုံမှိတ်ပြီး သဇင့်မျက်နှာလေးပေါ်အောင် တွေးယူအဖော်ခေါ်ထားလိုက်ရစမြဲ…။

ဒါမှမရသေးဘူးလား။ *'လုပ်မနေနဲ့၊ ငါချစ်သူ သတ်ရင် ငါသေရဲတယ်'* ရင်ထဲ တတွတ်တွတ်ရွက်ဆိုနေလိုက်စမြဲ။

ဒါမှ မရသေးဘူးလား။ သဇင့်အိပ်ခန်းတံခါးလေး သွားခေါက်။ သဇင်က ထွက်လာ။ 'ကိုကိုလို့ခေါ်'

'သဇင်… သဇင့်ကို ကိုကို သိပ်ချစ်တာပဲ၊ သဇင်ကိုကို့ကို သတ်ချင်တဲ့စိတ်များရှိရင် ပြောနော်၊ ကိုကို သဇင့်အသတ်ကို ပျော်ပျော်လေးခံချင်လို့'

အဲဒီလိုပြောလိုက်။

'အို… ကိုကိုကလဲ' သဇင် အောင်ခေါင့်ကိုဖက်ထားပေးစမြဲ။ အောင်ခေါင့်စိတ်ငြိမ်သွားရင် အောင်ခေါင့်အိပ်ခန်းလိုက်ပို့စမြဲ…။

* * *





ဘယ်လိုမိန်းမယူသင့်လဲ၊
ဘယ်လိုယောကျ်ားယူသင့်လဲ

'တူကြီး'

ဦးလတ်ကို အောင်ခေါင်မော့ကြည့်လိုက်မိတယ်။

ဦးလတ်က အောင်ခေါင့်ကို စေ့စေ့စပ်စပ်ကြည့်ရင်းပြောတယ်။

'တူကြီး တစ်ချိန်ချိန်မှာ မိန်းမတစ်ယောက်ယောက် ကို ယူမှာပဲ၊ ယူရမှာပဲ၊ တူကြီးရဲ့တစ်သက်တာ စိတ်ချမ်းသာမှုအတွက် အဲဒီမိန်းမဟာ ဘယ်လိုမိန်းမဖြစ်သင့်သလဲဆိုတာ တူကြီး တွေးသတ်မှတ်ထားသင့် တယ်'

ဦးလတ် ဘာပြောချင်လို့လဲ။ ဦးလတ်ပြောသလောက်လည်း အောင်ခေါင် စဉ်းစားထားမှုမရှိသေးဟဲ့အတွက် ငြိမ်ပြီးနားထောင်နေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'တူကြီးယူမယ့် မိန်းမဟာ စရိုက်လက္ခဏာ အကျင့်စာရိတ္တနဲ့ စိတ်ဓာတ်ကောင်းနေဖို့ အရေးကြီးတယ်'

ဦးလတ် ဆက်ပြောတယ်။

'စရိုက်ရယ်၊ လက္ခဏာရယ်၊ အကျင့်ရယ်၊ စာရိတ္တရယ်၊ စိတ်ရယ်၊ ဓာတ်ရယ်ဟာ ဆက်နွှယ်နေတယ်နော့်၊ တူကြီး တစ်ခုချင်း ပြန်စဉ်းစားကြည့်'

ဦးလတ် ဆက်ပြောပြန်တယ်။

'ထား… ယူမယ့်မိန်းကလေး စရိုက်လက္ခဏာ အကျင့်စာရိတ္တ စိတ်ဓာတ်ကောင်းနေပြီထား၊ သူ့မိသားစု ဆွေမျိုးတွေရဲ့ စရိုက်လက္ခဏာ၊ အကျင့်စာရိတ္တ၊ စိတ်ဓာတ် ကောင်းမကောင်း ဆက်ကြည့်ရမယ်၊ သူ့မိဘညီအစ်ကို မောင်နှမနဲ့ ဆွေမျိုးတွေ ဆိုပါတော့၊ အဲဒါတွေက သူနဲ့ ဆက်စပ်နေမှာကိုး၊ နောက်ပြီး ဆက်ကြည့်ရဦးမှာက သူနေထိုင်ကျင်လည်နေတဲ့ အသိုင်းအဝိုင်းရဲ့ စရိုက် လက္ခဏာ စိတ်ဓာတ်၊ အဲဒါတွေကလည်း သူနဲ့ ပတ်သက်နေမှာကိုး'

ဦးလတ်ရဲ့ ဆက်ပြောမှုမှာတော့…

'မင်းဒေါ်လေးရဲ့ မိဘညီအစ်ကိုမောင်နှမဆွေမျိုးတွေ စရိုက်လက္ခဏာ အကျင့်စာရိတ္တ စိတ်ဓာတ်တွေ ကောင်းတယ်ကွ၊ မင်းဒေါ်လေးရဲ့တူမ သဇင်လေးဟာလည်း စရိုက်လက္ခဏာ အကျင့်စာရိတ္တကောင်းတယ်ကွ၊ နောက်ပြီး သူတစ်သက်တာ နေထိုင်ကျင်လည်နေမှာကလည်း တို့အသိုင်းအဝိုင်း'





အောင်ခေါင့်ကို ဦးလတ်က စေ့စေ့ကြည့်ပြီး ပြတ်ပြတ်မေးတယ်။

'မင်းနဲ့ သဇင်လေးနဲ့ ကြိုက်နေကြပြီမဟုတ်လား'

အောင်ခေါင် မငြင်းသာ ခေါင်းညိတ်လိုက်မိတယ်။

'အေး… သူ့မေကလည်း သူ့ကို အဲဒီစကားပြောမှာပဲ၊ မင်းရဲ့စရိုက်လက္ခဏာ စိတ်ဓာတ်၊ သူနဲ့ထိုက်တန်ညီမျှနေဖို့ အရေးကြီးတယ်၊ အဲဒါဆို မင်းတို့အိမ်ထောင်ရေး ထာဝရသာယာသွားမှာပဲ၊ ပညာအရည်အချင်းရဲ့ ညီမျှမှုကိုကြည့်ပြီးဖြစ်ဖြစ်၊ ဥစ္စာဓနရဲ့ ညီမျှမှုကို ကြည့်ပြီးဖြစ်ဖြစ် တခြားဘာညာဘာညာတွေရဲ့ ညီမျှမှုကို ကြည့်ပြီးဖြစ်ဖြစ် ယူကြပေါင်းသင်းကြတဲ့ အိမ်ထောင်ရေးတွေရဲ့ မသာယာမှုတွေ၊ ကွာဟမှုတွေ၊ ကွဲပြဲသွားရမှုတွေ ဒုနဲ့ဒေးပါတူကြီးရာ'

*

(၂)

'မေက ပြောတယ် ကိုကို'

အောင်ခေါင့်ကို သဇင်က စကားဆိုလာတယ်။

'ဒေါ်လေးက ဘာပြောလဲ'

'မေက ပြောတာနော်၊ သဇင်ပြောလို့ထင်ပြီး ကိုကို သဇင့်ကို စိတ်မဆိုးနဲ့'

သဇင်က ဒီလိုပဲ။ သူ့ကို အောင်ခေါင်စိတ်ဆိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်စိုးတာပဲ။ သူ့စကားတွေ အောင်ခေါင်မကြိုက်မှာ သိပ်စိုးတာပဲ။ ဟိုစပ်စု ဒီစပ်စုလုပ်ရင် အောင်ခေါင်စိတ်ဆိုးတတ်တယ် ထင်ပြီး ဟိုစပ်စု ဒီစပ်စုလည်းမလုပ်တော့။

'ကိုကို ကျောင်းပြန်နေသင့်တယ်တဲ့'

'အဲဒါ ဒေါ်လေး ကိုကို့ကိုလည်း ပြောပါတယ်'

'မေပြောတော့ ကိုကိုက ဝေ့လည်လည်လုပ်နေတာကိုး၊ အဲဒါကြောင့် သဇင့်ကိုပြောခိုင်းတယ်၊ သဇင်ပြောရင် ကိုကို နားဝင်လိမ့်မယ်တဲ့၊ သဇင့်ကို ကိုကို သိပ်ချစ်ပုံရတယ်တဲ့'

အောင်ခေါင် ငြိမ်တွေးနေမိတယ်။ ဒေါ်လေးပြောသလို ဖြစ်သင့်တယ်ဆိုတာ အောင်ခေါင် သိတယ်။ ကျောင်းနေမယ် ဆို မိမိတို့မြို့ပြန်ပြီး ကျောင်းထွက်လက်မှတ်ယူရဦးမယ်။ မိမိတို့ မြို့ပြန်ဖို့ကိစ္စက…။ အောင်ခေါင် လူသတ်မှုအခြေအနေ ဟိုမှာ ဘယ်လိုဖြစ်နေလဲမသိ။ ဦးကြီးဆီကလည်း စာမလာ ဘာမလာ။

'မေပြောတာ ကိုကိုနဲ့ သဇင်တို့ရှေ့ရေးကောင်းဖို့ပဲ ကိုကိုရယ်၊ ဒါပေမဲ့ ကိုကို့ကို သဇင် အတင်းအကြပ် တောင်းဆို တာတော့ မဟုတ်ဘူးနော်'

'ကိုကိုနဲ့သဇင်ရဲ့ ရှေ့ရေး'

အောင်ခေါင် ခေါင်းယမ်းသလို ရေရွတ်လိုက်မိတယ်။ သူ့ကိုသိပ်ချစ်ပြီး သူကလည်း သိပ်ချစ်ရတဲ့ သဇင်လေးနဲ့ သူနဲ့ ရှေ့ရေးက တကယ်ကောင်းနိုင်ပါ့မလား။

အပြစ်မဲ့တဲ့ သဇင့်မျက်နှာ ဝင်းပပလေးကိုကြည့်ပြီး





အောင်ခေါင့်ရင်ထဲ မချိ။ အောင်ခေါင့်မျက်လုံးအိမ်မှာ မျက် ရည်ကြည်များဝေ့လာတယ်။

'ကိုကို'

'ဟင်'

'ကိုကို သဇင့်ကိုတော့ ယူမှာပါနော်'

'သဇင့်ကိုမှ မယူရင် ကိုကို ဘယ်သူ့ကို ယူရမှာလဲ ကွယ်'

* * *



www.burmeseclassic.com

## လည်ပင်းကို စွပ်ထားတဲ့ ကြိုးကွင်းကြီး

ဘုရားရိပ်ကျောင်းရိပ်က ရင်ကို အေးမြစေပါတယ်။

သဇင်နဲ့ သူနဲ့ ရှေ့ရေးတွေးပြီး ရင်ထဲပူစပ်စပ် စိတ်ထဲ လေတောတောဖြစ်နေတဲ့ အောင်ခေါင်။ အိမ်မှာ သဇင့်ရှေ့မှာ မှိုင်မှိုင် တွေတွေ မလုပ်ချင် ထိန်းချုပ်ထားရတဲ့ အောင်ခေါင်။

မြတ်ဘုရားရွှေတိဂုံရင်ပြင်တော်ပေါ် ရောက်နေတော့ တယ်။ အေးအေးဆေးဆေး ရင်ပြင်တော်ရှိ ဘုရားများကို လှည့်ပတ်ဖူးရင်း အောင်ခေါင့်ရင် နည်းနည်းအေးမြလာတယ်။ စိတ်လည်း ငြိမ်ကျလာတယ်။

အဲဒီတော့ စိတ်ငြိမ်ငြိမ်နဲ့ သဇင်နဲ့ သူနဲ့ရှေ့ရေး တွေးမိ ပြန်တယ်။ ဒီအရေးက မတွေးလို့မရဘူးလေ။

ဆန်းသစ်ဦးတာပေ



အမှန်… အောင်ခေါင့်မှာ နောက်ကြောင်း ပြဿနာ မရှိခဲ့ရင် သဇင်နဲ့ သူနဲ့ရှေ့ရေးက ပျော်စရာအတိပဲ။ နောက် ကြောင်းပြဿနာကလည်း နှယ်နှယ်ရရပြဿနာမဟုတ်။ လူသတ် မှုကြီး။ သဇင်နဲ့သူနဲ့ ရပြီးနောက် ဒီလူသတ်မှုကြီး တစ်ချိန်ချိန်မှာ ပေါ်လာရင်…

ဘယ်လောက် စိတ်မချမ်းသာစရာ ကောင်းလိုက်မလဲ။ အဲဒီလိုဖြစ်ပေါ်လာမယ့် အခြေအနေမျိုး အောင်ခေါင် မတွေးရဲ။ အတွေးနဲ့တောင် မတွေးရဲ။ ရင်ဆိုင်ရပြီဆိုရင်တော့…

စင်စစ် သဇင်နဲ့ ချစ်ကျွမ်းဝင်နေမှုမရှိရင် ဒီလူသတ် မှုကိစ္စ ဘယ်အချိန်မှာ ဘယ်နေရာက ဘယ်လိုပေါ်လာပေါ်လာ အောင်ခေါင် တည်ငြိမ်နိုင်သေးတယ်။

ခုတော့ သဇင်နဲ့ကလည်း ချစ်ကျွမ်းဝင်ရေ၊ သံယောဇဉ် တွေဖြစ်။ နှစ်ကိုယ်တူ ရှေ့ရေးကိစ္စ သဇင်လေးကလည်း ပြော လိုက်တာ တဖွဖွ။

အောင်ခေါင့်ရင်ထဲ ပူစပ်စပ်ဖြစ်လာရပြန်တယ်။

စိတ်တွေလည်း လေတောတော။

အောင်ခေါင် ရှေ့မှာရှိနေတဲ့ မြတ်ဗုဒ္ဓရုပ်ပွားတော်ကို ရှိခိုးလိုက်ပြီး မြတ်ဗုဒ္ဓရဲ့ မျက်နှာတော်မှာ ယှာရှုံထား စိတ်ထိန်း လိုက်တယ်။

အတန်ကြာသွားတော့ အောင်ခေါင့်စိတ် ငြိမ်ကျသွား ပြန်တယ်။

ဆန်းသစ်ဦးတာပေ

www.burmeseclassic.com



'မြတ်အရှင်ဘုရား…ခုထက်ထိ တပည့်တော်ရဲ့မကောင်းကံကို တပည့်တော် မခံရသေးတာ မြတ်အရှင်ရဲ့ ကရုဏာတော် မေတ္တာတော် တန်ခိုးတော် ဂုဏ်ကျေးဇူးတော်တို့ကြောင့်လို့ တပည့်တော် မှတ်ယူပါတယ် ဘုရား၊ တပည့်တော်ကို ဆက်လက်သနားကရုဏာထားတော်မူပါဦးဘုရား၊ တပည့်တော်ကို မသနားထိုက်တောင်မှ အပြစ်မဲ့တဲ့ သခင်လေးကို သနားမေတ္တာ ကရုဏာထားပေးတော်မူပါ ဘုရား'

အောင်ခေါင် သူ့ဆုတောင်းခြင်းဟာ တကယ်ဘာသာရေးအရနဲ့ ဘောင်ဝင်မဝင် မတွေး။ သူ့ရင်မှာတော့ မြတ်ဗုဒ္ဓအရှင်ကို ကြည်ညိုအားကိုးစိတ်နဲ့ စိတ်ပါလက်ပါကို ဆုတောင်းမိပြီး ဗုဒ္ဓအရှင်ရဲ့ ရုပ်ပွားတော်ကို အကြိမ်ကြိမ် ဦးနှိမ်ရှိခိုးနေမိတော့တယ်။ အောင်ခေါင့်စိတ် ပိုငြိမ်သွားတယ်။

'လူသတ်ပေမယ့် ဒီကောင်လေး ရာဇဝတ်ဒဏ် အသင့်ခံရမယ့်ကောင်လေးတော့ မဟုတ်ဘူး'

ရထားပေါ်က ဗေဒင်ဆရာကြီးတွေစကား မှန်တော့ မှန်နေသား။ ခုထိ အောင်ခေါင် လူသတ်မှုနဲ့ ရာဇဝတ်ဒဏ် မခံရသေး။ နောက်လည်း ဆက်မှန်မှာပါလေ။ အောင်ခေါင် ဖြေတွေးတွေးလိုက်တယ်။

'တစ်ကျွန်းရောက်မယ့်ကောင်လေး'

ဒါလည်း မှန်တာပဲ။

'တစ်ကျွန်းရောက်တာ လူသတ်မှုနဲ့မဆိုင်ဘူး'





ဆိုတာလည်း မှန်တာပဲ။

'တစ်ကျွန်းမှာ ကြာကြာနေရမယ့် အခြေအနေမရှိ'

ဆိုတာလည်း မှန်တာပဲ။

'ရှူးဦးမယ်၊ ဒါပေမဲ့ အရှုံးဖြစ်မှာမဟုတ်ဘူး'

ဆိုတဲ့အထိလည်း မှန်နေပြန်တာပဲ။

'သေချာပါတယ်၊ ငါ လူသတ်မှုနဲ့ ရာဇဝတ်ဒဏ် အသင့်မခံရပါဘူး'

အောင်ခေါင် မိမိကိုယ်ကို အားပေးအားတင်းလိုက်တယ်။

'တော်လိုက်တဲ့ ဆရာကြီးနှစ်ယောက်၊ မှန်လိုက်တဲ့ ဆရာကြီးနှစ်ယောက်'

ဆရာကြီးနှစ်ယောက်ကိုလည်း ချီးကျူးလိုက်မိတယ်။

'တော်လိုက်တဲ့ ဆရာကြီးနှစ်ယောက်၊ မှန်လိုက်တဲ့ ဆရာကြီးနှစ်ယောက်'

လို့ ချီးကျူးလိုက်ပြီးတဲ့နောက်… အောင်ခေါင့်စိတ်မှာ ထင့်ခနဲဖြစ်သွားရပြန်တယ်။… ဒါဆို…။

'သူ့ကိုသိပ်ချစ်တဲ့မိန်းကလေးက သတ်မယ်ဆိုတဲ့ စကား'

'ဒါကတော့ မဖြစ်နိုင်ပါဘူး၊ သခင်က ငါ့ကိုသတ်မယ့် မိန်းမမျိုး လုံးဝမဖြစ်နိုင်ဘူး'

အောင်ခေါင် အတင်းဖြေတွေးတယ်။

'ဟိုကိစ္စတွေလည်း အတော်မဖြစ်နိုင်တာတွေ မလိုက်သင့်ကို ကြံကြံဖန်ဖန်ဖြစ်တယ်၊ ဒါဆို [illegible]'



www.burmeseclassic.com

www.burmeseclassic.com



အောင်ခေါင့်အတွေး တင်းကြပ်သွားပြန်တယ်။ ထုံးစံအတိုင်း ရင်ထဲပူစပ်စပ်ဖြစ်လာတယ်။ စိတ်တွေ လေတောတောဖြစ်လာပြန်တယ်။

ရွှေတူရူဆီမှ ရုပ်ပွားတော်ဆီ အောင်ခေါင် အာရုံစူးစိုက်ရပြန်တယ်။ မျက်နှာတော်ကို ကြည့်ညှိရင်း စိတ်ငြိမ်ငြိမ်ထားလိုက်တယ်။ ရုပ်ပွားတော်ရဲ့ သပ္ပာယ်မှုက အောင်ခေါင့်ရင်ထဲ တစိမ့်စိမ့်ဝင်လာတယ်။ အောင်ခေါင် စိတ်ငြိမ်လာပြန်တယ်။

ရုပ်ပွားတော်ကို ကြည့်ညှိနေရင်း အောင်ခေါင် မြတ်ဗုဒ္ဓကို ကိုးစားဆုတောင်းချင်စိတ် ပေါ်လာပြန်တယ်။

အောင်ခေါင် ရုပ်ပွားတော်အား လက်အုပ်ချီလိုက်ရင်း

'သခင် ဘုရားတပည့်တော်ကိုသတ်တဲ့အဖြစ်မျိုးနဲ့ ဝေးရပါလို၏၊ အရှင်ဘုရား၊ အသတ်ခံရမှာ ကြောက်လို့ မဟုတ်ပါဘူးဘုရား၊ တပည့်တော်တို့ အိမ်ထောင်ရေး ဒုက္ခရောက် ကမောက်ကမဖြစ်မှာစိုးလို့ပါ ဘုရား'

ဆုတောင်းပြီး အောင်ခေါင် ဦးအကြိမ်ကြိမ်ချနေပြန်တယ်။ အောင်ခေါင် စိတ်ငြိမ်သွားပြန်တယ်။

'အမှန်တော့ အဲဒီပဟေဠိ ကျိန်းကျေသွားလောက်ပါပြီ၊ နေရီးရှား ငါ့ကို သတ်ခဲ့ဖူးတာပဲ၊ နေရီးရှားလည်း ငါ့ကို ချစ်တဲ့ မိန်းကလေးပဲ'

အောင်ခေါင် စိတ်ဖြေသာအောင် လှည့်ပတ်တွေးလိုက်တယ်။ ဒါပေမဲ့ နေရီးရှား သူ့ကိုသတ်နိုင်ခွင့်ရှိနေလျက် မသတ်





တာကို အောင်ခေါင် သတိရမိတယ်။ နေရီးရှား သတ်စဉ်ကလည်း သူ မသေခဲ့။ နောက်ပြီး သခင်က သူ့ကို နေရီးရှားထက် ပိုချစ်တယ်လို့ အောင်ခေါင် ထင်တယ်။ အမှန် သူ့စိတ်ကိုက သခင့်ကို ပိုချစ်နေတာကိုး။

'ဒါဆို ကျိန်းကျေနိုင်ပါ့မလား'

*

(၂)

အောင်ခေါင် ဘုရားသွားခြင်းအလုပ်မှာ နှစ်ခြိုက်မှုဖြစ်လာတယ်။ စိတ်နည်းနည်းညစ်လာ နောက်ကျိလာရင် အောင်ခေါင် ရွှေတိဂုံဘုရားဆီ သွားတော့တာပဲ။

ခုလည်း စိတ်လေ နောက်ကျိလာတာမို့ အောင်ခေါင် ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ် ရောက်ခဲ့တော့တယ်။

ရင်ပြင်တော်ပေါ်ရောက်တော့ ထုံးစံအတိုင်း ရင်ပြင်တော်ပေါ်က ဘုရားတွေကို လှည့်ပတ်ဖူးမျှော်တယ်။

တစိမ့်စိမ့် တအေးအေး ဘုရားတစ်ဆူပြီးတစ်ဆူ ဖူးလာရင်း ဓမ္မစေတီမင်းကြီးကောင်းမှု နေလာဘုရားတန်ဆောင်းနား ရောက်လာတယ်။

နေလာဘုရား ရုပ်ပွားတော်ကိုဖူးဖို့ ဘုရားရှေ့မှာ နေရာယူလိုက်တယ်။ အောင်ခေါင် နေရာယူလိုက်တဲ့နံဘေးနားမှာ ဘုန်းတော်ကြီးတစ်ပါး ရှိနေတယ်။ အောင်ခေါင် ဘုန်းတော်ကြီးကို ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ စကျွအာရုံချပြီး တရားထိုင်နေတာဖြစ်တယ်။

'ဟင်'

အောင်ခေါင်ဘုရားဘက် ပြန်လှည့်လိုက်ပြီးမှ ဘုန်းတော်ကြီးဘက် ပြန်လှည့်ကြည့်လိုက်မိပြန်တယ်။

တွေ့ဖူးသလိုပါလား။

ဒီဘုန်းတော်ကြီးကို တွေ့ဖူးသလိုပါလား။

ဒီတစ်ခါတော့ အောင်ခေါင် သေသေချာချာကြည့်နေမိတယ်။ ကြည့်ရင်း... အတွေးမှာ... ဘုန်းတော်ကြီးရဲ့ ဦးပြည်းကတုံးမှာ ဆံပင်မွေးတွေထင်လာတယ်။ နှုတ်ခမ်းမှာ နှုတ်ခမ်းမွေးတွေ ကားကားကြီး ထင်လာတယ်။

'ဟာ... ဦးမာဒင်ပါလား'

အောင်ခေါင် အရမ်းတုန်လှုပ်သွားမိတယ်။

'ဟုတ်တာလား၊ ဦးမာဒင်ကို ငါ သတ်ခဲ့ပြီးပြီလေ၊ ဒီဘုန်းတော်ကြီးက ဦးမာဒင်လို မဟုတ်ပါဘူး၊ ဥပမိ သန့်သန့်ကြည်ညိုစရာပါ'

သေသေချာချာကြည့်တော့လည်း ဦးမာဒင်မှ ဦးမာဒင်စစ်စစ်လို့ပဲ။

'ဟင်'

အောင်ခေါင် ဘုန်းတော်ကြီးရဲ့ လည်ဂုတ်ပေါ်က အရှည်လိုက်အမာရွတ်ကြီးကို တွေ့လိုက်ရတယ်။ အတော်ကြီးကြီး အရှည်လိုက်အမာရွတ်ကြီး...။ ဓားဒဏ်ရာအမာရွတ်ကြီး





ဟုတ်ပါပြီ။ ငါခုတ်ခဲ့တဲ့ ဓားဒဏ်ရာအမာရွတ်ကြီး။

ဒါဆို ဒီဘုန်းတော်ကြီး ဦးမာဒင်မှ ဦးမာဒင်အစစ်ပဲ။

အောင်ခေါင် တုန်လှုပ်စွာနဲ့ တရားထိုင်နေတဲ့ ဘုန်းတော်ကြီးကို ကြည့်နေမိတယ်။ ကိုယ်သတ်ခဲ့တဲ့လူမသေဘဲ ကိုယ့်ရှေ့ပြန်ရောက်နေခြင်းက အောင်ခေါင့်ကို တုန်လှုပ်စေတယ်။ တော်သေးတာက ဘုန်းတော်ကြီးက စကျွအာရုံချပြီး တရားထိုင်နေလို့။

ကြည့်နေရင်း ခေါ်ချွေးပြန်လာတဲ့ အောင်ခေါင် ဘုန်းတော်ကြီးအပါးက ထလစ်တော့မယ်ပြင်တယ်။

နေလဘုရားကို မရှိခိုးရသေးတာကို သတိရလိုက်ပြီး နေလဘုရားဆင်းတုတော်ဘက် မျက်နှာမူလိုက်တယ်။

နေလဘုရား ဆင်းတုတော်ရဲ့ မျက်နှာတော်နဲ့ မျက်နှာချင်းဆိုင်မိလိုက်တာနဲ့ အောင်ခေါင့်စိတ်တွေ တစ်မျိုးဖြစ်သွားတယ်။

တုန်လှုပ်မှု တစိမ့်စိမ့်တည်ငြိမ်သွားပြီး ခေါ်ချွေးပြန်မှု တစိမ့်စိမ့်အေးမြလာတယ်။

အောင်ခေါင် နေလဘုရား မျက်နှာတော်ကို အကြာကြီး ကြည်ညိုနေမိတယ်။ မြတ်ဘုရားကို ကြည်ညိုနေရင်းက လူ့စိတ်တွေ ဦးမာဒင်ကို သတ်ခဲ့မိတဲ့ အကြောင်းဆီ ပြန်ရောက်တယ်။

ယောက်ယက်ခတ်ပြီး ရောက်သွားခြင်းမဟုတ်။ တစိမ့်စိမ့် တည်တည်ငြိမ်ငြိမ် အေးအေးမြမြ ရောက်သွားတာ။

'ဦးမာဒင်သေတာ မသေတာထား၊ ငါ လူသတ်တာတော့ အမှန်၊ ငါအတွေ့အကြုံမရှိသေးတော့ စိတ်တွေ လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့မငြိမ်ဖြစ်သွားလို့သာ ချက်ကောင်းချော်သွားပြီး ဦးမာဒင် မသေတာ၊ မသေတာတောင် အတော်ခံရရှာမှာပဲ၊ ငါ့ကို နာကျည်းနေမှာပဲ'

'ဦးမာဒင် တရားရနေပြီ၊ တရားကျင့်နေပြီလို့ သူ့ရွာက လူတွေပြောကြတာ ဟုတ်သားပဲ၊ ငါကတော့ ဟန်ဆောင်နေတာပဲ ထင်နေတာ၊ ငါသတ်တုန်းက ဦးမာဒင် တည်တည်ငြိမ်ငြိမ်နေ့ကို လည်စင်းပေးရှာတာ၊ အဲဒီကတည်းက ဦးမာဒင် အတော့်ကိုတရားရနေတာ တရားကျနေတာထင်ရှားတယ်၊ ငါကသာ ငါ့ဒေါသကို မထိန်းနိုင်လို့'

'တကယ်တရားရနေသူ တရားကျနေသူမို့ပဲ သူမသေတော့ ဘုန်းကြီးဝတ်တာပဲ၊ ဘုန်းကြီးဝတ်နဲ့ ဦးမာဒင်ကို ကြည့်ရတာ ကြည်ညိုစရာကောင်းလိုက်တာ'

'ငါ့မှာ အပြစ်ရှိတယ်၊ ငါ့အပြစ်က နည်းတဲ့အပြစ်မဟုတ်ဘူး၊ ငါ ဦးမာဒင်ကို ရှောင်ထွက်သွားဖို့ မသင့်ဘူး၊ ငါ သတ္တိမဲ့တဲ့ လူကြောက်တစ်ယောက် မဖြစ်ချင်ဘူး၊ သတ္တိရှိရှိနဲ့ ငါ ဦးမာဒင်နဲ့ ရင်ဆိုင်မယ်။ သူလိုအပ်ရင် သူ့ရှေ့မှာ ငါ လည်ပြန်စင်းပေးမယ်၊ ဒါ ငါလုပ် သင့်လုပ်ထိုက်တဲ့အလုပ်ပဲ၊ လုပ်သင့်လုပ်ထိုက်တာကို မကြောက်မရွံ့ လုပ်နိုင်သူမှ သတ္တိရှိတဲ့လူလို့ ခေါ်နိုင်တာ၊ သတ္တိကြီးတဲ့အရာမှာ ဦးမာဒင်ဟာ ငါ့စံပဲ'

'မြတ်အရှင်ဘုရား… တပည့်တော် လောကအလယ် ရက်ဖွယ်ဖြစ်တဲ့ သတ္တိမဲ့တဲ့ လူသားမျိုးမဖြစ်ပါရစေနှင့် ဘုရား၊





မှန်ကန်ခြင်း တရားမျှတခြင်းအတွက် မကြောက်မရွံ့ မကွေ့မရှောင် သတ္တိပြနိုင်တဲ့ယောက်ျားကောင်းတစ်ယောက်သာ ဖြစ်ရပါလို၏ ဘုရား'

အောင်ခေါင် နေလဘုရားကို ဦးအကြိမ်ကြိမ်ချနေမိတော့တယ်။ တစ်သက်တာမှာ ဒီနေ့ငြိမ်ကျသွားတဲ့ စိတ်ငြိမ်မှု ဟာထူးခြားတယ်လို့ အောင်ခေါင် ခံစားလိုက်ရတယ်။ ဘုရားရှိခိုးအပြီးမှာ အောင်ခေါင့်စိတ်တွေ ငြိမ်ပြီး အေးနေတော့တာပဲ။

ဘုရားရှိခိုးပြီးတော့ အောင်ခေါင် ဘုန်းတော်ကြီးတရားထိုင်အပြီးကို အေးအေးဆေးဆေး စောင့်နေလိုက်တယ်။

ဘုန်းတော်ကြီးတရားထိုင်နေတာ အတော်ကြာတယ်။ အောင်ခေါင် အေးအေးဆေးဆေး ဘုန်းတော်ကြီးမျက်နှာကို ကြည်ညိုရင်း စောင့်နေတယ်။ ဘုန်းတော်ကြီး မျက်စိဖွင့်လာတယ်။

မြတ်ဘုရားဆီကို အာရုံစူးစိုက်ကြည်ညိုနေတယ်။

လက်အုပ်ချီထားတယ်။

*'သုခိနောဝ ခေမိနော ဟောန္တု*

*သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ'*

သုံးကြိမ် ရွတ်ဆိုတယ်။

'မြတ်ဘုရားရှင်ရဲ့ ဂုဏ်တော်တန်ခိုး [illegible]
တို့ကြောင့်ချမ်းသာကြပါစေ၊ [illegible]
အားလုံး ကိုယ်စိတ်ချမ်းသာခြင်း [illegible]'

သုံးကြိမ်ရွတ်ဆိုတယ်။ ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ဆီရောက်နေလဲ မေဒိရတဲ့ မောင်အောင်ခေါင် ဆိုတဲ့ကလေးလည်း ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေ၊ ကိုယ်စိတ် ချမ်းသာခြင်းအတိ ရှိပါစေ'

သုံးကြိမ်ရွတ်ဆိုမှုကို အငြ ြားရမှာ အောင်ခေါင် ငိုချင်စိတ်တွေဖြစ်လာတယ်။ ပိတ်လှုပ်ရှားမှု ဖြစ်လာပြန်တယ်။

ဘုရားကို အကျအနရှိခိုးပြီးနောက် ဘုန်းတော်ကြီး ထတော့မယ်ပြင်တယ်။ ဘုန်းတော်ကြီးရဲ့ လှုပ်ရှားမှုကိုကြည့်ရတာ ဇက်ခိုင်နေသလိုပဲ။

'အရှင်ဘုရား'

အောင်ခေါင့်အသံတွေ တုန်ရီနေတယ်။

ဘုန်းတော်ကြီး အောင်ခေါင့်ကို ပြန်လှည့်ကြည့်တယ်။ ခါးနဲ့ပခုံးပါစောင်းပြီး လှည့်ကြည့်ရတယ်။ ဟုတ်တယ်။ ဘုန်းတော်ကြီး ဇက်ခိုင်နေတယ်။ သူ့ ေးချက်ကြောင့်ဆိုတာ အောင်ခေါင်ရိပ်မိလိုက်ပြီး မျက်ရည်ဝဲသွ းမိတယ်။

ဘုန်းတော်ကြီး အောင်ေါ ့ကို ကြည့်နေတော့…

'အရှင်ဘုရား… တပည့် က်ကို မှတ်မိလား ဘုရား'

လက်အုပ်ချီထားတဲ့ အေ ခေါင်ကို ဘုန်းတော်ကြီး အသေအချာကြည့်နေပြီး…

'မောင်အောင်ခေါင်ပါလား'

ဘုန်းတော်ကြီး အတော်မှတ်ဉာဏ်ကောင်းတာပဲ။

'မှန်ပါ့ဘုရား၊ တပည့်တော် လူမဆန်တဲ့ လူဆိုးလူမိုက်





ပါဘုရား၊ အောင်ခေါင်ပါ ဘုရား'

'ကလေး နေရတာထိုင်ရတာ အဆင်ပြေပါတယ်နော်'

ဟိုးတောထဲမှာတွေ့ကြစဉ်က စကား။ ဟိုတောထဲမှာ တုန်းက လေသံအတိုင်း…

အောင်ခေါင့်ရင်ထဲ လှိုက်တက်လာတဲ့ ဝမ်းနည်းစိတ်တစ်မျိုး။ အောင်ခေါင် မထိန်းနိုင် ငိုလိုက်မိတော့တယ်။

'ဒကာလေး… ဒုက္ခတွေများ အတော်ရောက်နေလား၊ ဒကာလေး ဒုက္ခရောက်မှာစိုးပြီး ဘုန်းကြီးကတော့ အမြဲတမ်း မေတ္တာပို့ပေးနေပါတယ်'

အောင်ခေါင် မျက်ရည်သုတ်ရင်း…

'အရှင်ဘုရား အမြဲတမ်းမေတ္တာပို့ပေးနေတယ်ဆိုတာ တပည့်တော် ယုံပါတယ် ဘုရား၊ ဒုက္ခရောက်ရတာ တွေကတော့ တပည့်တော် အကုသိုလ်ကံပေါ့၊ ဒါပေမဲ့ အရှင်ဘုရားပို့သတဲ့ မေတ္တာကြောင့် ဒုက္ခတွေက တပည့်တော်ကို ဝါးမျိုမျက်ဆီးမှု မပြုနိုင်ပါဘူး'

'သာဓု… သာဓု… သာဓု…'

အောင်ခေါင် ဘုန်းတော်ကြီးရဲ့ ခြေဉ်ရဲ့ ပိပိရှားပြင်ထိ အောင် ရှိခိုးကန်တော့လိုက်ပြီး ခေါင်းကို ပြန်မောင်မမတ်ဘဲ-

'အရှင်ဘုရား တပည့်တော်ရင်ထဲ အတော်ထိခိုက်နေပါတယ် ဘုရား၊ တပည့်တော် ခံစားချက်သက်သာအောင် တပည့်တော်ကို တစ်ခုခု လုပ်လိုက်စမ်းပါ ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



'ဒကာလေး မောင်အောင်ခေါင်၊ တကယ်တမ်းကျတော့ ဘယ်သူကမှ ဘယ်သူ့ကို ဘာညာလုပ်လို့မရပါဘူး၊ ကိုယ့်ကံတွေကသာ ကိုယ့်ကို လုပ်လုပ်နေကြတာပါ၊ ကံလုပ်သမျှ ကိုယ်ခံနေကြရတာပါ'

ဘုန်းတော်ကြီး အောင်ခေါင့် ပခုံးကို ဆွဲကိုင်ထူပေးတယ်။ မေတ္တာဓာတ်အကြည့်နဲ့ကြည့်ပြီး…

'ဒကာလေး ဘုန်းကြီးကို ဘာမှမလုပ်ခဲ့ဘူး၊ ဘုန်းကြီးကံက ဘုန်းကြီးကိုလုပ်တာ'

'အရှင်ဘုရား အတော့်ကို ခံစားရမှာပါ ဘုရား'

ဘုန်းတော်ကြီးရဲ့ အမာရွတ်ကြီးကို ကြည့်ပြီး အောင်ခေါင် စိတ်မကောင်းစွာ ဆိုမိတယ်။

'ခန္ဓာကိုယ်ကို လက်ခံထားမိတော့လည်း ဝေဒနာတွေကို လက်ခံရတာပဲပေါ့ ဒကာရယ်၊ ဘာမှမဆန်းပါဘူး၊ ခန္ဓာနဲ့ ဝေဒနာက တစ်ဆက်တစ်စပ်တည်းကိုး'

ဘုန်းတော်ကြီးက ဆက်မိန့်တယ်။

'ဘုန်းကြီးမှာသာ ခန္ဓာမရှိရင် ဒကာလေးပဲဖြစ်ဖြစ် ဘယ်ပုဂ္ဂိုလ် သတ္တဝါပဲဖြစ်ဖြစ် ဘုန်းကြီးခန္ဓာကို နှိပ်စက်စေမယ့် ဝေဒနာလာပေးလို့ ဘယ်ရပါ့မလဲ၊ ခန္ဓာက သိပ်ကြောက်ဖို့ကောင်းတယ်နော်၊ တခြားတစ်ပါးက ဝေဒနာလာပေးမှုမရှိလည်း သူ့ဘာသာသူကို ဝေဒနာတွေဖြာ်နေတတ်တာ၊ ခန္ဓာဆိုတာ ဝေဒနာအတုံးအခဲကြီးပဲ'





ဘုန်းတော်ကြီး မိန့်ဆိုမှုတွေကြားနာရတာ အတော့်ကို တရားကျစရာပါ။ နေလဘုရားရှိခိုးပြီးစကလို အောင်ခေါင့် စိတ်တွေ ထူးခြားစွာ ငြိမ်ကျသွားပြန်တယ်။

အားနာကြောက်ရွံ့စွာနဲ့ ဘုန်းတော်ကြီးကို အဲဒီတုန်းက ဘယ်လိုယ်ပုံကြောင့် အသက်ရှင်ခွင့်ရလိုက်တာလဲဆိုတာကို အောင်ခေါင် လျှောက်မေးကြည့်မိတယ်။

ဘုန်းတော်ကြီးက အကြောင်းစုံ မိန့်ရှာတယ်။

ဦးမာဒင် သတိရလာတော့ ကျောင်းသင်ခန်းလေးတစ်ခုမှာ ရောက်နေတယ်ဆိုတာ သတိထားမိလိုက်တယ်။ သူ့လည်ပင်းနဲ့ ပခုံးတစ်လျှောက်နာကျင်ကိုက်ခဲနေတယ်။ ပတ်တီးစီးထားတာကိုလည်း သိရတယ်။

သူ သတိရလိုက်တယ်။ မောင်အောင်ခေါင်ဆိုတဲ့ ကလေး သူ့ကို ဓားနဲ့ခုတ်သတ်မှုမှာ သူမသေသေးကြောင်း။

သူ့နံဘေးနား ဘုန်းတော်ကြီးတစ်ပါး ရောက်လာ တယ်။ အဲဒီဘုန်းတော်ကြီးကို ဦးမာဒင် သိတယ်။ တောထဲမှာ လှည့်လည်သွားလာပြီး တရားကျင့်ကြံနေတဲ့ ဘုန်းတော်ကြီးတစ်ပါး။

အဲဒီဘုန်းတော်ကြီးနဲ့ တောထဲမှာ မကြာခဏတွေ့ဆုံမှု၊ အဲဒီဘုန်းတော်ကြီးရဲ့ ဟောပြောသွန်သင်မှုကြောင့်ပဲ ဦးမာဒင် အတော့်ကို တရားရနေတာ၊ တရားကျနေတာ။ အဲဒီဘုန်းတော်ကြီးကို ဦးမာဒင် အရမ်းကြည်ညိုမိနေတာ။

ဘုန်းတော်ကြီးက ဦးမာဒင် ဒဏ်ရာနဲ့ မေ့မျောနေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက သူ့ကျောင်းဆီ ခေါ်ယူလာတဲ့ အကြောင်းပြောတယ်။ ရွာကိုသွားပြောပေးရမလား မေးတယ်။

ဦးမာဒင် ခေါင်းခါယမ်းလိုက်တယ်။

သူ သူ့မိသားစုဆီပြန် ရွာပြန်ပြီး စကားတွေ တောင်တောင်အီအီမပြောချင်တော့။ သူ တိတ်ဆိတ်ငြိမ်သက်စွာပဲ နေချင်တယ်။ ဘဝရဲ့အရေးကြီးတဲ့ တရားသဘောတွေကို တွေးနေချင်တယ်။ ဘုန်းတော်ကြီးရဲ့ ဟောပြောသွန်သင်မှုတွေကို တစ်ဝကြီး ပြည့်ပြည့်စုံစုံ နာကြားရင်း တရားစစ် တရားမှန်ကို သူ အရယူချင်တယ်။ ဘုန်းတော်ကြီးကို တောင်းပန်တိုးလျှိုးပြီး သူ ဒီကျောင်းသင်ခန်းမှာပဲ နေပါရစေဦးလို့ လျှောက်တယ်။

ဒီလိုနဲ့ပဲ ဦးမာဒင် အဲဒီကျောင်းသင်ခန်းမှာ အဲဒီဘုန်းတော်ကြီးရဲ့ အကုသခံ။ တရားတွေနာ။ တရားသဘောတွေ တွေးပြီးနေခဲ့တော့တယ်။

ဒဏ်ရာပျောက်ကင်းသွားတဲ့အခါ တရားရ တရားကျနေပြီဖြစ်တဲ့ ဦးမာဒင် မိသားစုဆီ ရွာဆီ ပြန်ချင်စိတ်မရှိတော့။ ဒုက္ခများမြောင် လူတို့ဘောင်ထဲမှာ ပြန်လည်ဝင်ရောက်ရှုပ်ထွေးချင်စိတ် မရှိတော့။ ဘုန်းတော်ကြီးဆီ သင်္ကန်းဝတ်ခွင့် တောင်းခံလိုက်ပြီး သင်္ကန်းဝတ်လိုက်တော့တယ်။

ဆရာ ဘုန်းတော်ကြီးရဲ့ ဝေယျာဝစ္စပြုစုရင်း တောင်စဉ် တောင်တန်း တောတွင်းတွေသွားလာ၊ တရားကျင့်ကြံအားထုတ်နေတော့တယ်။





အမှန်တော့ ဦးပဥ္စင်း ဦးမာဒင် ဆရာကောင်းနဲ့တွေ့ရှိလိုက်ရမှုဖြစ်တယ်။ အဲဒီဘုန်းတော်ကြီးက သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရေးကို မြတ်ဗုဒ္ဓရဲ့ နည်းစံနစ်အမှန်နဲ့ ကြိုးစား ရှန်းထွက်နေသူ ရဟန်းတစ်ပါးဖြစ်တယ်။ ဦးမာဒင်ကို တရားဟော ရုံမက ကောင်းကောင်းတရားပြနိုင်ခဲ့တယ်။

ခုတော့ အဲဒီဘုန်းတော်ကြီး ရဟန်းကိစ္စပြီးသွားပြီတဲ့။

ဆရာဘုန်းတော်ကြီး မရှိတော့ချိန်မှာလည်း ဘုန်းတော်ကြီး (ဦးမာဒင်)တောတွင်းထဲ လှည့်လည်သွားလာ တရား အား ထုတ်မှု ဆက်ပြုကျင့်နေတယ်။

ခု… ရန်ကုန်ဘုရားတွေဖူးချင်လို့ ရန်ကုန်ကြွလာတယ်။

အောင်ခေါင် ဘုန်းတော်ကြီးကို ဖိတ်ပင့်ထားတယ်။

အချိန်သိပ်မရှိတော့ပြီမို့ ဘုန်းတော်ကြီးက ငြင်းပါတယ်။ သူ တည်းခိုတဲ့ တောရကျောင်းလေးက ပိုး[illegible] အစွန်အဖျားမှာမို့ ပြန်ကြွရမှာဝေးလို့တဲ့။ နောက်ပြီး [illegible] ဆီကို မနက်ဖြန် နံနက်အစောကြီး ရထားနဲ့ ပြန်ကြွမှာတဲ့။

အောင်ခေါင်ရင်ထဲစွဲကျန်တဲ့ ဘုန်းတော်ကြီးရဲ့ [illegible] တစ်ခုကတော့…

'ပုထုဇဉ်တွေကို မှာချင်တာက [illegible] စကားလုံးဟာ ကိုယ်လည်ပင်းကို နောင်ထားတဲ့ [illegible] ဘယက်တန်ဆာ မဟုတ်ဘူးနော်'

* * *



www.burmeseclassic.com

www.burmeseclassic.com



ပုံသေနည်းမဲ့စွာ ... အချစ်

အောင်ခေါင် ရွှေတိဂုံဘုရားဆီသွားသွားနေတာကို သဇင် သိတော့...

'ဒီတစ်ခါ ကိုကို ဘုရားသွားရင် ခေါ်ကွာ၊ တူတူ သွားကြရအောင်'

အောင်ခေါင် ခေါင်းညိတ်လိုက်တယ်။

သဇင်နဲ့အတူသွားမှာမို့ စိတ်နောက်ကျိချိန်မျိုး မရွေးတော့ပါ။ အောင်ခေါင် စိတ်နောက်ကျိမှု တစ်ခုကလည်း လျော့ပါးသွားပြီလေ။ စိတ်နောက်ကျိချိန်လည်း နည်းနည်းတော့ လျော့ပါးသွားပါပြီ။

အောင်ခေါင်နဲ့ သဇင် ပျော်ပျော်ပါးပါးနဲ့ပဲ ရွှေတိဂုံဘုရားဆီ ရောက်ခဲ့တယ်။





ရင်ပြင်တော်ပေါ်က ဘုရားတစ်ဆူပြီးတစ်ဆူ လှည့်လည်ဖူးလာခဲ့တယ်။ အိုအောင်မင်းအောင် ပျော်ပျော်ရွှင်ရွှင်နဲ့ ပေါင်းရဖို့ကတော့ ဘုရားအဆူဆူတိုင်းမှာ သဇင် ဆုတောင်းတယ်။ ဆုတောင်းတိုင်းလည်း အောင်ခေါင့်ကို တတောင်နဲ့ တွတ်တွတ်ပြီးသူ့လို လိုက်ပါဆုတောင်းခိုင်းတာမို့ အောင်ခေါင်လည်း ဆုတောင်းရစမြဲ...။

'မြတ်ဗုဒ္ဓအရှင်ဘုရား... တပည့်တော်တို့ ချစ်သူနှစ်ဦး အိုအောင်မင်းအောင် ပျော်ပျော်ရွှင်ရွှင်နဲ့ ပေါင်းသင်းရပါလို၏ အရှင်ဘုရား'

ဆုတောင်းပြည့်ဘုရားတစ်ဆူမှာကျတော့ အောင်ခေါင် ဘုရားကို သဇင့်အရင် ကမန်းကတန်း ဆုတောင်းလိုက်တယ်။ ဒီတစ်ခါ သူ့ထက်ဦးအောင် ကမန်းကတန်း ဆုတောင်းလိုက်တဲ့အောင်ခေါင်ကို သဇင်က မျက်စောင်းချိတ်ဝေ့ကြည့်တယ်။

'မြတ်ဗုဒ္ဓအရှင်ဘုရား... တပည့်တော်မတို့ ချစ်သူနှစ်ဦး သံသရာအဆက်ဆက် မပျက်မကွက်တွေ့ဆုံပေါင်း သင်းရလိုပါ၏ အရှင်ဘုရား'

အချစ်ကြီးရှာလွန်းတဲ့ သဇင့်ကို အောင်ခေါင် ငေးလို့သာကြည့်နေမိတော့တယ်။ သဇင် အောင်ခေါင့်ထက်သာအောင် ဆုတောင်းလိုက်တာ။

'သူ့ကိုသိပ်ချစ်တဲ့ မိန်းကလေးရဲ့အသက်ကိုခံရမယ်'

ဆိုတဲ့စကားသံက ဘယ်ကနေဝေ့ထွက်လာလိုက်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



အောင်ခေါင် ကြားလိုက်မိသလိုပဲ။ အောင်ခေါင့်စိတ် နည်းနည်းတော့ လေသွားတယ်။ ဒီလိုနဲ့ နေလဘုရားဆီ ရောက်လာကြတယ်။ ဘုန်းတော်ကြီးကို အောင်ခေါင် သတိရလိုက်မိတယ်။

ဘုန်းတော်ကြီးရဲ့ မိန့်ဆိုသံကိုလည်း နားထဲကြားယောင်မိတယ်။

'တကယ်တမ်းကျတော့ ဘယ်သူကမှ ဘယ်သူ့ကို ဘာညာလုပ်လို့မရပါဘူး၊ ကိုယ့်ကံတွေကသာ ကိုယ့်ကိုလုပ်လုပ်နေကြတာပါ၊ ကံလုပ်သမျှ ကိုယ်ခံနေကြရတာပါ'

'ဒကာလေး ဘုန်းကြီးကို ဘာမှမလုပ်ခဲ့ဘူး၊ ဘုန်းကြီးကံက ဘုန်းကြီးကိုလုပ်တာ'

ဘုန်းတော်ကြီးရဲ့ အဲဒီမိန့်ဆိုသံ ပြန်လည်ကြားယောင်မိခြင်းနဲ့အတူ အောင်ခေါင် သစင့်ကိုလှမ်းကြည့်လိုက်မိတယ်။ သစင်ကလည်း သူ့ကို ပြန်ကြည့်တယ်။

'သစင်လေး ငါ့ကို မသတ်ပါဘူး၊ သတ်ရင်းသတ်ရင် ငါ့ကံကသာ ငါ့ကံကသာ ငါ့ကိုသတ်မှာ၊ ငါ့ကံသတ် ရင်သာ ငါခံမှာ'

အောင်ခေါင် ပြုံးလိုက်မိတယ်။

ဘာမသိဘာမသိ သစင်က သူ့ကို ပြုံးပြတယ်ထင်ပြီး ပြောင်စပ်စပ်လေး ပြန်ပြုံးပြတယ်။

'နေဦး သစင်ရယ်၊ ဒီနေရာလေးမှာ ခဏထိုင်နေကြရအောင်'





နေလဘုရားကို ရှိခိုးပြီးကြပေမယ့် ဒီနေရာလေး ဆက်ထိုင်ချင်တဲ့အတွက် အောင်ခေါင်က မထသေးဘဲ သစင့်ကိုလည်း ပြောလိုက်တယ်။ အောင်ခေါင် ဘုန်းတော်ကြီးရဲ့ စကားတွေကို ပြန်တွေးနေတယ်။

'ဘုန်းကြီးမှာသာ ခန္ဓာမရှိရင် ဒကာလေးပဲဖြစ်ဖြစ်၊ ဘယ်ပုဂ္ဂိုလ် သတ္တဝါပဲဖြစ်ဖြစ် ဘုန်းကြီးခန္ဓာကို နှိပ်စက်စေမယ့် ဝေဒနာလာပေးလို့ ဘယ်ရပါ့မလဲ၊ ခန္ဓာကသိပ်ကြောက်ဖို့ကောင်းတယ်နော်၊ တခြားတစ်ပါးက ဝေဒနာလာပေးမှ မရှိလည်း သူ့ဘာသာသူကို ဝေဒနာတွေ ဖြစ်နေတတ်တာ၊ ခန္ဓာဆိုတာ ဝေဒနာ အတုံးအခဲကြီးပဲ'

'ခန္ဓာကြီးကို လက်ခံထားမိတော့လည်း ဝေဒနာတွေကို လက်ခံရတာပဲပေါ့ ဒကာရယ်၊ ဘာမှမဆန်းပါဘူး၊ ခန္ဓာနဲ့ ဝေဒနာက တစ်ဆက်တစ်စပ်တည်းကိုး'

ဘုန်းတော်ကြီးရဲ့ မျက်လုံးမျက်နှာ အသံမာန်တို့က အထူးကို တည်ငြိမ်အေးဆေးနေတာပဲ။ အဲဒီလို တည်ငြိမ်အေးဆေးမှုမျိုး ပိုင်ဆိုင်ရယူချင်လိုက်တာ။ ဒါပေမဲ့...

'ပုထုဇဉ်တွေကို မှာချင်တာက ပုထုဇဉ်ဆိုတဲ့ ဝေါဟာရ စကားလုံးဟာ ကိုယ့်လည်ပင်းကို နှောင်ထား ချုပ်ထားတဲ့ ကြိုး ကွင်းကြီးပဲ၊ ဘယက်တန်ခ ဘ မဟုတ်ဘူးနော်'

ပုထုဇဉ်ဆိုတဲ့ ကြိုးကွင်းကြီးကို ဖြတ်တောက်နိုင်ဖို့က လည်း သိပ်လွယ်လွယ်မဟုတ်။ အောင်ခေါင်တို့ လူတော်...



www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်းတစ်ဦးရဲ့ စကားကို ကြားလိုက်ရတာနဲ့ ဒီကြိုးကွင်းဟာ ဘယက်တန်ဆာမဟုတ်ဘူးဆိုတာကိုတော့ သိလိုက်မိရဲ့။ သူတော်စင် သူတော်ကောင်းတွေနဲ့ စကားပြောခွင့်ရတဲ့အကျိုးပဲ။

ပုထုဇဉ်အကြောင်းတွေးရင်း...

'မြတ်ဗုဒ္ဓအရှင်ဘုရား တပည့်တော်မတို့ ချစ်သူနှစ်ဦး သံသရာအဆက်ဆက် မပျက်မကွက် တွေ့ဆုံပေါင်းသင်းရပါလို၏ အရှင်ဘုရား'

သခင့် ဆုတောင်းမှု...။

သခင်ကတော့ ပုထုဇဉ်ဘဝကို ဘယက်တန်ဆာ ရတနာဒွာဒရာလို့ ထင်နေပုံရရဲ့။ အတော်များများလည်း အဲဒီလို ထင်တတ်ကြတာပါလေ။

အောင်ခေါင် သခင့်ကို သနားကြင်နာစွာ ကြည့်မိလိုက်တယ်။ သခင့်လက်လေးကို ဆွဲပြီး အဲဒီနေရာက ထွက်လာတယ်။

'ကိုကို'

'ပြောလေ သခင်'

'ကိုကို သခင့်ကို စိတ်မဆိုးရဘူးနော်'

'သခင်လည်း ကိုကို့ကို မသတ်ရဘူးနော်'

'ကြည့်... ကိုကိုက၊ အဲဒီနိမိတ်မရှိ နမာမရှိစကား သိပ်ပြောတာပဲ၊ စကားကြားရတာကိုက ကြက်သီးထစရာ ကြောက်စရာ၊ ဘာမှန်းလဲမသိဘူး၊ ကိုကို အဲဒီ စကားမပြောနဲ့ကွာ'

အောင်ခေါင်ကာမှ မပြောဘဲ နေလိုက်ပါတယ်။

ဆန်းသစ်ဦးတာပေ



အတန်ကြာတော့...

'ကိုကို'

'ပြောလေ'

'သခင် ကိုကို့နောက် ဘုရားတောင်းလိုက်တာ အကြံရှိတယ်'

'ပြောလေ'

'ကိုကို စိတ်မဆိုးရဘူးနော်'

'အင်းပါ'

'ဟဲ... ဟဲ... သခင်က အကြံသမား'

'ပြောပါ'

'ဟဲ...ဟဲ...ဘုရားလည်းဖူး၊ လိပ်ဥလည်းတူးချင်လို့'

'အင်းပါလေ၊ ပြောပါ'

'သခင်ပြောရင် ကိုကို မငြင်းရဘူးနော်'

'အိုး... ကြိုးနဲ့ အသေအချာတုပ်နေပါလား၊ သတ်တော့မယ်ထင်ရဲ့'

'ဟာ...ကိုကို၊ ဟာ... လာပြန်ပြီ ဒီစကား၊ သခင် ငိုမိတော့မယ်နော်၊ အဲဒီစကားကြီး မပြောနဲ့လို့ဆို'

'သခင် လျှာရှည်နေလို့ ကိုကိုစတာပါ'

'ကြောက်စရာစကားကြီးကွာ၊ အဲဒီစကားနဲ့[illegible]'

'ကဲ... ဒါဆို ပြောပါ သခင်လေး[illegible] ပြောမယ့်စကားကို'

ဆန်းသစ်ဦးတာပေ

www.burmeseclassic.com

www.burmeseclassic.com



သစင်က ရယ်ကျဲကျဲလေးလုပ်နေပြီး…

'သစင် ဗေဒင်ကြည့်ချင်လို့'

အောင်ခေါင် ထိတ်ခနဲ ဖြစ်သွားတယ်။

ဗေဒင်ဆိုတာ ကြားလိုက်ရလို့…။

'ဗဟန်းစောင်းတန်းမှာ အရမ်းမှန်တဲ့ ဗေဒင်ဆရာတစ်ယောက်ရှိတယ်တဲ့ ကိုကိုရဲ့၊ သူငယ်ချင်းတွေ ပြောနေကြတာကြာပြီ၊ သူတို့အကုန်လုံးလိုလို အဲဒီဗေဒင် ဆရာဆီမှာ ဗေဒင်ကြည့်ဖူးကြတယ်၊ အရမ်းကိုမှန်တာတဲ့၊ အဲဒါ သစင် ဗေဒင်ကြည့်ချင်တယ် ကိုကိုရယ်'

'ဟာ… သစင်ကလည်း ဗေဒင်တွေဘာတွေ လုပ်မနေစမ်းပါနဲ့၊ တော်ကြာအစွဲအလန်းဖြစ်နေဦးမယ်၊ ဗေဒင်ဆိုတာမှန်တာလည်းရှိတာပဲ၊ မှားတာလည်း ရှိတာပဲ၊ တော်ကြာမှားတဲ့ဟာမျိုးကို စိတ်အစွဲအလမ်း ဖြစ်နေဦးမယ်'

အမှန်တော့ အောင်ခေါင် သစင့်ကို ဗေဒင်သိပ်မကြည့်စေချင်။ မှားတာမျိုးစိတ်စွဲသွားမှာကိုရိုးသလို မကောင်းတဲ့ အမှန်မျိုးသိသွားသိထားပြီး စိတ်စွဲခံစားနေရမှာကိုလည်း စိုးတယ်။

ဗေဒင်နဲ့ပတ်သက်ပြီး အောင်ခေါင်ကိုယ်တိုင် ခံစားနေရတယ်လေ။

'ဒါကြောင့်မို့ သစင် ကြိုပြောထားတာပေါ့၊ မငြင်းရဘူးလို့၊ အဲဒီဗေဒင်ဆရာက သိပ်မှန်လွန်းတယ်လို့ ပြောကြလွန်းလို့ပါ၊ ကိုကိုရယ် သစင်ဗေဒင်ကြည့်ပါရစေနော်၊ သစင်တို့ရှေ့ရေး





အိမ်ထောင်ရေး သိထားရရင် ကောင်းတာပေါ့'

သိပ်မှန်လွန်းတယ်ဆိုတဲ့ ဗေဒင်ဆရာဆိုလေ အောင်ခေါင်ကတော့ လန့်လေပဲ။ သိပ်မှန်လွန်းတာမျိုး အောင်ခေါင် မကြားချင်မသိချင်။

'ရှေ့ရေးသိထားဖို့ မလိုပါဘူး သစင်ရယ်၊ ကိုယ်လုပ်တဲ့အတိုင်း ကိုယ်ဖြစ်မှာပေါ့'

'ကိုကိုက ကန့်လန့်မကျနဲ့ကွာ၊ ဒီတစ်ခါနော်၊ ဒီတစ်ခါတည်းနော်၊ ဒီတစ်ခါ 'သစင့်ကိုလိုက်လျောပေးပါ ကိုကိုရယ်၊ ကိုကိုက သစင့်ကိုချစ်ပါတယ်၊ ဗေဒင်ကြည့်တာ ဘာဖြစ်တာမှတ်လို့၊ ကိုကိုပြောသလို မကောင်းတာတွေ ဟောရင်လည်း မှန်မှန်မမှန်မှန် သစင် စိတ်အစွဲမထားဘူး၊ ကိုကို့စကား နားထောင်မယ်၊ ဒီတစ်ခါတော့ ကြည့်ပါရစေနော်၊ နော်… ကိုကို'

သစင့်ကို သနားဟာနဲ့ အောင်ခေါင် အောင့်သက်သက်နဲ့ ခေါင်းညိတ်လိုက်တယ်။

'ကဲ… တားမရလည်းကြည့်၊ အဲတစ်ခုတော့ ပြောထားမယ်နော်၊ သစင့်ကို ကိုကိုချစ်လို့ ခွင့်ပြုတာ၊ ထပ်တော့ ကမ်းမတက်နဲ့၊ ဘယ်လောက်မှန်မှန် ဟိုကျ ကိုကိုပါကြည့်ဖို့ ထပ်မဆွယ်နဲ့၊ သစင့်ဘာသာ သစင် ကြည့်'

'ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ ဆရာကြီးရယ်'

သစင် ပျော်သွားတယ်။

သူတို့ ဗဟန်းဆောင်းတန်းအတိုင်း ပြန်ဆင်းခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သစင့်သူငယ်ချင်းတွေက သစင့်ကို နေရာပြောထား ပုံရတယ်။ တစ်နေရာရာအရောက်မှာ သစင်ရပ်လိုက်တယ်။ ဆိုင်းဘုတ်တစ်ခုကို ကြည့်နေတယ်။ သစင်ကြည့်တဲ့ဆိုင်းဘုတ်…။

အောင်ခေါင် လိုက်ကြည့်မိတယ်။

*ဆရာဦးအောင်မောင်း*

*(လက္ခဏာပညာရှင်)*

ဆိုင်းဘုတ်ကို မြင်လိုက်ရတဲ့ အောင်ခေါင် ဇဝေဇဝါ ဖြစ်နေတယ်။ ဒီနာမည် သူကြားဖူးသလိုလို…။

ဘယ်မှာကြားဖူးသလဲဆိုတာတော့ မရေရာ။ ဒါဆိုလူရင်းထဲက မဖြစ်နိုင်။

နောက်ပြီး အောင်မောင်းဆိုတဲ့ နာမည်မျိုးကလည်း သိပ်ရှားရှားပါးပါးမဟုတ်တဲ့နာမည်မျိုးဆိုတော့ ဒီလိုပဲ အနည်းဆုံး နားစွန်နားဖျားလောက်တော့ ကြားဖူးချင်ကြားဖူးမှာပေါ့။

လျှောက်တွေးရင်း အောင်ခေါင် သတိရလိုက်မိတယ်။ သြော်… ဟုတ်သား။ ဒါကြောင့် ငါ ကြားဖူးသလိုလိုဖြစ်နေတာကိုး။ ဇာတ်မင်းသားကြီး ဦးအောင်မောင်း၊ ခြေထိုးအက သိပ်ကောင်းတဲ့ မင်္ဂလာဦးအောင်မောင်း။

အောင်ခေါင် သူ့အတွေးနဲ့သူ ပြုံးလိုက်မိတယ်။ သစင်က အောင်ခေါင့်ကို ပြုံးပြရင်း ဆိုင်းဘုတ်ကို မေးဆတ်ပြတယ်။ ဒီနေရာပဲဆိုတဲ့ သဘော။

အောင်ခေါင်က လက်ဝါးရှေ့ခင်းဖြန့် လမ်းညွှန်လမ်း





ခင်းပေးလိုက်တယ်။ အမိရှေ့ကကြွဆိုတဲ့သဘော။

သစင်က အောင်ခေါင့်ကို ဆိုင်းဘုတ်အောက်က အခန်းဆီ မေးဆတ်ပြတယ်။ ဝင်မယ်ဆိုတဲ့ သဘော။

အောင်ခေါင် သစင့်ပခုံးစွန်းလေး လှမ်းပုတ်လိုက်တော့ သစင် တန့်သွားတယ်။ ပြန်မေးဆတ်ပြတယ်။ ဘာလဲဆိုတဲ့ သဘော။

အောင်ခေါင် သစင့်နားကပ် တိုးတိုးပြောလိုက်တယ်။

'သတိထားသွား၊ အထဲက ခြေထိုးခံလိုက်လို့ ခလုတ်တိုက်လဲနေဦးမယ်'

သစင့်မျက်လုံးလေးတွေ ဝိုင်းစက်သွားတယ်။

'ဟင်… ဘယ်လို'

'အထဲဝင်ရင် သတိနဲ့ဝင်၊ အထဲက ခြေထိုးခံလိုက်လို့ ခလုတ်တိုက်လဲနေဦးမယ်'

'ဘယ်သူက ခြေထိုးခံမှာလဲ'

သစင် တိုးတိုးမေးတယ်။

'အဲဒီအထဲက ဗေဒင်ဆရာလေ'

အောင်ခေါင်လည်း တိုးတိုးပဲ။

'သူက ဘာဖြစ်လို့ သစင့်ကိုခြေထိုးခံရမှာလဲ'

'သူ့နာမည်က အောင်မောင်းလေ၊ သစင် မကြားဖူးဘူးလား၊ အောင်မောင်း ခြေထိုးဆိုတာ'

သစင် အောင်ခေါင့်ကို မျက်စောင်းထိုးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာဆိုင်လို့လဲ၊ ပဲိုကမင်းသားကြီး မင်္ဂလာအောင်မောင်း ခြေထိုးအက ကတာကောင်းလို့ လူတွေသန်းစကား ပြောကြတဲ့ဟာ'

'ကဲ… ကဲ… မဆိုင်ရင်ဝင်'

သဇင် အောင်ခေါင့်ကို မျက်စောင်းထိုးလက်ဆွဲပြီး အခန်းထဲ ဝင်လိုက်တော့တယ်။

'ကြွပါ ခင်ဗျာ၊ ကြွပါ၊ ထိုင်ပါခင်ဗျာ၊ ထိုင်ကြပါ'

စားပွဲတစ်ဖက်မှာ ထိုင်နေတဲ့ လက္ခဏာဆရာ ဦးအောင်မောင်း။ အောင်ခေါင်နဲ့သဇင် လက္ခဏာဆရာ ဦးအောင်မောင်းရဲ့ စားပွဲတစ်ဖက် ကုလားထိုင်လေးငါးလုံး အနောက်နှစ်လုံးမှာ ဝင်ထိုင်လိုက်တယ်။

အောင်ခေါင့်အကြည့် လက္ခဏာဆရာဦးအောင်မောင်းဆီက မခွာ။

မြင်ဖူးပါတယ်၊ မြင်ဖူးပါတယ်။

ဒီလို လူဖြောင့် လူချောမျိုး ငါမြင်ဖူးပါတယ်။

ငါ မြင်ဖူးတာ သေကိုသေချာပါတယ်။

တခဏ်အတွင်း အောင်ခေါင် ဦးနှောက် အလုပ်ရှုပ်သွားတယ်။ သိပ်တော့မကြာလှ။ အောင်ခေါင် မှတ်မိသွားတယ်။

ဟုတ်ပြီ။

ရထားပေါ်မှာ…

ဟိုဆရာကြီးနှစ်ယောက်နဲ့အတူ…





ဆရာဦးအောင်မောင်းရဲ့ ညာဘက်လည်တိုင်မှာ ထင်ထင်ရှားရှားဖြစ်နေတဲ့ စာမဲ့အမှတ်က သေချာကြောင်း ပြောနေတော့တယ်။

'အမိန့်ရှိပါ ခင်ဗျာ၊ ကျွန်တော် ဘယ်သူ့လက္ခဏာကို အရင်စစ်ဆေးပေးရမလဲ'

အောင်ခေါင် ယောင်ရမ်းပြီး သူ့လက်ဖဝါးပြင်နှစ်ဖက်ကို ဝှက်လိုက်မိတယ်၊

'ဆရာ့ကို လူကြီးထင်နေတာ၊ ဟဲ… ဟဲ… ဆရာက ငယ်ငယ်ချောချောပဲ'

ယောင်ရမ်းပြီး ပြောလိုက်မိတယ်။

'ဟဲ… ဟဲ… သိပ်အသက်မကြီးသေးတော့ ငယ်ငယ်လို့ပဲ မြော်ရပါတယ်ဗျာ၊ ချောတော့မချောပါဘူး၊ ချောရင် ကျွန်တော် ဘယ်လက္ခဏာဟောနေတော့မလဲ၊ မင်းသားလုပ်စားတော့မှာပေါ့'

လက္ခဏာဆရာကတော့ ရယ်ရွှမ်းပတ်ရွှမ်းပြန်လည်ပြောတယ်။

'ကျွန်တော် ကြည့်ပါဘူးခင်ဗျာ၊ သူတစ်ယောက်တည်းကြည့်မှာပါ'

သဇင့်ကိုမေးဆတ်ပြရင်း အောင်ခေါင်ပြောတယ်။

'ဟုတ်ကဲ့… လက္ခဏာကြည့်မယ့်သူက စားပွဲပေါ် လက်ပေါ်၊ သက် တင်ပေးထားပါခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



သဇင် လက်ဖဝါးနှစ်ဘက်ကို စားပွဲပေါ်တင်ပြထား လိုက်တယ်။ မြင်သာအောင် လက္ခဏာဆရာက ကိုယ်ရှေ့ ကိုင်းပြီး ကြည့်တယ်။ အောင်ခေါင်ကတော့ လက္ခဏာဆရာ ကိုသာ မမှတ်မသုန်။

မှန်မှာပဲ။ ဒီဆရာ ဟောရင်မှန်မှာပဲ။

သူ… ဟိုဆရာကြီးတွေရဲ့တပည့်ပဲ။ ဟိုဆရာကြီးတွေ ဆီက ပညာသူရမှာပေါ့။

ဒါကြောင့်လည်း နာမည်ကြီးတာပေါ့။

လက္ခဏာဆရာက တရုတ်လူမျိုးတွေ ထမင်းစားရာမှာ အသုံးပြုတဲ့ တူလောက်ရှိတဲ့ တုတ်ချောင်းလေးနဲ့ သဇင့် လက် ဖဝါးပြင်နှစ်ဘက်မှာ ဟိုထောက်ဒီထောက်နဲ့ အလုပ် ရှုပ်နေတယ်။ တူတော့မဟုတ်ပါ။

စတင်ဟောတော့တယ်။

"မိန်းကလေး ပညာရေးကတော့ ကောင်းတဲ့ဘက်ပါ တယ်၊ ငယ်ငယ်ကတည်းကကောင်းတဲ့ပညာရေး ကြီးတဲ့အထိ ဖြောင့်ဖြောင့်ဖြူးဖြူးကောင်းနေတော့ ဘွဲ့တစ်ခုခုမရဘဲကို မနေဘူး"

သဇင်က အောင်ခေါင့်ကို ပြန်ကြည့် မျက်ခုံးပင့်ပြ လိုက်တယ်။

"ကျန်းမာရေးကလည်း အတော့်ကိုအကောင်းစား၊ သိပ် ကြီးကြီးကျယ်ကျယ် ရောဂါဘယ နှိပ်စက်မှုဒဏ် ဘဝမှာနည်းပါး တယ်၊ ကြီးချိန်မှာတော့ ရှိတာပေါ့လေ၊ သေချာပေါက်ပြောရဲတာ





ကတော့ တစ်သက်တာမှာ ခွဲစိတ်ကုသခံရမှုမျိုးနဲ့ ပတ်သက် တဲ့ရောဂါ လုံးဝမရှိစေရဘူး"

"နှလုံးသားရေး အိမ်ထောင်ရေးကလည်းကောင်းတယ်၊ အတော့်ကိုကောင်းတယ်၊ တစ်ယောက်နဲ့ချစ် တစ်ယောက်နဲ့ရပဲ"

သဇင် အောင်ခေါင့်ကို ပြန်ကြည့်မျက်စပစ်ပြလိုက်တယ်။

"အချစ်ရေး အိမ်ထောင်ရေး အတော့်ကိုကောင်းတာပါ၊ ကိုယ်ကိုယ်တိုင်ကလည်း အချစ်သမား၊ ကိုယ့်ဖူးစာရှင်ကို သိပ်ချစ် မယ်၊ ကိုယ့်ဖူးစာရှင်ကလည်း ကိုယ့်ကို သိပ်ချစ်မယ်"

သဇင်ပျော်သွားတဲ့မျက်နှာလေးနဲ့ အောင်ခေါင့်ကို လှည့် ကြည့်ပြန်တယ်။ ဒီနေရာမှာ အောင်ခေါင့်ရင်ထဲ ရှုစိရှုစိ။ သူ့ချစ်သူ ကို သူပြန်သတ်ခယ့်ကိန်းမျိုးများ မတွေ့မိဘူးလား။

မေးချင်လိုက်တာလည်း လျှာမှာရှုစိရှုစိ။

"အဲဒါ ပညာရေး ကျန်းမာရေးနဲ့ အချစ်ရေး အိမ်ထောင် ရေးကို တစ်သက်တာ အကြမ်းဖျင်းဟောလိုက်တာ၊ အကြမ်းဖျင်း ဆိုတာကို အခိပ္ပာယ်လွဲမကောက်ပါနဲ့နော်၊ ရှုန်းပြီးရုပ်ပြီး ဟောတာ မဟုတ်ဘူး၊ အကျဉ်းဟောလိုက်မှုသာဖြစ်တယ်၊ အကျဉ်းကို သေသေချာချာ စစ်ဆေးပြီးမှ ဟောတာမို့မှန်ကိုမှန်နေရမယ်"

လက္ခဏာဆရာ ဆက်ဟောတယ်။

"ငွေးချင်းနည်းတယ်၊ နှစ်ယောက်တည်းရှိမယ်၊ ကိုယ် က အကြီးဖြစ်လိမ့်မယ်၊ အဲ… အငယ်ကလည်း မိန်း ကလေး ပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ဆရာ'

'ညီအစ်မချင်းလည်း ချစ်ခင်သင့်မြတ်ပါတယ်၊ အသက်ကြီးတဲ့အထိ တစ်ယောက်နဲ့တစ်ယောက် အထောက်အကူပြုမှု သံယောဇဉ်ရှိမှုတွေရှိတယ်၊ အငယ်ကလည်း ပညာရေး မဆိုးလောက်ပါဘူး၊ ဘာဖြစ်လို့လဲဆို မွေးချင်းတစ်ယောက်က ကိုယ်နဲ့တန်းတူ အဆင့်မှာပဲ ဖြစ်နေလို့'

ဆက်ဟောတယ်။

'ဆက်ငါးနှစ်မတိုင်မီမှာ မိဘနှစ်ပါးလုံး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြတယ်နော်၊ အဖေက အရင် အမေကနောက်'

'မှန်ပါတယ် ဆရာ၊ မှန်ပါတယ်'

'ဒါပေမဲ့ မိဘလိုချစ်တဲ့ လူတွေရဲ့အရိပ်အာဝါသမှာ နေရတယ်တဲ့'

'မှန်ပါတယ် ဆရာ'

လက္ခဏာဆရာက ပြုံးလိုက်ပြီး...

'ချစ်သူကိုတော့ ငယ်ငယ်ရွယ်ရွယ်လေးနဲ့တွေ့ရမယ်'

သစင် ရှက်သွားသလို ငြိမ်နေတယ်။

'သူလား'

လက္ခဏာဆရာက ပြုံးပြုံးရွှင်ရွှင်နဲ့ အောင်ခေါင့်ကို မေးငေါ့ပြမေးတယ်။

'ဟုတ်တယ် ဆရာ'

သစင်လည်း ရှက်ပြုံးနဲ့ ဖြေတယ်။





'ကိုယ့်ညီက လူချောပါ'

လက္ခဏာဆရာက ရယ်ရယ်ရွှမ်းရွှမ်းပြောတယ်။

'လက်ထပ်ရမယ့်ဖြစ်မှာကတော့ မိန်းကလေးအသက် နှစ်ဆယ့်သုံးနှစ်လေးနှစ်ကျမှနော်'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်မတို့ မှန်းထားတာကလည်း အဲဒီလောက်မှပါ၊ အဲဒီလောက်မှဖြစ်မှာပါ၊ ဘွဲ့လည်း ယူချင်သေးတယ်လေ'

လက္ခဏာဆရာ ခေါင်းတဆတ်ဆတ်ငြိမ့်နေပြီး

'အခုဟောတာတွေ မှန်ပါတယ်နော်'

'မှန်ပါတယ် ဆရာ၊ အားလုံးကို မှန်ပါတယ်'

'ဒီလိုသုပ်လေး၊ သိချင်တာမေးဦးလေ'

သစင် ခဏစဉ်းစားနေပြီး

'ကျွန်မတို့နှစ်ယောက် ရမှာတော့ အမှန်ပေါ့နော်'

သိချင်တာ မေးဦးလေဆိုတဲ့ ဗေဒင်ဆရာ့စကားမှာ အောင်ခေါင် မရိုးမရွဖြစ်နေတော့တယ်။

'သူ့ချစ်သူကို သူပြန်သတ်တဲ့ကိစ္စမျိုးများဖြစ်ဖို့ အကြောင်း မရှိဘူးလား' လို့ မေးချင်လိုက်တာ။

'လုံးဝ အာမခံပြောရဲတယ်၊ ဒီလက္ခဏာရှင်ဟာ ချစ်ဦးသူနဲ့ပဲ ရမယ့်လက္ခဏာရှင်'

သဇင့်အပြုံးတွေ ရွှင်သွားတယ်။

လက္ခဏာဆရာ အောင်ခေါင်နဲ့ သစင်ကို အပြုံးမျှပြီ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပြီး…

'ချစ်သူနှစ်ယောက် တွဲလာကြတာဆိုတော့ အချစ်ရေး အိမ်ထောင်ရေး အဓိကထား သိချင်ပုံရတယ်၊ တိကျမှန်ကန်အောင် ဟောပေးပါ့မယ်၊ ဒီကညီရဲ့ လက်ဖဝါးနှစ်ဘက်ပါ စားပွဲပေါ် တင်လိုက်လေ၊ နှစ်ယောက်လက္ခဏာကြည့်ပြီး အသေအချာ ဟောပေးမယ်'

အောင်ခေါင် တုန်လှုပ်သလို ဖြစ်သွားပြီး ခေါင်ကြား လက်နှစ်ဘက် ဝှက်လိုက်တယ်။

'သူ့ပဲ ဟောပါ ဆရာ၊ သူ့လက်ပဲ ကြည့်ဟောပါ၊ ဆရာ ဟောတာ အတော့်ကိုမှန်ပါတယ်၊ ကျွန်တော့်လက်တောင် ပြစရာ မလိုပါဘူး၊ အတော့်ကိုမှန်တယ်ဆိုတာ ကျွန်တော် ဝန်ခံပါတယ်'

လက္ခဏာဆရာ ပြုံးလိုက်တယ်။

'နှစ်ယောက်ခ ပေးစရာမလိုပါဘူး ညီရယ်၊ မိန်းက လေးကို ဟောပြောမှု ပိုတိကျအောင် ညီ့လက်ကိုပါ ကြည့်ပြီး အထောက်အကူယူမယ့်သဘောပါ၊ မိန်းကလေးကိုဟောတဲ့အခ တစ်ယောက်စာပဲ ယူမှာပါ'

အောင်ခေါင်လက် စားပွဲပေါ်တင်မပေးတော့ လက္ခဏာ ဆရာက အတွေးတစ်မျိုးပေါက်တယ်။

'မဟုတ်ပါဘူး ဆရာ၊ ပိုက်ဆံကြောင့် မဟုတ်ပါဘူး ဆရာ၊ ဟို… ဆရာဟောတာ အတော့်ကိုပြည့်စုံလုံလောက်နေ လို့ပါ၊ ပြီး အချစ်ရေး အိမ်ထောင်ရေးအကြောင်းလည်း မေးစရာ





မရှိတော့ပါဘူး၊ ကျွန်တော်တို့နှစ်ယောက် ရကြမယ်ဆိုရင်ပဲ ဝမ်းသာလှပါပြီ ဟို…၊ ဟို… စီးပွားရေးလေး ဘာလေး'

လက္ခဏာဆရာ အံ့သြသလို ခဏဖြစ်သွားပြီး…

သစင့် လက်ဖဝါးပြင်နှစ်ဘက်ပေါ် ပြန်စူးစိုက်တယ်။

'ဒီလက္ခဏာရှင် စီးပွားရေးမှာလည်း မညံ့လှပါဘူး၊ ခု… မိဘမရှိတာတောင်မှ အိုးအိမ်မပျက် ရှိနေလိမ့်မယ်၊ ဆိုပါ တော့ မိဘလက်ထက်က အိမ်ကောင်း ကောင်းကျန်ခဲ့မယ်'

'မှန်ပါတယ် ဆရာ'

'ဘွဲ့ရပြီး အစိုးရအရာရှိ ခရာခံပဲဖြစ်မှာပါ၊ လုပ်ငန်း နဲ့ စီးပွားရေးသပ်သပ်တပ်လုပ်ချင်ရင်တော့ အိုးအိမ် အရောင်း အဝယ်လုပ်၊ အိုးအိမ်အရောင်းအဝယ်မလုပ် အားအောင် အစိုးရ ဝန်ထမ်းဘဝနဲ့ အလုပ်ရှုပ်နေရင်တော့ ပိုက်ဆံပိုတာနဲ့ အိမ်သာ ဝယ်ဝယ်ထား၊ အလိုလို အမြတ်ရစရာတွေ ဖြစ်နေလိမ့်မယ်၊ ဘင်ဝင်ရလို့ အလုပ်အကိုင် စီးပွားဖြစ်လုပ်ချင်ရင် အဲဒီလို အိုးအိမ် အရောင်းအဝယ်လုပ်ငန်းဖြစ်ဖြစ် အစိုးရနဲ့ပတ်သက်ပြီး လေလံဆွဲ တာတို့ ကန်ထရိုက်လုပ်ငန်းတို့ဖြစ်ဖြစ် လုပ်၊ စိတ်ချပါ၊ တစ်သက် တာလုံး ဆင်းဆင်းရဲရဲ မရှိရပါဘူး'

လက္ခဏာဆရာကတော့ ဆက်ဟောနေတယ်။ သစင့် လက္ခဏာထဲမှာ သူ့ချစ်သူကို သူပြန်သတ်လိမ့်မယ်ဆိုတဲ့ အချက် အလက် ဘာလို့မပါရတာလဲ။ အောင်ခေါင် စဉ်းစားမရဖြစ်နေ တယ်။ 'ငါ့လက္ခဏာထဲမှာကျ ဘာလို့ ငါ့ချစ်သူဟာ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



သတ်မယ်ဆိုတဲ့ အချက်အလက် ဘာသို့ပါရတာသဲ" အောင်ခေါင် စိတ်ထဲနိုးလိုးခုလု…။

လက္ခဏာဆရာကိုလည်း သူ့လက်ဖဝါး ထုတ်မပြချင်။ သခင့်ရှေ့မှာမို့…။

သူ့လက္ခဏာက အဲဒီအချက်အလက်ကို လက္ခဏာဆရာ မြင်သွားလို့ သခင့်ရှေ့ဟောလိုက်ရင် သခင် ကောင်းကောင်း စိတ်ညစ်ညူးမှုဖြစ်သွားမယ်။ အဲဒီလောက်မက စိတ်ချွဲလန့်မှုလည်း ဖြစ်သွားနိုင်သေးတယ်။ အဲဒါထက်ပိုပြီး စိတ္တဇ စိတ်ဝေဒနာ ဖြစ်သွားနိုင်သေးရဲ့။

သခင့်ကို လက္ခဏာဆရာ ဟောပြာပြီးတော့ သူတို့ ဟောပြောခ ပူဇော်နှုတ်ဆက်ပြီးပြန်ဖို့ပြင်တယ်။

'ဟောတာ ပြောတာတွေ မှန်ပါတယ်နော်'

'မှန်ပါတယ်ဆရာ၊ အရမ်းကိုမှန်ပါတယ်'

'ကျွန်တော့်ဆရာ နှစ်ယောက်ဆို ကျွန်တော့်ထက် အများကြီးပိုမှန်'

'ဟာ… ဆရာကလည်း မှန်တာထက် ပိုပြီး မှန်တယ်ဆိုတာ ရှိနိုင်ဦးမှာလား'

သခင်က ပြောတယ်၊

'ကျွန်တော် ယုံတယ်ဆရာ၊ ကျွန်တော် ယုံတယ်'

အောင်ခေါင် ဝင်ပြောလိုက်မိတယ်။

'ကျွန်တော့်ဆရာတွေက ဗေဒင်လက္ခဏာ မဟော





ပြောကြတော့ပါဘူး၊ ကျွန်တော်က ကျွန်တော်ဟော ပြောပြီးတိုင်း ဆရာတွေနဲ့ ငုတ်ပုဒ်မဖော်ပြောရ မနေနိုင်မို့ အဲဒီလို ပြောလေ့ဖြစ်နေတာပါ'

*

(၂)

အောင်ခေါင်က ချစ်တဲ့သခင် သူ့ကို သတ်ချင်ရင်သတ်။ မချစ်ရမနေနိုင်။ မယူရနေနိုင်မို့ ချစ်မယ် ယူမယ် ဆုံးဖြတ်ချက်ကို အခိုင်အမာ ချပြီးသားပါ။ ဒါပေမဲ့ အိမ်ထောင်ရေးသာယာမှုအတွက် ဆရာအောင်မောင်းဆီ ရောက်ခဲ့တယ်။

အောင်ခေါင် ဆရာအောင်မောင်းကို ဆရာအောင်မောင်းတို့ ဆရာတပည့်နဲ့ ရထားပေါ်မှာ တွေ့ခဲ့ပုံနဲ့ ဆရာကြီးနှစ်ယောက် သူ့ကိုလက္ခဏာဟောခဲ့ပုံကို ပြန်ပြောပြတယ်။ အဲဒီတော့မှ ဆရာအောင်မောင်း ပြန်အမှတ်ရတယ်။

အောင်ခေါင် ဆရာအောင်မောင်းရှေ့ သူ့လက်ဖဝါးပြင်နှစ်ဘက်ကို ဖြန့်ပြလိုက်တယ်။ သူ အမိကသိချင်တာက…

'တခြားအရာတွေ ဟောမနေပါတော့နဲ့ ဆရာ၊ ကျွန်တော့်လက္ခဏာမှာ ဆရာကြီးတွေပြောသလို ချစ်သူက သတ်မယ်ဆိုတဲ့ အချက်အလက်ရှိမရှိတော့ အသေအချာ ကြည့်ပေးပါ'

ဆရာအောင်မောင်း အသေအချာ ကြည့်ပါတယ်။ အကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြည့်တယ်။ ခေါင်းခါယမ်းလိုက်တယ်၊ မရှိဘူး။ လုံးဝ မရှိဘူးလို့ ဆိုပါတယ်။

'ကျွန်တော့်ထက် တော်တဲ့ ဆရာကြီးတွေပါ၊ ဆရာကြီးတွေအပေါ် ဘယ်လိုမှ မခြင်ပါနဲ့၊ အဲ... လ်ကမ္ဘာမှာ ပြောင်းလဲတတ်တဲ့ သဘောတွေရှိနေတယ်၊ တချို့အရေးအကြောင်းတွေ အကြောင်းကြောင်းကြောင့် ပျောက်သွားပြောင်းသွားတာမျိုး ရှိတယ်။ ခုကိစ္စ အဲဒီလိုဖြစ်သွားမှုံရပါတယ်၊ ကျိန်းကျေသွားပံ့ရတယ်'

ဆရာအောင်မောင်း ဗေဒင်ခန်းကပြန်တော့ အောင်ခေါင် ခြေလှမ်းတွေ သွက်လက်ပေါ့ပါးနေတော့တယ်။

ပြောင်းသွားပျက်သွားရတဲ့ အကြောင်းရင်း နေရိုးရှားကြောင့်များလား။ နေရိုးရှား အောင်ခေါင့်ကို သဇင့်ထက် ပိုချစ်လိုက်သလား။

နုမြိန္ဒ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com